www.burmeseclassic.com

# လရောင်ကျူးရင့်

## ခွင့်ပြုစေချင်တယ်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- ခိုင်မာသော နိုင်ငံရေးစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်၊*

# လရောင်ကျူးရင့်

# ခွင့်ပြုစေချင်တယ်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၈၂၀၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၈၆၁၀၈၁၁ |
| အကြိမ် | – | ပထမအကြိမ်၊<br>၂၀၁၁ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)<br>ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/<br>အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)<br>ရွှေရောင်လင်းပုံနှိပ်တိုက်<br>အမှတ်(၈၈)၊ ၅၁ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ခွင့်ပြုစေချင်တယ်/ လရောင်ကျူးရင့်၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၂၇၂– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ခွင့်ပြုစေချင်တယ်




## အခန်း [၁]

ရုပ်ရှင်ရိုက်နေကြသည့်လို့ ကြားသောကြောင့် ပြေးလွှားရောက်လာပြီး ချောင်းကြည့်နေတုန်း ဖားပြုပ်ထိုင် ထိုင်နေသည့် သူ့ရှေ့ကို အဖြူရောင် ရှူးဖိနပ်ပါးလေးတစ်စုံ နီးကပ်စွာ ဝင်လာ၏။

မော့ကြည့်လိုက်တော့ သူ့ထက် အသက်ငယ်မည့် ထင်ရသော ကောင်မလေးတစ်ယောက်..၊

ဆံမြိတ်ဖားဖား နားရွက်ကုပ် ဆံပင်နက်နက်လေးတွေနှင့် ဖြစ်သည်။ စကားဝါရောင်ကို အဖြူရောင် ဇာနားကွပ်သည့် ဂါဝန်အထပ်ကားကားလေးနှင့် လက်ကောက်ဝတ် နှစ်ဖက်စလုံးမှာ လက်ကောက်တွေ သုံးကွင်းစီ ထပ်ဝတ်ထား၏။

ခြေကျင်းဝတ်လေးတစ်ဖက်မှာလည်း လက်ကောက်လိုပဲ လုံးချော ခြေကျင်းလေးထစ်ဖက်က ထူခဲနေ၏။ မြင်လိုက်တာနှင့် သူဌေးသူကြွယ်တို့ရဲ့ သမီးလေးမှန်း သိသာစေတာပါ..။

သူ့လိုပဲ ရုပ်ရှင်ရိုက်နေတာကို ချောင်းမြောင်းကြည့်ရှုလာတာဖြစ်ကာ သူ့ကို မမြင်ပေ..၊

ရွှေသမင်စာပေ

www.burmeseclassic.com



ကလေးပေမယ့် ထူးထူးဆန်းဆန်းလေး မြင်လိုက်တော့ ရုပ်ရှင်ရိုက်တာထက် ပိုပြီး စိတ်ဝင်စားသွားသည်။ သို့သော် သူမလေးကို နောက်ကနေကြည့်ရတာ အားမရလို့ နေရာ နည်းနည်းရွှေ့လိုက်တာနှင့် တောင် ကုန်းလျှောလေးမှာ ကုတ်တွယ်ထိုင်နေရသည့် ကိုယ်ခန္ဓာက မငြိမ်မသက် ဖြစ်သွား၏။

လှုပ်ရှားသံ ထွက်သွားသည်မို့ ကောင်မလေး မျာခနဲ လှည့်ကြည့်သည်။

"ဟဲ့ .. နင် ဘာလုပ်နေတာလဲ.."

ဗွာတာတာသံလေးက ချစ်စရာပေမယ့် 'ဟဲ့...'ဆိုတာကို သူ မကြိုက်..၊

"ဟဲ့ .. ပြောလေ..၊ ဘာထိုင်လုပ်နေတာလဲ၊ ရှူရှူးပေါက်တာလား"

"ဟာ!... မဟုတ်ပါဘူး"

ပြန်ဖြေရင်း သူမ ရပ်နေသည့် မြေညီလေးပေါ် တက်သွားပြီး အတူ ရပ်လိုက်သည်။ ကောင်မလေးထက် သူ့အရပ်က ခေါင်းတစ်လုံးစာလောက် ကျော်နေတာကို မသိမသာကြည့်ပြီး ကျေနပ်သွား၏။

သူက ပြုံးလိုက်ပေမယ့် ကောင်မလေးက သူ့ပုံစံကိုကြည့်ပြီး လက်ညှိုးလေး နှာခေါင်းမှာ ပွတ်ဆွဲလျက် ရှုံ့မဲ့သွား၏။ ပြီးတော့ ...

"ညစ်ပတ် စုတ်ပြတ်နေတာပဲ"

သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ပြီး ဟုတ်နေသော်လည်း ဘာပြန်ပြောရမှန်း မသိ..၊

"နင် ဟိုဟာကို ချောင်းကြည့်နေတာလား"

"ဟုတ်တယ် .. နင်ကရော..."

"အင်း..."

ခေါင်းညိတ်လိုက်တော့ နဖူးထက်က ဆံမြိတ်ဖျားနှင့် နားရွက်အုပ်နေသည့် ဆံနွယ်လေးတွေ ဖျတ်ခနဲ ခါသွား၏။





"ငါတို့က ဘုရားလာဖူးတာ၊ ဖေဖေနဲ့မေမေ ပါတယ်၊ ဒီဘုရားနောက်မှာ ရုပ်ရှင်ရိုက်နေတယ်ဆိုလို့ ငါ မေမေတို့မသိအောင် ခိုးထွက်လာတာ"

ဒီတစ်ခါ သူက တစ်လှည့် ရှုံ့မဲ့ကြည့်ကာ ...

"ငယ်ငယ်လေးပဲ ရှိသေးတယ်၊ လူကြီးတွေ မသိအောင် ခိုးထွက်တယ်တဲ့၊ နင်က သူ့ရွှေသမီးဖြစ်ပြီး လိမ်လည်း မလိမ္မာဘူး"

"အံမာ..၊ နင်ကရော လိမ္မာလို့လား .."

"လိမ္မာတာပေါ့.. ငါ့အဖေက အရက်သောက်တယ်၊ ဒါပေမယ့် ငါ့ကို ဆုံးမတယ်"

"ခစ် ... ခစ်.."

"ဘာရယ်တာလဲ"

"အရက်သမားက ဆုံးမတယ်လို့ နင်က ပြောတာကို၊ ဘွားဘွားက ပြောဖူးတယ်၊ လူမိုက်ကို မပေါင်းရဘူးတဲ့၊ လူမိုက်ဆိုတာ အရက်သမားတွေလည်း ပါတယ်"

"နင် ငါ့အဖေကို အဲဒီလို မပြောနဲ့..၊ ငါ့အဘိုးအဘွားတွေက အရမ်းချမ်းသာတာ"

"ညာပြောပြန်ပြီ၊ ခစ် .. ခစ်..."

သူ့ကိုကြည့်ပြီး ရယ်တော့ သူ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိပြန်သည်။ ကျောင်းသွားလည်း ဝတ်၊ အိမ်မှာနေလည်း ဒါပဲ ဝတ်နေရသဖြင့် ကျောင်းစိမ်းဘောင်းဘီတိုလေးက ဖြူဖပ်ဖပ်ဖြစ်နေပြီ..၊

ကျောင်းအင်္ကျီအဖြူကို ချွတ်ပြီးတိုင်း ကိုယ်ပေါ်မှာ ကျန်တာလည်း ချိုင်းပြတ်စွပ်ကျယ် ဒီအဖြူလေးပဲမို့ အဖြူရောင်က ဝါကျင့်ကျင့်..၊

အင်္ကျီဘောင်းဘီ နှစ်ထည်၊ သုံးထည်လောက်ကို သန့်ရှင်းသေသပ်ရပ်ရှိသော လျှော်ဖွပ်..၊ လဲလှယ်ဝတ်နိုင်သဖြင့် သန့်တာ၊ မသန့်တာတွေ မပေါ်



www.burmeseclassic.com

www.burmeseclassic.com



လွှင်ဘဲ အကျီက ဗိုက်မှာပြဲလျက်၊ ဘောင်းဘီက မကောင်းတော့ပေ..၊

"ဒါက အဘွားတို့ လာမခေါ်ခင် ခကာဝတ်ရတာပါ၊ အဘွားတို့ ရောက်လာရင် ငါလည်း နင့်လိုပဲ မီးနပ်လှလှလေးနဲ့ အကျီအသစ်တွေ ဝတ်လို့ရတယ်"

"အခု နင်က ဘာလုပ်တာလဲ.."

"ငါက ထမင်းချက်တယ်၊ အဖေက မြင်းလှည်းမောင်းတယ်၊ ပုဂံကို အဖေက ငါ့ကိုမွေးပြီးမှ ရောက်တာတဲ့၊ အရင်တုန်းက မိုးကောင်းမှာ နေတာ"

ကောင်မလေးက လူကြီးလေးလို လက်လေးပိုက်လိုက်ပြီး စဉ်းစား သလို စိုက်ကြည့်နေကာ ...

"နင်နဲ့ ငါ ဘယ်သူကြီးလဲ"

"ငါက ကြီးတာပေါ့..၊ ဒီမှာ ကြည့်ပါလား"

သူ့ကိုယ်ကို အနားကပ်ပြီး ပခုံးချင်း တိုင်းပြလိုက်တော့ သူမလေး က မော့ကြည့်သည်။

"နင် ဘယ်နှစ်နှစ်ရှိပြီလဲ..ဟင်"

"ရှစ်နှစ် .. နင်ရော ..."

"ငါက ငါးနှစ်"

နှစ်ယောက်သား စကားပြောဖြစ်သွားကာ ရုပ်ရှင်ရိုက်နေတဲ့လူတွေ ဆီ အာရုံမရောက်ကြတော့ဘဲ ဖြစ်သွား၏။

"ငါ့နာမည် မင်းမင်း..၊ နင့်နာမည် ပြောပြ..."

သူမက ဆံပင်တွေ ပါးပြင်လေးတွေမှာ ပုတ်ခတ်သွားအောင် ခေါင်း ခါပစ်လိုက်၏။

"ဘွားဘွားက ပြောတယ် နာမည်ကို လူတိုင်း လျှောက်မပြောရဘူးတဲ့"

"ဘာဖြစ်လို့လဲ"





"သိသွားတဲ့လူက မကောင်းတာလုပ်ကြံရင် ဒုက္ခရောက်တတ်တယ် တဲ့၊ နင်လည်း သူများတွေကို လျှောက်မပြောနဲ့"

"နင်ရော မကောင်းတာ ကြံတတ်လား"

"အံမယ်.."

ခါးလေးနှစ်ဖက်ထောက်လိုက်ပုံလေးကို မင်းမင်း စိတ်မဆိုးနိုင်ဘဲ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ၏။ သူတို့ကိုတော့ ပုဂံသား၊ အညာ သားဟု သတ်မှတ်ခံရကာ အညာသားတွေပဲ အသားမည်းကြသလိုလို ပြောကြတာတွေလည်း ရှိသည်။

သူ့ကျတော့ ပုဂံသားမဟုတ်ဘဲနဲ့ အသားကိုက မဖြူတာ ဖြစ်သည်။

"ငါ့သားက နေပူစပ်ခါး ပြေးလွှားနေရလို့ပါကွာ..၊ ဘယ်ကလာ မည်းရမှာလဲ၊ မင်းအဘွားဆီ ပြန်ရောက်ရင် တိုက်ထဲမှာ ဖြူနေသွားမှာ" လို့ အဖေက ပြောဖူးပေမယ့် သူကတော့ ဝမ်းမသာခဲ့ပေ..၊

ဒီကောင်မလေးမျက်နှာကို မြင်ရကာမှ တိုက်ကြီးထဲမှာ နေရတဲ့ သူဌေးတွေ ဒီလိုပဲ ချောကြလှကြသလားလို့ တွေးမိရင်း အားကျလာ ခဲ့သည်။

"မကောင်းကြံမယ့်သူနဲ့ ငါ့မျက်နှာက တူနေလို့လား"

သူမ ဒေါသထွက်ပုံလေးကလည်း ပါးလေးတွေ ပိုဖောင်းလာသလို လို၊ မျက်လုံးလေးတွေ ပိုလက်လာသလိုလိုနှင့် ပန်းနုရောင်မျက်နှာလေး က ကြည့်ကောင်းနေ၏။

မင်းမင်း က ရယ်လိုက်ပြီး ခေါင်းခါပြ၏။

"မကောင်းကြံမယ့်သူက လူဆိုးပေါ့၊ လူဆိုးဆိုရင် အသားမည်းမည်း နှုတ်ခမ်းမွှေးကားကားနဲ့ အရုပ်ကြီးတွေ အမြင့်ကြီး .."

"နင်က မြင်ဖူးတယ်ပေါ့"

ကောင်မလေး စိတ်ဝင်စားသွားပုံနှင့် သူ့ဘက်ကို မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် လှည့်လိုက်လျှင် ခြေရော်သွားကာ ဒယိမ်းဒယိုင်ဖြစ်သွားပြီးမှ ဖင်ထိုင်လျက်လေး ဖုတ်ခနဲ လဲ၏။

"အား!..."

မျက်နှာလေး ရှုံ့မဲ့အော်ကာ ကျွတ်ထွက်သွားသည့် ဖိနပ်တစ်ဖက်ကို လက်ညှိုးထိုး၍ ...

"ငါ့ဖိနပ် ကောက်ပေး"

"အံမာ .. နင့်ဖိနပ် ဘာဆိုင်လို့ ကောက်ပေးရမှာလဲ၊ မိန်းကလေးတွေဖိနပ်ကို ကိုင်ရင် ဘုန်းနိမ့်တယ်"

"ဟိုအောက်ကို လိမ့်ကျသွားလို့ပါ၊ ကောက်ပေးပါ .. ကောက်ပေးပါဟာ .."

မျက်ရည်ကြောင်းလေး ဖြတ်ဆင်းလာပြီး တောင်းပန်နေသဖြင့် မင်းမင်း သနားစိတ်လေး ဖြစ်သွားသည်။

ကြည့်လိုက်တော့ ဖိနပ်က ကုန်းလျှောအတိုင်း လိမ့်သွားသဖြင့် လှမ်းကောက်လို့ရသည့် အကွာအဝေး မဟုတ်ပေ..၊

ဒီနေရာဟာ ဘုရားပျက် စေတီပုထိုးဟောင်း ငုတ်တိုငုတ်စတွေသာ ရှိကာ လူသွားလူလာလည်း နည်း၏။

ပုဂံမြို့ဟောင်း၏ အစွန်အဖျားကျသော နေရာတစ်ခုဆိုလည်း မမှားပေ။ သမိုင်းသုတေသီများနှင့် လျှို့ဝှက်သည်းဖိုဇာတ်လမ်းတွေ တစ်ခါတလေ လာရိုက်ကြသဖြင့် ခုလို လူသွားလူလာရှိနေတာမျိုး မြင်ရတာပင်..၊

ငယ်စဉ်ကတည်းက ပုဂံမြေမှာ ကြီးပြင်းလာခဲ့သဖြင့် ဖိနပ်လေးကို လှမ်းကြည့်ရင်း မင်းမင်း သူ့ သိသမျှတို့ကို တွေးလိုက်မိသည်။

ဖိနပ်က ချုံပုတ်ပေါ်မှာ ဖေးတင်ကာ ထိုအောက်မှာ ဆူးပင်တွေပါ ဖြန့်ခင်း ပေါက်ရောက်နေကြ၏။





"မကောက်ပေးရင်နေ ငါ့ဘာသာ ကောက်မယ်"

သူမလေးကလည်း မာနလေးတစ်ခွဲသားနှင့် မျက်ရည်တွေသုတ်၍ ကျိုးသေ၏။

"ဪ ကောက်ပေးမှာပါ၊ နင့်ကို ဒီနားထိ တစ်ယောက်တည်း လာတာ စဉ်းစားမိလို့ အံ့ဩနေတာ"

"ဖေဖေတို့ မသိအောင် လာတာပါဆို.."

မင်းမင်း က ကုန်းလျှောလေးအတိုင်း ထိန်းဆင်းရင်း ...

"အဲဆို အခု ဖိနပ်ကောက်ပေးပြီးရင် ပြန်တော့ ဇလည်း ပြန်တော့မှာ..."

"ပြန်ပေါ့..၊ ငါက ရုပ်ရှင်ရိုက်တာ ကြည့်ဦးမှာ"

"နင်က ရန်ကုန်ကလာပြီး အဲဒါတွေ မမြင်ဖူးဘူးလား"

"ရန်ကုန် မဟုတ်ပါဘူး .. မန္တလေးကပါ၊ ဒါပေမယ့် ပြင်ဦးလွင်မှာပဲ အနေများတယ်"

"ဟုတ်လား .. ဒါဆို မမြင်ဖူးဘူးပေါ့နော်၊ ရုပ်ရှင်မင်းသားတွေက ရန်ကုန်မှာချည်းပဲတဲ့၊ အမေ ပြောတယ်"

ဖိနပ်လေးကို ကောက်ယူပြီး မမြင်ဖူးသလို အပေါ်အောက် လှန်ကြည့်လိုက်မိသည်။ ပြီးမှ ရယ်လိုက်ရင်း သူမဆီကို မော့ကြည့်လိုက်မိချိန်...

"ဟာ!... နင့်ဘေးမှာ မြွေကြီး.."

"ဘယ်မှာလဲ .. အမလေး!..."

သူမလေး လှည့်ကြည့်ပြီး လန့်အော်သည်။

ပြီးတော့ ကျုံးထလိုက်သဖြင့် တုန်နေသည့်ဒူးက မခိုင်ဘဲ ဖိနပ်စည့်ခြေထောက်က မြွေကြီးခဲကို နင်းမိပြီး ဒုတိယမြောက် ချော် လဲရှာ၏။

မင်းမင်း က ယောက်ျားပီသစွာ ခေါင်းတန္တန္တနှင့် မာန်ဖီနေသော မြွေကို ပစ်ပေါက်ဖို့ လက်တစ်ဆ အတော်လောက်ရှိသည့် မြေစိုင်ခဲတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ကောက်ဖွဲ့လိုက်သည်။

ထို့နောက် ကောင်မလေးကို စိုးရိမ်စိတ်နှင့် ရှေ့ကို နှစ်လှမ်းလောက် လှမ်းတက်ပြီး မြွေခေါင်းကို ချိန်၍ လွှဲပစ်လိုက်၏။

နီးလည်း နီးနေသည်။

ပါးပျဉ်းထောင်ထားသည့်မြွေခေါင်းက ယပ်တောင်လို ဖြစ်နေသဖြင့် တစ်ချက်တည်းနှင့် အရှိန်ပြင်းစွာ ထိသွားခဲ့သည်။

မြွေသည် ခဲနှင့်အတူ ပက်ခနဲ လန်ထွက်သွား၏။ သူ အယားဖားယား ပြေးတက်သွားပြီး သူမကို ဆွဲထူပေးမိသည်။

"မြွေကြီးရော .."

"ဟိုမှာ .. သေတော့မယ်"

လို့ ပြောလိုက်ပြီး တွန့်လိမ်နေသေးသဖြင့် စောစောက ပစ်လိုက်သော အုတ်ခဲကိုပဲ ပြန်ကောက်ပြီး မသေမချင်း ထုသတ်ပစ်လိုက်၏။

သူမက ပါးစပ်လေးအဟောင်းသားနှင့် လိုက်ကြည့်နေကာ ...

"နင် ငရဲကြီးတော့မယ်"

"ကြီးကြီးပေါ့..၊ မြွေက မြွေဆိုးကြီး၊ ကိုယ့်လမ်းကို မသွားဘဲနဲ့ နင့်ကို ကိုက်ဖို့ ပြင်နေတာ"

"ဟုတ်တယ်နော် .. သေပစေ.."

သူမက ငုတ်တုတ်လေးဖြစ်နေရာမှ ထ,ရပ်ကာ သစ်လွင်လှပသည့် သူမရဲ့ ဂါဝန်လေးကို ပွတ်သပ်ခါနေရင်း...

"နင်က ငါ့ကို မြွေမကိုက်အောင် သတ်ပေးလို့ ငါ့ရဲ့ အိမ်နာမည် ပြောပြမယ်"

"တကယ် .."

မပြောဘူးဆိုတာကို စိတ်ဝင်စားနေသဖြင့် ပြောမယ်ဆိုတော့ မင်းမင်း ပျော်သွား၏။





"အင်း .. ငါ့နာမည်ကို ငယ်ငယ်တုန်းက ဖြူစူးလေး လို့ ခေါ်ကြတာ"

"ငယ်ငယ်တုန်းကဆိုတော့ ခုလည်း ကလေးပဲဟာကို.."

"ဟုတ်တယ်..၊ အခု အဲဒီနာမည် မခေါ်ကြတော့ဘူး"

"ဘာဖြစ်လို့ ဖြူစူး လို့ ပေးတာလဲ"

"ဖြူဖြူဝင်းဝင်းလေးနဲ့ ချစ်စရာကောင်းလို့တဲ့၊ ပြီးတော့ ဝဝလုံးလုံး လေးတဲ့၊ ဒါပေမယ့် စိတ်ဆိုးလာပြီဆို သူများကို ဒဏ်ရာရအောင် ကုတ်ဖဲ့ တတ်လို့ ဖြူစူးလေး လို့ ခေါ်တာတဲ့ .."

'တဲ့'တွေနှင့် သေချာပြောပြနေတာကို မင်းမင်း က နားထောင်ရင်း မြွေကို ပစ်လိုက်သည့် မြေစိုင်ခဲလုံးကို ငုံ့ကောက်လိုက်သည်။

"သူများမခေါ်တဲ့ နာမည်ကြီးကို ဘာလုပ်ဖို့လဲ"

"မခေါ်ပေမယ့် အဲဒီနာမည်ကို တစ်အိမ်လုံးက ချစ်ကြတာ၊ ဒီနာမည်ပျောက်သွားအောင် ဘယ်လောက်လုပ်ထားရတယ် မှတ်လဲ"

"ဖြူစူး .. ဒီမှာ ကြည့်စမ်း..၊ ဘာလေးလဲ မသိဘူး"

"ဘာလဲ.."

မင်းမင်း က ကိုင်ထားသည့် မြေစိုင်ခဲကို အပေါ်ယံမြေသားတွေ ဖဲ့ထုတ်ခါပစ်ရင်း ဖြူစူးလေးအားကို လျှောက်လာ၏။

"ငါက မြေကြီးခဲမှတ်နေတာ..၊ ဒီမှာ မြေကြီးတွေ ကွာသွားတော့ အစိမ်းရောင်ကျောက်ပြားလေး ပေါ်လာတယ်၊ အရုပ်တွေနဲ့.."

"ကြည့်ရအောင်.."

ဖြူစူးလေး က အရုပ်ပုနေသဖြင့် ခြေဖျားလေးထောက်ကြည့်၏။ မင်းမင်း ကလည်း သူမ မျက်နှာရှေ့ထိ တိုးပြကာ..

"ငါ မတ်ရားပစ်ပေါက်နေလို့ ထင်တယ်၊ ဒီမှာ အက်နေပြီဟာ"

"ဟယ်!.. ဟုတ်တယ်နော်၊ မင်းသားနဲ့မင်းသမီးလေး ကဲတော့မယ်၊ သနားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာဝတ်စုံပွပွတွေနှင့် ထွင်းထုထားပုံက ကိန္နရီကိန္နရာ က,နေသည့် ကောက်ကြောင်းမျိုးနဲ့မို့ အသက်ဝင်နေသလိုပင်..၊

မင်းသားလေးက လက်တစ်ဖက်က ပန်းခိုင်တွေကို ကိုင်ထားလျက်တစ်ဖက်နှင့် မင်းသမီးလေးရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထား၏။

မင်းသမီးလေးကတော့ ဒီဘက်လက်ဖျံပေါ်မှာ ခေါက်လျက်သားပဝါလေးတစ်ထည်ကို တင်ထားကာ က,တော့မလို ခုန်တော့မလို မြူးကြွနေသည့်ဟန်က မင်းသားလေး ခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ဖို့ ဖြစ်နေတာမျိုး..၊

မင်းမင်း ခြစ်ချ ပွတ်သပ်နေလေ ပုံက ပို၍ ပီပြင်ထင်ရှားလာလေ..၊ သို့သော် သိပ်မကြာခင်မှာပဲ အလယ်အက်ကြောင်းနေရာတနေ အသံတိတ် ပဲ့ကြွေသွားခဲ့လေသည်။

"ဟယ်!... ကျိုးသွားပြီ..၊ နှင်က အတင်းဖိပွတ်နေတာကိုး"

ဖြူစူး က နှမြောသံလေးနှင့် အပြစ်တင်၏။

"နှင် ကြည့်လို့ရအောင် ငါက မြေကြီးမှုန်တွေ ခြစ်ပေးနေတာ"

"အဲဒါလေး ငါ့ကိုပေး ..."

"အံမယ် .."

"ပေးပါ"

"မပေးပါဘူး"

"နှင်ကလည်း ငါကကျတော့ နာမည်လည်း ပြောပြရသေးတယ်"

"ငါကလည်း မြွေကို သတ်ပေးရတယ်လေ၊ ဒါ .. ငါ တွေ့ထားတာငါ ပိုင်တယ်"

နှစ်ယောက်တည်းနှင့် တည့်လိုက် မတည့်လိုက်ဖြစ်နေကြစဉ် ခေါ်သံတွေနှင့်အတူ ဖြူစူး ရဲ့လူကြီးတွေ ပြေးလွှားရောက်လာကြ၏။

"ကြည့်စမ်း .. ကြည့်စမ်း..၊ တစ်ကိုယ်လုံး အမှိုက်တွေ၊ ဖုန်တွေ





တပ်ပြီး ပေပွနေတာပဲ မြေးလေးရယ်..၊ ဟဲ့ .. သူ့အဖေနဲ့အမေကိုဖုန်းဆက်လိုက်စမ်း၊ ဒီမှာ ကလေးတွေ့ပြီလို့၊ မြန်မြန်ဆက် .. မအေးကအရူးတစ်ပိုင်းဖြစ်နေတာ.."

ဖြူစူးလေး ကို တစ်ကိုယ်လုံး ပွတ်သပ်ခါချပေးရင်း ဘေးမှာပါသည့် ခပ်ငယ်ငယ် အမျိုးသမီးတစ်ယောက်က ကလေးချီသလို ကောက်ပွေ့ချီ၏။

"ဒီထိ ဘာလာလုပ်တာလဲ မြေး ရယ် .. အမလေး ဟိုမှာ မြွေကြီးနဲ့..၊ မြေးကို ကိုက်သွားသလား..၊ ဘာတွေဖြစ်ကြတာလဲ"

တက်မတတ် ချက်မတတ် ဖြစ်သွားသည့် ဆံကြိုးအရှည်ကြီးဖြိုးပြက်လက်နေသော အမျိုးသမီးကြီးကို မင်းမင်း ငေးနေမိ၏။

မေးနေတာ..၊ သူ့ကို လှည့်ကြည့်လိုက်တာကိုလည်း၊ မျက်လုံးတွေက မမြင်သလိုဖြစ်လျက် သူ့နားထဲမှာ ထိုအမျိုးသမီးကြီးက 'မြေး'လို့ဖြူစူး ကို ခေါ်သည့်အသံပဲ စွဲနေ၏။

မြေးဆိုတော့ ဖြူစူး ရဲ့အဘွားပဲ..၊ သူ့အဘွားဆိုရင်လည်း သူ့ဒွေးဆိုသည့်ပုံစံက ဒီပုံစံမျိုးပဲလား..၊

စိတ်ကူးထဲမှာ ခဏလေး နစ်သွားစဉ် ဖြူစူး ကို ပွေ့ချီထွက်သွားကြမှ သတိဝင်၏။

သူ့ကို ဖြူစူး က ချီထားသည့်လက်ပေါ်ကနေ လည်ပင်းလေးလိမ်အောင် လှည့်ကြည့်နေသဖြင့်..

"ဖြူစူး .. ဖြူစူး .. ရော့..."

မင်းမင်း ကမန်းကတန်းပြေးလိုက်ကာ နှစ်ခြမ်းကွဲနေသည့်ထဲကတစ်ခြမ်းကို လှမ်းပေးလိုက်သည်။

အဘွားဆိုသည့် အမျိုးသမီးကြီးက ရှေ့ကိုရောက်သွားပြီပေမယ့်ဖြူစူး ကို ချီထားသော အမျိုးသမီးငယ်ကတော့ သူ့ အနားရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ခြေလှမ်းရပ်ပြီး ခဏစောင့်ပေး၏။

"ငါ့ကို မင်းသားလေး ပေးပါ"

"ယူလေ .. အင်း..."

"ဟေး .."

ဖြူရှူး ပျော်သွားတာလေးကို ငေးမောရင်း သူ နေရာမှာပဲ ခြေစုံရပ်လျက် ကျန်ခဲ့လေသည်။

ရင်ထဲမှာ ဟာတာတာနှင့်..၊ စောစောကလို မပျော်တော့ဘဲ ဖြစ်သွားသည်။

ကျန်ခဲ့သည့် မင်းသမီးပုံလေးကို ငုံ့ကြည့်နေမိကာ ချိတ်ဆက်ထားသည့် လက်နှစ်ဖက်နေရာမှာ ပြတ်တောက်နေသောကြောင့် မလှမပ ဖြစ်ကျန်ခဲ့တာကို နှောင်တရသွားခဲ့သည်။

သူ လိုချင်တာလေး ငါ အကုန်လုံး ပေးလိုက်ရ အကောင်းသား..၊ ကလေးဆိုတဲ့ ရင်ဘတ်ထဲမှာလည်း ခဏလေးပေမယ့် ထာဝရအဖြစ် လွှမ်းကျန်ရစ်လေသည်။ အနာဂတ်ဆိုတဲ့ တစ်ချိန်ချိန်မှာတော့..၊





## အခန်း [၂]

"မိုးမြေ ဘာမှမပြောနိုင်တာနဲ့ပဲ မိုးမြေ က လူသတ်သမား အဖြစ် နိုင်ဆုံးလူလို့ စွပ်စွဲရသလား။ အဓိပ္ပာယ်မရှိ."

"အဓိပ္ပာယ်ကတော့ ရှိတယ် သမီး..၊ သမီးကိုပဲ ထင်နိုင်တဲ့ အကြောင်းအချက်အားလုံးကို သူတို့ဘက်က စုဆောင်းတင်ပြထားတာ"

ဒေါ်စုရတီ က တင့်တယ်ခန့်ညားစွာရှိနေကြသည့် မဂ်လာစုံတွဲ ဓာတ်ပုံကြီးရှေ့မှာရပ်လိုက်ပြီး မျက်ဝန်းအစုံက ဓာတ်ပုံမှာစူးစိုက်လျက်..

"သူ့မိဘနှမတွေ အိမ်ထဲမှာရှိနေတုန်း သမီးတို့က ခြံထဲမှာ ရိုက်ဟယ်နှက်ဟယ်တွေ ဖြစ်ကြတယ်"

"သူက မိုးမြေ ကို အတင်းအဓမ္မ ပွေ့ဖက်ဖို့ ကြိုးစားတာကို။ လက်ထပ်ရသေးတာလည်း မဟုတ်ဘူး။ ပြီးတော့ မိုးမြေ မှ သူ့ကို မချစ်တာ"

"အဲဒါတွေ ခက်တာပဲ"

ဒေါ်စုရတီ မိုးမြေ ဘက်ကို ဖျတ်ခနဲ လှည့်လာကာ ...

"လက်မထပ်ရသေးပေမယ့် သူက သမီးနဲ့ သက်ဆိုင်သူတစ်ယောက် ဖြစ်နေပြီမို့လား။ ပါးရိုက် တွန်းထိုးပစ်တဲ့အထိ သမီး မလုပ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ရှန်းထွက်ရတဲ့အထိ သူ အတင်းစော်ကားတာကျတော့ လုပ်သင့်တယ်ပေါ့"

ခက်ပါပြီ..၊ ဒေါ် စုရတီ ပင့်သက်ရှိုက်ရင်း ရှင်းရခက်သည့် ပြဿနာထဲကို စိတ်က ရောက်သွားပြန်သည်။ မိုးမြေ မှာ ချစ်သူ ဘာညာမရှိတာကို သူတို့ သိသည်။

ထို့ကြောင့် မချစ်မနှစ်သက်ပါဘူးလို့ ပြောနေတဲ့ကြားက သင့်တော်မည်ထင်သူနှင့် စေ့စပ်ပေးခဲ့မိ၏။

စေ့စပ်လက်ထပ်ခြင်း တစ်ခါတည်းပြီးသွားရင် ကောင်းပါသည်ဟု ယောက်ျားလေးဘက်က အကြံပြုတောင်းဆိုလာသဖြင့် လက်ထပ်ပေးလိုက်ဖို့ ဆုံးဖြတ်ကြတာလည်း လူကြီးတွေပဲ ညှိနှိုင်းစီစဉ်ခဲ့ကြတာ ဖြစ်သည်။

အဲဒီအချိန်ထိ မိုးမြေ ခေါင်းမခါခဲ့ပါ။ မလိုလားသည့်ပုံစံလေး သိသာနေပေမယ့် ခေါင်းမခါခဲ့တော့လည်း ဒီလောက်ထိ ဖြစ်သွားမည် မထင်..။

"ကြီးမေကပါ မိုးမြေ သတ်တယ်လို့ ထင်နေ်တာလားဟင်.."

စဉ်းစားနေတုန်း မိုးမြေ မေးလိုက်သံကြောင့် ဗျာဗျာသလဲ ခေါင်းခါမိသည်။

"မဟုတ်တာ သမီးရယ် .. ရုတ်တရက်ကြီး ဒီပြဿနာ နိုင်နိုင်လုံလုံထ,ဖြစ်သွားတာကို အံ့သြလို့ စဉ်းစားနေတာ"

"ဘာနိုင်လုံတာလဲ"

"ပြဿနာဖြစ်ပြီးတဲ့ နောက်နေ့ကျတော့ သမီးက ကောင်လေးတစ်ယောက်နဲ့..."

"သူငယ်ချင်းပါလို့ ပြောပြီးပြီပဲ၊ မိုးမြေ တို့ ချိန်းတွေ့ကြတာလည်း မဟုတ်ဘူး၊ အဲဒါတွေကို အားလုံး အစစ်ခံပြီးပြီဥစ္စာ"

"အခုခင်းဖြစ်တဲ့နေ့ကလည်း ဒီကောင်လေးနဲ့အတူရှိနေတာပဲ မဟုတ်





ဘူးလား"

"မိုးမြေ တို့က မိန်းကလေးတွေချည်းပဲ သွားကြတာ၊ သူက သူ့ချစ်သူ စိတ်ကောက်နေတာကို ချော့ဖို့ လိုက်လာတာ၊ အတူထွက်ခဲ့ကြတာ မဟုတ်ဘူး"

လင်းရောင်ထိန် ဆိုသည့်လူ ရောက်လာကာမှ အခြေအနေဟွေကကြောက်စရာကောင်းလောက်အောင် တိုက်ဆိုင်ကာ မိုးမြေ နဲ့ ထွန်းလင်း နှစ်ယောက်တည်းရှိနေသည့်အချိန် ဖြစ်သွားခဲ့၏။

သူက သူ့ရဲ့မိတ်ဆွေကိုထားခဲ့ပြီး ထွန်းလင်း နဲ့ရှိနေသည့် သူမလက်ကိုဆွဲ၍ ရေတံခွန်ဆီ ခေါ်ထုတ်သွားခဲ့သည်။

"ယောက်ျားဖြစ်ပြီး ခြေမခိုင်လက်မခိုင်နဲ့ သူ့ဘာသာ ကျသေတာ၊ မိတ်ဆွေဆိုတဲ့ ဟိုလူ ဂျပုက သက်သေလုပ် ပုံကြီးချဲ့ပြီး သက်သက်မိုးမြေ ကို ဒုက္ခပေးတာ"

အခြေအနေအားလုံးတ မိုးမြေ ဘက်မှာ မရှိဘဲ ဖြစ်နေ၏။ ဖြစ်ခဲ့ပြီးသော အဖြစ်အပျက်များနှင့် သေဆုံးခဲ့ပုံကို ထုတ်နုတ်ပြီး လူသတ်တရားခံက မိုးမြေ ပါလို့ အပြီးသတ် စွဲဆိုထားခဲ့သည်။

ဒေါ် စုရတီ ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လွတ်လမ်းတစ်ခုခုကို အပြင်းအထန် စဉ်းစားနေမိသည်။

"ကျွန်မသားကို သူတို့နှစ်ယောက် ပေါင်းကြံစည်ပြီး ရေတံခွန်ထဲ တွန်းချပစ်လိုက်တာပါ"

"သားနဲ့လက်ထပ်ဖို့ သေချာနေတဲ့အထိ သူတို့ ခဏခဏ ချိန်းတွေ့နေကြတာကို သားကိုယ်တိုင် တွေ့နေတာပါရှင်"

"သားလေးကို သူ ဘယ်လောက် မကြည်ဖြူသလဲဆိုရင် ပါးရိုက်နားရိုက်တောင် လုပ်ဖူးပါတယ်၊ လူကြီးတွေကြွယ်တာနဲ့ ရန်ဖြစ်တာမျိုး..."

သားရှင်တွေဘက်က ဖြစ်နိုင်ခြေအမျိုးမျိုးနှင့် လက်ညှိုးထိုးနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ သေချာနေတာက မိုးမြေ သာ လူသတ်တရားခံ ဖြစ်နိုင်သည်ဆိုသည့် စွဲဆိုချက်..၊

"သမီးကို တိုင်းတရားရုံးချုပ် ရှေ့နေကြီးနဲ့ တွေ့ပေးမယ်"

"ရှေ့နေ.."

နောက်ဆုံးမှာ ရင်ဆိုင်ရတော့မှာပဲမို့ အားကိုးရာက ဒါပဲရှိသည်။

"ဟုတ်တယ် .. အရမ်းတော်တဲ့ရှေ့နေ၊ သူငယ်ချင်းအရင်းကြီး မဟုတ်ကြပေမယ့် သမီးရဲ့ဖေဖေနဲ့လည်း ခင်ခင်မင်မင် ရှိတယ်ဆိုတော့ သူနဲ့ဆို အရမ်းအဆင်ပြေမှာ၊ ကြာပါတယ် .. ခုပဲ လှမ်းပြောမှ.."

ဒေါ်စုရတီ က ပြောနေရင်း စိတ်မြန်လက်မြန် ထွက်သွား၏။

မိုးမြေ က မိတဆိုးလေးပါ..၊ ဒါပေမယ့် သူမရင်ခွင်ရိပ်မှာ မိခင်မေတ္တာ မချို့ငဲ့ရအောင် အစစ ဂရုစိုက် ယုယထားခဲ့သည်။

ဖအေနဲ့ အဒေါ်ရဲ့လက်ပေါ်မှာ မိုးမြေ ဆိုသည့် မိန်းကလေး လက်ညှိုးညွှန်သမျှ ပန်းပွင့်စေခဲ့၏။

အလိုလိုက် ယုယထားခဲ့ပေမယ့် မိုးမြေ ကလည်း ဒီလောက်တော့ မဆိုးခဲ့ပါ။ လက်ရှိ ရင်ဆိုင်နေရသည့် အဖြစ်အပျက်များနှင့် ပတ်သက်လို့ကတော့..၊





# အခန်း [၃]

"တီ..."

ဟွန်းတီးလိုက်တာက ခြံစောင့်ကို ခေါ်တာမဟုတ်ပေ၊ ကိုယ့်ခြံရှေ့မှာ တစ်ဝက်စွန်းစွန်းလောက် နယ်ကျူးပြီး ပုံချထားသည့် အိမ်ထောင်ပရိဘောဂပစ္စည်းများကြောင့်..

"တီ .."

နောက်ထပ် ခပ်ဆောင့်ဆောင့်တီးလိုက်တော့ မိုးမြေ တို့ ခြံတံခါး ပွင့်သွား၏။ ထိုအခါကျမှ ခြံစောင့်က ကားဝင်လို့မရသည့်အဖြစ်ကို သိသွား၏။

ဒါပေမယ့် ဒီကိစ္စက သူ ဝင်ရှင်းလို့ရသည့်ကိစ္စ မဟုတ်..၊

"တီ .. တီ..."

ဒေါသဖြစ်ဖြစ်နှင့် မတရား တီးပစ်လိုက်ပြီး မိုးမြေ ကားပေါ်က ဆင်းသည်။ တံခါးကို ဝုန်းခနဲ နောက်ပြန်ပိတ်ကာ ဘယ်သူဘယ်ဝါမှ ရောက်မလာသဖြင့် ပိုင်ရှင်မဲ့လို အပုံလိုက်ရှိနေသည့် ပစ္စည်းတွေနားဆီ ရောက်သွားပြီး ...

"ဦးခိုင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟေ .. လာပြီ သမီး"

ဘာလုပ်ပေးရမှန်းမသိဘဲ ဒီတိုင်းရပ်နေရသည့် ခြံစောင့်က မှာမှာ သလဲ ရောက်လာသည်။

"ဒါတွေ အကုန်ဆွဲဖယ်ပေး"

"ဒီဘက်ခြံက လူသစ်တွေ ပြောင်းလာတယ် သမီးရဲ့..၊ သူတို့ကို.."

"လူသစ်ဖြစ်ဖြစ် .. လူဟောင်းဖြစ်ဖြစ် တိုပ်သွင်အတွက် အနှောင့် အယှက်ဖြစ်နေတာကို အစည်းအဝေးခေါ် ညှိနှိုင်းနေရဦးမှာလား"

ပြောနေရင်း မိုးမြေ က ဆက်တီအဟောင်းတွေပေါ်မှာ စုထပ် ပုံထားသည့် အပေါ်ယံ ပေါ်ပါးသော ပစ္စည်းတွေကို ဆွဲလွှဲချပစ်သည်။

"နေပါဦး .. နေပါဦး သမီးရဲ့..၊ ဦးခိုင် လုပ်ပေးပါ့မယ်"

"ဦးနိုင် .. ဟိုဟာကြီးတွေကို ဆွဲဖယ်ပစ် .."

မိုးမြေ က နောက်ထပ် ညွှန်ကြားလိုက်ကာ သူမ လက်တွေကို လည်း အနားမပေး..၊

"ဟာ!... ဟေ့ .. မလုပ်နဲ့ .. နေဦး .."

တားဆီးသံတစ်ရပ်နှင့်အတူ ခပ်ဟဟ သံတံခါးချပ်ကြီး ပွင့်သွားပြီး လူတစ်ယောက် ထွက်လာ၏။

အသံကြားလိုက်ရပြီး အနားရောက်လာပုံက လေတိုက်လာသလို ပင်..၊ မိုးမြေ ပစ္စည်းတွေကို ငုံ့ဆွဲနေရာမှ ခါးပြန်မတ်လိုက်ပြီး ထိုသူကို လှည့်ကြည့်သည်။ လူကြီးလည်း မဟုတ်၊ လူငယ်ပုံလည်း မကျ..၊

မျက်နှာခပ်သွယ်သွယ်၊ ဆံပင်ပုံ တိုတိုရှင်းရှင်းနှင့် နဖူးကျယ်တာ လည်း သိသာသည်။ နားသယ်ဆံစပ်တစ်လျှောက်နှင့် မေးဖျား၊ နှုတ်ခမ်း ဖျားတို့မှာ စိမ်းမှောင်နေပုံက ထူထဲသော မျက်ခုံးများကြောင့် ရင့်ရော်နေ စေ၏။

ထိုပြင် ရုပ်အကျီလက်ရှည်အဖြူ၊ နံ့သာရောင် ချည်ချောပုဆိုးနှင့်..၊





"မင်း ဘာလုပ်တာလဲ၊ အဲဒါ ..."

မိုးမြေ က သူ့တစ်ကိုယ်လုံးကို ကြည့်လိုက်သော်လည်း သူ့မျက်လုံး တွေက ပစ္စည်းတွေနဲ့ မိုးမြေ ကိုင်ထားဆဲရှိသည့် ပန်းအိုးစင်ကလေးဆီမှာ..

"သူများပစ္စည်းကို ဒီလို ကိုင်တွယ်ဖျက်ဆီးတာ မင်းမှာ အပြစ်မရှိ ဘူး ထင်သလား .."

"ဘာ!..."

"လူမှုရေးဘက်က ကြည့်ရင်လည်း အရမ်းကို နိမ့်ကျရိုင်းစိုင်းတယ်"

"ရှင်က လူကို ပစ္စည်းတွေပုံချထားပြီး စော်ကားလိုက် .. ပါးစပ်နဲ့ စော်ကားလိုက်ပါလား။ ဒါကျတော့ မိကောင်းဖခင်သားသမီး .. လူတော် လူကောင်းလေးပေါ့"

"ဟေ့ .."

"မိန်းကလေးတွေကျတော့ ရွာတယ် .. ကက်ကက်လန်တယ်နဲ့ ယောကျ်ားတန်မယ့် နှုတ်ခမ်းတလန် ပန်းကလန် ပြောနေတာကျတော့ ငါးစိမ်းသည် ထိုင်ငိုသွားနိုင်တယ်"

"မင်းက ကောင်းကောင်းမွန်မွန် ပြောချိန်ရအောင် လုပ်လို့လား၊ ဒီလို ပစ္စည်းတွေကို..."

"ဘာတွေဖြစ်ဖြစ် .. ဘယ်မှာထားထား သူများကို အနှောင့်အယှက် မဖြစ်စေနဲ့ပေါ့။ ဒီမှာ ကားဝင်လို့မရအောင် ဖြစ်နေတာ ရှင် မြင်လား .. ပွန်းတီးနေတာရော မကြားဘူးလား"

"ကြားတယ်..၊ ကိုယ်နဲ့ ဆိုင်တယ်မထင်မိလို့ အလုပ်လုပ်နေတာ.."

ရှေ့ ပြောင်းနေတုန်းမို့ ခြံစောင့်ရယ်၊ မာလီရယ် ဘာမှနေရာချထား ရသေးတာ မရှိ..၊ အထဲကို ဝင်လာတုန်း ခြံတံခါးကို ပိတ်ထားခဲ့လိုက်တာ ဖြစ်သည်။

ပစ္စည်းသယ်လာတဲ့ကားက တံခါးပိတ်ထားတာကို မခေါ် ဘဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလို လုပ်ချသွားတာကို တကယ် မသိခဲ့ပေ..၊

ခြံထဲမှာရှိနေသည့်တစ်ယောက်က လာပြောမှ သူ ပြေးလာခဲ့ရသည့်အဖြစ်ကို ရှည်ရှည်ဝေးဝေး ပြောပြချင်စိတ်လည်း ကုန်လျက်...

"ကဲ .. ကဲ.. ဦးလေးကပဲ တောင်းပန်ပါတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် ဒီမှာလည်း ဝင်မရထွက်မရ ဖြစ်နေတော့ ဟွန်းတီးတာလည်း ဘယ်သူမှ ထွက်မလာတော့လေ..."

"ဟုတ်ကဲ့ပါ..၊ အဲဒါကို ကျွန်တော်လည်း တောင်းပန်ပါတယ်"

"မလိုပါဘူး၊ နောက်ကို ကိုယ့်အပြစ်ကိုမသိဘဲ ရန်တွေ့ကောင်းတာတွေ မလုပ်မိဖို့ သတိထား"

"ကိုယ် မင်းကို တောင်းပန်နေတာ မဟုတ်ဘူး"

"ဘာ!..."

ရန်လိုသည့်မျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီးမှ သူ့မျက်လုံးတွေ သူမကိုယ်ပေါ်မှာ ဝေ့ခနဲ တစ်ချက်ပြေး၏။

ဘောင်းဘီရှည်ကျပ်ကျပ်၊ အင်္ကျီရှည်ကိုယ်ကျပ်နှင့် အဖျားတွေ တွန့်လိပ်နေသည့်ဆံပင်တို့က ပခုံးနှစ်ဖက်ကနေ ကျော်၍ ရင်ဘတ်လှလှမှာ ဖေးတင်နေသည်။

ရန်တွေ့နေလို့လား .. အမြဲတမ်း ဒီတိုင်းပဲလား မသိသော မျက်ဝန်းတွေက လှတော့လှပေမယ့် ပိုပြူးနေသလို ရှိ၏။ ပြီးတော့ မထူမပါး နှုတ်ခမ်းအစုံကို ဖိကပ် တင်းစေ့နေသည်။

အလွန် အပြောဆိုး၍ မာနကြီးမောက်မာသော သူဌေးသမီးပုံစံက နဖူးမှာ စာတန်းကပ်ထားဖို့ မလိုဘဲ သိသာနေလေသည်။

ထိုအခါ သူ့မျက်ဝန်းထဲမှာ ပုံရိပ်လေးတစ်ခုက ဖျတ်ခနဲ ပေါ်လာ၏။

ယခုကဲ့သို့ မျက်နှာမြင်လိုက်တာနှင့် 'တော်တော် ဘဝင်မြင့်တဲ့ ကောင်မလေး'လို့ ချက်ချင်း တွေးဖြစ်သွားလောက်အောင် တင်းပြတ်မှုန်





ကုတ်နေသည့် မျက်နှာလေးတစ်ခု..၊

ထိုစဉ် နောက်ကနေ လိုက်လာကြသည့် သူ့လူတွေ ရောက်လာသဖြင့် စိတ်ကူးတွေ ပြတ်တောက်သွားခဲ့၏။

သူမက ချာခနဲ လှည့်ထွက်သွားပြီး ကားထဲဝင်ထိုင်သည်။

ဒီမှာ ရွှေ့နေတုန်း စက်နှိုးကာ ကားကို နောက်ဆုတ်ပစ်လိုက်ပုံက မြန်မြန်မရွှေ့လျှင် တက်ကြိတ်သွားတော့မယ့်ပုံ..၊

သူ မမြင်သလို နေလိုက်ရင်း ဥပေက္ခာတရား လက်ကိုင်ထားလိုက်၏။

ဒေါသချင်းတော့ မပြိုင်ချင်ပါဘူး..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄]

ဟင်!... ဒါ .. ပိုသတ်ဆေးဘူးပဲ ..၊

အေးဆေး လျှောက်ထွက်လာသည့် ခြေလှမ်းတွေက ချက်ချင်း နောက်ပြန်လှည့်ကာ လှေကားကနေ ပြေးဆင်းခြင်းသို့ ရောက်၏။

အိမ်မှာ ကြီးမေလည်း မရှိပေ။ အမှုကိစ္စအတွက် ရှေ့နေကြီးနဲ့ တွေ့ ခွင့်ရဖို့ လိုက်နေရသည်။ ဖေဖေကတော့ အစတည်းက မိုးလင်းက မိုးချုပ် အိမ်မှာ မရှိတတ်တာ ဖြစ်၏။

"သမီး မိုးမြေ ဘယ်ကိုလဲ."

ပြေးဆင်းလာတာမြင်တော့ ထမင်းချက်သည့် ဒေါ်ဘုတ်ဆုံ နှင့် လှေကားရင်းမှာ ဆုံမိပြီး မေး၏။

"ဘယ်မှ မဟုတ်ဘူး"

မိုးမြေ ခြံထဲကိုပြေးဆင်းခဲ့ပြီး ဝရန်တာကနေ လှမ်းမြင်လိုက်သည့် နေရာကို ရောက်ကာ..

"ဒီမှာ .. ဒီမှာ .. အဲဒါ ဘာလုပ်တာလဲ၊ ဘာရေတွေလဲ .."

မျက်ခုံးတွေ တွန့်ကုတ်နေတဲ့အထိ စိတ်ဝင်တစား ဆောင်ရွက်နေ





သည့်မျက်နှာ သူမဆီ မော့လာ၏။

'တွေ့ပြန်ပြီ'ဆိုသည့် စိတ်မရှည်ကြည့်တွေ ချက်ချင်း ဖြစ်သွားလျက်..

"ဆေးဖျန်းနေတာ."

"ဘာဆေးတွေလဲ..၊ အပင်သေဆေးတွေမို့လား"

"ခြံပေါ်တက်နေတဲ့ ချုံနွယ်တွေကို ဖျန်းနေမှတော့ အပင်အားဆေး၊ အရွက်အားဆေးတွေ ဖြစ်ပါ့မလား။ မင်း မသိဘူးလား"

"သိတယ်..၊ သေချာအောင် မေးတာ"

မိုးမြေ က ခါးထောက်ပြီး 'တွေ့မယ်'ဆိုသည့်မျက်နှာနှင့် ပြောကာ ချာခနဲ ပြန်လှည့်သည်။ ပြီးတော့..

"ဟာ!... ဟော့ .. မင်း .. မင်း .. ဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲလေ..၊ ဘာလုပ်တာလဲ ရှင် မသိဘူးလား"

နောက်ဖေး တောအုပ်လေးထဲက ရေတံခွန်အတုဆီ ရေလွှတ်သည့် နှစ်လက်မပိုက်လုံးနှင့် သူ ဆေးဖျန်းထားသည့်နေရာတွေကို လိုက်ထိုးပစ် လိုက်သည်။

တမင်တကာလုပ်တာမို့ ရင်ဘတ်လောက်မြင့်သော ခြံစည်းရိုး၏ တစ်ဖက်မှာရှိသည့် သူ့ကိုပါ ရေတွေ စိုသွားကာ..

"ဟော့ .. မင်း ရပ်လိုက်နော်"

"ဘာလို့ရပ်ရမှာလဲ၊ ရှင် ဖျန်းတဲ့ဆေးတွေ ဒီဘက်က ပန်းပင်တွေကို ထိထားတယ်၊ သေကုန်ရင် ဘယ်လိုလုပ်မလဲ"

သူ ရုတ်တရက် ဆွံ့အသွားပြီးမှ...

"အဲဒါ ငါက မသိလို့လုပ်တာ၊ မင်း ဘာဖြစ်လို့ တမင်တကာ ပြန် လုပ်တာလဲ"

"ဘယ်သူက တမင်တကာလဲ.."

"ဟား!..."



www.burmeseclassic.com

www.burmeseclassic.com



စကားပြောသလိုနှင့် ပိုက်ကို ထောင်လိုက်သဖြင့် အားကောင်းစွာ ပြေးဝင်လာသည့် ရေလုံးက ကမန်းကတန်း ဆုတ်ရှောင်လိုက်တာတောင် ညာဘက်လက်မောင်းတစ်ခုလုံး စိုရွှဲသွား၏။

"ဟွန်း .."

မိုးမြေ က နဖူးပေါ်ပြိုကျလာသည့် ဆံပင်တွေကို မျက်နှာလေး မော့၍ ခါထုတ်ပစ်ကာ ...

"ပြောပြနေလည်း ကိုယ့်ပိုင်နက်ထဲမှာ ကိုယ် ထင်ရာလုပ်ခွင့်ရှိတယ် လို့ ရှင် ပြောဦးမှာ၊ စကားများနေရင် သူများပန်းပင်တွေကို ဘယ်လိုလုပ် အချိန်မီကယ်မလဲ..၊ ဆောရီးပဲ.."

မျက်နှာတည့်တည့်ကြည့်၍ နှာခေါင်းလေးပါ တွန့်ပစ်လိုက်သေးသည်။ ပြီးတော့ ပိုက်ကို နေရာတကျ ပြန်ချိတ်ထားလိုက်ပြီး မိုးမြေ လှည့်ထွက်လာခဲ့၏။

ရေစိုကွက်ကြီးတွေနှင့် ပြုံးပြုံး အံကြိတ်၍ ကျန်ရစ်ခဲ့သည့်ပုံစံကို မျက်လုံးထဲမှာ မြင်နေသည်။ ဖောင်းပွနွန်း ဘယ်လောက်ထိ မြင့်တက်နေခဲ့ပြီ မသိ..၊

ဒီလူကို မြင်မြင်ချင်း မေ့ထားတွေထားခဲ့မိတာ အဲလောက်ထိ..၊





## အခန်း [၅]

"မိုးမြေခစား ဆိုတာ သမီးလား"

"ဟုတ်ကဲ့ရှင်.."

"ဟုတ်ပါတယ် ရှေ့နေကြီးရယ် .. သူ့အမေကလည်း ဒီသမီးလေး အတွက်နဲ့ အလုပ်ပျက်၊ အအိပ်ပျက်ကို ဖြစ်လို့ အဲဒါ ကျွန်မကပဲ စိတ်မပူဖို့ ရှေ့နေကြီးကို အပ်ထားပြီးပြီလို့ တော်တော်ပြောယူရတယ်၊ ခုလည်း သူ လိုက်လာဖို့ပါ.."

ဒေါ်စုရတီ က ထပ်ရှင်းပြရင်း ဒီအမှုအတွက် ယုံကြည်အားကိုးပါ ကြောင်း သိသာစေလိုက်၏။

ရှေ့နေကြီး ဦးထက်မြက်ကျော် က ပြုံး၍..

"သိပ်စိတ်မပူပါနဲ့..၊ ကိုဘုန်းမြတ် နဲ့ ကျွန်တော်လည်း ဖုန်းပြောပြီး ပါပြီ၊ ဒီအမှုနဲ့ပတ်သက်တဲ့ အချက်အလက် တော်တော်များများကို ပြန် ကြည့်လိုက်တော့ တရားလိုဘက်က စွဲချက်တင်ထားတာတွေကို ပြန်လည် ထုချေနိုင်တဲ့ သက်သေပြချက်တွေ ကျွန်တော်တို့ဘက်မှာ ရှိပါတယ်"

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုရတီ ခမျာ ကာသကံရှင်ထက်ပင် လှုပ်ရှားဟန်ယင်နေရှာ၏။ မိုးမြေ ကတော့ သူမ ဘာမှမကျူးလွန်ခဲ့သလို အေးဆေးလျက်…၊

"အမှန်တကယ်ကလည်း သမီး ကျူးလွန်ခဲ့တာ မဟုတ်ဘူးဆိုတော့ တရားဥပဒေက အမှန်အတိုင်း စီရင်သွားမှာပါ။ ဒါပေမယ့်…"

"ရှင်!… ဒါပေမယ့် ဟုတ်လား .. ဘာကျန်သေးလို့လဲဟင်"

ဦးထက်မြက်ကျော် က သူထိုင်နေသည့် ဆုံလည်ကုလားထိုင်ကြီးမှာ ခပ်တောင့်တောင့် ကျောကပ်လိုက်ရင်း…

"ဒီလိုပါ… ကျွန်တော်က အလုပ်ကိစ္စနဲ့ နိုင်ငံခြားခရီးသွားဖို့ ရှိနေတော့…"

"ရှင်!…"

"အဲဒါကို စိတ်မပူဖို့ ပြောချင်တာပါ"

ဦးထက်မြက်ကျော် က ရှေ့ကို ဖြန့်တိုးထိုင်ကာ စားပွဲပေါ်မှာ လက်နှစ်ဖက်တင်လိုက်ပြီး…

"သမီးရဲ့အမှုတွဲကို ကျွန်တော်ကိုယ်တိုင် ယုံကြည်စိတ်ချထားတဲ့ တပည့်တစ်ယောက်နဲ့ လွှဲထားခဲ့မှာပါ."

ဒေါ်စုရတီ မျက်နှာ မအီမလည်ကြီးဖြစ်သွားတာကို ဦးထက်မြက်ကျော် က နားလည်စွာပြုံး၍…

"ကျွန်တော့်တပည့်ရဲ့ အရည်အချင်းကို ကျွန်တော့်ကို ယုံကြည်သလိုပဲ ယုံကြည်နိုင်ပါတယ် ဒေါ်စုရတီ၊ ပြီးတော့ ဖြစ်ခဲ့တဲ့အမှုကလည်း ကိုယ့်ဘက်က အမှန်တရားပါ။ စိတ်မပူဖို့ပဲ ထပ်ပြောချင်တယ်ဗျာ .. ဒါကို ကိုဘုန်းမြတ် ကိုလည်း ပြောပြပြီးပါပြီ"

"ဟုတ်လား .."

"သူလည်း ကျေနပ်ပါတယ်၊ ဒေါ်စုရတီ လည်း စိတ်ချစေချင်ပါတယ်"

"ဒါနဲ့ အဲဒီရှေ့နေက…"





"ကျွန်တော် ဒေါ်စုရတီ တို့နဲ့ တွေ့ပေးဖို့ ခေါ်ထားပါတယ်၊ ဟော .. လာပြီ…"

ပြောနေတုန်းမှာ ဦးထက်မြက်ကျော် ၏မျက်လုံးတွေ တံခါးဆီကို ပင့်တက်သွားသဖြင့် တစ္စရီးနှစ်ယောက် လှည့်ကြည့်လိုက်မိကြသည်။

"ဟင်!…"

"ဩော်…"

ဒေါ်စုရတီ က လူကိုမြင်လိုက်ပြီး တစ်ဝက်လောက် စိတ်အေးသွားသည့်ပုံစံ ဖြစ်သွားပေမယ့် မိုးမြေ ဟင်း…ခနဲ ဖြစ်ကာ ကိုယ်လေးပါ မတ်သွား၏။

ဒီလူ ..။ သူကတော့ မိုးမြေ ကိုမြင်လိုက်ပြီး မျက်နှာ ဖျတ်ခနဲ ပြောင်းသွားတာ ခဏပဲဖြစ်လျက် ပုံမှန်ခြေလှမ်းများနှင့် ဝင်လာသည်။

လက်တစ်ဖက်မှာ ပိုက်လာသည့်ဖိုင်ကို စားပွဲပေါ်မှာ အသာလေးချပြီး ဦးထက်မြက်ကျော် ရဲ့ညာဘက် ခုံလွတ်မှာ ထိုင်၏။

ထိုအခါ မိုးမြေ နှင့် အနီးဆုံး သောင့်မှန်ကျပုံစံ ဖြစ်သွားခဲ့၏။

"သူပါပဲ ဒေါ်စုရတီ"

ဦးထက်မြက်ကျော် က လက်နှင့်ပါ ညွှန်ပြပြီး မိတ်ဆက်ပေး၏။

"သူ့နာမည်က မင်းမာန လို့ ခေါ်ပါတယ်"

ဘာရယ်မဟုတ်ဘဲ အနည်းငယ်သော လှုပ်ရှားမှုလေးတစ်ခုကို အာရုံက ခံစားမိလျက် မင်းမာန မျက်လုံးတွေ ထိုဆီ ရောက်သွားမိ၏။

မျက်နှာခပ်လွှဲလွှဲနှင့် မသိမသာမဲ့သွားသည့် နှုတ်ခမ်းဖူးလေးတွေကို မြင်လိုက်သဖြင့် ကိုယ့်နာမည်ကို နှစ်သောင်းအားရှိသွားသည်မှန်း သိလိုက်သည်။

"သား .. သူတို့က လေးလေး ပြောထားတဲ့ ကေ့စ်နဲ့ ပတ်သက်တဲ့သူတွေ၊ မိုးမြေခေး ဆိုတာ ဒီကသမီးပဲ…"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခိုမခံ့ ပြေပြစ်အောင် ကြိုးစားထားရှာသည့် မျက်နှာမော့မော့ကို သူကလည်း တစ်ချက်ပဲ မျက်လုံးဝေ့ပြီး ပြန်လွှဲလိုက်၏။

ဦးထက်မြက်ကျော် က မိတ်ဆက်ပေးပြီး အမှုနှင့်သက်ဆိုင်တာတွေကို ထပ်ပြောပြသည်။

ထိုအခါကျမှ မင်းမာန ဆွေးနွေးတင်ပြပုံတွေကို နားထောင်ပြီး ဒေါ်စုရတီ ကျေနပ်သွားခဲ့၏။

ကြည့်လိုက်တော့ မိုးမြေ မျက်နှာလေးက မှုန်ကုတ်ကုတ်..၊

ဘာဖြစ်မှန်းလည်း မသိပေမယ့်..၊





## အခန်း [ ၆ ]

"မင်းနဲ့ ထွန်းလင်း ဆိုတဲ့သူကို စားသောက်ဆိုင်ထဲမှာ သူ လာပြီး ပြဿနာရှာတော့ ဘေးမှာ ဘယ်သူတွေပါသေးလဲ၊ သူ့ဘက်..မင်းဘက်.."

"မိုးမြေ ဘက်မှာ ဘယ်သူမှ မရှိဘူး၊ သူကတော့ သူငယ်ချင်းတစ်ယောက်ပါတယ်၊ သူ သေတဲ့နေ့ကလည်း အဲဒီတစ်ယောက် ပါတာပဲ"

"နေဦး .. အဲဒီနေ့ကို မပြောနဲ့ဦး၊ မင်းနဲ့ ထွန်းလင်း က ရှိုးသားတယ် ဆိုပြီး ဆိုင်ထဲမှာ ဘာဖြစ်လို့ နှစ်ယောက်တည်း ရှိနေကြတာလဲ .."

မိုးမြေ မျက်လုံးတွေ လက်ခနဲ ဖြစ်သွားတော့ သူက စိုက်ကြည့်ကာ..

"လိုအပ်လို့ မေးနေတာ..."

မပြောချင်ပေမယ့် မိုးမြေ ပင့်သက်ရှိုက်၍ ပြန်ထိန်းလိုက်သည်။ သူက ကိုယ့်ရဲ့ ရှေ့နေမို့ ဒါတွေကို ပြောကိုပြောရမှာမှန်း သိကာ...

"ကျွန်မနဲ့ သူချစ်သူက သူငယ်ချင်း..၊ သူတို့ချင်း အဆင်မပြေ ဖြစ်နေတာ ကြာပြီ၊ ထွန်းလင်း က ပြန်ဆက်ချင်လို့ ကျွန်မကို အကူညီတောင်းတယ်၊ သူတို့ချင်း ပြောကြဖို့ အဲဒီဆိုင်မှာ ကျွန်မကပဲ ချိန်းပေးထားတာ၊ မြဉ္ဇူ ရောက်မလာခင် သူ ရောက်လာပြီး ပြဿနာရှာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်သံနှင့် ဖြေပုံက ပြေပြေပြစ်ပြစ် မရှိ..၊ မင်းမာန ပြေပြစ်တာတွေ မပြေပြစ်တာတွေကို ဂရုမစိုက်သည့်မျက်နှာနှင့်...

"သူဆိုတာ လင်းရောင်ထိန် လား .."

"သူနဲ့ ကျွန်မအကြောင်း ပြောနေတာ.. သူပဲပေါ့ ရှင် ရှေ့နေဖြစ်ပြီး ဒီလောက်လေးတောင် မတွေးတတ်ဘူးလား"

"တွေးတတ်တယ်.. ဒါပေမယ့် မင်းနဲ့ငါ လူသတ်မှုတစ်ခုအကြောင်း အပျင်းပြေပြောနေကြတာ မဟုတ်ဘူး၊ အဲဒီအတွက် ဂရုမှာ ဖြေသလို သူ .. သူမတွေနဲ့ ဖြေလို့မရဘူး မိုးမြေခစား..၊ မင်းရဲ့အက်ရှင်ထဲမှာ ယောကျ်ားနှစ်ယောက် ရှိနေတယ်၊ ကွဲပြားအောင် ဖြေပါ"

လူပါးဝလိုက်တာဆိုပြီး ငုန်းခနဲ ထရပ်ကာ စားပွဲတစ်ခုလုံးကို ဒီဘက်က မ,၍ တွန်းချပစ်လိုက်ချင်သည်။

စားပွဲပေါ်မှာ သူ့အတွက် တည်ခင်းစည့်ခံထားသည့် ကော်ဖီနဲ့ မုန့်တွေဆီ မျက်လုံးရောက်သွားလျက် မိုးမြေ နှုတ်ခမ်းကိုက်ထားမိသည်။

ကြီးမေကတော့ သူပြောင်းလာကာမှ မျက်နှာချင်းမဆိုင်ဖြစ်သေးသည်မို့ ရှေ့နေကြီးဆီမှာ ဆုံပြီးတော့မှ ခြံချင်းကပ်လျက်ကလူမှန်း သိခဲ့တာ ဖြစ်သည်။

သိသည်နှင့် ဝမ်းသာအားရတွေဖြစ်ကာ 'လာပါ.. ကြွပါ'တွေ ဖြစ်သွားသည်။ 'မေးတာကို ကောင်းကောင်းဖြေ၊ 'မရိုင်းရဘူး' စသဖြင့်သော စည်းကမ်းများနှင့် မိုးမြေ ကို ဧည့်ခန်းမှာ ဤသို့ ရှိစေခဲ့၏။

"ကိုယ့်ဘာသာ သေတာ ကောင်းရောင်းကောင်းဝယ်နဲ့ သေပါလား၊ ကျန်ခဲ့တဲ့လူကို ဒုက္ခပေးသွားသေးတယ်၊ လင်းရောင်ထိန် ဆိုတဲ့ နှာဘူး အဝီစိမှာ ချိုးကပ်ပါစေ၊ ဘယ်တော့မှ မလွတ်မြောက်ဘဲ ဆီဒယ်အိုးနဲ့ သံရည်ပူအိုးထဲမှာ မျောပြီးရင်း မျောပါစေ"

သူ့ကြောင့် ခုစစ်ဆေး မေးမြန်းခံရခြင်းတွေကို တန်းစီတွေးမိကာ





မိုးမြေ စိတ်ထဲမှာ မေတ္တာတရားတွေ အဆမတန် ပွားများနေခဲ့၏။

အိမ်မှာ ဒုရဲအုပ်ဆိုသည့်လူနှင့် တပည့်တွေ ရောက်လာ မေးမြန်းတာတွေ၊ ရဲစခန်းကို ရောက်ခဲ့ရတာတွေ .. ဒါတွေကို စိတ်ပျက်မိတိုင်း မိုးမြေ ဤသို့ မေတ္တာပို့တတ်၏။

ကြီးမေကလည်း ဒါကို ကြားတိုင်း တားဆီးသည်။

"မိန်းကလေး နုနုနယ်နယ်လေးနဲ့ ဒီလောက်တောင် စိတ်ကြမ်းရသလား သမီး..၊ သေသူ ရှင်သူတွေကို တကူးတကတောင် မေတ္တာပို့အမျှဝေရဦးမှာ၊ ဘယ့်နှယ် လူကြားမကောင်းအောင် ကျိန်ဆဲနေတာလဲ" တဲ့..။ ကြီးမေ ဆူလျှင် ဆူနေတုန်းပဲ ပါးစပ်ပိတ်ထားလိုက်သည်။

ကိုယ် ဘာမှမလုပ်ရဘဲ ရင်ဆိုင် ဖြေရှင်းရတာတွေကို ဘယ်လိုကျေနပ်မလဲ..၊ ဒီလူ့ရှေ့မှာ အပြစ်ရှိသူအဖြစ် ခုလိုထိုင်ပြီး အမေးမြန်းခံနေရတော့ လူသတ်ချင်စိတ်ပေါက်လာတာက ခုမှ တကယ်..၊

"နောက်တစ်ခါ လင်းရောင်ထိန် ဆုံးမယ့်နေ့မှာလည်း မင်းရဲ့ သူငယ်ချင်း ရောက်မလာခင် ဒီယောကျ်ားနှစ်ယောက် ထပ်ဆုံတယ်နော်"

မိုးမြေ က မဖြေဘဲ ပြန်ကြည့်နေ၏။ သူက ဆက်၍...

"ဖြစ်ရပ်တွေမှာ မင်းရဲ့ သူငယ်ချင်းဆိုတဲ့ မြဋ္ဌ က ပျောက်နေတယ်၊ လင်းရောင်ထိန် က မင်းကို တွန်းလင်း နဲ့ပဲ နှစ်ယောက်တည်း တွေ့ခဲ့တဲ့ သက်သေက သူ့ရဲ့ သူငယ်ချင်း မင်းဦး .."

မိုးမြေ စိတ်ပျက်သွားသည့်မျက်နှာလေးနှင့် မျက်ဝန်းလေးကွေ့ရှေ့လျှားသွားလျက်...

"အဲဒါကြောင့် ခက်ကုန်တာ..၊ မြဋ္ဌ ကြောင့် ဘာမှကိုရှင်းမရတော့ဘူး"

"ရအောင် ရှင်းရမှာပဲ..၊ မင်း ကိုယ်မေးတာကို စိတ်ပါလက်ပါ ဖြေပါ၊ လင်းရောင်ထိန် ကို မင်းဘက်က မကြည်ဖြူတဲ့ အပြုအမူတွေနဲ့ ဆက်ဆံရေး မပြေလည်ခဲ့တာ ရှိတဲ့အတွက် နောက်ထပ် မင်းရဲ့ တိုက်ဆိုင်စွာ မှား



www.burmeseclassic.com

www.burmeseclassic.com



ယွင်းမှုဟာ တမင်တကာပါလို့ သူတို့က စွပ်စွဲခဲ့တာပဲ၊ အဲဒီတော့ မင်းရဲ့ မြဲ့ကျူ နဲ့ ကိုယ် တွေ့ချင်တယ်"

"ရတယ် .. ထွန်းလင်း ကိုပါ ခေါ်ပေးမယ်၊ ရှင် ကျွန်မကို မေးမြန်းစရာရှိသေးရင် အခု တစ်ခါတည်း မေးသွားပါ။ ကျွန်မ ခဏ ခဏ ဒါတွေပဲ ထပ်ထပ်ပြောနေရတာ စိတ်မရှည်ဘူး"

"မင်းပြဿနာကိုတောင် မင်းက စိတ်မဝင်စားဘူးဆိုရင် သူများပြဿနာကို စိတ်ဝင်စားပေးရတဲ့ ငါက ဘယ်လိုလုပ်မလဲ .."

"ဒါက ရှင့်အလုပ် .. ရှင့် စီးပွားရေးပဲ"

မင်းမာန က မိုးမြေ ကို စိုက်ကြည့်ပြီး အေးစက်စက်ပြုံးသည်။

"မှန်တယ် .. ဒါပေမယ့် ရွှေနေက ဗေဒင်ဆရာလို မေးမလား၊ ဟောရမလားလို့ ရပ်ကွက်ထဲ ဆင်းပြီး အမှုသည်ရှာတာ မဟုတ်ဘူး၊ ကိုယ် မဖြေရှင်းနိုင်တဲ့အမှုအတွက် ရှင်းနိုင်တဲ့သူကို ရှာဖွေပြီး အမှုသည်က ရွှေနေဆီကို ရောက်အောင်လာရတာ၊ ဒုက္ခသည်ကိုယ်တိုင်က ဒုက္ခတွင်းက တကယ်လွတ်ချင်မှ ကယ်တင်ရမယ့်သူက လွတ်လမ်းရှာပေးချင်မှာပေါ့၊ မင်းပုံစံကြည့်ရတာ ငါ အခု မင်းရှေ့မှာ ထိုင်နေတာ .. မင်းရဲ့အမှုကို ကိုင်တွယ်ခွင့်ရချင်လွန်းလို့လို့ ထင်နေပုံရတယ်"

"လုံးဝ မဟုတ်ဘူးလို့တော့ ရှင် မငြင်းနိုင်ဘူးမို့လား.."

"ငြင်းနိုင်တယ်ဆိုရင် .. မင်း ဘာထပ်ပြောမလဲ"

"မယုံဘူးလို့ ပြောမှာပေါ့၊ ပညာသင်တယ်၊ လုပ်ငန်းခွင်တစ်ခုမှာ ရပ်တည်နိုင်အောင် ကြိုးစားတာက ငွေရဖို့ပဲ၊ ငွေ မလိုချင်ဘူးဆိုတာကို ယုံစရာလား .."

သူက အပြုံးမပျက်သည့်မျက်နှာနှင့် အသက်တစ်အောင့်လောက် ငြိမ်သွား၏။

ထို့နောက် အနိုင်နှင့်ပိုင်းလိုက်ပြီး ခပ်တည်တည်လေး လုပ်နေသည့်





မိုးမြေ ကို ကြည့်ကာ..

"ဒါဆိုရင် မင်းကရော ပိုက်ဆံပေါလို့ ရွှေနေငှားပြီး အပျင်းပြေ စကားပြောကြည့်တာလား .."

"ဘာ!..."

"လူသတ်တရားခံအဖြစ် ရောက်နေတဲ့ဒုက္ခက မင်းအတွက် ဘာမှ မဟုတ်ဘူးလားလို့ မေးတာ..."

"လောလောဆယ် ရှုပ်နေတာပါ။ မိုးမြေ မှ မသတ်တာ၊ အချိန်တန်ရင် အဖြေမှန် ပေါ်သွားမှာပဲ"

"ကောင်းပြီ.."

သူက ခေါင်းညိတ်လိုက်ပြီး ရှေ့မှာဖွင့်ထားသည့် ဖိုင်ကို ပြန်ပိတ်သည်။ ပြီးတော့ ဘေးမှာ အထပ်လိုက်ရှိနေသည့် အနီရောင်အဖုံးနှင့် ဖိုင်ပေါ်မှာ ထပ်တင်ကာ..

"မင်းမှာ ပြဿနာမရှိဘူးဆိုတော့ ကိုယ် မလိုတော့ဘူးပေါ့၊ ပြန်လိုက်ပါဦးမယ်"

သူ ထ,ရပ်လိုက်တော့ မိုးမြေ ရုတ်တရက် အံ့အားသင့်သလို ဖြစ်သွား၏။ ပြီးမှ မခံချင်စိတ်နှင့် ဒေါသက ခုန်ပေါက်ထွက်လျက်...

"ကြွ .."

"အို!... မကြွနဲ့ .. မဟုတ်ပါဘူး .. မသွားပါနဲ့ ရွှေနေလေး .. ရွှေနေလေး .. နေပါဦး.."

အသံက ခပ်လှမ်းလှမ်းက ဖြစ်သည်။

"မောင်မင်းမာန ခဏလောက် ပြန်ထိုင်ပါကွယ် .. အန်ကယ်လ် တောင်းပန်ပါတယ်"

နောက်ထပ် ပြောသံသည် အတွင်းဧည့်ခန်းကြီးဘက်မှ မြင်ကာ မောင်နှမနှစ်ယောက် အရေးတကြီး ထွက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းမာန ခြေလှမ်းရပ်လိုက်ပြီးမှ ခပ်ဖြည်းဖြည်း ပြန်လှည့်သည်။ မိုးမြေ က မျက်နှာလေး တင်းနေပေမယ့် လက်ဖဝါးချင်း ထပ်ဆုပ်ရှေ့ ရင်း ခေါင်းငုံ့နေ၏။

"သမီးအစား အန်ကယ်လ် တောင်းပန်ပါတယ် .. ပြန်ထိုင်ပါကွယ်၊ ကိုထက်မြက်ကျော် က သူ့တပည့်ကို ယုံကြည်သလို အန်ကယ်လ်ဘို့က အားကိုးပါတယ်၊ သမီးကို အမှုနဲ့ပတ်သက်တာ လွတ်လွတ်လပ်လပ် မေး မြန်းဆွေးနွေးလို့ရအောင် နှစ်ယောက်တည်း ပေးတွေ့လိုက်မိတာ၊ သမီး အပြောအဆိုမတတ်တာကို သည်းခံပေးပါလို့ အနူးအညွတ် တောင်းပန်ပါ တယ်"

"ဟုတ်ပါတယ် ရှေ့နေလေးရယ် .. တခြား တစ်မိမ်းတွေလည်း မဟုတ်ပါဘူး၊ ခြံချင်းကပ်လျက်နေကြတဲ့သူတွေပဲ၊ မောင်နှမသားရင်းလို စောင့်ရှောက်ပေးရတယ်လို့ သဘောထားပါ"

ကြီးမေနဲ့ ဖေဖေ့ရဲ့ တောင်းပန်သံတွေကြောင့် မခံရပ်နိုင်ခြင်းက တဆစ်ဆစ် တိုးဆောင့်နေ၏။

ထိုပြင် စူးခနဲရောက်လာသည့် အကြည့်တစ်ချက်က 'ခုကစပြီး နောက်နှစ်ပေါင်းများစွာတိုင်' မှန်းပြီးရင်း မှန်းသွားဖို့ မိုးမြေ ဘက်မှာ သေချာသွားတဲ့အထိ စိန်ခေါ်ခဲ့သလိုပင်..။

မိုးမြေ သိကတတ်စအရွယ်မှ ဒီနေ့ထက်ထိ လူတစ်ယောက်ကို ဖစ် စလက်ခတ် မုန်းမိခဲ့တာ ဒါ ပထမဆုံးဖြစ်သည်။ ထိုသူက .. မင်းမာန..။





## အခန်း [ ၇ ]

တစ်ယောက်နဲ့တစ်ယောက် အစေးမကပ်ဘဲ မျက်နှာချင်းဆိုင်ရုံ စကားပြောရုံနှင့် အမှုကိစ္စမပြီးမချင်း မပတ်သက်ချင်လို့လည်း မရ..။

လင်းရောင်သိန် ဘက်ကလည်း သူတို့ခွဲဆိုချက် အတည်ဖြစ်အောင် အကောင်းဆုံးရှေ့နေတွေနှင့် မရမက လိုက်သည်မို့ မင်းမာန ဘယ်လို ပင်ပန်းခဲ့သည်ကိုလည်း သိသည်။

လူသတ်တရားခံအဖြစ် စွဲဆိုထားခြင်းမှ ကွင်းလုံးကျွတ် လွတ် မြောက်ခြင်းသို့ရခဲ့လျှင် လူကြီးတွေက မိုးမြေ ထက် ပိုပြီး ဝမ်းမြောက် ဝမ်းသာဖြစ်လျက်..၊ ဒေါ် စုရတီ မျက်ရည်ကျရှာ၏။

"လူသာငယ်တယ် ပညာထယ်လိုက်တာနော် .. ရှေ့နေကြီးတွေ တောင် လက်မြှောက်သွားတယ်၊ ရှေ့နေလေးက တော်လိုက်တာ"

"ဟုတ်တယ် .. မျိုးကျူးဘဲ မနေနိုင်အောင် တော်တယ်၊ တကယ် ဆို သမီးနဲ့ အသက်သိပ်ကွာတာ မဟုတ်ဘူး၊ လူငယ်ဖြစ်ပြီး ဘယ် လောက်တော်လဲ"

ဆိုတော့ မိုးမြေ မျက်နှာငယ်ခဲ့ရသည်။ ဒါက မုန်းတာတချို့တော့ ပါပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုနဲ့ပတ်သက်၍ ကိုယ့်ဘက်မှာ အမှန်တရားရှိနေသည်ဟု ယူဆကာ သူ့ကိုလည်း မပြောဆို မဆက်ဆံချင်သဖြင့် မိုးမြေ နဲ့သူ တခြားအမှုသည်နဲ့ ရှေ့နေတွေလို မရင်းနှီးခဲ့ပေ..၊

တချို့နေရာတွေဆို သူ့ဘာသာ သိအောင် ကြိုးစားလိုက်ရတာတွေ ရှိသည်။ တကယ့်သက်သေနှင့် တစ်ဖက်က မမှန်မကန် ထွက်ဆိုချက် တချို့ကို ခွဲခြားဖော်ထုတ်တဲ့နေရာမှာလည်း မိုးမြေ ကူညီခဲ့တာ ဘာမှမရှိ..၊

ထွန်းလင်း နဲ့ မိုးမြေ စကားပြောနေတုန်း လင်းရောင်ထိန် ရောက်လာသည်။ မိုးမြေ ကို လက်ဆွဲခေါ်သွားပြီး ရှင်းမယ်လင်းမယ်နှင့် ဒေါ်တွေ့ပွ စွပ်စွဲနေတော့ ရေတံခွန်ရှေ့က ကျောက်တုံးတွေပေါ်မှာ ဖြစ်သည်။

သူမ သိနေတာက ထိုနေရာကို လှမ်းမြင်ရသည့် အနီးတစ်ဝိုက်မှာ ထွန်းလင်း လိုက်မလာသလို သူ့သူငယ်ချင်း ဂျပုလည်း ပါမလာခဲ့ပေ..၊

ဒါပေမယ့် ဂျပုက မိုးမြေ တွန်းချလိုက်တာ မြင်ပါသည်ဟု ထွက်ဆိုထားခဲ့၏။ ထို့ပြင် သူပဲ အနှောင့်အသွားမလွတ်သည့် စကားတွေနှင့် ရန်စပြီး ထွန်းလင်း နဲ့ ထိုးကြိတ်ကြတဲ့အထိဖြစ်ခဲ့တာကို မိုးမြေ က လင်းရောင်ထိန် ကို ရေတံခွန်ထဲ တွန်းချခွင့်သာအောင် နှစ်ယောက်ပေါင်းပြီး ကြံစည်ခဲ့သလိုလို ဆွဲပြောသွားသည်။

ဒီအဖြစ်တွေထဲမှာ တကယ်မြင်သည့် သက်သေ၊ ပစ္စည်းသက်သေတွေနှင့် မင်းမာန ရှာသည်။ မရှင်းတတ်အောင် အဘက်ဘက်က ပိတ်ဆို့စွဲဆိုထားခြင်းတွေကို ကွဲပြားပေါ်လွင်အောင် သူပဲ ကြိုးစားရ၏။

မိုးမြေ က သူမေးလျှင် ဖြေသည်။ ဘယ်နေရာ လိုက်ပြပေးပါဆို လိုက်ပြ၏။ လိုက်လံသည့် ကူညီမှုဆိုတာ မပါ..။

တရားသူကြီးရှေ့မှာ သူ တင်ပြလျှောက်ထားသွားသည့် အချက်အလက်တွေကို ကြားလိုက်ရမှ တစ်ယောက်တည်း ဘယ်လောက်ထိ ပင်ပန်းခံထားခဲ့သည့်အဖြစ်ကို နားလည်စိတ်လေး ဝင်မိ၏။





ဒါပေမယ့် အဲဒီလို တော်တာတတ်တာတွေအပေါ်မှာ မာနကြီး တစ်ခွဲသားနှင့် ဖြစ်နေတာကို ကြည့်လို့မရ..၊

ပြီးတော့ အမှုကိစ္စပြီးသွားကာမှ နောက်ထပ်ထွက်လာသည့် ဂုဏ်ပုဒ်တွေက မနည်းမနော..၊

"ကောင်လေးက တော်တော်ချမ်းသာတယ်၊ မိဘတွေ မရှိတော့ဘူး။ တစ်ဦးတည်းသောသားဆိုတော့ အဘိုးအဘွားတွေရဲ့ တစ်ဦးတည်းသော မြေးပေါ့"

"မိုးကောင်းက သူ့ဌေးတွေဆိုတော့ ဟိုမှာနဲ့ ဒီမှာ ထူထောင်ထားတဲ့ ပိုင်ဆိုင်မှုတွေအရဆို ကြီးမေတို့ထက် မနိမ့်တာတော့ လုံးဝ သေချာတယ်"

ကြီးမေ မကြာခဏ ပြောတတ်လာသည်။ ဒေါ်စုရတီ ဆိုသည့် ကြီးမေဟာ ကိုယ့်ကိုယ်ကို တော်ဝင်မျိုးနွယ် ဆိုပြီး ဂုဏ်ယူတတ်သလို ရာထူးရာခံတွေနှင့် အစဉ်အဆက် တခမ်းတနား နေထိုင်လာခဲ့ကြသည်မို့ မာနကတော့ သေးသေးမဟုတ်ပေ..၊

မိုးမြေ ကို စေ့စပ် ကမ်းလှမ်းလာသူတွေကို တိုင်းတာ အကဲခတ်သည့် အဆင့်အတန်းပေတံတိုက တော်ရုံအဆင့်လောက်ကို နှာခေါင်းရှုံ့ခဲ့တာ ဖြစ်၏။

လင်းရောင်ထိန် ကိုလည်း သဘောအကျကြီး မဖြစ်ခဲ့ဘဲ အစ်ကိုဖြစ်သူကိုယ်တိုင်က သူ့သမီးအတွက် ၊သင့်တော်သူလို့ ခေါင်းစဉ်တပ်လိုက်သဖြင့် သဘောတူပေးခဲ့ခြင်း ဖြစ်သည်။

ခုလို အားပါးတရ အထင်ကြီး ချီးမွမ်းတာမျိုးတတော့ ဒါ ပထမဆုံး..၊ မိုးမြေ ကလည်း လူကြီးတွေပါးစပ်က ဒီလိုဟာ လာပြီဆို နားလည်နေပြီမို့...

"စိတ်မကူးနဲ့နော် ကြီးမေ .. တစ်ယောက်တစ်လှည့်ပဲ"

"ဘာရယ်!..."

"ဖေဖေ့ကိုလည်း မိုးမြေ ပြောပြီးပြီ၊ လူကြီးတွေ စီစဉ်တာကို မိုးမြေ



www.burmeseclassic.com

www.burmeseclassic.com



နာခံတယ်၊ နတစ်ခါ မိုးမြေ ချစ်တဲ့သူကို ရွေးရမယ့်အလှည့်..”

“အမ်မာ .. အိမ်ထောင်ရေးကိုများ တစ်လှည့်စီ ရွေးမယ်တဲ့၊ စကား ပြောတာ ပေါ့လှချေလား သမီးရယ်..ဟင်..”

“ဘယ်နှာဝေါ့လို့လဲ .. ကြီးမေတို့ စိစဉ်တဲ့လူ စိတ်ပုပ်လို့ နာသဘူးဟ လို့ သူ့ဟာသူ သေပြီး မိုးမြေ ကို ဒုက္ခပေးသွားတာ၊ ဘယ်လောက် ခက်ခက်ခဲခဲ ရုန်းထွက်ခဲ့ရသလဲ”

“ဘယ်သူ ရုန်းထွက်ရတာလဲ..၊ ကြီးမေ မြင်တာတော့ ဒီအမှုတို ခက်ခက်ခဲခဲ ရုန်းထွက်ခဲ့တာ ရွှေနေလေးပါ”

ပါလာသေးသည် .. ဒီလူ ဝှဏ်ရည်တွေ..၊

“ဒါက သူ့အလုပ် သူလုပ်တာပဲ .. အခု သူ နာမည်ကြီးသထက် ကြီးသွားပြီ အဲဒါ မိုးမြေ ရဲ့ အမှန်တရားအမှုကို သူ လိုက်ခွင့်ရလို့ မဟုတ် ဘူးလား။ အစကတည်းက မှန်ပြီးသားကို သူလုပ်လို့မှန်သွားတာကျနေတာပဲ”

“ကြည့်စမ်း ..”

“နာမည်ကြီးတဲ့ ဘယ်ရှေ့နေမဆို ဒီအမှုမျိုးကို အမှုမှန်ပေါ် အောင် လိုက်နိုင်မှာပဲ”

“အင်း .. အင်း .. အဲဒီလို ကျေးဇူးသိတတ်တာ မင်္ဂလာပေါ့ကွယ်”

ဒေါ်စုရတီ က တွေမဖြစ်သူကို ခေါင်းတညိတ်ညိတ် ဖြစ်သွား၏။

“ပြောပြတာပါ ကြီးမေကလဲ .. ကျေးဇူးတင်ဝေမယ့် တစ်ဖက်သား မာန်တက်သွားအောင် တဖွဖွကြီး ချီးမွမ်းမနေပါနဲ့ မိုးမြေ တို့ပေးတဲ့ အမှု လိုက်ခ,က သူ ထပ်ရသွားတဲ့ ကျော်ကြားမှုတွေနဲ့တွက်ရင် တန်ဖိုးဖြတ်လို့ မရနိုင်ဘူး။ ကိုယ် အကျိုးရှိအလို့ သူ ရသွားတဲ့တွေ နည်းသလား”

“ဪ..”

“ကိုင်းကျွန်းမှီ .. ကျွန်းကိုင်းမှီပဲ”

“ကဲ .. မှီချင်ရာနဲ့သာ မှီပါတော့ကွယ်၊ ပြောလည်း မပြောပါနဲ့တော့၊





ညည်းလေးကို ရှေ့နေလေးနဲ့ လက်ထပ်ဖို့များ ကြီးမေက ပြောမယ်ထင် လို့လား”

“မထင်ပါဘူး .. စိတ်ကူးတွေ ဖြစ်မှာစိုးလို့ ကြိုတင်ထောက်ပြထားတာ”

“မပြုပါနဲ့ .. မပြုပါနဲ့ .. ညည်းလေးကလည်း မိုးမြေခစား ဖြစ်သလို သူကလည်း မင်းမာန ပဲ”

“မင်းမာန မကလို့ ပြပွဲမင်းမာန ဖြစ်ဖြစ်”

မိုးမြေ တို့က မွေ့ရာနုနုထက်မှာ ဗမ်းလျားမှောက်လျက် လက်ပံ တော့ပ်တစ်လုံးနှင့် အဆော့မပျက် .. အစားမပျက်..၊

လူသတ်မှု နာမည်ကြီးပြီး မိုးမြေ ဆိုတဲ့ နာမည်လေး ဟိုနေရာမှာ ပါ .. ဒီနေရာမှာပါ ဖြစ်နေပြီဆိုတာ သိလည်း မသိ..၊ သိရင်လည်း ပွဲတတ် မည် မထင်ပါ..၊

ပြီးတော့ ‘ရွှေသားစံအိမ်’..၊

“ရွှေသားစံအိမ်ကြီးက မိုးမြေခစား ဆိုတဲ့ကောင်မလေး တော်တော် လက်ရဲတယ်”

ဆိုသည့် ဝေဖန်သံတွေ..၊

“လူကြီးတွေ သဘောတူထားတဲ့လူကို သူ မကြိုက်တာနဲ့ ရေတံခွန် ထဲ တွန်းချသတ်တာ” လို့ အမှုမှန်မပေါ်မီကတည်းက ပုံကြီးချဲ့ ပြောခဲ့ ကြတာတွေရော၊ ထိုပြင်..

“အမှုက လွတ်သွားတာနဲ့ပဲ သူ မသတ်ဘူးလို့ ပြောနိုင်မလား။ ရေ များ ရေနိုင်..၊ မီးများ မီးနိုင်”

ဆိုသော လေထဲကအသံတွေမျိုးစုံ ထွက်နေခဲ့တာ ခုချိန်ထိ မစဲ သေး။ ဒေါ်စုရတီ သက်ပြင်းရှည်တစ်ချက်ချရင်း ...

“မင်းမင်းလတ် ဆိုတဲ့ ကောင်လေးကို ရည်ရွယ်ပြီး ပြောနေတာ လား သမီး”



www.burmeseclassic.com

www.burmeseclassic.com



ခုံမှာထိုင်နေသည့် ဒေါ်စုရတီ ဆီသို့ မိုးမြေ က မျက်လွှာပင့်ကြည့် ပြီးတော့ ပြုံးကာ..

"မင်းမင်း လိုလူမျိုးတွေ မိုးမြေ မှာ အများကြီးပဲ ကြီးမေကလည်း.."

"ဘယ်လို!..."

"သူငယ်ချင်းသာသာတွေပေါ့ မိုးမြေ က ရိုးရိုးပါပဲ .. သူတို့က ပရိုပိုစ် လုပ်ထားကြတာ"

"ပရိုပိုစ် လုပ်ထားကာမှတော့ သူငယ်ချင်းလို့ ထည့်ပြောမနေနဲ့တော့လေ၊ မျက်နှာများတာလည်း မကောင်းဘူး၊ မျက်နှာများတာ မဟုတ်ပေမယ့် ဘာမဟုတ်ညာမဟုတ်တွေ ဝိုင်းဝိုင်းလည်နေတာလည်း မကောင်းဘူး၊ မိန်းကလေးဆို တကယ် မေတ္တာမရှိဘဲနဲ့ တစ်ဖက်က ယောကျ်ားလေးကို ကြည့်ယောင်ကြိုက်ယောင် မပြုရဘူး၊ မျှော်လင့်ချက်တွေထားပြီး တစ်ဖက်သတ် ခံစားချက်တွေ နှယ်ကျုံနေတဲ့သူမှာ အစွန်းရောက်စိတ်တွေဖြစ်ပြီး ဆိုးဝါးမှုတစ်ခုခု တုံ့ပြန်လာတတ်တယ်၊ ကြီးမေက အဆုံးစွန်ကို ပြောပြတာပါ"

ဒါကျတော့ မိုးမြေ စိတ်ဝင်တစား နားထောင်နေသည်။ ဒေါ်စုရတီ က ဆက်ပြော၏။

"ဖြစ်သင့်တာကတော့ ဒီပြဿနာပြီးတဲ့နောက်မှာ သမီး ချစ်တဲ့သူကိုပဲ လက်ထပ်ဖြစ်ခဲ့ရင်တောင် ကြီးမေတို့ကိုယ်တိုင် စိတ်တိုင်းကျပြီး တင့်တင့်တယ်တယ် လက်ထပ်ထိမ်းမြားပေးတာမျိုးပဲ ဖြစ်သင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခု သမီးက မိဘသဘောတူသူကို ရေထဲတွန်းချ လုပ်ကြံပါတယ်လို့ လူတွေက ချဲ့ကားပြောနေကြတာ"

"လူတွေစကားကို နားစွင့်ဂရုစိုက်နေလို့ကတော့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး ကြီးမေ"

လူငယ်ပီပီ မိုးမြေ က ဖွတ်တရွတ် ပြော၏။





ဘယ်လိုလူတွေ ဘယ်လိုစကားအတင်း ပြောနေကြသလဲဆိုတာ သိနေသည့် မျက်နှာလေးနှင့် မှောက်လှဲနေရာကနေ ငုတ်တုတ်ထ,ထိုင် လိုက်ပြီး...

"အဲဒါ .. ဟို သေနေစေတဲ့သတ္တဝါ .. သေခါနီးမှ သူများနဲ့ ပေါင်းစေစပ်လို့ ဒီလိုတွေဖြစ်ကုန်တာ၊ ကိုယ့်ကိုယ်ကို သေခါနီးတဲ့ အတိတ်နိမိတ်လေး ဘာလေး မပြဘူးလား မသိဘူး"

"ဟောတော်..."

"သူ့ကြောင့် မိုးမြေ နာမည်ပျက်ရတာ"

"တော်ပါတော့ သမီးရယ်၊ 'သေ'ချင်းကို ထပ်နေတာပဲ၊ မင်္ဂလာမရှိတဲ့ စကားကို ကြမ်းကြမ်းတမ်းတမ်း ပြောနေတာ နားဝင်ဆိုးလိုက်တာကွယ်"

"မိုးမြေ သိပါတယ် ကြီးမေရဲ့ .. လူပြောခံရတာတွေ စဉ်းစားမိတိုင်း အဲဒီသတ္တဝါကိုပဲ ဒေါသဖြစ်နေလို့"

ကိုယ့်ကိုယ်ကို ရှင်းစိုင်းတဲ့စကားတွေ ပြောနေမိသည့်မှန်းကို မသိလို့ မဟုတ်ပေ..၊ မိသားစုတွင်းမှာ အစဉ်အလာရှိခဲ့တဲ့အတိုင်း မဖြစ်မနေ လိုက်နာရမည့် စည်းကမ်းကြောင့် လူကြီးတွေစကားကို နားထောင်ပြီး ဒီလူကို လက်ခံဖို့ ခေါင်းညိတ်ခဲ့သည်။

ဒါကြောင့် ဖြစ်လာခဲ့တဲ့ အကျိုးဆက်တွေကိုတော့ ဘယ်လိုမှ ပြီးပြီး ပျောက်ပျောက်ထားလိုက်နိုင်ဖို့ မလွယ်ပေ..၊

ခု ပြီးသွားပေမယ့် နောက်ထပ် ဆက်ရန်တွေရှိနေသေးတာ ကြီးမေ မပြောသေးပေမယ့် မိုးမြေ သိသည်။

လင်းရောင်ထိန် နဲ့ လွဲသွားခဲ့ပေမယ့် နောက်ထပ် သင့်တော်သူ တစ်ယောက်ယောက်က ရှိလာဦးမှာဖြစ်သည်။

'ရွှေသားစံအိမ်'ရဲ့ မျိုးဆက်အစဉ်အလာအတိုင်း၊ ယောကျ်ားလေး ဆိုလျှင် အသက် နှစ်ဆယ့်ငါးနှစ်၊ မိန်းကလေးဆိုလျှင် အသက် နှစ်ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ခွာ လက်ထပ်ထိမ်းမြားကြရသည်။ အဓိက အကြီးမားဆုံးရည်ရွယ်ချက်သည် အသက်အရွယ်လွန်မှ သားသမီးမွေးဖွားတာ မကောင်း..၊

"လိုတာမရ ရတာမလိုဖြစ်ပြီး အရွေးခက်၊ အရွယ်လွန်တော့ ကိုယ့်သားသမီးကို လက်ဆွဲသွားတာတောင် မြေးလေးလားလို့ အမေးခံရမယ်၊ 'ရွှေသားစံအိမ်'ရဲ့ မျိုးဆက်တွေဟာ မြေး မြစ် တီ၊ တွတ်တွေ ဝေဝေဆာဆာနဲ့ အသက်ရှည်၊ အဆင်းလှကြတဲ့ အစဉ်အလာ မပျက်ရဘူး" တဲ့။

ဒီစကား၊ ဒီအယူဝါဒတွေကို ဘိုးတွားတို့အဆက်ဆက်ကနေ လက်ဆင့်ကမ်း မိန့်မှာလာခဲ့ကြတာ မိုးမြေ လက်ထက်မှာ ပို၍ ပြင်းထန်ခဲ့သည်။

ဘာဖြစ်လို့လဲဆိုလျှင် ဦးဘုန်းမြတ် လက်ထက်ကျမှ တစ်ဦးတည်းသောသမီးလေးကို မွေးခဲ့၏။ ဦးဘုန်းမြတ် က တော်ဝင်မျိုးနွယ်ချင်းမဟုတ်တဲ့ ချစ်သူကို လက်ထပ်ပြီး စည်းကမ်းဖောက်ခဲ့သဖြင့် မိုးမြေ ရှစ်နှစ်သမီးကျမှ စံအိမ်ကို ပြန်လာခွင့်ရခဲ့တာ ဖြစ်သည်။

ထို့ကြောင့် မိုးမြေ ကို တစ်ဦးတည်းသောသမီးလေး မွေးလိုက်သည့်အခါမှာ ဒီသမီး အမေလို မဖြစ်စေရဆိုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းတွေ ပိုလာသည်။

တစ်ခု စိတ်ချမ်းသာစရာရှိတာက အိမ်ထောင်ရေးနှင့်ပတ်သက်သော တင်းကျပ်သည့် စည်းကမ်းသတ်မှတ်ချက်တွေကို အသွေးတလည် လျှော့ချထားလိုက်ခြင်းပဲ ဖြစ်၏။

"ဒီလို ရှာကြံရွေးနေတာနဲ့ပဲ ကလေးတွေက နီးစပ်ရာမှာ ငြိဘွယ်ကုန်ကြတာ ပြင်သင့်တာကို ပြင်၊ လျှော့သင့်တာကို လျှော့မှ ဖြစ်မယ်"

ဦးဘုန်းမြတ် လက်ထက်ကျမှ ဒီအဖြေ ထွက်ခဲ့တာဖြစ်သည်။

ဒါပေမယ့် ရှုပ်ထွေးကုန်တာအားလုံးသည် မိုးမြေ ကို လက်ထပ်ထိမ်းမြားစေရေးမှ အစပြုခဲ့တာမို့..၊





## အခန်း [ ၈ ]

"ရလာပြီလို့ မပြောပါနဲ့ မြေးလေးရယ်..၊ ဖြစ်ခဲ့တာတွေက သူ့ကံအကြောင်းတရားနဲ့ သူပါ"

"ဒါပေမယ့် ကျွန်တော် လက်ထပ်ရမှာကို စိတ်ပျက်နေပြီ အဘွားရာ.."

"မပျက်ပါနဲ့ မြေးရယ်..နော် .. အဘွား ခရီးသွားခါနီး စိတ်ပြောင်ချင်လို့ပါ။ မသွားလိုက်ကလည်း မဖြစ်ဘူး။ ဟိုမှာ လူမမာက ငွေရှိလို့ ခြွေရံသင်းပင်းတွေ ပေါ်နေပေမယ့် မေတ္တာစေတနာနဲ့ ပြုစုမယ့်သူ တစ်ယောက်မှမပါဘူး"

ဒေါ်နုနွဲ့နွယ် က မင်းမာန ကို ကလေးငယ်လေးတစ်ယောက်လို ခေါင်းလေးသပ်လိုက် ကျောလေးပုတ်လိုက်နှင့် ချော့မော့ပြောနေရှာသည်။

ဆီးချိုနှင့် ကျောက်ကပ်အကြိတ်တည်သည့်ရောဂါတွေ စုပြုံဖြစ်ကာ ခံပွန်းဖြစ်သူက ဆေးကုသဖို့အတွက် နိုင်ငံခြားသွားကြပြီ ဖြစ်သည်။

ဒီလိုသွားဖြစ်အောင်လည်း ဦးတိုက်ခိုး ကို မနည်း နားချခဲ့ရသည်။ မြေးဖြစ်တဲ့သူကို စိတ်မချသည့်နေရာမှာ သူလည်း ဒေါ်နုနွဲ့နွယ် လိုပင်..။

"မြေးအတွက် နောင်ခါ စိတ်အေးရပြီဆိုမှ စိတ်ချလက်ချသွားမယ်ကွာ။ ဖုံနေရာကါက ချက်ချင်းကြီး မသေနိုင်ပါဘူး"

www.burmeseclassic.com



"ရောဂါလွန်မှဆိုရင် ကုရခက်တာပေါ့ ကိုစိုး ရယ် .. မြေးက သူ့သူငယ်ချင်းနဲ့ သံယောဇဉ်ကြီးနေတဲ့ဟာ၊ လက်ထပ်ပေးဖို့ပြောရင် ခေါင်းညိတ်မှာပါ၊ ရှင့်ရဲ့ညီမဝမ်းကွဲတွေလည်း ဟိုမှာပြင်ဆင်ပြီး မျှော်နေကြတယ်၊ ဒီကနေ မမျိုး တို့ လင်မယားလည်း လိုက်ပို့ဖို့ အဆင်သင့်ဖြစ်နေကြပြီ၊ အေးဆေးလိုက်သွားပါ၊ မြေးရဲ့မင်္ဂလာကိစ္စကို ကျွန်မ ပြီးစီးအောင်လုပ်ပါ့မယ်"

ဒေါ်နန္ဒာနွယ် သေချာရှင်းပြပြီး ဒီခရီးထွက်ဖြစ်အောင် တော်တော်ကြိုးစားခဲ့ရ၏။ မသိတဲ့လူတွေဆို ရောဂါကုမယ့်ကိစ္စထက်ပဲ မြေးရဲ့ အိမ်ထောင်ရေးက အရေးကြီးနေသလားလို့ ထင်စရာပင်..။

ဘယ်သူတွေ ဘယ်လိုထင်ထင် ကိုယ်အလိုချင် တောင့်တဆုံးအရာဟာ ကိုယ့်အတွက် အရေးကြီးဆုံး..၊

"အဘွားတို့နှစ်ယောက် အသက်ရှည် ကျန်းမာနေကြတာကိုက မြေးလေးအတွက်ပါ မြေးရယ်"

ဒေါ်နန္ဒာနွယ် စိတ်ကူးများနှင့် စကားကို ပြန်ဆက်၏။

"အဘွားတို့ အသက်တွေကြီးနေကြပြီ မသေခင် မြစ်လေးကို ချီပိုးသွားချင်သေးတယ်၊ မင်းမာန တို့အဘိုးအဘွားတွေ မြေးမြစ်တွေရတဲ့အထိ အသက်ရှည်ကြတယ်ဆိုတာ အစဉ်အလာကောင်းတစ်ခုအဖြစ်





တင်ကျန်ရစ်ရမယ်၊ ဘွားတို့ရဲ့မြစ်လေးလည်း မိဘဘိုးဘွားတွေရဲ့လက်ပေါ်မှာ အကြင်နာမေတ္တာတွေ ဝိုင်းရံခံပြီး ကြီးပြင်းရမယ်"

ဒါတွေ အဓိကဟုတ်ရဲ့လားဆိုတာ မင်းမာန ပြန်မေးချင်မိသည်။ ဖေဖေ မေမေတို့ လက်ထက်တုန်းက မေမေက ကျောင်းပြီးတာနှင့် အိမ်ထောင်ပြုခဲ့သည်။ ဖေဖေက ဆင်းရဲသည့်ပြင် ရန်ကုန်နယ်ပိုင်းကမို့ မိဘတွေက သဘောမတူပေ..၊

ဒါတောင် သမီးမျက်နှာနှင့် သမက်ကို အိမ်ပေါ်တင်ထားခဲ့သေးသည်တဲ့၊ ဖေဖေကတော့ ဒါတွေကို မပြောပြခဲ့ပါ..၊

အဘွားတို့နှုတ်ကျမှ ရေးပေါင်းနှောင်းဖြစ်တွေကို သိရတာ ဖြစ်သည်။

"မင်းအဖေက လူပုံကြည့်တော့ နုသလိုလို အေးသလိုလိုနဲ့ မာနက ခေါင်ခိုက်နေတာ မြေးရဲ့ .. ယောက္ခမတွေ သူ့ကို နှိမ်ပါတယ်၊ မုန်းပါတယ်ဆိုပြီး သမီးလေးကို သူနဲ့လိုက်ခဲ့ဖို့ ခေါ်တယ်၊ သမီးက ဘွားတို့ကိုပစ်ပြီး ဘယ်လိုက်မလဲ..၊ ပြီးတော့ မြေးရဲ့နောင်ရေးက ရှိသေးတယ်လေ၊ အဲဒါနဲ့ ကလေး ကိုးလသားလေးကို ခိုးပြီး ထွက်သွားလိုက်တာ အစအနကို ရှာမရတော့ဘူး"လို့ ဆိုသည်။

ကျန်တဲ့အပိုင်းက သူနဲ့ ဖေဖေ ဘဝကို ရုန်းကန်ခဲ့ကြရသည့်အပိုင်းဖြစ်၏။ ထို့ကြောင့် တစ်ဦးတည်းသော သားသမီးတွေချည်း မွေးခဲ့ကြသော အစဉ်အလာကို ခုချိန်ထိ မလွန်ဆန်နိုင်ခဲ့သည်နှင့်အမျှ...

"ဘွားတို့အတွက် မျိုးဆက်ကျန်ရစ်ခဲ့ဖို့က အရမ်း အရေးကြီးတယ် မြေးရဲ့ .."

ဒေါ်နန္ဒာနွယ် က မင်းမာန နဖူးပေါ်က ဆံပင်တွေကို လက်ဖဝါးနဲ့ သိမ်းလှန်လိုက်ပြီး မျက်နှာမော့လာအောင် ဆွဲကြည့်ကာ..

"မြေးက မြေးရဲ့အဖေနဲ့ အရမ်းတူတယ်၊ အပြာရောင်သမ်းနေတဲ့ မျက်အိမ်လေးနဲ့ မျက်နှာသွယ်တာလေးပဲ အမေနဲ့ တူတာ၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လော ခပ်အေးအေးနေပြီး မထင်တာတွေ လုပ်ပစ်တတ်တဲ့ မြေးအဖေလို ဘွားတို့ကို ရင်ကွဲအောင်..."

"အဘွားကလည်း.."

"ယုံပါတယ် .. ဒါပေမယ့် ကံကြမ္မာကို မြင်ရတာ မဟုတ်ဘူးလေ အခြေအနေ အချိန်အခါဆိုတာလည်း အမြဲတမ်း ပြောင်းလဲနေတာ၊ ဘွားတို့ စီစဉ်ဟာမဟုတ်ဘဲ မြေး စိတ်ကြိုက်တွေ့တဲ့အခါ..."

"ဒါကျမှ ဒါတွေ့တာပါ အဘွားရာ .. ကျွန်တော် အလုပ်ကလွဲရင် အဲဒါတွေကို ခေါင်းထဲထည့်ချိန်လည်း မရှိဘူး၊ ရှိလာဖို့လည်း မလွယ်ဘူး၊ နောက်ထပ် လက်ထပ်ဖို့ကို အဘိုး ဆေးကုပြီး ပြန်လာမှပဲ..."

"အို!... အဲဒါ မဖြစ်ဘူး၊ မြေးရယ် .. နိမိတ်မရှိတဲ့စကား ပြောရရင် ဆေးကုသွားပေမယ့် တကယ်လို့ ပြန်မလာနိုင်တော့ရင် ဘွားကလည်း ဒီစိတ်ထိခိုက်မှုကို မခံနိုင်တော့လို့ သူ့နောက်ကို ရှေ့ဆင့်နောက်ဆင့် ပါသွားခဲ့ပြီဆိုရင်..."

"အဘွားကလည်း .. လုပ်ပြီ."

မင်းမာန ဘာပြောပြော မအောင်မြင်ဘဲ ဖြစ်နေတာကို စိတ်ညစ်သွား၏။ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်အရင်းခံနဲ့ နှစ်ဖက်လူကြီးချင်းလည်း သဘောတူလို့ ရွှေအဆင်း ကို လက်ထပ်ဖို့ သူ လက်ခံခဲ့ဖူးသည်။

ဒါပေမယ့် ဖိတ်စာတွေရလာပြီး ဝေတော့မယ်ဆိုမှ...

"ဒီနေ့ ဆရာခိုင်းထားတဲ့အမှုသည်နဲ့ ကိုယ် သွားတွေ့ရမယ် အဆင်းရယ် .. အဲဒါ ဖျက်လို့မရဘူး၊ နောက်နေ့မှပဲ ကိုယ်တို့ အတူတူ လိုက်ဝေမယ်နော်"

"ဟာ .. မရဘူးကွာ၊ ဖိတ်စာတွေ ရလာတာ ဒီနေ့ဆို သုံးရက်ရှိပြီ၊ ရက်ကပ်မှဖိတ်ရင် ညှိနှိုင်းပွဲတက်ရမယ့်လူတွေအတွက် ဘယ်လိုလုပ် ပြင်ဆင်ချိန်ရှိတော့မှာလဲ..၊ အဲဒါကို ငဲ့ရဦးမှာ၊ မာ့ ဆီကို တို့ လာမယ်၊ မာ





အလုပ်ပြီးတဲ့အထိ စောင့်မယ်၊ ညနေထိဖြစ်ဖြစ် .. မိုးချုပ်မှဖြစ်ဖြစ် ဒီနေ့ ဖိတ်စာဝေဖြစ်အောင် ဝေမယ်၊ ဒါပဲ .. အခု လာပြီ"

ဒေါကန်သွားသည့်အသံလေးနှင့် ဖုန်းကို ဂွက်ခနဲ ချပစ်သည်။ သူမအသံကို ကြားလိုက်ရတာ ဒါ နောက်ဆုံးပဲ ဖြစ်၏။

သူ့ဆီကိုအလာမှာပဲ အဆင်း ကားမှောက်ပြီး ဆုံးသွားသည်။ သွေးသံရဲရဲနှင့် ကားပေါ်မှာ ကစဉ့်ကလျားပြန့်ကျဲနေသော ဖိတ်စာတွေက ကြေကွဲဖွယ်ပါ..၊

ထိုမြင်ကွင်းကို သူ တော်တော်နဲ့ ဖျောက်လို့မရပေ၊ ပြီးတော့ အဆင်း ရဲ့အလောင်းကိုကြည့်ပြီး ပြန်လာသည့်ညမှာ ညဦးကမှ အိပ်ပျော်သွားခဲ့ပြီး အိပ်မက်ဆိုးတွေ မက်ခဲ့၏။

အိပ်မက်က အဆင်း ကားမောင်းပြီး သူ့ဆီကို လာနေတာဖြစ်သည်။ ဒါပေမယ့် ကားပေါ်မှာ အဆင်းတစ်ယောက်တည်း မဟုတ်ပေ..၊ သူမဘေးမှာ အသက်သုံးဆယ်ဝန်းကျင်လောက် အမျိုးသမီးတစ်ယောက် ထိုင်နေ၏။

မေးရိုးကားသယောင်နှင့် နဖူးက မဟာဆန်ဆန် ကျယ်ပြန့်သည်။ ဆံပင်တွေကို တစ်မွေးတစ်ပင်မှမကျန်အောင် အပြောင်သိမ်းလှန်ကာ နောက်မှာ တစ်ပတ်လျှိုပြန်ထုံးထား၏။

အကျီက အဖြူရောင်လက်ရှည်ရင်စေ့ကို ခပ်ပွပွ..၊ သူမသည် နဖူးပြေပြေ၊ သွယ်တန်းသောမျက်ခုံး၊ နှာတံပေါ်ပေါ်နှင့် တော်တော်လှ၏။ ဒါပေမယ့် မျက်နှာတစ်ပြင်လုံး အေးစက်သည့်အငွေ့အသက်တွေ လွှမ်းခြုံလျက် အဆင်း ကားမောင်းနေတာကို စူးစူးစိုက်စိုက် ကြည့်နေခဲ့သည်။

သူ ဘယ်ရှုထောင့်ကနေ မြင်နေရသည် မသိသော်လည်း ထိုအမျိုးသမီးကိုပဲ သူ ကြည့်နေခဲ့တာလည်း သေချာသည်။ အဘယ်ကြောင့်ဆိုသော် သူမ ဘေးမှာပါလာတာကို အဆင်း က လုံးဝ မသိမမြင်တဲ့ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကာ ကားမောင်းနေသည့်လက်အစုံကို သူမ စိုက်ကြည့်နေလေ အဆင်း မျက်နှာလေးပျက်၍ စတီယာရင်ကို အားစိုက်ဆွဲနေလေ..၊

ထိုအမျိုးသမီးသည် စတီယာရင်ကို ကြည့်ပဲကြည့်နေတာဖြစ်သော်လည်း အဆင်း ဖြစ်ပျက်နေပုံက တစ်စုံတစ်ယောက်က ဖိဆွဲထားလို့ ထင်သလို မလှုပ်ရှားနိုင်ဖြစ်နေမျိုး..၊ နောက်တော့ အခြေအနေ ပိုဆိုးလာကာ အဆင်း မျက်လုံးအစုံ ပြူးကျယ်လာသည်။

နှုတ်ခမ်းလေးကိုက်၍ အတင်း အားစိုက်အလှည့်မှာ လည်ထွက်သွားသည့် စတီယာရင်က ကားကို ပလက်ဖောင်းကနေ အရှိန်ပြင်းစွာ ခုန်ပေါက်တက်သွားလျက် ဟိုဘက်က အုတ်တံတိုင်းတစ်ခုဆီကို ဒိုင်းခနဲ..၊

သူ အိပ်ရာထဲကနေ ဝေါက်ခနဲ ထထိုင်လိုက်သည်ထိ တစ်ပတ်လျှို ဆံထုံးနှင့် အမျိုးသမီး၏ စူးရဲအေးစက်သော မျက်လုံးတွေက ထင်ရှားနေဆဲ..၊

ထိုပုံစံကို သူ မြင်ဖူးသည်၊ ပြတိုက်တွေထဲမှာ မဟုတ်တာလည်း သေချာ၏။ ဘယ်မှာ မြင်ဖူးတာလဲဆိုတာတော့ ခုချိန်ထိ စဉ်းစားမရပါ..၊

အဆင်း ကားမှောက်ခဲ့စဉ်မှာ ဤသို့ တကယ်ဖြစ်ခဲ့သည်လား..။

ဒါဆို သူ ဘာဖြစ်လို့ အိပ်မက်ပုံစံနှင့် သေချာကြီး မြင်လိုက်ခဲ့တာလဲ..၊ ဒီအဖြစ် ဒီရုပ်ထွေးမှုတွေကို ခေါင်းထဲက မောင်းထုတ်နိုင်အောင် ကြိုးစားခဲ့ရဲ့တာလည်း မလွယ်..၊

အခု ထပ်ပြီး လက်ထပ်ဖို့ စဉ်းစားရဦးမည်ဆိုတော့...

"မြေးရယ် .. ပညာစုံပြီဆိုကတည်းက ဒီအလုပ်နောက်လိုက်ပြီး ဘွားတို့ကို ခွဲထွက်သွားခဲ့တယ်၊ ကြင်ရာစုံချိန်မှာတော့ ဘွားတို့ သိုက်သိုက်ဝန်းဝန်း နေချင်တယ်ကွယ်၊ အခု အဘွားပြောတဲ့ ဆောင်းပိုရိပ် ကို သဘောမကျဘူးဆိုရင် မြေး ရွေးချယ်ဖို့ စိတ်ကူးထားတာများ ရှိနေလို့လား .. ရှိနေရင် ပြောပါ၊ ဘွားတို့ တတ်နိုင်သမျှ လိုက်လျောနိုင်အောင်





ကြိုးစားမယ်"

"မရှိပါဘူး"

ဒီအဖြေပဲထွက်လာမှာကို သိသည်။ ဒါကြောင့် အချိန်လွန် အရွယ်လွန်တွေ ဖြစ်ကုန်မှာစိုးတာပါ။

မြေးက မဟုတ်ရင်တောင် အဘိုးအဘွားဖြစ်တဲ့ သူတို့မှာ နောက်ထပ် သက်ရှည်ကျန်းမာစွာ နေရဖို့က အနည်းဆုံး ရာခိုင်နှုန်းမှာ ရှိနေသည်။

ဩော် .. အတောမသတ်တဲ့ လူလောဘဆိုတာ ဒါကို ပြောသည်လား..၊ သားသမီးပြီးတော့ မြေးလေးတော့ ချီချင်သေးသည့်ဆန္ဒ ဖြစ်၏။

မြေးကို စောင့်ရှောက်မွေးမြူနိုင်ခဲ့တော့လည်း မြစ်လေးကို ယိန်းချင်ပြန်သည်။

ဒါကတော့ နောက်ဆုံးဆန္ဒပဲ ဖြစ်မှာပါ..၊

ကိုယ့်ဘာသာ တွေးမိရင်း ဒေါ်နန္ဒာနွယ် သက်ပြင်းမောကြီး ချလေသည်။

နောက်ထပ်လည်း မောရဦးမှာပါ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"မိုးမြေ .. ဟိုမှာ နင့်ရဲ့ ရှေ့နေလေးမို့လား"

စတော်ဘယ်ရီသောက်နေတုန်း ပိုက်ကို လွှတ်လိုက်ပြီး လှည့်ကြည့်မိသည်။ အဖြူစွတ်စွတ်မှာ အပြာရောင်ရောထားသည့် ရထားလုံးလေးက လှပကြွရွနေ၏။

ရထားလုံးပေါ်က ဆင်းလာသူက မင်းမာန နှင့် အမျိုးသမီးတစ်ယောက်..၊ သူက အဖြူရောင် စတစ်ကော်လံလက်ရှည်နှင့် အညိုရောင်သမ်းနေသော ချည်ချောပုဆိုး နီညိုရောင်ကွက်စိပ်ကို ဝတ်ထား၏။

အမျိုးသမီးကတော့ အဖြူပေါ်မှာ အပြာရောင်ပွင့်နုပ်လေးတွေ ပါသည့်ဝတ်စုံနှင့် ကျောလောက်ဆံပင်ကို ဖြန့်ချထားသည်။

မျက်နှာတစ်ပြင်လုံးက ဆံစတွေကို အပြောင်သိမ်း၍ နောက်မှာ ကလစ်နဲ့ လှလှပပလေး ညှပ်ထားသဖြင့် အဖြူရောင်နှင့် ပြင်ဆင်ပုံက နန်းဆန်နေသည်။

ပြီးတော့ ရထားလုံးနှင့် သူမ ဝတ်ထားပုံလေးက ပန်းချီကားတစ်ချပ်ပေါ်က ခြယ်သမှုများနှင့် တူနေပြန်သည်။





"တော်တော်လှတယ်နော်"

မြဒူ က ကပ်ပြောရင်း မိုးမြေ ဘက်ကို မသိမသာ တိုးလိုက်ကာ..

"သူလည်း ဒါက နောက်တစ်ယောက်ဖြစ်မယ်"

"ဟုတ်မှာပေါ့"

မိုးမြေ မျက်နှာပြန်လှည့်၍ အအေးသောက်နေစဉ် မင်းမာန နဲ့ သူမက ဘေးကနေ ဖြတ်သွားကြပြီး မျက်စောင်းထိုးနေရာလောက်မှာ ထိုင်လိုက်ကြ၏။

မိုးမြေ နဲ့တော့ မျက်နှာချင်းဆိုင်ပဲဖြစ်ကာ မြဒူ နဲ့က နောက်ဘက်ကျတာကျ..၊ ဒါပေမယ့် မြဒူ က ရှေ့ကမှန်ထဲမှာ ပေါ်နေသည့် သူတို့ရဲ့ ပုံရိပ်တွေကိုပဲ ကြည့်ကာ..

"သူက ဒီလိုဒီဓိုင်းကြီးနဲ့ နေပေမယ့် လူက နုဖတ်နေတာ သိသာတယ်နော်၊ အသား အရမ်းဖြူတာလည်း မဟုတ်ဘူး၊ မျက်နှာကလည်း ခေချိုဘဲနဲ့ ရုပ်မရင့်ဘူး၊ သူများတွေ အဲဒီလို ပါးသိုင်းမွေးရာတွေနဲ့ စိမ်းရင့်နေရင် ကြည့်မကောင်းဘူး။ သူကျတော့ ကြည့်လေ ချောလေ"

"သောက်စရာရှိတာကို သောက် .. ပြန်မယ်၊ သူများစုံတွဲကို ကြည့်ပြီး ဘာလဲ.. အားကျနေတာလား"

"အံမယ် .. ရှေ့နေလေးကို အားကျတာ ငါတစ်ယောက်တည်းမဟုတ်ဘူး။ ပြင်ဦးလွင်တစ်မြို့လုံးပဲ သိရဲ့လား၊ သူက မန္တလေးမှာ နေတာတည်းက ဒီထိ နာမည်ပေါက်နေတာ၊ အခု တကယ် ပြောင်းလာတော့ပြီး စိတ်ဝင်စားဖို့ ကောင်းနေပြီ။ အထူးသဖြင့် ကိုယ့်သူငယ်ချင်းနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်.."

"မြဒူ"

"ဘာလဲ.."

"ငါ စိတ်ညစ်နေတာတွေ ပြောပြနေတုန်းကတော့ 'အင်း .. အဲ'နဲ့



www.burmeseclassic.com

www.burmeseclassic.com



မျောက်သေရုပ်လေး ကျနေတာပဲ”

“နှင့်စိတ်ညစ်စရာတွေက ငါ ဝိုင်းညစ်ပေးလို့မှ မရတာ၊ နှင် ညစ်သလို ငါ ညစ်သွားတာပေါ့၊ တက်ကြွစရာ ဘာရှိလို့လဲ”

“ခုကျတော့ ဘာ့ရှိလို့ တက်ကြွနေတာလဲ”

“အရမ်းချောတဲ့ စုံတွဲတစ်တွဲကို မြင်ရလို့လေ၊ တကယ်ဆို ရှေ့နေ့လေးကို ငါ့ာ နှင်နဲ့ နီးစပ်သွားမှာပဲလို့ ထင်တာ”

“ဘာ!...”

“အို!... တိုးတိုးအော်ပါ”

မျက်လုံးကလည်း မကြည့်သင့်မှန်းသိလျက်နှင့် ထိုဆီ ရောက်သွားမိ၏။ သူမ အသံကြောင့် ဖျတ်ခနဲ ရောက်လာသည့် မင်းမာန မျက်လုံးတွေနှင့် တည့်တည့်ဆုံမိသွားခဲ့သည်။

မိုးမြေ ချက်ချင်း မျက်နှာလွှဲပစ်ကာ...

“စကားပြောတာ ကြည့်ပြောနော်..၊ စိတ်က ကြည့်တာ မဟုတ်ဘူး”

ကပ်ကြိမ်းလိုက်တော့ မြဥ္ဇူ က ပခုံးလေးတွန့်၍...

“မဟုတ်ပါဘူး၊ နှင့်အမူကိစ္စ လိုက်နေတုန်းက သူ့အဖြစ်အပျက်တွေ ပြောပြတဲ့အထိ နှင်တို့ ရင်းနှီးခဲ့တာပဲဟာ၊ ခုကျတော့ လုံးဝ မသိကြသလိုပဲ၊ အဲဒါ နော်မယ်မဟုတ်တဲ့ ထိန်းချုပ်ခြင်း”

“မြဥ္ဇူ နှင် ဘာဖြစ်နေတာလဲ ..”

“ငါက မဟုတ်ဘူး .. နှင်တို့ကို ပြင်ဦးလွင်က လူတချို့ တစ်ဝက်လည်း စိတ်ဝင်စားနေကြတာပဲ”

“ဘယ်လို!... ငါနဲ့ .. သူကို...”

“ဟုတ်တယ်..၊ ငါတို့က သူ့ဇာတ်လမ်းကို သူပြောမှ သိရပေမယ့် အစတည်းက သိထားတဲ့သူ တချို့တလေက ပြောတယ်..”

“ဘာပြောတာလဲ ..”





“သူလည်း လက်ထပ်မယ့်မိန်းကလေး ဆုံးခဲ့တယ်၊ နှင်ကလည်း လက်ထပ်မယ့်ယောကျ်ား ဆုံးသွားတယ်၊ သူက ဘာပြဿနာမှ မရှိခဲ့ပေမယ့် နှင့်မှာ ပြဿနာရှိခဲ့တော့ ဒီပြဿနာကို လိုက်ပေးတဲ့လူက သူဖြစ်နေတယ်”

မြဥ္ဇူ ပြောပြမှ ခေါင်းထဲမှာ ဖြစ်စဉ်တွေက ဝင်လာခဲ့၏။ ထိုပြင် သူကိုယ်တိုင် ပြောပြဖူးတဲ့ သူ့အကြောင်းကလည်း ကိုယ်လိုပဲ ဖြစ်နေခဲ့ရာ...

“ကိုယ်လည်း လက်ထပ်ဖို့သေချာပြီးမှ ကိုယ့်မိန်းကလေး ဆုံးသွားခဲ့ဖူးတယ်၊ မင်းလိုပဲပေမယ့် မင်းက စိတ်မဝင်စားတဲ့သူဆိုတော့ အသိတစ်ယောက် နာရေးဖြစ်သွားတာလောက်ပဲ ရှိမယ်ထင်တယ်၊ ကိုယ်ကတော့ ကိုယ်အရမ်းခင်တဲ့မိန်းကလေး ချစ်သူတွေမဟုတ်ကြပေမယ့် အဲဒါထက်ပိုရင်းနှီးတယ်၊ သူ ဆုံးသွားတာကလည်း ကိုယ့်ပယောဂမကင်းသလို ခံစားခဲ့ရတော့ ဒီအဖြစ်ကို မေ့ပျောက်နိုင်ဖို့ တော်တော် ကြိုးစားခဲ့ရတယ်”

“ရှင်က လွမ်းကျန်ရစ်မှာပေါ့၊ သူက ဒုက္ခမှ ပေးမသွားတာ၊ ကျွန်မက သူ့ကြောင့် ရင်ဆိုင်နေရတဲ့ပြဿနာတွေ နည်းလား၊ အသိတစ်ယောက် နာရေးဖြစ်သွားတာကမှ နာရေးကြော်ငြာဖတ်မိပြီး ဝမ်းနည်းပေးမိဦးမယ်၊ အဟွန်း.. မုန်းလွန်းလို့ တစ်နေ့ အခါရှစ်ဆယ်လောက် မေတ္တာပို့နေတာ..”

သူ့ကို မိုးမြေ ဒီတိုင်း ပြန်ပြောခဲ့သည်။ မင်းမာန နဲ့ မိုးမြေ စကားကောင်းလေး ပြောဖြစ်သွားပြီဆို သူကလည်း သူ့ကိုယ်သူ ‘ကိုယ်’ ဆိုတာနဲ့ ပြော၏။

မိုးမြေ ကလည်း ပြောနေကျအတိုင်း ကိုယ့်ကိုယ်ကို မိုးမြေ လို့ပဲ ပြောဖြစ်သည်။ စကားတွေ အမြီးအမောက်မတည့် ဖြစ်ကုန်ပြီဆို သူကလည်း ‘ငါ’ဖြစ်သွားကာ မိုးမြေ ကလည်း ‘ကျွန်မ’ဟေ့ဘာတွေ ဖြစ်သွား၏။

ဒီလိုလူတွေ ခုလိုချိန်မှာ တစိမ်းလိုနေခဲ့ကြတာ ဆန်းလို့လား..၊

“မိုးမြေ..”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ.."

"အဲဒီဘေးကတစ်ယောက်ကို နင် မသိဘူးလား။ 'အမြွာ'စိန်တိုက် ပိုင်ရှင် ဦးသူရိယ ရဲ့သမီးလေ။ မန္တလေးမှာ 'အမြွာ'စိန်တိုက်တွေ သုံးခု တောင် ရှိတယ်လေ၊ ဒီလောက် နာမည်ကြီးကို.."

"အဲဒါ ဘာဖြစ်လဲ..၊ မင်းမာန ကို အထင်ကြီးမှတ်တွေ စုဆောင်း ပေးနေတာလား"

"အထင်ကြီးထိုက်တာပဲဟာ၊ နင်က ခြံချင်းကပ်လျက်နေပြီး မသိ ဘူးလား။ မင်းမာန တို့ကလည်း အရမ်းချမ်းသာတာ"

"ပြန်မယ်"

စတော်ဘယ်ရီ မကုန်သေးဘဲ ပိုက်ဆံအိတ်ကိုင်လိုက်တော့ မြဒူ မှဲ့ရှုံ့သွားသည်။ ပြီးတော့ မင်းမာန ဈိုကို ပြောင်ပြောင်ဝဲ လှည့်ကြည့် လိုက်ကာ ဒီဘက်ပြန်လှည့်၍..

"ငါက ငါနဲ့ ကိုလင်း ကြောင့် နင် ပြဿနာကြီးဖြစ်ခဲ့ရတာကို စိတ် မကောင်းလို့ပါ"

"ဘာဆိုင်လဲ.."

"ဆိုင်တာပေါ့..၊ လင်းရောင်ထိန် က အစစအရာရာ အားလုံး ပြည့်စုံသာလွန်နေတဲ့လူပါ၊ သူနဲ့ နင် ပြဿနာဖြစ်ရတာ ကိုလင်း ကြောင့် လေ..၊ ကိုလင်း ကြောင့်ဆိုတာက ကိုလင်း နဲ့ ငါ့အတွက် နင် လှုပ်ရှားပေး ရင်း ဖြစ်ခဲ့ရတာ"

"အဲဒါကြောင့် ယောကျ်ားအစားရှာပေးရအောင် ငါက အချိန်မီ လက်ထပ်ခွင့်မရရင် ပုပ်ရိပျော်ကျတော့မယ့် သစ်သီးတစ်လုံးနဲ့ တူနေလို့ လား"

"မဟုတ်တာ မိုးမြေ ရယ် .. ပြောတော့မယ်.."

နှစ်ယောက်အတူ ဆိုင်ထဲက ထွက်သွားကြတာကို မင်းမာန တစ်





ချက်ပဲ လှမ်းကြည့်ပြီး မျက်နှာလွှဲလျက် ဆောင်းပုံရိပ် ကတော့ ကား ထွက်သွားတဲ့အထိ ကြည့်နေပြီး..

"သူတို့နှစ်ယောက် ဆောင်း တို့အကြောင်း ပြောသွားတာထင်တယ်"

"ဘာဖြစ်လို့လဲ.."

"သိသာတာပဲ ကိုမင်း ရဲ့ .. ဆောင်း ကို စိတ်ဝင်စားတာတော့ မဟုတ် လောက်ဘူး။ ကိုမင်း ကို သိနေတာများလား"

"သိတယ်"

"သိတယ်.."

"အင်း.."

ဆောင်း က စိုက်ကြည့်တော့ မင်းမာန မျက်နှာက ပုံမှန်ပဲဖြစ်၏။ မှာထားသည့် အအေးနဲ့မုန့်တွေ ရောက်လာတော့ မင်းမာန က ဆောင်း အတွက်ကို အနားတိုးပေးလိုက်ပြီး..

"ကိုယ်က ရှေ့နေပဲ ဆောင်း ရဲ့..၊ ကိုယ့်အမှုသည်နဲ့ ရင်းနှီးခဲ့ဖူး တာ ဘာဆန်းလို့လဲ"

"ဟင်!..."

ဆောင်း က ရုတ်တရက် ဘာမှမမေးဘဲ စဉ်းစားသလို ငြိမ်နေပြီးမှ..

"ကိုမင်း အခု ပြီးသွားခဲ့တဲ့ ပြင်ဦးလွင်က သူဌေးသမီး လူသတ်မှု ဆိုတာ.."

"ဟုတ်တယ် .. သူပဲ"

ဆောင်း အသံတိတ်သွားသည်။ ပြင်ဦးလွင်မှာ နာမည်ကြီးခဲ့တဲ့ မှုခင်းတစ်ရပ် ဖြစ်သည်။ လူသတ်မှုတစ်ခုဖြစ်တာ မဆန်းသော်လည်း သတို့သမီးလောင်းက သတို့သားလောင်းကို သတ်ခဲ့သည့်အဖြစ်က ဒီအမှု ကို မင်းမာန က လိုက်တော့ မန္တလေးထိ လူပြောများခဲ့သည်။

သူမ ဒီကို လိုက်လာခဲ့တော့လည်း ပြင်ဦးလွင်မှ ၁ တစ်ညအိပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် သတင်းစုံ သိခဲ့ရ၏။

လူသတ်တရားခံအဖြစ် စွဲဆိုခံခဲ့ရသော သူဌေးသမီးဆိုတာ ဘယ်လိုရော .. ဘယ်လိုလဲကြောင်း..၊ မျက်လုံးထဲမှာ စောစောကထွက်ခွာသွားသည့် နှစ်ယောက်ထဲက တစ်ယောက်ကို ပြန်မြင်နေခဲ့၏။ ဆံပင်ပခုံးသာသာလေးမှာ အနားလေးတွေ ခွေလိပ်နေသဖြင့် အရပ်မြင့်မြင့်ကိုယ်လုံးသွယ်သွယ်လေးနဲ့ ထင်းနေသည်။

ရှုန်းလဲ့နက်မှောင်နေသော မျက်ဝန်းအိမ်လေးကလည်း လှသည်။ နှာတံပေါ် တာလေးကလည်း ကော့စင်းနေတာမျိုး..။

ကိုမင်း ထက် အသက်ငယ်မှာတော့ သေချာပါသည်။ ဒီအမှုကိုဘယ်လောက်ကြာအောင် လိုက်ခဲ့ရသလဲ..၊ သူတို့ ဘယ်လောက် ရင်းနှီးကြသလဲ..။

မေးချင်သော်လည်း မေးလို့လည်း မကောင်းပါ..၊ မင်းမာန နဲ့ သူမက ဒီလောက်ထိ မရင်းနှီးသေးပေ။ ပြီးတော့ ရှေ့နေပီပီ မင်းမာန က မေးခွန်းတစ်ခု ဖြေခါနီးတိုင်း ဒီမေးခွန်း ဘာကြောင့် ထွက်လာတာလဲလို့ ရှာဖွေတဲ့ပုံမျိုး လူကို တစ်ချက်တော့ စိုက်ကြည့်တတ်၏။

ထိုအကြည့်မျိုးကို ဆောင်း မခံနိုင်ပေ..၊ လူကြီးချင်း စေ့စပ်ပေးခဲ့ကြလို့ ခုလို တွဲသွားတွဲလာ ရင်းနှီးခဲ့ကြတာမှာ သူက ကိုယ့်အပေါ်မှာ ထူးခြားသည့် စိတ်ဝင်စား အလေးထားခြင်းမျိုး မရှိခဲ့သလို ကိုယ်က စိတ်ဝင်တစားဖြစ်နေသည့်ပုံစံတွေ ဝင်သွားမှာလည်း မလိုချင်..၊

ထို့ကြောင့် ဒီကိစ္စ ဒီမှာပဲ ပြီးသွားခဲ့၏။

"ဆောင်း တစ်ခုခု ပြောချင်နေတယ်ထင်တယ်၊ ပြောလေ.."

သူက လမ်းဖွင့်ပြောပေမယ့် ဆောင်း တခြားအကြောင်းကို ပြောင်းလိုက်ကာ...

"စေ့စပ်ပြီးပြီဆိုတော့ လက်ထပ်ဖို့ကို အေးဆေးကျမှ ဆောင်း က





လုပ်ချင်တာ"

"အဲဒါ ကောင်းပါတယ်"

"လူကြီးတွေက မြန်မြန်လက်ထပ်စေချင်နေတာ ဘယ်လိုလုပ်မလဲ"

မင်းမာန က ဝေဖာကို တစ်ဝက်ချိုးပြီးမှ မစားဖြစ်သေးဘဲ သူမကိုကြည့်ကာ..

"ကိုယ့်ဘက်က အချိန်ဆွဲထားစေချင်တာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ဟို..."

လက်ထပ်ဖို့ကို သူကိုယ်တိုင်က ဆန္ဒရှိနေတာမျိုး ဆောင်း က လိုချင်တာဖြစ်သည်။ ပြီးတော့ နှစ်ဖက်အဆင့်အတန်းချင်းတူလို့ လိုက်ဖက်တင့်တယ်သည်ဆိုရင်တောင် သူက နှာမည်ပျက် ရှိထားဖူးတဲ့သူ..။

ဆောင်း နဲ့ လက်ထပ်ခွင့်ရဖို့မှာ သူ့ဘက်က ဒီ့ထက် လိုလားမှုတွေပြသင့်သည် မဟုတ်ဘူးလား..၊

ကြည့်လိုက်တော့ အေးဆေးသည့်မျက်နှာပြင်မှာ လက်ထပ်ဖို့အတွက် ဘာမှထူးခြားဆန်းပြားသည့် ခံစားချက်ဆိုတာ မတွေ့..၊

"ပြောလေ ဆောင်း .. ရင်ထဲမှာရှိတာကို ပြောပါ၊ ဒီအချိန်မှာ ကိုယ်တို့ ပွင့်လင်းကြမှဖြစ်မှာ"

"ကိုမင်း ကရော ဘာမှ ပြောဖို့ မရှိဘူးလား"

သူက ခဏငြိမ်သွားပြီးမှ ခေါင်းခါ၍..

"မိဘစကားကို နားထောင်ပြီး လက်ထပ်ဖို့ သဘောတူခဲ့ကြတာလေ၊ သဘောတူပါတယ်ဆိုတဲ့စကားအပြင် ကိုယ်တို့ချင်း တောင်းဆိုခွင့်တွေဘာတွေမှ မရှိသေးတာ၊ ဒါပေမယ့် မင်းက မိန်းကလေးဖြစ်နေတော့ ဖြစ်စေချင်တာတွေ၊ ပြင်ဆင်ချင်တာတွေ ရှိမှာပဲ၊ ဥပမာ အခု ကိုယ်တို့အပြင်မှာ နှစ်ယောက်တည်း ဆုံဖြစ်တာ ပထမဆုံးဆိုတော့ လူကြီးတွေရှေ့မှာ အနေကျုပ်ခဲ့တာ၊ ပြောမထွက်ခဲ့တာရှိရင် အခု ပြောနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခု တစ်ထိုင်တည်းမှာပဲ ကိုယ့်ကို သဘောမကျတဲ့ အချက်တစ်ခုခု တွေ့ထားပြီဆိုရင်လည်း ပြောလို့ရတယ်"

"ကိုမင်း က ဆောင်း ကို အရင် သဘောမကျတာ မြင်ထားတဲ့ပုံပဲ"

ဆောင်း မေးလိုက်ပုံကို သဘောကျသွားပြီး မင်းမာန က ပြုံးလိုက်၏။

"ဆောင်း က မေးခွန်းပြန်မေးတာ ဝါသနာပါပုံရတယ်၊ အကင်းလည်း ပါးတယ်နော်"

"မဟုတ်ပါဘူး။ ကိုမင်း ကိုပဲ အကဲခတ်ကြည့်နေမိလို့ပါ"

"ကိုယ်က အဲဒီပုံစံ ပေါက်နေတယ်ပေါ့"

"အဲလိုလည်း မဟုတ်ဘူး။ ဒါပေမယ့် ပြောစရာစကားဆိုတာ ဆောင်း မှာချည်းပဲ ရှိနေသင့်တာမှ မဟုတ်တာ၊ တစ်ယောက်တည်း မေးမယ်၊ သုံးသပ်မယ်ဆိုရင် ဆွေးနွေးရာလည်း မရောက်ဘူးလေ၊ ကိုမင်း မှာ ဘာမှ မေးမြန်းစပ်စုချင်တာ မရှိဘူးဆိုရင် ကိုမင်း ရင်ထဲမှာ ဆောင်း နဲ့ပတ်သက်တာ ဘာမှ..."

"အဲဒီလိုတော့ မဟုတ်ဘူး ဆောင်း၊ ကိုယ်ကလည်း မှင်းကို အခွင့်အရေးပေးချင်တာမျိုးပဲ၊ မင်းရဲ့ မျက်နှာပေါ် က တစ်စုံတစ်ရာ မြုပ်ကွယ်နေတယ်လို့ ကိုယ် အကဲခတ်မိတဲ့အတွက် စိတ်ထဲရှိတာ ပြောပါလို့ လမ်းဖွင့်ပေးတာ..၊ Lady First .."

နှစ်ယောက်စလုံး ပြုံးလိုက်မိကြသည်။ ဆောင်း က မျက်လွှာချလိုက်ပြီးမှ ပြန်ကြည့်၍...

"ဆောင်း ကို ကိုမင်း ဘယ်လိုထင်လဲ .."

"အရမ်းလှပါတယ်"

"ကိုမင်း က လုပ်တော့မယ်"

ဆောင်း ရှက်သွားတော့ သူ မျက်နှာလွှဲရင်း ရယ်ကာ..





"တကယ် ဒီတိုင်းပဲ မြင်တာပါ။ မင်းလို လှပသန့်စင်ပြီး အဘက်ဘက်ကပြည့်စုံနေတဲ့ မိန်းကလေးကို ဘာဝေဖန်စရာ ရှိလို့လဲ"

"အဲဒီလိုမိန်းကလေးမှာ ချစ်သူတွေဘာတွေ ရှိခဲ့ရင်ရော.."

"မင်းကိုယ်တိုင် ခေါင်းညိတ်ခဲ့တဲ့ လက်ထပ်ပွဲကို ကိုယ်က ဘာစိုးရိမ်ရောလို့လို့လဲ"

"ဩော် ... မိဘစီစဉ်တာကို မလွန်ဆန်ရဲလို့ ဘာညာတွေရှိခဲ့ရင် ဆောင်း က အသလုံးကို အရှက်တကွဲဖြစ်အောင် လုပ်သွားဖို့တွေလဲ ရှိလာမှာလေ.."

မင်းမာန က ပြုံးလိုက်ပြီး ကိုလာပုလင်းကို ဆွဲယူသည်။ ဖန်ခွက်ထဲကို လောင်းထည့်နေရင်းမှ ဆောင်း ကို ပြန်ကြည့်၍...

"ကိုယ်တို့တွေမှာပဲ ရှက်တတ်တာဆိုရင် ဘယ်လောက်ကွဲကွဲ ကွဲပါစေ.."

ကိုယ့်ဘက် ပြန်လှည့်ပေးလိုက်ပုံက ညင်ညင်သာသာလေးမို့ ဆောင်း ရုတ်တရက် အံ့အားသင့်သွား၏။ ပြီးတော့မှ မျက်နှာပြင်မှာ တရှိန်းရှိန်း ပူလာသလိုဖြစ်ကာ...

"ရှင်က ရှေ့နေပီသတယ်နော်.."

"ပီသချင်လွန်းလို့ မနည်း ကြိုးစားနေရတာ"

"အဟွန်း.."

ဆောင်း မျက်နှာပေါ် ကအပြုံးကို သူက စိုက်ကြည့်၍ ကိုယ်ကို အနည်းငယ် ပြုပြင်ထိုင်လိုက်ကာ လေးနက်သည့်စကားတွေဆိုဖို့ မျက်နှာပြင်မှာပဲ ပြင်ဆင်လိုက်ရင်း...

"ကိုယ်နဲ့ပတ်သက်တဲ့ အကြောင်းတချို့ကို မင်း သိပြီးဖြစ်မှာပါ၊ အဲဒါတွေကို မင်းဘက်က ကျေနပ်နိုင်သည်ဖြစ်စေ၊ နည်းနည်းတော့ ရင်ထဲမှာ ကျန်နေတာမျိုးရှိခဲ့ရင်ဖြစ်စေ ကိုယ် ဘာမှဖြည့်စွက်ပြင်ဆင်ပေးလို့



www.burmeseclassic.com

www.burmeseclassic.com



မရတော့ စိတ်မကောင်းပါဘူးလို့ပဲ ပြောရမှာပါ။ နောက်တစ်ခုက ကိုယ့်ဘက်က ဒီလိုရှိခဲ့တဲ့အတွက် မင်းဘက်ကို လှမ်းမျှော်ပြီး စပ်စုတာ၊ ဖြစ်ချင်တာတွေ မတင်ပြထိုက်ဘူးလို့လည်း သတ်မှတ်ခဲ့တယ်၊ အဲဒါကြောင့် ကိုယ့်အပြောအဆို၊ အနေအထိုင်အပေါ်မှာ မင်းဘက်က တစ်ချိုးထင်စရာ ဖြစ်ခဲ့ရင် နားလည်ပေးပါ"

"ဒါကတော့ ရှင်က ဒါကိုအပြစ်တစ်ခုလို ခံစားနေလို့ပါ၊ ကိုယ်စာရိတ္တပျက်ခဲ့တာလည်း မဟုတ်ဘူး၊ ဖြစ်ချင်လို့ ဖြစ်ကြတာလည်း မဟုတ်ဘူးလေ၊ ဆောင်း နားလည်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

တစ်ယောက်အပြုံးကို တစ်ယောက်ကြည့်ပြီးမှ မျက်လွှာအသီးသီး ချကြသည်။

သူ ရှင်းပြတာကို ဆောင်း ကျေနပ်ပါသည်။ ဖြစ်ချင်ခဲ့တာလည်း ဒီတိုင်းပဲမို့…

"ဆောင်း ကြားတာက လက်ထပ်ဖို့ကို ရှင်က ငြင်းခဲ့တယ်လို့.."

"ဟုတ်တယ်..၊ ဆောင်း နဲ့ဖြစ်ဖြစ် ဘယ်မိန်းကလေးဖြစ်ဖြစ် လက်ထပ်ခြင်းဆိုတာကို မကြားချင်လောက်အောင် ဖြစ်သွားခဲ့တယ်၊ နောက်ပိုင်းမှာ အဘွား ပြောသမျှ ကိုယ် ငြင်းခဲ့တာ အမှန်ပါ"

"ဆောင်း ကို ငြင်းခဲ့တာကရော…"

"ငြင်းချင်နေတဲ့ဆန္ဒလက်စနဲ့ပေါ့"

သူ ပြောတာကို ဆောင်း က ရယ်သည်။ အတူတူ ထပြန်လာခဲ့ကြတော့ လက်ထပ်ဖို့အတွက် ပေါ့ပါးစွာ လက်ခံဆုံးဖြတ်လိုက်ပြီး ဖြစ်လျက်။





## အခန်း [ ၁၀ ]

ပြင်ဦးလွင်ရောက်ကတည်းက မဖြည့်ဖြစ်ခဲ့သည့် အသုံးအဆောင်ပစ္စည်းအိတ်ကို ဒီညကျမှ စိတ်လိုလက်ရ ဖြည့်ရသည်။

အထဲမှာ မွေးနေ့ရောက်တိုင်း အဘွားတို့ပေးသည့်လက်ဆောင်တွေနှင့် သူ့ဘဝမှာ အမှတ်တရရှိခဲ့သော မမေ့နိုင်..၊ မပစ်ရက်ခဲ့သည့်ပစ္စည်းတွေ ရှိနေ၏။ ဒါတွေထားဖို့ မန္တလေးမှာတုန်းကလိုပဲ ဗီရိုပုလေးတစ်လုံး ဝယ်သပ် စီစဉ်၍ နေရာချထားပြီးဖြစ်သည်။

"အစ်ကိုလေး .. ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

အခန်းထဲမှာ ဆွဲလှဲတိုးရွှေ့နေသံကြားတော့ သူနဲ့အတူနေသည့် အိမ်အကူကောင်လေး ဖိုးတာ က အပြင်ကနေ အလိုက်တသိ လှမ်းမေး၏။

"ရတယ် .. မင်း မအိပ်ခင် ငါ့အတွက် ကော်ဖီဖျော်ပြီး ဓာတ်ဘူးထဲ ထည့်ထားခဲ့"

"ဟုတ်.."

အပြင်ကိုပြောလိုက်ပြီး အိတ်ကို ဗီရိုပုလေးဆီ မ,ရွှေ့ကာ ကြမ်းပေါ်က တင်ပလ္လင်ခွေ ထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပစ္စည်းတွေကို ဟိုတုန်းကလိုပဲ အစီအစဉ်တကျ တစ်ချင်း ထည့်နေမိ၏။

နောက်ဆုံး ကိုင်လိုက်မိသည်က မညီမညာ ပုံနေသော ကျောက်ပြားလေးတစ်ချပ်၊ ပဝါလေးကို လက်ပေါ်မှာ ခေါက်လျှက်သားတင်လျက် .. လက်တစ်ဖက်က လှမ်းထားသော်လည်း ဆုပ်ဆွဲထားသည့် တစ်ဖက်ကလူ မရှိတော့ မပြည့်စုံသည့် ပန်းချီကားတစ်ချပ်လိုပင်..၊

ကျောက်သားထဲမှာ ထွင်းထုထားသည့် ရိုးရာဝတ်စုံနှင့် မဟာဆ လှပနေသော အမျိုးသမီး၏မျက်နှာကို လက်ချောင်းများနှင့် ဖွဖွလေး တို့ထိပွတ်သပ်ရင်း မင်းမာန လှုပ်ရှားမှုတွေ နေးကျသွား၏။

ဒီပုံစံ၊ ဒီရုပ်ပုံတွေပေါ် လာအောင် မြေစိုင်ခဲတွေ ထုတက်နေသူ ထဲကနေ ကျောက်ပြားလေးကို ပွတ်သပ်ခါချရင်း သန့်စင်ခဲ့တာ ကိုယ်တိုင်ပဲ ဖြစ်သည်။ စုံတွဲပုံလေး ရုပ်လုံးပေါ် လာတော့မှ အကျောင် ကနေ ပုံကျသွားခဲ့ပြီး...

"ငါ့ကို မင်းသားလေးပဲ ပေးပါ."

"ငါ့ကို မင်းသားလေးပဲ ပေးပါ."

စကားသံလေးကို ခုပဲ ကြားရသလိုမျိုး နားထဲမှာ စွဲထင်နေဆဲ သူ ပြေးလိုက်ပြီး လှမ်းပေးတော့ ပျော်သွားသည့်မျက်နှာလေး..၊

ဖြူစူး ဆိုတဲ့ ကောင်မလေးရယ် .. နင်ကတော့ မေ့နေလောက် ထင်တယ်၊ နင် လိုချင်တဲ့ မင်းသားလေးလည်း ခုလောက်ဆို နောက်ထ တစ်ဖန် မြေစိုင်ခဲတွေထဲ ရောက်နေလောက်ပြီပေါ့..။

လွှမ်းနေတာမျိုး မဟုတ်ပေမယ့် ဒီကျောက်ပြားလေးကိုမြင်တိုင် သူ သတိရသည်။ ခုလို ထုတ်ယူ ကိုင်တွယ်ကြည့်မိတာကတော့ သိမ် ဆည်းပြီးသည့်နောက်မှာ ဒါ ပထမဆုံးပါ..၊

သက်ပြင်းတစ်ချက်ချမိရင်း ကျောက်ပြားလေးကို မိုင်ဘာဘူး





ပြန်ထည့်၍ ပိတ်လိုက်၏။ ပိတ်ပြီးမှ စိတ်ကူးတစ်ခုပေါ်ကာ ပြန်ဖွင့်၍ ထုတ်ယူမိပြန်သည်။

ဒါကို ဒီတိုင်း သိမ်းဆည်းထားမည့်အစား ဒီပုံအတိုင်း ပန်းချီရေးနိုင်ပြီး ပြခန်းမှာ သွားတင်ထားလိုက်လျှင် ဒီ့ထက် ပိုလှသွားမည်။ ပြီးတော့..

ခုလို မပြည့်မစုံပုံစံ မဟုတ်တော့ဘဲ ဖြည့်စွက်ပေးလိုက်မှာမို့ ပြီးပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ ရေစက်မကုန်သေးလို့များ ဖြူစူး ဒီပုံတွေကို ခုတ်မိခဲ့မည်ဆိုလျှင်တော့..

"အဟွန်း.."

တစ်ယောက်တည်း သဘောကျစွာ ပြုံးလိုက်မိသည်။ ဘူးကို ဖွင့် လျက်အတိုင်း စားပွဲပေါ် လှမ်းတင်လိုက်ကာ..

"ခင်ဗျား အထဲ ပြန်မဝင်နဲ့တော့ .. မနက်ဖြန် ဒီ့ထက် လှလှပပဖြစ်အောင် ကျွန်တော် ပြုပြင်မယ်၊ ပြခန်းထဲရောက်ရင်တော့ ဖြူစူးလေးကို ရှာပေးပေါ့၊ အပြန်အလှန်ပေါ့ဗျာ.."

အရူးတစ်ယောက်နဲ့တူနေပြီ ထင်သည်။ ကိုယ့်ဘာသာပြောရင်း သဘောကျကာ ပခုံးတွေလှုပ်အောင် ရယ်လိုက်မိ၏။

ထိုညမှာ အလုပ်စားပွဲထိုင်ပြီး လျှောက်လွှဲချက်တွေ ရေးနေရင်းနဲ့တောင် ဖြူစူး ကို ဖျတ်ခနဲ ဖျတ်ခနဲ သတိရနေတာ အလုပ်ဖြောင့်အောင် မလုပ်နိုင်တော့တဲ့အထိ..၊ အိပ်ရာထဲ ရောက်တော့လည်း တွေးမိသေးသည်။

ဟိုတုန်းကဆိုပေမယ့် ကလေးအရွယ်ဆိုတော့ စွဲမိစွဲရာ စွဲလမ်းခဲ့တာမျိုးလား..၊ ဆင်းဆင်းရဲရဲ ရုန်းကန်ခဲ့ရတဲ့ ဘဝရဲ့နေပူပြင်းကြီးကိုလည်း မမေ့..၊ မလုံခြုံဘူးလို့ ပြောကြတဲ့ အဖေ့ရဲ့အရိပ်ကလည်း သူ့အတွက်တော့ ပြန်တွေးတိုင်း အိုအေစစ်တစ်ခုပါ။

ဒီထဲမှာ ခဏလေးပဲဆုံခဲ့ရတဲ့ ဖြူစူး ကို မမေ့ခဲ့တာဟာ မမေ့နိုင်ခြင်းနဲ့ပါတ်စဉ် ဘယ်လောက်မှာလဲတော့ မသိ..၊



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိလည်း သတိရနေတုန်း..၊ ယင်ယင်တုန်းက ပန်းဖောင်းဖောင်းလေးတွေလို မင်းရဲ့ပန်းလေးတွေ နုရဲနေသေးလား၊ ကော့ညွတ်နေတဲ့ မျက်တောင်ရှည်ကြီးတွေနဲ့ဆိုတော့ ခုချိန်ထိ မင်း လှနေဦးမှာပါ..၊ ဒါပေမယ့် .. သူ ...

သက်ပြင်းချသံနှင့်အတူ ညတစ်ဝက်မှာ မျက်တောင်ဖျားတွေ စင်းသွားခဲ့၏။ ကိုယ်တောင်မှ လက်ထပ်ဖို့ သေချာခဲ့တာ မနှစ် ကတည်းက..၊

သူလည်း လက်ထပ်ပြီးနေလောက်ပါပြီ..၊

အရှည်ကြီး လွမ်းကြည့်လိုက်တော့လဲ .. ရင်ထဲမှာ ဘာလိုလို..၊





## အခန်း [ ၁၁ ]

နှာခေါင်းထဲမှာ ရေမွှေးနံ့မဟုတ်သော မွှေးနံ့တစ်ချက်ဝင်လာသဖြင့် လေးလံဖန့်စပ်နေသော မျက်လုံးတွေက အလိုလို ပွင့်လာသည်။

အိပ်ရာက နိုးသွားတော့မှ စူးရှသောအနံ့ဟာ အမွှေးတိုင်နံ့နှင့် တူသည်ဟု ထင်၍ သုံးသပ်မိ၏။ ပြာလဲ့လဲ့မီးရောင်လေးအောက်မှာ အိပ်ရာက မထချင်ဘဲ မျက်လုံးတွေ ဟိုဒီဝေ့မိစဉ်...

"ဟင်!..."

ဗီရိုကြီးနဲ့ အသေးကြားမှာ အရိပ်လား .. လူလား..၊ မင်းမာန မျက်မှောင်ကုတ်သွားကာ မျက်လုံးကို လက်ဖဝါးနှင့် သေချာပွတ်ပြီး ထပ်ကြည့်၏။

ထိုအခါ လှုပ်ရှားရပ်နေသည့်အရိပ်က ရှေ့ကို တိုးလာနေမှန်း သိလိုက်သည်။ ပြီးတော့ အရိပ်ကိုမြင်လိုက်တာနှင့် တစ်ပတ်လျှိုဆံထုံးက ထင်းနေကာ မိန်းမတစ်ယောက်ဆိုတာ သေချာသွားပြီး အံ့ဩစိတ်နှင့် ခေါင်းခဲ့ ထ,ထိုင်လိုက်မိသည်။

"ဒီမှာ ခင်ဗျား .. ခင်ဗျား .. ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလည်း ဖြစ်နေကာ သူ့ခိုးပုံစံနဲ့လည်း မတူ..။ ညသန်းခေါင်ကျော်ကြီးမှာ အိပ်ခန်းထဲ ဘာလို့ ရောက်နေတာလဲဆိုတာ တွေးလေ အံ့ဩဖွယ်ဖြစ်လာလေ..၊

သူ ကြောင်တောင်တောင်နှင့် ငေးမောနေမိစဉ် ထိုမိန်းမက အနား ရောက်လာ၏။ ပြီးတော့ လက်နှစ်ဖက်ကို လှဲမြှောက်လိုက်လျှင် သူမ လက်ထဲမှာ ဓားရှည်ကြီး...

"ဟာ!... မဟုတ်ဘူး .. မလုပ်နဲ့."

သူ အော်လိုက်ပေမယ့် ရှောင်တိမ်းချိန် မရတော့ပေ..၊

"ဒုန်း.."

"အား..."

မျက်လုံးထဲမှာ ရောင်စုံဖြာသွားသည်။ ခေါင်းတစ်ခုလုံး ပွင့်ထွက်သွားပြီလား ထင်ရ၏။ ထို့နောက် ကိုယ့်အသံကို ပြန်ကြားကာ မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွား၏။

"ဟင်း.."

ညက တိတ်ဆိတ်နေလျက် ညအိပ်မီးလုံးပြာလေးကလည်း တာဝန်ကျေနေသည်။ သူ့ရင်ဘတ်ကြီးကတော့ ချွေးတွေစိုကာ ဖုတ်လိုက်ဖုတ်လိုက်နှင့်..၊

ပြီးတော့ တဆစ်ဆစ်နာကျင်နေသည်ကို သတိရကာ နဖူးချိုစောင်းနေရာကို လက်ရောက်သွားလျှင်... သွေးတွေ..။ မင်းမာန အိပ်ရာထဲကနေ ထ,ထိုင်လိုက်မိ၏။ အိပ်မက်လား .. တကယ်လား .. ဓားနဲ့ လှဲခုတ်ပစ်လိုက်တာ ကိုယ်လုံးကိုထိမှာ ဖြစ်၏။

ခေါင်း က ဘာဖြစ်တာလဲ..။ ကိုယ့်ကိုယ်ကို ဝါ ရူးနေပြီလားလို့ တွေးလိုက်မိတဲ့အထိ အိပ်မက်လား .. တကယ်လား မသိလောက်အောင် ထိတ်လန့်စိတ်တွေဖြစ်လျက် မီးထဖွင့်လိုက်၏။





ဆံပင်တွေထဲက ဆင်းကျနေသည့်သွေးတွေက နားထင်ကနေ ညှပ်ပင်းကြားထဲထိ တိုးဝင်နေသည်။ သွေးရှိတဲ့အတိုင်း လက်က ဆောက်လျှောက်စမ်းမိကာ မျက်လုံးက အိပ်ရာဆီ ပြန်ရောက်သွားစဉ်...

ကျောက်ပြား..။ ပုံတူထွင်းထုထားသည့် ကျောက်ပြားသည် သူ့ခေါင်းအုံးဘေးမှာ ရှိနေလျက် .. ဗိုင်ဘာဘူးက ကြမ်းပေါ်မှာ..၊

ထို့ပြင် စားပွဲပေါ်မှာ အစက တင်ထားခဲ့သည့် နာရီနှင့် စတာပလာ အလည်း ကြမ်းပေါ်မှာ တစ်နေရာစီ ကျနေ၏။ ပြန်လှည့်ကြည့်လိုက်တော့ ညက ပိတ်မထားဖြစ်သည့်တံခါးက ခပ်ဟဟပွင့်နေသည်။

ကြောင်ဝင်ပြီး တိုက်ချသွားသည်လား..၊

"ကျွတ် .. ကျွတ် .."

ဒဏ်ရာက နာကျင်လာကာ အိပ်ရာထက်မှာ ခြေချထိုင်လိုက်မိသည်။ ကျောက်ပြားကို ပြန်ကောက်ကြည့်တော့ သူ့ဒဏ်ရာ ဒီကျောက်ပြားကြောင့်ဖြစ်သွားတာမှန်း သိလိုက်၏။ ထို့နောက်...

ထွင်းထုထားသည့်ပုံကို အမှတ်တမဲ့ ကြည့်မိရာကနေ မျက်မှောင်ကုတ်သွားမိသည်။ ဟုတ်သည် .. သူ့ကို ဓားနဲ့ခုတ်ဖို့လုပ်တာ ဒီ အမျိုးသမီး..။

"မဟုတ်ပါဘူး .. အဓိပ္ပာယ်မရှိ.."

ပါးစပ်ကနေ ထုတ်ပြောမိသည်အထိ ကိုယ့်ကိုယ်ကို မကျေနပ်ဖြစ်သွားခဲ့သည်။ ဒါပေမယ့် မျက်လုံးကလည်း မခွာနိုင်..။

ကြည့်နေရင်း ပိုသေချာနေသည်။ ခေါင်းခါနေမိရင်း ဒီပုံရိပ်ကပဲ သတိအကျ အဖြေပေးနေ၏။ ဘာတွေ ဖြစ်နေတာလဲ..၊

ညက ညဥ့်နက်မှ အိပ်ပျော်သွားလို့ အာရုံတွေ များနေတာလား..၊ တိုက် ဒီခြံကြီးကို ရောက်ရှိနေထိုင်တာလည်း သိပ်မကြာသေးသည့်မို့ ခြံရဲ့ အထာကို မသိခဲ့ပေ..၊



www.burmeseclassic.com

www.burmeseclassic.com



တံခါးပိတ်မထားရင် ကြောင်တွေ ဝင်တတ်သလား .. ဒါမှမဟုတ် ပစ္စည်းတွေကို တိုးတိုက်ချနိုင်လောက်တဲ့ ကြွက်ကြီးတွေ ရှိနေလို့လား..

ဒဏ်ရာကို ဂရုမစိုက်မိသော်လည်း နာကျင်နေတာကြောင့် တွေး နေရင်း သူ့မျက်နှာ ရှုံ့မဲ့လာ၏။ ထပ်စမ်းကြည့်တော့ ဒဏ်ရာမှ သွေး မတိတ်တာကို သိလိုက်သည်။

ဖိုးတာ ကတော့ လူငယ်လေးပီပီ ခေါင်းချတာနဲ့ နှစ်နှစ်ခြိုက်ခြိုက် ပျော်သွားတာပဲ ဖြစ်မည်။ သူ့ဘာသာသာပဲ ဆေးပစ္စည်း အတိုအစတွေ စုဆောင်းထားရှိသည့် အထပ်စင်ကလေးဆီ လျှောက်သွားမိ၏။

ဒဏ်ရာရှိနေပေမယ့် မရှင်းလင်းခဲ့သည့် ပဟေဠိတစ်ခုကို ခေါင်း က တွေးနေဆဲ..၊ ကြောင်တစ်ကောင် ဝင်တိုးသွားတာ ဖြစ်နိုင်ရင်တော့ ဒီကျောက်ပြား ပြုတ်ကျတာနဲ့ ဒီအမျိုးသမီးထွက်လာတာ တိုက်ဆိုင် တာလား..၊

ဘာပဲဖြစ်ဖြစ် သွေးတွေကတော့ ရင်ဘတ်တစ်ခြမ်းထိ စိုစွတ်လာ လျက်..၊





## အခန်း [၁၂]

"ဟာ!... ဘုတ်ဘုတ် .. ဘုတ်ဘုတ် .. အဲဒါကို ဘာလုပ်မလို့လဲ"

မမီလိုက်မှာစိုးလို့ ပြေးလွှားလိုက်ရတာ ခလုတ်တွေ တိုက်၊ စားနေ တဲ့ မုန့်ထုပ်လွတ်ကျ..၊

အမှိုက်ခြင်းတစ်ဖက်နှင့် ကျောက်ပြားအကျိုးကို တစ်ဖက်က ကိုင် လျက် ဒေါ်ဘုတ်ဆုံ ကြောင်အမ်းအမ်း လှည့်ကြည့်သည်။

"အဲဒါ ဘယ်က ယူသွားတာလဲ..၊ ဘာလုပ်မလို့လဲ..၊ အမလေး ဖြစ်မှဖြစ်ရလေ .. မြင်လိုက်လို့ပဲ.."

မေးနေပြီး ဖြေတာကိုလဲ မစောင့်ဘဲ ဆတ်ခနဲ ဆွဲလုလိုက်သည်။ ဘာဖြစ်သွားသေးလဲလို့ ဟိုဘက်လှန် ဒီဘက်လှန်ကြည့်၍ တယုတယ ပွတ်သပ်လိုက်ရင်းမှ...

"ဘုတ်ဘုတ် ရယ် .. ဘာပစ္စည်းလဲဆိုတာများ သေချာကြည့်ပါဦး လား၊ တီဗွီ၊ ဗီဒီယိုတွေလည်း ဒီလောက်ကြည့်နေပြီးတော့ ဒီလိုပစ္စည်းက အမှိုက်ဖြစ်နိုင်ရဲ့လား .. မတွေးမိဘူးလား"

"မသိဘူးလေ သမီးရယ် .. အရုပ်ထင်နေလို့ ထူးဆန်းတယ် ထင်ပြီး ကြည့်နေတာ"

www.burmeseclassic.com



"တော်သေးတာပေါ့"

"ဒါပေမယ့် မည်းမည်းကြီးဆိုတော့ ကျောက်ပြားကျိုးကြီးပဲ မှတ်တာ၊ ဘုတ်ဘုတ် က မျက်စိလည်း မကောင်းတော့.."

"တော်ပြီ .. နောက်ဆို ဘုတ်ဘုတ် ကို အခန်းထဲ ဝင်မရှင်းခိုင်းတော့ဘူး"

"အမလေး မလုပ်ပါနဲ့ သမီးရယ် .. ဒီစံအိမ်မှာ ဘုတ်ဘုတ် တစ်ယောက်ပဲ ရှိတဲ့ဟာကို၊ ဒီအလုပ်မျိုးတွေ ဘုတ်ဘုတ် မလုပ်ရင် သမီးလေး လုပ်နေရမှာပေါ့"

အိမ်မှာ သူနေရာနဲ့သူ ချက်ပြုတ်လျှော်ဖွပ်တာတွေမှာ မိန်းကလေးတွေ ရှိကြသည်။ ချက်ပြုတ်တာနဲ့ ခုလို အိပ်ခန်းတွေဝင်တာကျတော့ ဘုတ်ဘုတ် တစ်ယောက်ပဲ ဝင်ခွင့်ရှိ၏။ ကြီးမေ ကိုယ်တိုင်က ဘုတ်ဘုတ်ကို ညီအစ်မလို ဆက်ဆံခဲ့တာ ဖြစ်သည်။

"ဘုတ်ဘုတ် လေ ဒါကို သမီးရဲ့ အဝတ်ဟောင်းဗီရိုရှင်းတဲ့နေ့က အံဆွဲထဲမှာ တွေ့တာ"

"အဲဒါနဲ့ အမှိုက်ခြင်းထဲ ဝစ်ထည့်လိုက်ရောလား"

"အဲ .. ဟို..."

ဟုတ်နေတော့ ဒေါ်ဘုတ်ဆုံ က အပြစ်ရှိနေသည့် မျက်နှာကြီးနှင့် ပြုံးကာ..

"ကြည့်တော့ ကြည့်သေးတယ်၊ ဗီရိုကလည်း အမှိုက်တွေပါ ရှိတော့..."

"တစ်သျှူးထုပ်တွေ၊ ပီကေအိတ်ခွံတွေပါ"

အမှိုက်တွေပဲပေမယ့် မိုးမြေ က အထွန့်တက်၏။

"ဟုတ်ပါတယ်၊ ခါတ်ခဲလေးတွေရော ဟို.. အာပိမိုဆိုလား အဲဒီ အစုတ်လေးတွေရော စုပုံနေတဲ့ကြားမှာ မြင်လိုက်တော့..."





"အမ်ပီဖိုး ပါ"

"အေး .. အေး .. အဲဒါနဲ့ ကျောက်ပြားကြီး ဘယ်လိုရောက်နေပါလိမ့်ဆိုပြီး.."

"ကဲပါ သိပါပြီ..၊ စိတ်ဝင်စားနေတာကို မိုးမြေ ကို မေးပါလား၊ သူ့အခု အမှိုက်သွားပစ်တော့မယ့်အချိန်ထိ စိတ်ဝင်စားနေတုန်းဟာကို မေးတော့မမေးဘဲနဲ့..၊ တကယ်ပါပဲ မိုးမြေ သာ မမြင်လိုက်ရင် သွားပြီ"

ဘာလေးလဲလို့ မေးဖို့ပြင်လိုက်စဉ် မိုးမြေ က လှည့်ထွက်သွားပြီဖြစ်၏။ ဖြေလည်း မဖြေချင်တော့လို့ပါ..၊

ဒီပစ္စည်းလေးကို ငယ်ငယ်တုန်းကသုံးတဲ့ ဗီရိုဟောင်းထဲမှာ ဖြစ်သလို ထည့်ပိတ်ထားခဲ့တာပေမယ့် ဒီနေ့ထိ မပျောက်ရအောင် ထိန်းသိမ်းနိုင်ခဲ့တာပဲ ဖြစ်၏။

"မင်းသားက မိုးမြေ လက်ထဲကို ခုန်ဆင်းလာတော့မှပဲ စိတ်ကူးကို အကောင်အထည်ဖော်ဖြစ်တော့မယ်၊ ဆောရီးနော်"

တစ်ယောက်ယောက်နှင့် စကားပြောသလို ကျယ်ကျယ်လောင်လောင် ပြောနေမိရင်း ဖုန်းယူလိုက်ပြီး ဝရန်တာဘက်ကို ထွက်ခဲ့သည်။

"ဟလို.."

"အေး .. ငွေလ .. ငါရယ် .."

"မိုးမြေ .. ဘာလဲ .. ပြောလေ"

ငွေလရောင် ဆိုသည့် သူငယ်ချင်းမလေးက ဆင်းရဲသားရပ်ကွက်လေးထဲမှာ ဟိုတုန်းကနေ ခုချိန်ထိလည်း ဆင်းရဲနေဆဲဖြစ်ပေမယ့် အခင်မင် မပျက်ခဲ့ကြသလို..၊ အကြောင်းတစ်ခုခုရှိလို့ စုရုံးကြမည်၊ ခေါ်လိုက်ပြီဆို အမြဲတမ်း ပျာပျာသလဲ..။

ခုတော့ ဘုရားဆင်းတုတော်တွေ ထုလုပ်သည့်အလုပ်ရုံမှာ သူ့မအဖေက မန်နေဂျာဖြစ်သွားပြီမို့ အတော်အတန် ပြည့်စုံသွားသည့်ဘဝ

www.burmeseclassic.com



လေးမှာ ငါးသိန်းဖုန်းလေးတစ်လုံး အိမ်မှာ အတိုင်ထားသည်အထိ အဆင်ပြေနေ၏။

မိုးမြေ တို့ ဖုန်းခေါ် ရတာလည်း အဆင်ပြေသွားခဲ့သည်။

"နင့်ကို ငါ ဟက်ပီးနယူးရီးယားညမှာ ဖုန်းဆက်ပြောခဲ့တဲ့ကိစ္စ မှတ်မိသေးလား။ ငါ ပုဂံမှာနေရခဲ့တဲ့ ရှေးဟောင်းပစ္စည်းလေးကို ပြန်ပြီး ထုဆစ်ချင်တယ်ဆိုတာ..."

"အမလေး .. တစ်နှစ်လောက်ပဲရှိတော့မယ်၊ ခုမှ သတိပြန်ရသလား"

"အဟွန်း ... ပြောပြီးမှ အာရုံတွေများပြီး မေ့သွားတာ."

"မှတ်မိပါတယ်၊ အခု လုပ်တော့မှာလား"

"အေး .. ငါက နင့်ကိုပဲ ယုံယုံကြည်ကြည် အပ်ချင်တာ၊ ငါ ပြောတုန်းက နင်က နင့်အဖေက သစ်သားတွေမှာ ထုတာထွင်းတာ မဟုတ်ဘူးလို့ ပြောတာနဲ့ စိတ်ပျက်သွားတာလည်း ပါတယ်၊ အခုကျတော့ နင့်အဖေက ဟဲဗီးဝိတ် ဖြစ်နေပါပြီ .. ဟုတ်တယ်မို့လား၊ သူ မလုပ်ချင်ရင်တောင် ပန်းပုထုတယ်ဆိုတာ လုပ်ငန်းချင်းနီးစပ်နေတာပဲ၊ လုပ်ချင်တဲ့လူကို ပြန်ခိုင်းပေးပါလို့..နော်"

"အေးပါ .. ငါ ပြောကြည့်ပါ့မယ်၊ ပြောဆို .. အဖေ့မိတ်ဆွေ ဦးကြာစေ့ကို ငါကိုယ်တိုင်ပြောရင်တောင် ရနိုင်တယ်ဟ၊ ငါနဲ့ခင်တယ်"

"ဟုတ်လား .. သူက ပန်းပုထုတာပေါ့"

"အေးပေါ့ .. အလုပ်ရုံကြီးမှ အကြီးကြီးပဲ၊ သူတို့က မန္တလေးကို ပစ္စည်းတွေ လှမ်းမှာ .. လှမ်းပို့ လုပ်ကြတာ"

"ဘာပစ္စည်းတွေလဲ"

"ပန်းပုထုဖို့ ကျွန်းသားချောပြီးသားတွေပေါ့၊ မပူပါနဲ့ .. ငါ ပိုင်ပါတယ်၊ နင် လာခဲ့လေ၊ ငါ ပြောထားလိုက်မယ်"

"ဝမ်းသာလိုက်တာ ငွေလ ရယ် .. ငါကလည်း သတိရတုန်း ပြီးအောင်





လုပ်ထားလိုက်ချင်တာ၊ မျက်စိအောက်မှာ မမြင်ရင် မေ့သွားတတ်လို့"

"ဘာလဲ .. အချောသတ် လှအောင်ပုံဖော်ပြီး ရောင်းစားဖို့လား"

"ဟာ!... ဘယ်က ဟုတ်ရမှာလဲ၊ ဒီကျောက်ပြားလေးကိုတော့ ထုပ်ပိုးပြီး သိမ်းထားမှာပေါ့၊ ဒါပေမယ့် သူ့ပုံက မပြည့်မစုံနဲ့ အလှပျက်နေတယ်လေ၊ အဲဒါကြောင့် ဖောင်းကြွပုံလေး ပြန်ထုပြီး ကနုတ်ဘောင်လေး ခတ်မယ်၊ ဧည့်ခန်းမှာ ချိတ်ထားမယ်"

"နင်ပြောတုန်းက ငါ တွေးကြည့်တာတော့ အစက စုံတွဲပုံမို့လား။ တစ်ယောက်တည်းကို လှအောင် ပြန်ထုရင် ပုံကျပါ့မလား"

"ကျအောင် ထုရမှာပေါ့၊ အဲဒါ ပန်းပုဆရာနဲ့တွေ့မှ ငါ ပြောပါ့မယ်၊ မနက်ဖြန် နင် အိမ်မှာ တစ်နေကုန်ရှိမလား"

"ရှိတယ် .. နင် လာမယ်ဆို စောင့်နေမယ်"

"အေး .. ငါ အားတာနဲ့ ထွက်လာခဲ့မယ်၊ ဒါပဲနော်"

နှုတ်ဆက်ပြီး ဖုန်းပြန်ပိတ်လိုက်စဉ် သေချာဆုပ်ကိုင်ထားသည့် ကျောက်ပြားခြမ်းလေးက လက်ထဲကနေ လျှောခနဲ ကျ၏။

"ဒုတ် .."

"အား ..."

နာကျင်မှုဖြစ်သွားသော်လည်း မာကျောသည့်ပစ္စည်းတစ်ခု ပြုတ်ကျသွား၍ နာကျင်တာမျိုးပဲ ဖြစ်သည်။ မိုးမြေ ခြေထောက်ကို ငုံ့ကြည့်ပြီး ငုတ်တုတ်ထိုင်ချလိုက်မိသည်။

ခြေမပေါ် မှာ သွေးထွက်လာသည့်ဒဏ်ရာကို တစ်ချက်ဖိကြည့်မိပြီး ကျောက်ပြားလေးကိုပဲ လှမ်းကောက်ကာ ပွန်းပဲ့ ကွဲကြေသွားသလားဆိုသည့် စိုးရိမ်စိတ်နှင့် ဒဏ်ရာရှာမိသည်။

"တော်ပါသေးရဲ့.."

ခုပဲ ဒါလေးကို ပြုစု အမွှန်းတင်ဖို့ ဖုန်းဆက်ပြီးပြီ၊ ပျက်စီးသွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ..၊ ကိုယ့်ဘာသာ ပြောမိရင်း ဒဏ်ရာကို ပြန်သတိရကာ ငုံ့ကြည့်လိုက်မိလျှင်...

"ဟယ်!..."

မိုးမြေ မျက်လုံးပြူးသွား၏။ သွေးတွေ ကြမ်းခင်းကြွေပြားထက်မှာတောင် ပုံကျနေသည်။ ဒီလောက်ထိ ကြီးကျယ်သွားမှန်း ကိုယ့်ကိုယ်ကိုတောင် မသိခဲ့ပေ..။

"အို!... ဘာတွေ ဖြစ်ကုန်တာတုံး၊ ကြည့်စမ်း .. သွေးတွေ..၊ ကေသီ .. ချစ်စု .. ဟဲ့ .. တစ်ယောက်ယောက် လာစမ်း"

ဒေါ်စုရတီ ဝရန်တာတံခါးမှာ ပေါ်လာကာ ကမန်းကတန်း ရောက်လာ၏။ အထဲကိုလည်း ပြန်လှည့်ခေါ်ရင်း...

"ဘာနဲ့ ခိုက်မိတာလဲ..၊ ဘာဖြစ်တာလဲ .. ပြစမ်း .."

"ဒါလေး ပြုတ်ကျသွားတာ"

"ဟင်!... ဘယ့်နှယ် ဒါလေးလဲ .. လက်ဝါးလောက်ရှိတဲ့ဟာကို .. ထွေထည်း အထူကြီးပဲ"

ကြည့်နေရင်း သွေးတွေ ပိုများလာသည်။ ထိုနေရာမှာပဲ ဆေးထည့်ပတ်တီးစည်းတော့ ဆေးထည့်လို့လည်း မရ ပတ်တီးစည်းလို့လည်း မနိုင်အောင် သွေးက ပန်းထွက်မတတ် စိမ့်နေ၏။

"တော်ပါတော့ ကြီးမေကလဲ .. အရမ်းနာနေပြီ"

မိုးမြေ မခံနိုင်အောင် နာကျင်လာကာ ဆေးထည့်ဖို့ပဲ ကြိုးစားနေသည့် ဒေါ်စုရတီ လက်တွေကို ဖယ်ရှားပစ်မိသည်။

သွေး အရမ်းစိမ့်နေသဖြင့် ဒဏ်ရာကို အကြီးအသေး ဘယ်လိုမှ ရှာမရခဲ့ပေ..၊ ထရပ်လိုက်တော့လည်း မိုးမြေ ခြေထောက် မထောက်နိုင်ဖြစ်ကာ ဆေးခန်းရောက်သွားလေသည်။

"မလုပ်ပါနဲ့ ကြီးမေကလည်း .. ဘာမှ မဆိုင်ပါဘူး"





"ဆိုင်ဆိုင်မဆိုင်ဆိုင် သမီးရယ်၊ ကိုယ့်ကို သွေးထွက်သံယိုဖြစ်စေခဲ့တဲ့ဟာ"

ကျောက်ပြားပုံလေးကို ဒေါ်စုရတီ က လွှင့်ပစ်ဖို့ ကိုင်သည်။ မိုးမြေက အတင်းပြန်လု၏။ ဒီပစ္စည်းလေးကို ဒေါ်စုရတီ သိသည်။

မိုးမြေ ငယ်ငယ်ကတည်းက ကစားသည့်နေရာမှာ ချထားတာတွေသည်။ အိပ်ရာထဲမှာ ဒီတိုင်းချထားတတ်၏။ ပြီးတော့ စာကြည့်စားပွဲပေါ်မှာ..၊ နေရာတကာမှာ အပြားလိုက် ဒီတိုင်းချထားတတ်တာတွေ ရှိသော်လည်း အချိန်တန်လျှင် ဂရုတစိုက် ပြန်သိမ်းတတ်သည့်ပစ္စည်းဟာ ဒီ ကျောက်ပြားလေးပဲ ဖြစ်သည်။

ကလေးအရွယ်ကတည်းက ကစားစရာတွေကိုသာ ကစားပြီး ဒီတိုင်းထားခဲ့လို့ လူကြီးတွေက လိုက်သိမ်းလိုက်ကောက်..၊ ဒါလေးကိုတော့ သူမ ထ,သွားတာနှင့် လက်ထဲမှာ ပါသွားပြီးသား..၊

ဘာမို့လို့လဲဆိုပြီး သေချာ ယူကြည့်ဖူးသည်။ ကျောက်သားထဲမှာ မင်းသားတစ်ပါး၏ပုံစံမျိုး၊ အကျီပွပွ၊ ဘောင်းဘီပွပွနှင့် မဟာဆန်သည့် အသွင်က ထင်းနေသည်။

ထို့ပြင် ဖြစ်သလို ထွင်းထုထားသည်ထင်ရပေမယ့် ပြေပြစ်သည့် မဟာနဖူးပုံစံ လေးထောင့်ဆန်သည့်မျက်နှာကျကအစ မျက်ဝန်းအိမ်တွေ အဆုံး မျက်နှာပြင်၏ ချောမွေ့မှုအစိတ်အပိုင်းတွေကိုတော့ သေချာ တင်ထား၏။

ကလေးပီပီ ပုံလေးလှတယ်ဆိုပြီး သဘောကျတာမျိုးလို့ပဲ ထင်ခဲ့သည်။ ဟိုတုန်းကနေ ခုချိန်ထိဆိုတော့ မိုးမြေ ဒီပစ္စည်းကို မက်မောသိမ်းဆည်းခဲ့တာ ကလေးစိတ်နဲ့ တွယ်တာတာမျိုး ဖြစ်နိုင်ပါ့မလား..၊

ဒေါ်စုရတီ တောင်တွေးမြောက်တွေးတွေ ဖြစ်လာခဲ့၏။

သူမဆီက ပြန်လုပြီး ကျောက်ပြားကို ဝိုက်ပေါ်မှာတင်၍ ကိုင်ထားလျက် မျက်လုံးတွေမှိတ်နေသည့် မိုးမြေ မျက်နှာလေးကို အကြာကြီး



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေမိသည်။

ဒီအကြောင်း မေးမှာစိုး၍ ပါးစပ်ပိတ်နေတာမှန်း သိသည်။ ဒါကို နောက်ထပ် ပြန်လုပ်ယူမှာစိုးပြီး အိပ်ချင်သလို မျက်လုံးတွေ မှိတ်ချထားတာကိုလည်း ဒေါ်စုရတီ သိနေ၏။

ဟိုတုန်းက မေးကြည့်တော့ "မင်းမင်း ပေးလိုက်တာ"လို့ ဖြေသည်။ သူ့မ အမေ မဆုံးခင် ပုဂံခရီးစဉ်ကအပြန်မှာ ပါလာတာဖြစ်သည်။ ဒါဆို ဒီပစ္စည်းကို မက်မောတာလား .. ပေးလိုက်တဲ့ကောင်လေးကို ခင်တွယ်ပြီး အမှတ်တရ ရှိနေတာလား။ စိတ်ကူးထဲမှာ တွေးလေ ရှုပ်လာလေ..၊

ဒီနေ့ ခြေထောက်ကနေကျသည့် သွေးကွက်ကြီးကိုတော့ မျက်လုံးထဲမှာ ထုတ်မရတော့ပေ..၊

ဒီကျောက်ပြားကြောင့်..၊





## အခန်း [ ၁၃ ]

"ငါလည်း နားမလည်နိုင်အောင်ပါပဲ မြူ့ ရယ် .. ခြေထောက်ပေါ် ပြုတ်ကျတုန်းကတောင် သိပ်နာတယ် မထင်လိုက်ဘူး။ သွေးတွေ တအား ထွက်ပြီး ထ,ရပ်လိုက်တော့ မရတော့ဘူး။ ဒဏ်ရာကြည့်ဖို့ သွေးကိုသုတ်တာလည်း သုတ်နေရင်း ပြည့်တက်နေတော့ ..."

"နင့်ဟာကလည်း နားထောင်ရင်း ရှုပ်လာပြီ၊ ဒဏ်ရာရလို့ ဆေးရုံရောက်သွားတယ်ဆိုတော့ ငါ့မှာ လှေကားတွေဘာတွေပေါ်က ပြုတ်ကျသလား၊ ရေချိုးခန်းထဲမှာပဲ ချော်လဲသလားဆိုပြီး စိတ်ပူသွားတာ"

ဖုန်းပြောနေတာကို ငွေလ က စိတ်ရှည်လက်ရှည် နားထောင်နေ၏။ မြူ့ က ငွေလ ထက်ပိုပြီး လက်ရှိရင်းနှီးနေတဲ့ သူငယ်ချင်း ဖြစ်သည်။

ဒါပေမယ့် လင်းရောင်ထိန် သေဆုံးသည့်အမှုကိစ္စ ဖြစ်ပြီးကာမှ မြူ့ နဲ့ဆက်ဆံတာကို အိမ်က သဘောမကျသဖြင့် အရင်လို မတွဲဖြစ်တော့ပေ..၊ မြူ့ ကလည်း နားလည်သည်။

ထို့ကြောင့် အပြင်မှာပဲ တစ်ခါတလေ တွေ့ဖြစ်ကြ၊ ဖုန်းနဲ့ပဲ ခေါ်ပြောကြနှင့် ခိုးချောင်ခိုးဝှက် ဆက်သွယ်နေရသလို ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချလိုက်ပြီး မိုးမြေ က ငွေလ ဘက်ကို ပြန်လှည့်ကာ...

"ဆောရီးဟာ၊ နင်က အနားမှာရှိနေတဲ့သူဆိုတော့ မြဲ့ချ နဲ့..."

"ရပါတယ် မိုးမြေ ရယ် .. ငါ နားလည်ပါတယ်၊ နင့်ဒဏ်ရာ ခြေမမှာဆိုပြီးတော့ ခုထက်ထိ ခြေထောက်က ထော့နေတုန်းပါလား တော်တော်ဖြစ်သွားတာ ထင်တယ်"

"ဟုတ်တယ်၊ လမ်းလျှောက်ရင် ခြေဖျားထိ အားစိုက်လို့မရတော့ လှမ်းလိုက်တာနဲ့ ထော့နင်းဖြစ်သွားတာပေါ့၊ ဒါနဲ့ ဒိုပစ္စည်းကိစ္စ နင် အဆ ပြေလား"

"ပြေပါတယ် .. ဦးကြာစေ့ က သူတော့ မလုပ်ဘူးတဲ့၊ သူ့တပည့် ကို ငါ့ရှေ့မှာပဲ ခိုင်းလိုက်တယ်၊ ငါလည်း နင်မှာတဲ့အတိုင်း မင်းသမီး လက်ကိုဆွဲထားလို့ တန်းလန်းဖြစ်နေတဲ့လက်ကို ဘယ်လိုလုပ်ပေးဘာညာ သေချာပြောပြထားတယ်"

တကယ်က ကိုယ်တိုင်သွားပြီး ပြောပြချင်တာဖြစ်သည်။ အိပ်ရာ ပေါ်မှာ ခြေချထိုင်လိုက်ရင်း မိုးမြေ ကိုယ့်ခြေထောက်ကို အားမလိုအား ပြန်ငုံ့ကြည့်မိသည်။

ဆေးရုံက ဆင်းလာခဲ့ပေမယ့် ခုချိန်ထိ ကောင်းကောင်း မထော နိုင်သေးတော့ ဆရာဝန် နေ့တိုင်းလာကြည့်နေရသည်။ သူမလည်း ဘယ မှ သွားလာလို့မရ..၊

"အဲဒီပုံကိုကြည့်ပြီး ပန်းပုထုမယ့်အစ်ကိုကြီးက ပြောသေးတယ် သိလား .."

ငွေလ စကားကြောင့် မိုးမြေ မျက်နှာအမှာလာ၏။

"ဘာပြောတာလဲ"

"အဲဒီပုံကို နဂိုအတိုင်း စုံတွဲထုလိုက်ရရင် နိုင်ငံခြားဈေးကွက်ဝင်မယ ပစ္စည်းကောင်းတစ်ခု ဖြစ်လာမှာတဲ့၊ ကျောက်ပြားပေါ်မှာတောင် တခ





တနှား ပုံစံက ထင်းနေတာတဲ့"

"ဟုတ်တယ် .. ဒါ ကလေးမျက်လုံးနဲ့တောင်မှ မင်းသားလေးကို အရမ်းလှတာပဲဆိုပြီး အဲဒီကျောက်ပြားလေးကို လိုချင်ခဲ့တာ."

ငွေလ ပြန်သွားတော့ ဒေါ်ဘုတ်ဆုံ က ထမင်းနဲ့ အချိုပွဲတွေ ယူလာ ပေးသည်။ ပြီးတော့ ဆေးတိုက်ခဲ့ပြီး ပြန်ထွက်သွား၏။

သူမစိတ်ကူးထဲမှာ ပြည့်စုံသေသပ်စွာ ရောက်ရှိလာမည့် ကျွန်း တနုတ်ဘောင်နှင့် ရုပ်တုပန်းချီကားလေးကို မှန်းဆကြည့်နေမိသည်။

ဟုတ်သည်.. စုံတွဲလေးအတိုင်းဆို သိပ်လှမှာ..၊ ထိုအခါ မင်းသမီး ပုံလေးယူသွားသော မင်းမင်း ရဲ့ပုံရိပ်လေးကို သတိရလာခဲ့၏။

သူ့ဆီမှာရော ဒီကျောက်ပြားလေး ရှိသေးရဲ့လား၊ ခုလောက်ဆို နာမည်တောင်မပြောဖြစ်လိုက်သည့် မိုးမြေ ကိုရော သူ မေ့လောက်ပြီလား၊

သက်ပြင်းမှုဉ်းမှုဉ်းချရင်း အိပ်ရာထက်မှာ အသာလေး လှဲအိပ် လိုက်မိသည်။ နေ့လယ်ခင်းကြီးပေမယ့် ဆေးရှိန်ကြောင့် မျက်တောင်တွေ ခင်းလာတာ မကြာခင် အိပ်ပျော်ခြင်းသို့ ရောက်၏။

အိပ်မက်ထဲမှာ ပန်းပုထုနေသော လူတစ်ယောက်သည် လက်ရိုက် ဘုတ်တစ်ဖက်နှင့် ဆောက်ကိုကိုင်ကာ စိတ်ဝင်တစား ကျကျနန ထုဆစ် နေ၏။

သို့သော် သူ့ရဲ့ဆောက်ချက်တွေ နစ်ဝင်သွားတိုင်း သွေးတွေ ဖြာခနဲ ထွက်၏။ မိုးမြေ ကြည့်လိုက်တော့ သူမရဲ့မင်းသားလေး ဖြစ်နေသည်။

ရှည်လျားသည့်ဆံပင်ရှည်များနှင့် ရိုးရာခေါင်းပေါင်းက လက်ရာ မြောက်စွာ ထုဆစ်ထားသည့်အတိုင်း ပုံကျလှပစွာ ပေါ်လွင်နေပါပြီ။

ပါးရိုးမောက်နေသေးတာကို ဆောက်နှင့်မှဲ့ချပြီး ပြေပြစ်အောင် ထုဆစ်နေခြင်းမှာ ဆောက်ရာများအတိုင်း သွေးကြောင်းတွေ တခဖြာ ဖြာ ဆင်းကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ဖြစ်ကုန်တာလဲ..၊ မိုးမြေ တံခါးဝကနေ အံ့အားသင့်ခြင်းနှင့်အတူ ထိတ်လန့်စွာ ကြည့်နေမိသည်။

အနားမှာချထားသည့် ဇယောင်းတိုင်မီးညွန့်က ယိမ်းထိုးနေသည်။ လက်ရိုက်တုတ်နှင့် ဆောက်ကို ထုရိုက်သံက တခေါက်ခေါက် ထွက်ပေါ်နေသည်။

ဒီလူ ကန်းနေပြီလား..၊ ဟိုမှာ သွေးတွေထွက်နေတာ မမြင်ဘူးလား..၊

"မလုပ်နဲ့ .. တော်တော့.."

လှမ်းအော်လိုက်မိသည်။ ထိုလူက မော့လည်းမကြည့်..၊ ရပ်လည်း မရပ်..၊ သူ့ခြေထောက်နားမှာ အချပ်လိုက်ရှိနေသည့် ကျွန်းသားမျက်နှာပြင်သည် မင်းသားလေး၏ပုံသဏ္ဌာန် ပေါ်နေပြီဖြစ်ကာ မျက်နှာပြင်ကို အချောသပ် ထုဆစ်နေတာဖြစ်၏။

ဒါပေမယ့် ရိုက်နှက်သံထွက်လာတိုင်း သွေးတွေကျလာသည်။ အမိုက်ရှင်းသည့် တံမြက်စည်းတံလေး တစ်ချက်နှစ်ချက် ရှပ်ပြေးသွားတိုင်း သွေးတွေ စွတ်ကြောင်းတွေလို ကျန်ရစ်၏။

"ဘာတွေ ဖြစ်နေတာလဲ..၊ ဒီမှာ .. ဒီမှာ .. ရှင် မကြားဘူးလား ရပ်လိုက်ပါတော့.."

ဖယောင်းတိုင်မီးက အမှောင်ထုကို အရှုံးပေးချင်နေသည်။ ယိမ်းခါနေသည့် မငြိမ်မသက်အလင်းရောင်လေးနှင့် ထိုသူက သည်းကြီးမည်းကြီး ထုဆစ်နေ၏။

ထိုစဉ် သွေးချင်းချင်းနီနေသော မင်းသားလေးမျက်နှာမှာ မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာ၏။

"အမလေး.."

မိုးမြေ မျက်လုံးတွေ မှိတ်ချပစ်လိုက်ရင်း အလန့်တကြား အော်လိုက်မိသည်။





"မိုးမြေ .. သမီးလေး .."

"ဟင်!..."

ပခုံးကို ကိုင်လှုပ်နေသည်၊ ပါးနှစ်ဖက်ကို ညှပ်ကိုင်ရင်း မျက်နှာကို လှုပ်ခါနေ၏။ မိုးမြေ မျက်လုံးတွေပွင့်လာတာတောင် ပတ်ဝန်းကျင်ကို ချောက်ချား စွာ ကြည့်မိတုန်း..၊

ပြီးတော့ နာရီဆီ မျက်လုံးရောက်၏။ ငါးနာရီခွဲ..။

အလင်းရောင်ကို သတိထားမိကာ ညနေ ငါးနာရီမှန်း သိလိုက်သည်။ တလှုးလှုးတလွန့်လွန့် ယမ်းခါနေသည့် ဖယောင်းတိုင်မီးညွန့်ကို သတိရ လိုက်သဖြင့် တံတွေးမြိုလိုက်တော့ လည်ချောင်းထဲမှာ နာကျင်သွားသည်။

ငါ အိပ်မက် မက်နေတာ..၊ မျက်လုံးတွေ ပြန်မှိတ်ပြီး စိတ်ကို တည်ငြိမ်အောင် ထိန်းနေတုန်း လည်ပင်းကြားထဲကို နွေးညွှံ့သည့် လက် တစ်ဖက်က တိုးဝင်လာကာ..

"ချွေးတွေလည်း ရွှဲလို့ သမီးရယ် .. ဆေးရှိန်နဲ့ အိပ်ပျော်သွားပြီး အိပ်မက်ဆိုးတွေမက်နေပြီ ထင်တယ်၊ ရော့ .. ရေသောက်လိုက် သမီး ရဲ .. တစ်ကျိုက်ဖြစ်ဖြစ် နှလုံးငြိမ်သွားအောင် သောက်လိုက်နော်.."

ရေတစ်ကျိုက်လောက် ဝင်သွားတော့ တကယ်ပဲ ရင်ထဲမှာ ငြိမ် သက်သွားခဲ့၏၊ ကြီးမေကတော့ အနားရှိန်ကြောင့် အဖျားဝင်သလား .. အားနည်းနေသလားနှင့်..၊

ဟိုစမ်းဒီစမ်း အမျိုးမျိုးစမ်းသပ်၍ ပျာယာခတ်နေသည်။ မိုးမြေ ကတော့ အိပ်မက်ဆိုးတစ်ခုမှလွဲ၍ ဘာကိုမှ ခကြားမိသလို..၊

သွေးစီးကြောင်းများနှင့် ဖျတ်ခနဲ ပွင့်လာသော မျက်လုံးအစုံကို အထပ်ထပ် မြင်ယောင်နေခဲ့သည်။ အိပ်မက်မှန်း သိနေတာတောင် အိပ်မက်လို့ လက်မခံနိုင်..၊

ခုပဲ ရှေ့မှာမြင်လိုက်ရတာလို ရင်ခုန်သံတွေက ရှမ်းကြူဆူညံနေဆဲ..၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ ညှ..၊

အခုက နေ့..၊

ဟုတ်သည် .. ဒါ တကယ် အိပ်မက်တစ်ခုပါ။ အိပ်မက်လိုပဲ ပျောက်ကွယ်သွားလိမ့်မည်။

ကိုယ့်ကိုယ်ကို အထပ်ထပ် အားပေးနေမိရင်း..။



## အခန်း [ ၁၄ ]

"ဝုန်း..."

"ဖြောင်း..."

ဟူးခနဲ ဆောင့်တိုက်လိုက်သည့်လေကြောင့် အလုပ်ခန်းထဲမှာ မထိ ထိ မနိုင့်တနိုင်ရှိနေသမျှ ပစ္စည်းအတိုအထွာတွေ ဝုန်းဒိုင်းကြဲ လဲပြို [illegible]နိုင်၏။ ခင်ဇော် အလုပ်လုပ်နေရာမှ လှည့်ကြည့်ကာ စိတ်မရှည်သည့် [illegible]ကာနှာနှင့် 'ကျွတ်..' ခနဲ ဖြစ်၏။

"ဟူး..."

"ဒုန်း..."

အဝင်ဝတံခါးနောက်မှာ ကပ်ထောင်ထားသည့်ပျဉ်ချောင်းကြီး ဗျာ[illegible]တျသွားတာ ရေခဲသေတ္တာကိုထိဖို့ နည်းနည်းလေးပဲ လိုသည်။

"ဘာဖြစ်တာလဲ .. လေက ..."

စိတ်က တိုသွားသည်။

လက်ထဲက ဆောက်နှင့် လက်ရိုက်တုတ်ကို ဘေးမှာ ပစ်ချလိုက် [illegible]ဘဲ လွှတ်ချခဲ့ပြီး ပစ္စည်းတွေ လဲပြိုကျနေတဲ့ဆီ လျှောက်သွားခဲ့သည်။

www.burmeseclassic.com



ညနေဆိုင်းမှာ အလုပ်စောစောပြတ်ပြီး အပြင်ကို အလျှိုအလျှို ထွက်ကုန်ကြသဖြင့် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့တာဖြစ်သည်။

နောက်ဆိုင်း မလဲမချင်း သူပဲ ရှိနေမှာမို့ ဆရာကြီး ဦးကြာစေ့ နိုင် ထားသည့် ကျောက်ပြားပေါ် ကပန်းချီကို ကျွန်းသားထက်မှာ ကူးပြောင်း ထုဆစ်နေတာ ဖြစ်၏။

ရာသီဥတုနှင့် မဆိုင်..၊ မိုးသံလေသံလည်း မကြားဘဲ ချက်ချင်းကြီး ဟူးဟူးရားရား တိုးဝှေ့နေသည့်လေကြောင့် စိတ်ကူးတွေ ပျက်ကုန်ပေ ထ၍ သိမ်းဆည်းနေရသဖြင့် လက်က ဘာကိုင်ကိုင် ဆောင့်ဆောင့် အောင့်အောင့်..၊

သိမ်းတော့ သိမ်းနေတာပေမယ့် ရှေ့က ရှင်းသွား .. နောက်ကရှုပ်

"မလုပ်တော့ဘူးကွာ၊ လဲချင်တာ လဲ .. ပြိုချင်တာ ပြို .. သွား"

သိမ်းနေရင်း စိတ်မရှည်တော့ဘဲ တံခါးမကြီးကို သွားစေ့ထားလိုက် ပြီး အထဲက ကုလားထိုင်နှင့် ခံထားလိုက်သည်။

"ဂျိမ်း .. ဂျိမ်း .."

အထဲကို ပြန်ဝင်လာကာမှ အပြင်ကနေ လူတွန်းနေသလို တံခါးက တုန်ခါနေသဖြင့် နောက်ကို သမင်လည်ပြန်ကြည့်မိ၏။

ထိုစဉ်...သူ့ ခလုတ်တိုက်ကာ ပက်လက်ကြီး ပစ်လဲသွား၏။

"ဟင်!..."

သူ့မျက်နှာပေါ်မှာ စီးမိုးနေသည့် မျက်နှာကြီးတစ်ခု..။

အလုပ်သမားတွေ ခဏတစ်ဖြုတ် ခါးဆန့်ရာ လဲလျောင်းကြသည့် တစ်ယောက်အိပ်တန်းလျားလေးပေါ်မှာ မင်းညီမင်းသားတွေထိုင်သည့် ခြေချင်းချိတ်ကာ လက်သီးဆုပ်ဖွဖွနှင့် ခါးတစ်ဖက်ထောက်ထား၏။

"ခင်ဗျား .."

သူ ပြန်ကျုံးထဖို့ ကြိုးစားပေမယ့် မရပေ။ ဆောက်နှင့် လက်ရိုက်





တုတ် ထိခတ်သံ တခေါက်ခေါက် ထွက်ပေါ်လာ၏။

မင်းသား၏မျက်နှာထက်မှာ ထိုအသံ တစ်ချက်ထွက်လာတိုင်း သွေးတစ်ကွက် ဖြာဆင်းလာလျက် သူ မှင်တက်မိ ငေးနေစဉ် သွေးချင်း ချင်းနီလေသည်။

မျက်လုံးထဲမှာ မြင်ယောင်လာသည်။

ခုနက သူ စိတ်ဝင်တစား ထုဆစ်နေတာ ဒီမျက်နှာ..၊ ထိတ်လန့် တုန်လှုပ်ခြင်းကြီးစွာဖြစ်ကာ ခင်ဗျာ် လက်တကာကာနှင့် တောင်းပန်ဖို့ ကြိုးစား၏။ အော်ပြောနေပေမယ့် အော်သလောက် အသံက မထွက်..၊

"တောင်းပန်ပါတယ် .. ခင်ဗျားကို ဆက်မထုတော့ပါဘူး၊ တောင်း ပန်ပါတယ် .. ခွင့်လွှတ်ပါဗျာ..."

အေးစက်သောမျက်ဝန်းများက သူ့ကိုစိုက်ကြည့်နေရင်း လက်တစ် ဖက် လှုပ်ရှားသွား၏။ ကြိုးကွင်းတစ်ခုက လုပစ္စာ ဆန့်ထွက်လာပြီး သူ့လည်ပင်းကို ကျကျနန စွပ်မိ၏။

"အား!..."

မင်းသားက ထိုင်လျက်ကနေ ကြိုးကွင်းကို အသာလေး ဆွဲယူနေ လျှင် သူ့ လည်ပင်းအစ်ကာ မျက်လုံးတွေ ပြူးထွက်လာ၏။

"အင်း .. အီး .. အစ် .. အစ် .."

ကြိုးကို လက်နဲ့ပြန်ဆွဲမိဖို့ ဘယ်လိုကြိုးစားလို့မှ မရ..။ ကြိုး၏ အသားသည် သူ့လည်ပင်းထဲကို ဓားသွားတစ်ခုလို တစ်စစ နစ်ဝင်နေ သလိုရှိလျက်...

"အစ် .. အစ် .."

"ခင်ဗျာ် .. ခင်ဗျာ် ..၊ ဟိတ်ကောင်.."

"အား!..."

"ခင်ဗျာ် ... ဘာဖြစ်တာလဲ၊ ဟိတ်ကောင်.."



www.burmeseclassic.com

www.burmeseclassic.com



သူ သတိရလာသည်။

ဒါပေမယ့် ဘာမှမမြင်..၊ မျက်လုံးတွေ မျက်အိမ်ထဲမှာ မရှိတော့ဘူးလား၊ နားထဲမှာ သွေးတွေနဲ့ ပြည့်နေပြီလား..၊ အသံတွေ ကြားနေပေမယ့် ဘာတွေပြောနေမှန်း မသိ..၊

"ခင်ဖော် .. ခင်ဖော် .. သတိရပြီလား"

ခေါ်သံတွေ .. မေးသံတွေကို သူ ကြားလာရသည်။

ဒါပေမယ့် ဘာမှမဖြေနိုင်..၊ အလုပ်ရုံတစ်ခုလုံး ရှုတ်ရှက်သဲသဲတွေ ဖြစ်သွားကြ၏။

ဘယ်သူမှ ဘာကြောင့်မှန်း မသိ..၊





## အခန်း [ ၁၅ ]

"သူက လူက ခပ်ဝဝနဲ့ ချေးအရမ်းထွက်တယ်ဟ..၊ အဲဒါကြောင့် လည်ပင်းမှာ မာဖလာ အမြဲတမ်း ပတ်ထားတယ်တဲ့၊ ကုလားထိုင်ပေါ်မှာ ထိုင်ပြီး လှုပ်ရှားနေတယ်နဲ့ တူတယ်၊ မာဖလာ တစ်စက ကျေးမှီမှာပါတဲ့ ပန်းကွက်ထဲက သံချွန်တစ်ခုမှာ ငြိမိပြီး လည်ပင်းကို ဆွဲညှစ်ထားသလို ဖြစ်နေတာတဲ့"

"လှုပ်လဲသွားတော့ ကုလားထိုင်ပါ မလဲဘူးလား"

"လဲတာပေါ့..၊ အဲဒါကို သူ့ လည်ပင်းညှစ်ခံရတယ်ထင်ပြီး ဖွတ်ရန်းတော့ ကုလားထိုင်က စားပွဲနဲ့ဗီရိုကြားမှာ ညပ်ပြီး လည်ပင်းက ပိုတင်းသွားတယ်တဲ့၊ ရှန်းလေတာင်းလေဖြစ်ပြီး လူတွေ အချိန်မီ ရောက်မလာရင် သေမှာပဲတဲ့"

ငွေလ က ခင်ဖော် ပန်းပုတုရင်း ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြသည်။ ပြီးတော့ အားတုံ့အားနာမျက်နှာလေးနှင့် ဘေးလွယ်အိတ်ထဲမှ ထည့်လာသည့် ကျောက်ပြားလေးကို ဆွဲထုတ်၍ စားပွဲပေါ်မှာ ချလိုက်သည်။

ကျောက်ပြားလေးကို မိုးမြေ ပေးလိုက်သည့်အတိုင်း ရွှေပါရောင်



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါစလေးနှင့် လိပ်ပတ်လျက်သားဖြစ်ကာ..

"သူ လုံးဝ မလုပ်ပေးနိုင်တော့ဘူးတဲ့၊ လူတွေက မယုံပေမယ့် သူကတော့ သူ့ကို ဒီထဲကမင်းသားကိုယ်တိုင် ကြိုးကွင်းစွပ်ပြီး လည်ပင်းညှစ်တာတဲ့"

"မဖြစ်နိုင်တာ ငွေလ ရယ် .. အဲဒီလူက အရက်သမားမို့လား"

"ဘယ်ကလာ အရက်သမား ဖြစ်ရမှာလဲ..၊ ဦးကြာစေ တို့ အလုပ်ရုံက အကြီးကြီး။ အလုပ်သမားတွေလည်း အများကြီးရယ်၊ အဲဒါကြောင့် စည်းကမ်း တအားကျပ်တာ၊ အရက်၊ လောင်းကစား လုံးဝ မလုပ်ရဘူး အလုပ်သမားတေ

ဒင်မှ အပြင်က လာလုပ်မယ့်သူကို လက်ခံတာမှ မဟုတ်တာ သူ့လက်အောက်မှာ တပြေးတညီတည်း ထားတာ၊ အဲဒီ ညနေက ကိုခင်ဇော် တို့ဝိုင်းက အလုပ်ပြီးလို့ လက်ဖက်ရည်သောက်၊ အညောင်းပြေ အားလုံးထွက်ကုန်ကြတယ်တဲ့၊ ကိုခင်ဇော် တစ်ယောက်ပဲ ကျန်နေခဲ့တာ၊ အားလုံး ပြန်လာကြတော့ တံခါးကြီးကို အထဲကနေ ကုလားထိုင်ခုပြီး ပိတ်ထားတယ်တဲ့၊ မရမကဝင်ကြတော့မှ အထဲမှာ လဲပြို့ရှုပ်ပွပြီး ကိုခင်ဇော် မာဖလာနဲ့ လည်ပင်းအစ်နေတာ ဆန့်ငင်ဆန့်ငင် ဖြစ်နေပြီတဲ့"

အကြီးအကျယ်ဖြစ်သွားသည့် သတင်းတစ်ပုဒ်မို့ ပြင်ဦးလွင်မှာ လူသိများသွားခဲ့၏။ မိုးမြေ မယုံနိုင်သော်လည်း ဖြစ်ခဲ့တာက တကယ်..၊

"ငွေလ .. နင်ရော အဲဒါကို ယုံလားဟင်"

"မသိဘူးလေဟာ..၊ သူကလည်း သူ့ကို အရူးလို့ထင်မှာစိုးပြီး လူတွေကို ဘာမှထပ်မပြောတော့ဘူး။ ငါနဲ့ ဦးကြာ ကိုပဲ ဒီအလုပ် သူ မလုပ်နိုင်တဲ့အကြောင်းပြောပြီး အလုပ်ပါ ထွက်တော့ခယ်တဲ့"

မိုးမြေ က မှာထားသည့် စားစရာတွေကို တစ်စက်မှ မတို့ထိဘဲ





ကျောက်ပြားကို ပတ်တွယ်ထားသည့် ကတ္တီပါစကိုပဲ လေးလံသော လှုပ်ရှားမှုများနှင့် ခွာချပစ်နေ၏။

ငွေလ က စိတ်မသက်မသာစွာ ကြည့်ကာ..

"နင် စဉ်းစားကြည့်လေ .. ကိုခင်ဇော် က လူကောင်းပါ။ အရက်လည်း မသောက်တတ်ဘူး။ အပြောအဆိုလည်း တည်တံ့တယ်၊ ဒီလိုလူကို အရက်ကြောင်ကြောင်တယ် ပြောလို့ရမလား။ ကျန်းမာရေး ချို့ယွင်းပြီး ကယောင်ချောက်ချားဖြစ်တယ် ပြောရအောင်ကလည်း သူ ဘာမှဖြစ်တာ မဟုတ်ဘူးတဲ့"

ဦးကြာစေ့ ခေါ်လို့ ငွေလ သွားတာပါ။ ဟိုရောက်တော့ ကျောက်ပြားကို ပြန်ပေးကာ..

"နင့်ပစ္စည်းက သမိုင်းမကောင်းဘူး ထင်တယ်၊ ပြန်ယူသွားပြီး ပိုင်ရှင်ကို သေချာမေးပါဦး"

လို့ ပြောခဲ့သည်။ ကိုခင်ဇော် ကလည်း ပစ္စည်းနဲ့ သူမကို မကျေနပ် မော့ကြည့်၍..

"အဲဒါ ကျိန်စာသင့်ထားတဲ့ ကျောက်ပြား .. အဲဒီလူရဲ့ဝိညာဉ် အဲဒီထဲမှာပဲ ရှိတယ်၊ ဒီတိုင်းမထားဘဲ ဖျက်ဖို့ပြင်ဖို့ကြိုးစားရင် ကြိုးစားတဲ့လူ သေမှာပဲ"

ခင်ဇော် ပြောတာကို ဘယ်သူကမှ ဂရုစိုက် စဉ်းစားမကြည့်ပေမယ့် ဦးကြာစေ့ ကတော့ လက်ခံပုံပေါ်သည်။ ကျောက်ပြားအကြောင်းကို သည်း မေး၏။

"သမီး မသိဘူး ဦးကြာ၊ မိုးမြေ လည်း ဒီအကြောင်းကိုတော့ သိမှာ မဟုတ်ဘူး။ သူ ကောက်ရလာတာ ဟိုးငယ်ငယ်တည်းက၊ လှလို့ ကောက်လာတာထက်ပိုပြီး ဘာမှမသိနိုင်ဘူး"

ငွေလ က ဒီစကားတွေအားလုံးကို မိုးမြေ ကို ပြောပြသည်။ မိုးမြေ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမညိတ်နိုင်ဖြစ်နေတာကို အကဲခတ်၍..

"ဦးကြာ က ပြောသေးတယ်၊ သူများထင်သလို ကိုခင်ဇော် ဆ
အိပ်ငိုက်ပြီး နံပေါ် က ပြုတ်ကျတာဆိုရင် အလုပ်ရုံတစ်ရုံလုံး ရှုပ်ပွနေတာ
တွေက ဘာဖြစ်တာလဲ..၊ ပြီးတော့ နှစ်ဆယ့်လေးနာရီ အလုပ်လုပ်နေတဲ့
ရုံကြီးမှာ ဘယ်တုန်းကမှ တံခါးပိတ်ခဲ့တာ မဟုတ်ဘဲ အထဲကနေ ကုလ
ထိုင်နဲ့ခံပြီး ပိတ်ထားတာ ဘယ်သူလုပ်တာလဲ.. အဲဒါတွေကို တွေးကြည့်
တော့ ဂမ္ဘီရဆန်တဲ့အဖြစ်ကို မယုံနိုင်ရင်တောင် တံခါး ဘယ်သူ ထ,ပိတ်
သလဲဆိုတာမှာ ချိတ်ဆက်လွဲနေတယ်တဲ့"

"ဒါဖြင့် ငါ့နားမှာ နှစ်ပေါင်းများစွာ ရှိနေခဲ့ပြီး ငါကျတော့ ဘာလို့
ဒီလိုထူးခြားမှုတွေ မရှိခဲ့တာလဲ"

"နင်က သိမ်းထားလို့နေမှာပေါ့၊ အခုက ကိုခင်ဇော် ပြောသလ
သူ့ကို ပြုပြင်ဖို့ ကြိုးစားလို့ မကြိုက်တဲ့အကြောင်း ပြတာလားမှ မသိတာ

လက်မခံနိုင်ပေမယ့် ငြင်းပယ်စရာအကြောင်းအချက်လည်း သူ
မှာ မရှိပေ..၊

"ပြီးတော့ ရှိသေးတယ်၊ မာဖလာပတ်နေတာနဲ့ပဲ ဒီလောက် ဖြ
စရာမရှိဘူးလို့ ဦးကြာ က ဝေဖန်ပြတယ်၊ ကိုခင်ဇော့် လည်ပင်းမှာ အည
အမည်းတွေ ခုထိ စွဲနေတုန်းဟ၊ အဲဒါ ငါ မြင်ခဲ့တယ်၊ ဘာပဲဖြစ်ဖြစ်ဟ
လူကောင်းတစ်ယောက်က အိပ်ပျော်နေပျော်ဖြစ်သွားတုန်း သတိလ
တယ် ထားဦး၊ မာဖလာမှန်း၊ ခုနှိုင်နေတာမှန်း သိရင်တော့ ဒီလောက်
သွေးရှူးသွေးတန်း ဖြစ်စရာ မလိုဘူးလေ"

သူမ ကြည့်လိုက်တော့ မိုးမြေ ငြိမ်သက်စွာ နားစိုက်ထောင်န
သည်မို့...

"ငါလည်း အကဲခတ် ကြည့်ခဲ့ပါတယ်၊ ကိုခင်ဇော့် ပုံစံက ကြော
နေတာမှန်ပေမယ့် ကယောင်ချောက်ချား လုံးဝ မဟုတ်ဘူး မိုးမြေ





နင်လည်း စဉ်းစားကြည့်ပါဦး .. ဒါကို ပြင်ဖို့ပေးလိုက်တော့ နင့်မှာ တစ်ခုခု
ထူးခြားဘူးလား"

တစ်ကိုယ်လုံးမှာ ဖျင်းခနဲ မူရှိန်းသွား၏။ မျိုသိပ်ထားရသည့်
အိပ်မက်ဆိုးတစ်ခုကို ဒီလို မေးမလာဘူးဆိုလျှင် ဘယ်တော့မှ ပြောဖြစ်
မှာ မဟုတ်ပေမယ့်...

"ငါလည်း..."

"ကိုခင်ဇော် နင့်ကို ပြောလိုက်တာ ရှိသေးတယ် သိလား"

ပြောမလို့ပေမယ့် မွေလ က ဖြတ်ပြောလိုက်သဖြင့် လမ်းကြောင်း
လွဲသွားသည်။

"နင့်ကို ပြန်ပေးလိုက်တဲ့၊ ပြောပြလို့မယုံရင် ပြောမနေနဲ့တော့တဲ့၊
နောက်ထပ် ဒီလိုလုပ်ဖို့ ကြိုးစားရင် မပြောဘဲ သိလိမ့်မယ်တဲ့"

မိုးမြေ မျက်ဝန်းတွေ ကျောက်ပြားထက်က ထွင်းထုထားသည့်
အက္ခရာကြောင်းလေးတွေပေါ် မှာ စူးစိုက်ငေးနေခဲ့၏။

ပြီးတော့ လက်ဖဝါးနုနုဖြင့် တယုတယ ပွတ်သပ်မိသည်။ မြတ်နိုး
ယုယစိတ်သက်သက်နဲ့တော့ မဟုတ်ပေ..၊

အံ့ဩထိတ်လန့်စပြုပြီမို့ လှုပ်ရှားသည့်စိတ်ဖြင့် မရဲတရဲ ထိကိုင်
နေခြင်း ဖြစ်သည်။

ဒီ နဖူးပြင်ကျယ်.. ဒီဝါးရိုးတွေထက်မှာ သွေးတွေ တစ်ကွက်ပြီး
တစ်ကွက် ဖြာဆင်းလာခဲ့သည်။ သူမ ရဲ့အိပ်မက်နှင့် ဒီအဖြစ်တွေ ဘာလို့
တိုက်ဆိုင်နေတာလဲ..၊

ကိုခင်ဇော် ဆိုတဲ့လူက ဒီထဲကလူ မကျေနပ်ဘူးလို့ တပ်အပ်ပြော
နိုင်တာ ဘာကြောင့်လဲ..၊ သူ့ ဖြစ်ပျက်သမျှ အလုံးစုံကို ကိုယ် မသိရပေ
မယ့် ကိုယ့်အိပ်မက်နှင့် တိုက်ဆိုင်လိုက်လျှင် ဒါတွေကို မဖြစ်နိုင်ဘူးလို့
ပြောနိုင်သလား..၊ တွေးနေရင်း ရင်ခုန်သံတွေ မြန်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အဲဒီပစ္စည်း ဒီတိုင်းသိမ်းထားတာပဲ ကောင်းမယ်လို့ ထင်တယ် မိုးမြေ၊ နင့်မှာလည်း တခြား ရည်ရွယ်ချက် ကြီးကြီးမားမား ရှိတာမှမဟုတ်တာ၊ သဘောကျလို့ သိမ်းထားချင်တယ်ဆိုရင် ဒီတိုင်းပဲ ထားလိုက်ပါဟာ.."

မိုးမြေ က ခေါင်းညိတ်လိုက်ပြီး...

"ထားမှာပါ..၊ ဒါပေမယ့် အခု ဒီပစ္စည်းကို ဖျက်ခြင်း၊ မဖျက်ခြင်းမှာ ဘာတွေဖြစ်ဖို့ရှိလို့ သူ မကြိုက်တာလဲ..၊ ဘာဖြစ်လို့ ခုလို ရက်ရက်စက်စက် ပညာပေးတာလဲ၊ အဲဒါ ငါ သိချင်တယ်၊ နင်ရော.."

"မိုးမြေ ရယ်.. ဒါက ရှေးဟောင်းပစ္စည်းထဲက ဖြစ်နေတဲ့ဥစ္စာ အင်တာနက်ထဲမှာလို ဂ်ာလစ်တစ်ချက်ထောက်ရုံနဲ့ သိချင်တာအားလုံး ပေါ်လာရင်လည်း အကောင်းသား၊ သိချင်တိုင်း သိလို့မှ မရတာ.."

ဒီပြဿနာတွေ ကြီးမေတို့သာ သိရင် သွားပြီ..၊ ထို့ကြောင့် ငွေလ မှန်းဆက်တော့ အပြင်မှာတွေ့ဖို့ ချိန်းလိုက်တာ ဖြစ်သည်။

ခုတော့ မထင်တာတွေပဲ ဖြစ်လာခဲ့ရပြီး ဘာမှလည်း မရေရာ.. ကတ္တီပါစနှင့် ပစ္စည်းကို ပြန်လည်ထုတ်ပတ်ရင်း လှုပ်ရှားမှုတွေ လေးလံ နေလျှင်...

"နင် အဲဒါကို လွှင့်ပစ်လိုက်ချင်စိတ်တွေ ဖြစ်မလာဘူးလား"

မိုးမြေ က မျက်ခနဲ မော့ကြည့်ပြီး မျက်မှောင်ကုတ်သွား၏။ ပြီး တော့မှ ခေါင်းခါလိုက်ကာ...

"ဘယ်တော့မှ မပစ်ဘူး"





## အခန်း [ ၁၆ ]

ရောင်စုံပန်းတို့နှင့် စိမ်းစိုလှပနေသော ဥယျာဉ်တစ်ခုလုံးကို ငေးနေပေမယ့် မိုးမြေ ရင်ထဲမှာ ဘာအလှအပမှ မရှိပေ..၊

ရပ်နေရာကနေ ရှေ့ကို တစ်လှမ်းချင်းတိုးခဲ့ပြီး ကျောက်ခက်ပင်အုပ် ကြီးဘေးက ခုံတန်းလေးကိုတွေ့တော့ အစွန်းမှာ ထိုင်လိုက်မိ၏။

ဒါပေမယ့် ခုံတန်းရဲ့ဟိုဘက်အစွန်လောက်မှာ ဖိုင်ဘာဘူးလေး တစ်ဘူးကို မြင်လိုက်သဖြင့် သေချာကြည့်မိသည်။

လက်ဆောင်ပုံစံ ထုပ်ပိုးထားတာမဟုတ်ပေမယ့် သေသေသပ်သပ် လှလှပပလေးမို့ အမှိုက်တစ်စတော့ မဖြစ်နိုင်..၊ ဘေးဘီကို မျက်လုံးဝေ့ ကြည့်တော့လည်း ခပ်ဝေးဝေးမှာ ချစ်သူစုံတွဲတွေ၊ မိသားစုလိုက်တွေ အားသော်က်၊ ဆော့ကစားနေတာရှိသော်လည်း ဒီဘူးနှင့်သက်ဆိုင်သူကို မတွေ့..၊

ထ,ထွက်သွားရမည်လား..၊ ဆက်ထိုင်နေရမလား..၊

စိတ်ညစ်နေရတဲ့အထဲ ဦးနှောက်ခြောက်စရာ ပေါ်လာသဖြင့် ဒေါသတစ်ခု ထပ်တိုးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မမြင်သလို မသိသလို နေလိုက်ရင်း ကိုယ့်စိတ်ကူးတွေကို ပြန်ဆက်မိသည်။

ညတိုင်း မင်းသားလေးနဲ့ စကားပြောပါရစေ၊ ဘာကို ဖြစ်ချင်နေတယ်ဆိုတာ ပြောပြပါလို့ တတွတ်တွတ်ပြောရင်း အိပ်စက်ခဲ့၏။

ဘာအိပ်မက်မှလည်း မလာ..၊ ထူးခြားမှုတစ်စုံတစ်ရာလည်း မဖြစ်ခဲ့ပါ။ ဘာမှလည်း မဟုတ်ဘဲနဲ့ဆိုပြီး ဒီကျောက်ပြားပန်းချီကားကို ခေါင်းထဲကထုတ်ပစ်ဖို့ ကြိုးစားတာလည်း အရာမထင်ပေ..၊

ကြာတော့လည်း ဒီအတွေးနဲ့ပဲ စိတ္တဇတစ်ခု ဖြစ်လာခဲ့၏။

ခုဆို ကြီးမေနဲ့ ဖေဖေကလည်း ဆက်တိုင်းအောင် ဆိုသည့် သဘောအင်ဂျင်နီယာတစ်ယောက်နှင့် လက်ထပ်ပေးဖို့ စီစဉ်နေပြန်ပြီ..၊

ဒီဘာစ်ခါ ဖေဖေကိုယ်တိုင် ဦးဆောင်စီစဉ်တာမို့ မိုးမြေ မငြင်းနိုင်ပေ။ ထို့ပြင် ဆက်တိုင်းအောင် က သူမကိုမြင်တာနှင့် သဘောကျကြောင်း တန်းပြော၏။ သဘောမတက်မီ လက်ထပ်ချင်ကြောင်း လူကြီးတွေနဲ့ ပြောပြီး လက်ထပ်ဖို့ပဲ ကြိုးစားနေတော့ ခက်သည်။

စိတ်ထဲမှာဖြစ်နေတာက ဒီပစ္စည်း တကယ် ဒုက္ခပေးနေတာ ဟုတ်မဟုတ်ကို ကိုယ်တိုင် သိချင်တာဖြစ်လျက် လုံးဝ စိတ်မကူးချင်သည့် ဒီမင်္ဂလာဆောင်ရေးက လက်တစ်ကမ်းမှာ ဒုက္ခပေးနေ၏။

ထိုစဉ် ဖုန်းသံကြောင့် မိုးမြေ မျက်ခုံးလေးတွန့်သွားကာ ဆလင်ဘာက်ခ်ကိုပွင့်၍ ဖုန်းထုတ်လိုက်သည်။

"ဟလို.."

"... ... ..."

"အင်း .. ပြောလေ .."

"... ... ..."

"မိုးမြေ သူငယ်ချင်းတွေနဲ့ ချိန်းထားတာရှိလို့ပါ"





"... ... ..."

"ဟင်!... ကိုတိုင်း ကို ဘယ်သူပြောလဲ၊ ကြီးမေလား"

"... ... ..."

"ရှင်နဲ့ မိုးမြေ ပြောဖြစ်ဖို့က မင်္ဂလာကိစ္စပဲရှိတာဥစ္စာ၊ နောက်နေ့ပြောလည်း ဖြစ်ပါတယ်၊ ဟုတ်တယ် .. စိတ်ညစ်လို့ အေးဆေးထိုင်ချင်လို့လေ၊ နောက်နေ့မှ တွေ့မယ်နော်."

"... ... ..."

"ကဲ .. ဒါဆိုလည်း ပြီးတာပဲ၊ လာခဲ့လေ..၊ မိုးမြေ ဒီမှာပဲရှိမယ်"

ဖုန်းပြန်ထည့်လိုက်ပြီး ဆလင်ဘက်ခ်ကို လက်ပိုက်သလို ပွေ့ပိုက်ကျောမှီမှာ စိတ်ပျက်စွာ မှီလိုက်စဉ်...

"မင်းရဲ့ သတို့သားလောင်း လာမယ်ဆိုရင်တော့ ဒီနေရာကနေ မင်းသွားသင့်ပြီထင်တယ်"

"ဟင်!..."

မိုးမြေ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ ဟန်းဖုန်း တစ်ဖက်ကိုင်လျက် ကျောက်ခက်ပင်နောက်ကနေ ခပ်လှုပ်လှုပ် လျှောက်လာသူက မင်းမာန..။

မိတ်ကပ်ရောင်ပေါ်မှာ ရှားရောင် အစေလုံးအရိပ်တွေပါသည့် အင်္ကျီလတ်တိုကို ဘောင်းဘီရှည် ရှားစေးရောင်နှင့် တွဲဝတ်ထား၏။

မျက်နှာပြင်သည် ခါတိုင်းထက်ပိုပြီး နုဖုံချောမွေ့နေသလိုရှိကာ ခြေတမ်း သေသပ်စွာရှိနေတတ်သည့် ဆံပင်တိုတိုနှင့် သူ့ပုံစံက လန်းသည်။

သောကတွေ ဗလပွနှင့် ကိုယ်ပုံစံကိုပဲ သူက လှောင်သလို ပြောင်သလို စိုက်ကြည့်၍...

"ကိုယ်က မင်းထက်အရင်ရောက်နေတာဆိုတာ ဒီနေရာကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က ဦးသူအဖြစ် သတ်မှတ်လို့ရတယ်၊ အဲဒါကြောင့် ဟိုတစ်ယောက် မလာခင် မင်း ဖယ်ပေးဖို့ ပြောတာ"

"နေစမ်းပါဦး .. ဒီခုံမှာ ရှင် အရင်ရောက်တယ်ပြောရအောင် ဒီ နေရာ မှတ်ထားလိုက်တာလား"

"အဟွန်း .. မင်း တော်တော် အမှတ်တမဲ့နေတတ်တာပဲ၊ အဲဒီထဲ ဗုံးတစ်လုံးဆိုရင် ကွဲပြီ"

"ဟင်!..."

သူက ဖိုင်ဘာဘူးကို ဖုန်းကိုင်ထားသည့်လက်နဲ့ ညွှန်ပြပြီး အပိုင် အနိုင်ပြောသည်။

"ကိုယ် ဖုန်းပြောလို့မရလို့ ဟိုဘက်ထသွားတုန်း မင်း ရောက်လာ တာ၊ ကိုယ့်လူရောက်လာရင် ဒါကိုယူပြီး ကိုယ်ပဲ တခြားထွက်သွားမလို့ ဒါပေမယ့်..."

"အခု ဘယ်သူက အရင်လာမလဲ ရှင် ပြောနိုင်လို့လား၊ ရှင့် ကောင်မလေး အရင်ရောက်လာရင် ရှင် သွားပေါ့"

သူက ပြုံးလိုက်ပြီး မိုးမြေ ထိုင်နေသည့်ရှေ့ကို ရောက်လာသည်။

"ကိုယ်က ကောင်မလေးနဲ့ ချိန်းထားတာ မဟုတ်ဘူး၊ ယန်းချီးဆ တစ်ယောက်နဲ့ ချိန်းထားတာ၊ သူလည်း အခု ရောက်မလာနိုင်သေးဘူး နောက်တစ်နာရီကျော်ကျော် စောင့်ရမှာဆိုတော့ ဒီနေရာက မှောင်းလွဲ အထိ နေရိပ်ရမှာ၊ ကိုယ် ဒီကပဲ ထိုင်စောင့်မှ ဖြစ်မယ်"

"ရှင်က ယောကျ်ားလေးဖြစ်ပြီးတော့ ငုတ်တုတ်ထိုင်စောင့်ရမှာ ပိတ်ရှည်သလား"

"ဘာဆိုင်လဲ.."

"ဆိုင်တာပေါ့၊ ကော်ဖီဆိုင်လေး ဘာလေးကနေ သွားထိုင်စော ပါလား"





သူက ပြုံးလိုက်ပြန်သည်။ ပြီးတော့ နာရီကြည့်ကာ..

"မင်းက စေတနာနဲ့ လမ်းညွှန်ပေမယ့် ကိုယ်က ကော်ဖီဆိုင် မထိုင် ဘူး။ အဲဒီတော့ စေတနာကို တုံ့ပြန်သောအားဖြင့် အကြံပြုချင်တာက မင်း အခု ဒီကနေ ထွက်မသွားရင် ရှော့ ရှိတယ်နော်"

"ဘာရှော့ခ်လဲ .."

"မင်းနဲ့ကိုယ် ဒီမှာချိန်းတွေ့နေတယ်လို့ မင်းရဲ့သတို့သား အထင် ရောက်နိုင်တယ်၊ ပြဿနာအကြီးကြီးမတက်ရင်တောင် ရှင်းရလင်းရ အခံ့ ရှိတယ်၊ မြန်မြန်စဉ်းစား.."

မိုးမြေ မျက်မှောင်ကုပ်လျက် မျက်တောင်တွေ ခတ်နေသည်။ ပြီးမှ လင်းဘာက်ခ်အိတ်ကိုလွယ်လိုက်ပြီး ထ,ရပ်ကာ..

"အဲဒီပုဂ္ဂိုလ်ကို ဂရုမစိုက်ပေမယ့် ရှင်နဲ့ အထင်လွဲတာ မလိုချင်လို့ သွားမယ်"

"အဟွန်း.."

ပြုံးနေပေမယ့် သူနဲ့ပတ်သက်တိုင်း တစ်ခါမှ မိုးမြေ အသာစီးမရခဲ့ ဘာမို့ ထိုမျက်နှာကို မျက်စောင်းတစ်ချက်နှင့် ပစ်ခဲ့ပေါက်ခဲ့မိ၏။ ကိစ္စအကျိုးအကြောင်းကို မဆိုထားနှင့် ပန်းခြံထဲမှာ နေရာလုတာ ကောင် မိုးမြေ သူ့ကို အရှုံးပေးခဲ့ရ၏။

ဝင်လာပြန်ပြီ .. နောက်ထပ် မကျေနပ်တာ တစ်ခု..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

"မင်း အေးဆေးပဲမို့လား"

"ရပါတယ် .. ခင်ဗျားရဲ့စီးပွားရေးတွေ နားမှ လုပ်ပါ။ ကျွန်တော် ပန်းချီကားထွက်လာရင်တော့ လုံးဝ ထူးခြားမှုဖြစ်မှာ..၊ အဲဒါကြောင့် မလောဘူး"

"အိုခေ .. အိုခေ"

"ဒါပေမယ့် ကျွန်တော့်အမွေအနှစ် ရတနာ ၁လေးတော့ လုံး ထိနိုက် ပျောက်ရှလို့ မဖြစ်ဘူးနော်"

"နားလည်ပါတယ် ကိုမာ ရယ်..၊ ဒါက ရှေးဟောင်းရတနာတစ်ခု ဒါကိုယ်တိုင် စိတ်ဝင်စားလို့လည်း လက်ခံတာပါ"

ပန်းချီဆရာက နာမည်ကျော်..၊ သူမှာ ပြခန်းတွေလည်း ရှိသည် တပည့်တွေလည်း မွေးထား၏။ သင်တန်းတော့ မဟုတ်ပေမယ့် သူ့ဆီမှာ တပည့်တွေ တော်တော်များသည်။

"ပြင်ဦးလွင်က ကောင်မလေးတစ်ယောက် မနေ့က ငါ့တပည့်တစ် ယောက်နဲ့ လိုက်လာတယ်ကွ"





"တပည့်ခံဖို့လား .."

"ဟုတ်တယ်..၊ ဝညာအခြေခံလေးလည်း မဆိုးပါဘူး၊ ဒါပေမယ့် ဝါသနာကြီးလို့ ဖောက်ချသင်ချင်တာမျိုးတော့ မဟုတ်ဘူး၊ လေ့လာနိုင် ဖို့ပါတဲ့"

"ဒါ တပည့်ခံတာမှ မဟုတ်ဘဲ"

"ဟုတ်ပေမယ့် သူ ဒါကြောင့် မန္တလေးကိုဆင်းလာပြီး ဆရာ ကောင်း ရှာတာလို့ ပြောတယ်၊ ထူးဆန်းသလိုရှိတော့ ငါလည်း စိတ်ဝင် စားတာနဲ့ လက်ခံလိုက်တယ်၊ ပြီးတော့ ကောင်မလေးက တော်တော် လှတယ်"

မင်းမာန မျက်နှာ ပြုံးသွားတော့ ပန်းချီဆရာ ထွက်ဖျား က ပျာပျာ သလဲ လက်ကာ၍..

"တလွဲမတွေးနဲ့နော် .. ကောင်မလေးက မင်းထက်တောင် ငယ် ဦးမှာ"

"သြော် ... ကဲ .. ဘာမှလည်း မပြောရသေးဘူး"

ထွတ်ဖျားနဲ့ မင်းမာန က ရပ်ခွေးရပ်မျိုးတွေဖြစ်ကာ ပြန်ဆုံဖြစ်ကြ တာ မကြာသေးပေ၊ ထို့ကြောင့် အသက်ချင်းကွာပေမယ့် ရင်းနှီးမှုက မပျောက်ပျက်ခဲ့..၊

နှစ်ယောက် ရယ်မောရင်း နေ့လယ်စာစားပြီးမှ ဟိုတယ်ကနေ ထွက်ခဲ့ကြသည်။

"ဒါနဲ့ မင်း ပြင်ဦးလွင်မှာ အခြေချမလို့ဆို..၊ မန္တလေးမှာတွေ့တော့ အံ့သြသွားတာပဲ"

"ဟုတ်တယ်..၊ လိမ်လည်မှုတစ်ခုနောက်လိုက်ရင်း မန္တလေးကို ချည်း ဆင်းလာနေရလို့ အမှုမပြီးမချင်း ဒီမှာပဲနေလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်"

"အေးပေါ့ကွာ ၊ တစ်ရွာတစ်ကျိုးဆောက်ထားနိုင်တဲ့ သူဌေးတွေဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ အဆင်ပြေတာပေါ့။ ငါတို့ကတော့ ပန်းချီဆရာ ခပ်မွဲမွဲပါ"

"ဘာလဲဗျ… တစ်ရွာတစ်ကျီဆိုတာ…"

"ပြော့်… တစ်မြို့မှာ တိုက်တစ်လုံးထားနိုင်တော့ ဘယ်ရောက်ရောက် အဆင်ပြေတယ်လေ… အဲဒါကို ပြောတာပါ။ မင်း ဒီတစ်ခါ လက်ထပ်ဖို့ကိုတော့ အချိန်မဆွဲနဲ့နော်၊ အလုပ်လည်း လုပ်၊ အမောလည်း ဖြေဖို့လိုတယ်"

"ခင်ဗျားရော…"

"ငါတို့က မျိုးရိုးကိုက မောင်နှမတွေထဲမှာ တစ်ယောက်တော့ လူပျိုကြီး၊ အပျိုကြီး ဖြစ်ကျန်ခဲ့တာလေ၊ ငါတို့မောင်နှမတွေထဲမှာ ငါပေါ့ကွာ၊ အကန်းရေတွင်းကျစကား ပြောရရင် လိုလည်း မလိုချင်လို့ပါ၊ ဘာလုပ်ဖို့လဲ မိန်းမ…"

"ဟား… ဟား… ဟား"

သူဟာသူပြောပြီး ရယ်သည်။ အရပ်လည်း ရှည်ရှည်၊ ပုံစံက ခပ်သွယ်သွယ် ဖြူဖျော့ဖျော့နှင့် နှုတ်ခမ်းထူထူ ပါးစပ်ပြဲသယောင်ရှိတာလေးက လွဲလျှင်ပေါ့…၊

ထွတ်ဖျား က ကြည့်ကောင်းရှုကောင်းထဲကပါ။ ပုံစံသည် ပန်းချီဆရာ၊ ကဗျာ၊ စာပေ တစ်မျိုးမျိုးသော အနုပညာသမားမှန်း သိသာလျက် နှုတ်ခမ်းတွေ အစွမ်းကုန်ဖွင့်ရယ်လိုက်တိုင်း သဘောကောင်းသည့် လူဆိုတာ အကဲခတ်ရလွယ်လိမ့်မည်။

ကျွန်တော်နဲ့ ခင်ဗျားနဲ့ ပြောနေပေမယ့် မိုးကောင်းမှာကတည်းက သူငယ်ချင်းတွေလို ရင်းနှီးကြတာမို့ ထွတ်ဖျား က မင်းမာန ပန်းကိုဖက်၍…

"မင်းက အလုပ်နဲ့ အပြင်ထွက်နေတာများမှာဆိုတော့ ငါ မလာဘူးနော်၊ အိမ်မှာ အမြဲတမ်း ရှိမှာ…"

"အင်းပါ"





သူတို့ လမ်းခွဲထွက်ခဲ့ပြီး မင်းမာန ဆိုင်ကယ်လ်ကို ကျူးဘက်ကနေ ပြန်ခေါက်လာခဲ့သည်။ နာရီကြည့်လိုက်ပြီး နောက်ထပ် လမ်းကြောင်းပြောင်းလိုက်တော့ အိမ်ကိုပြန်ဖို့ ဖြစ်၏။ အိမ်မှာ ခဏနားပြီးမှ ရုံးကိုသွားလျှင် အချိန်ရသေးသည်။

တစ်နေ့တစ်နေ့နဲ့ ရာဇဝင်ထဲကနေ ပန်းချီကားတစ်ချပ် ထွက်ပေါ်လာရေးအတွက် လုပ်ဖို့က မအောင်မြင်နိုင်…၊

ထို့ကြောင့် ဒီနေ့ အချိန်သပ်သပ်ထုတ်နုတ်ပြီး အပ်ထားလိုက်တာဖြစ်သည်။

အရေးတော့မကြီးသော်လည်း ဒါ မလုပ်ဖြစ်သေးသရွေ့ တာဝန်ကြီးတစ်ခု ပိနေသလို ခံစားနေရတာမို့ ခုလိုပြီးသွားတော့လည်း အေးချမ်းသွားတာပဲ ဖြစ်၏။

ပေါ့ပါးသည့်စိတ်ကူးတွေနှင့် လိမ့်နေမိတုန်း ရှေ့မှာ ဆိုင်ကယ်လ်ချက်နေသည့် မြင်ကွင်းတစ်ခုကြောင့် သူ အရှိန်လျှော့ပစ်လိုက်၏။

အနက်ရောင်ကိုယ်ကျပ်ဝတ်စုံနှင့် ဟဲလ်မက်ကို မဖြုတ်ဘဲ လောကတင်ပြီး ကုန်းကွနိုက်ချုတ်နေသူက ပြင်တက်ပုံလည်း မပေါ်…၊

"ဘာဖြစ်သွားတာလဲ…"

သူ ခြေထောက်တစ်ဖက်ထောက်ရပ်ပြီး မေးတော့ ကုန်းနေသည့်ကိုယ်က မတ်မလာဘဲ သူ့ဆီကို နောက်ပြန်လှည့်ကြည့်ကာ…

"ဘာဖြစ်သွားမှန်း မသိဘူး၊ ထိုးရပ်သွားတာ"

မိန်းကလေးသံ ထွက်လာမှ ဆိုင်ကယ်ကိုကြည့်နေသည့် သူ့မျက်လုံးတွေ သူမဆီ ပြန်ရောက်သွားသည်။

"စီးနေကတည်းက ဒုတ်ခနဲ ဒုတ်ခနဲ ဖြစ်သွားတာ သတိထားမိတယ်၊ အဲဒါ စဉ်းစားချိန် မရဘူး၊ ထိုးရပ်သွားတာ"

သူမကပြောပြီး ဟဲလ်မက်ကို ချွတ်ပစ်လိုက်လျှင် ပခုံးပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ခပ်တွန့်တွန့်လေးတွေ ထွေးခနဲ ပြန့်ကျလာ၏။

မင်းမာန ပြုံးလိုက်မိရင်း ဆိုင်ကယ်လ်ပေါ်က ဆင်းသည်။ ပြီးတော့ ဟဲလ်မက်ကို ချွတ်လိုက်ကာ..

"ဆိုင်ကယ်လ်လောက်ကိုတော့ ဆီပျောက်မီးပျောက် သိထားသင့်တာပေါ့"

"ဟင်!..."

သူမက အံ့ဩသည့်မျက်နှာ ဖျတ်ခနဲ လှည့်လာလျက်..

"မင်းမာန .."

ဒီနှာမည်ကို မနှစ်မြို့နဲ့ပါဘဲ လွှတ်ခနဲ ခေါ်မိ၏။ သူက ရုပ်အင်္ကျီအဖြူပေါ်မှာ ကျာကင်အညိုထပ်ဝတ်လျက် ဘောင်းဘီကလည်း အနက်ရောင်..၊ ပြင်ဦးလွင်မှာကျတော့ သူကိုယ်သူ မင်းသားတစ်ပါးလို ဘယ်သွားသွား ကိုယ်ပိုင်ရထားလုံးအဖြူရောင်လေး တစ်ခွပ်ခွပ်နှင်၍ ဝတ်လိုက်တိုင်း ပုဆိုးနဲ့တိုက်ပုံ..၊

ခုကျတော့ ဝတ်ထားတဲ့ပုံက အက်ရှင်မင်းသားတွေလို ခပ်ရင့်ရင့်..

"ရှင်နဲ့ မိုးမြေ ဘာဖြစ်လို့ ခဏခဏ ဆုံနေရတာလဲ"

"မင်းနောက်ကို လိုက်နေတယ် ထင်လို့လား"

"အံ့ဩစရာကောင်းနေလို့လေ၊ မန္တလေးထိ လာပြီး တိုက်ဆိုင်နေတာ .."

"ဒါဆိုရင်တော့ မင်းက ကိုယ်နဲ့ဆုံအောင် ဆိုင်ကယ်လ်ပျက်ချင်ယောင်ဆောင်ပြီး ဒီမှာ ရပ်စောင့်နေလို့ပဲ ဖြစ်မယ်"

"ဘာ!..."

မိုးမြေ ဒေါသထွက်သွားတာကို သူက မတည်မပြုံးမျက်နှာနှင့်ကြည့်၍..

"ဟုတ်တယ်လေ၊ မင်း ဆိုင်ကယ်လ်ပျက်နေလို့ ကိုယ်နဲ့ဆုံတာပဲ"





"ရှင် ယောက်ျားဖြစ်ပြီး စီးစီးပိုးပိုး မပြောနဲ့"

"မင်း ပြောသလို ကိုယ် မဟုတ်တာကို ပြောပြတာ"

သူက ခပ်တည်တည်..၊ ဘယ်သူမှ လွဲအပ်ခြင်းမပြုဘဲနှင့် ဆိုင်ကယ်လ်ဆီကို လျှောက်သွားကာ စက်နှိုးကြည့်လိုက်တော့၊ မိုးမြေ အနားကို ဘယ်လိုရောက်သွားမှန်း မသိ..၊

"ဒီမှာ .."

ရိုင်းတာ့ယဉ်တာလည်း မသိ၊ သူ့ပခုံးအင်္ကျီစကို ဆွဲပစ်လိုက်မိကာ..

"ရှင် သေချာကြည့်..၊ ကျွန်မ ဆိုင်ကယ်လ် မပျက်ဘူးဆိုရင် ရှင့်လိုသူကို ဗရုတ်ကျဖို့ ကြိုးစားမိပါတယ်ဆိုပြီး ရှင့်ကို ဒူးထောက် တောင်းပန်လိုက်မယ်"

သူက ဆိုင်ကယ်လ်ကို စမ်းနေရင်း သမင်လည်ပြန်လှည့်ကြည့်၍ မျက်ခုံးတွေ့ ပင့်သွား၏။

"ဆိုင်ကယ်လ် တကယ် ပျက်နေတာမှန်ရင် ရှင့်ပါးနှစ်ဖက်ကို နှစ်ချက်တိတိ စိတ်ရှိလက်ရှိ ရိုက်မယ်"

"ဘယ်ဖြစ်မလဲ .."

ဒေါသတွေ ဖြစ်၊ ရှက်သည့်မျက်နှာကြီး ဖျန်းခနဲ နီမြန်းသွားရမည့်အစား သူက မျက်နှာတစ်ချက်မှပျက်မသွားဘဲ ဆိုင်ကယ်လ်ကို ဟိုလှည့်ဒီလှည့်လုပ်နေရင်း ခပ်အေးအေး..၊

"အလောင်းအစားဆိုတာ အလျော်အစား မျှတရတယ်"

"ရှင်က မျှမျှတတ လိုချင်တယ်ပေါ့"

"ဒါပေါ့"

"ဖြစ်တယ်၊ အခု ရှင် ရအောင် နှိုး .."

"နှိုးပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက စက်ပြန်နှိုး၍ ပုံမှန်ဖြစ်အောင် ခထားစောင့်သည်။ ပြီးတော့ ပြန်လှည့်ကြည့်၍...

"ကိုယ် ပြန်လာမယ်"

လို့ ပြောပြီး အသာလေး စီးထွက်သွား၏။ မိုးမြေ ကိုယ့်မျက်နှာ ကိုယ် အံ့အားသင့်သွားသည့်ပုံစံကြီး ပေါ်မသွားအောင် ဘယ့်လိုမှ မထိန်းလိုက်နိုင်..၊

ထို့ပြင် ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်လာလျက် ခေါင်းကြီး နှစ်ဆကြီးသွားသည့်အတိုင်း...

"ဒါ .. မဖြစ်နိုင်ဘူး"

ဆိုင်ကယ်လ်ထွက်သွားသည့်အတိုင်း တစိုက်မတ်မတ် ပါသွားသော မျက်ဝန်းတွေက ဒီဘက်ကို ပြန်ခေါက်လာတဲ့အထိ ဟန်ဆောင်လွှဲဖယ်ဖို့ သတိမရ..၊

"ဘယ့်နှယ်လဲ .."

ကိုယ့်ရှေ့ကို တုံ့ခနဲရပ်သွားသည့်မျက်နှာကြီးနှင့် ဆိုင်ကယ်လ်က ကျက်သရေမဲ့နေ၏။ ရှုံးပြီဆိုတာ သိသော်လည်း ဒီပွဲဟာ ကိုယ် ရှုံးလို့ မဖြစ်သည့်ပွဲ..၊

"မဟုတ်ဘူး .. အဲဒါ ရှင် တစ်ခုခုလုပ်လိုက်တာ"

"ဩ် .. ကဲ ..."

သူက ဆိုင်ကယ်လ်ပေါ်က ဆင်းလိုက်ပြီး ရယ်ချင်နေသည့်ပုံစံ သနားကရုဏာအပြည့်နှင့် မျက်နှာမျိုး တမင်တကာ ဖန်တီးနေသလား မသိဘဲ...

"မင်းရှေ့မှာပဲ ကိုယ် ထွက်သွားတာလေ၊ ဘာလဲ .. အရှုံးပေးရမှာ ကြောက်လို့လား"

"ဘာလို့ ရှုံးရမှာလဲ..၊ ရှင့်လိုလူကို ဆိုင်ကယ်လ်ပျက်ချင်ယောင်





ဆောင်ပြီး ရပ်စောင့်နေရအောင်..."

"ဟား .. ဟား ..."

ဒေါသဖြစ်လွန်းသဖြင့် စကားပြောလို့မရဖြစ်နေရသည့်အထဲ သူ့ ရယ်သံသဲ့သဲ့ကြောင့် ရှက်သည့်စိတ်နှင့် တစ်ကိုယ်လုံး ပူထူသွားသည်။

"ရှင် ..."

မိုးမြေ မျက်နှာလေး ရဲရှိတ်လျက် လက်ညှိုးလေးထိုးနေပြီး ဘာမှလည်း မပြောနိုင်၊ မင်းမာန က ရယ်နေတာကို ရုတ်သိမ်းပြီး သူမကို စိုက်ကြည့်ကာ...

"ဒေါသကြီးလှချေလား မိုးမြေခစား..၊ မင်းနဲ့ကိုယ်က မသိတဲ့လူတွေမှ မဟုတ်တာ"

"မသိတဲ့လူတွေပဲ..၊ ကျွန်မ သိခဲ့တဲ့ မင်းမာန ဆိုတဲ့ ရှေ့နေဟာ ခုလို မိန်းကလေးတစ်ယောက်နဲ့ တုပြိုင် အနိုင်ယူရတာတွေကို ကျေနပ်နေတတ်တဲ့လူမှန်း ခုမှ သိတာ"

"မင်းက စပြီး စွပ်စွဲတာလေ .."

"ရှင်က အနိုင်မခံ အရှုံးမပေး ပြန်ပြောတာရော..."

သူက ကြာရှည် ဖြုံးတတ်ပုံမရသည့် နှုတ်ခမ်းတွေကို လွန်ခနဲ တစ်ချက်ပဲ လှုပ်ခတ်စေလျက်...

"ထားလိုက်ပါ။ ကိုယ် မင်းကို နောက်ပြောင်ဖို့ မရည်ရွယ်ဘဲ ပြောဖြစ်သွားတာ"

မိုးမြေ က မကျေနပ်သေးသည့် မျက်စောင်းရွယ်လျက် အံကြိတ်နေဆဲ..၊

"မင်းရဲ့ ဒေါသတွေကြောင့် ဒီတစ်ခါ ရပ်သွားရင် ကိုယ်က အလောင်းအစားတွေနဲ့ လိုက်နိုးပေးမှာ မဟုတ်ဘူးနော်၊ ဖြည်းဖြည်းလိမ့်သွား.."

ပြောပြီး သူ ထွက်သွားသည်။ ဒီတစ်ခါ နိုးပေးမှာမဟုတ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာဖြစ်နေတယ်ဆိုတာ သူသိလို့ စကားပြောရင်း ပြင်ဆင်ထွက်သွားတာလား..၊

စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားသည်။ သွားလာရင်း မကြာမကြာ ခုကူပေးတတ်သည့် ခပ်ညှံ့ညှံ့ဆိုင်ကယ်လ်မျိုးဆို ထားလိုက်ပါ။ ထိုပြင် မိုးမြေရဲ့ဆိုင်ကယ်က မိန်းမစီးလည်း မဟုတ်..၊

သူလိုပဲ ဟာလီဒက်ပ်ဆင် အမြင့်စား..၊ သိပ်မဟုတ်လောက်တဲ့ ကချောက်ကချက်ဖြစ်တာမျိုးမို့ သူ သဏ်သက် လက်တစ်လုံးခြား အနိုင်ယူသွားတာ ဖြစ်နိုင်သည်။

"တောက်.."

ဆိုင်ကယ်လ်ကို တစ်ချက်ထုပစ်မိရင်း ဆူပွက်လာသည့်ဒေါသက ခုနကထက် ပိုချင်၏။

ဆိုင်ကယ်လ်ဖြစ်ဖြစ် .. ကားဖြစ်ဖြစ် စီးရုပ်စီးတတ်ပြီး ဘာမှန်းညာမှန်းမသိအောင် ညံ့နေသည့် ကိုယ့်ကိုယ်ကိုလည်း မကျေနပ်..၊

တော်သေးသည်..၊ 'ငါ နိုင်တယ်'ဆိုပြီး ဖါးရိုက်မသွားတာ..၊ သူ့ကို ဘာင်မကဘဲ ဒီလောက်ညံ့သည့် ကိုယ့်ကိုယ်ကိုကိုပင် ဖါးရိုက်ပစ်ချင်သည်။

ဒီလူနဲ့ ဘယ်တစ်ကွေ့မှာမှ မဆုံချင်တော့..၊





## အခန်း [ ၁၈ ]

"မကြားဖူးဘာတွေ သမီးရယ် .. ခုခေတ်လူငယ်တွေ အောင်လက်မှတ်တွေ တစ်ထပ်ကြီးနဲ့ စီးပွားရေးလောကထဲဝင်ချင်လို့ သင်တန်းတက်ကြတာ အန်တီ သိတယ်၊ သင်တန်းတွေမှ တစ်ခုပြီးတစ်ခု၊ ပြီးပဲမပြီးနိုင်ပါလားလို့ မိဘတွေ စိတ်ညစ်ရတဲ့အထိ.."

"မိုးမြေ လည်း သင်တန်းတက်တာပဲဟာ .."

"ပန်းချီသင်တန်းတက်ပြီး ဘာလုပ်မလို့လဲ သမီးက..."

မိုးမြေ မျက်နှာမဲ့သွားတာကို ဒေါ်သီရိ က ဘာပြန်ဖြေမလဲဆိုသည့် မျှော်လင့်ခြင်းနှင့် သေချာ နားစွင့်နေ၏။

နောက်ဆုံးတော့လည်း..

"မိုးမြေ တတ်ချင်လို့ပါ.." ဟု ဖြေလေသည်။

တူမတော်ပေမယ့် နှစ်ဝမ်းကွဲလောက်ထိ ဆွေမျိုးဝေးပါသည်။ ဒါပေမယ့် 'ရွှေသားစံအိမ်'က မိသားစုတွေကို လေးစားနှာခံခဲ့ကြသည့် အစဉ်အလာအတိုင်း..

"သီရိ ရေ .. ညည်းတူမ မန္တလေးမှာ ခဏတစ်ဖြုတ်နေချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ ဒီကကိစ္စတွေလည်း သိတဲ့အတိုင်းပဲကွယ်၊ လောလောဆယ်ကလေးကို စိတ်ချမ်းသာစေချင်တယ်၊ သေချာ ဂရုစိုက်လိုက်ပါ။ စိတ်ချပါရစေ"

လို့ အမှာတော်ပါးလိုက်သည့် အမိန့်ဆန်ဆန် တာဝန်တစ်ရပ်ဟာ မိုးမြေခစား ဆိုသည့် မိန်းကလေးကို မှက်၊ ခြင်၊ ယင် မနားအောင် ငုတ်တုတ်ထိုင်ကြည့် .. တကောက်ကောက် လိုက်ကြည့်..၊

ဘာဖြစ်ဖြစ် မျက်ခြည်မပြတ် ကြည့်နေဖို့သာ ရှိသည်မို့...

"အေးလေ တတ်ချင်လို့ဆိုတော့လည်း သင်ပေါ့၊ တကယ် ဝါသနာကြီးနေရင်လည်း ဒီ့ထက်နာမည်ကြီးတဲ့ သင်တန်း၊ အန်တီ ရှာပေးပါ့မယ်ကွယ်၊ အခု သင်တန်းက..."

"သင်တန်းမဟုတ်ပါဘူး အန်တီ ရဲ့ .. ဆရာက ဝါသနာရှင်သက်သက်ပါ။ မိုးမြေ ကလည်း သင်တန်းတက်လောက်အောင်အထိ သည်းကြမည်းကြီး သင်မှာ မဟုတ်တော့ ..."

"ဘယ်လို!..."

ဒေါ်သီရိ နားရှုပ်သွားပုံပေါ်ကာ..

"ခုနကတော့ တတ်ချင်လို့ဆို.."

"တတ်ချင်တာက သိချင်တာလေး ရှိလို့ပါ"

"လုပ်ပြန်ပြီ"

အန်တီ နားလည်မှာမဟုတ်ပေမယ့် သူမကိုက လျှို့ဝှက်ထားခဲ့တဲ့ကိစ္စမို့ မပြောပြနိုင်ပါ။

ဒီရည်ရွယ်ချက်ကို သူမမှလွဲ၍ ဘယ်သူမှ မသိပေ၊ အခင်ဆုံး အချစ်ဆုံးဆိုသည့် သူငယ်ချင်းတွေကိုတောင် မပြောဘဲထားခဲ့သည်။

ဒီကျောက်ပြားထက်က ကောက်ကြောင်းပန်းချီကို ဘယ်လိုမှ ..ပြောင်း ဖြည့်စွက်ဖို့ မသင့်ပါဟု အကြံပြုခဲ့သည့် ငွေလ ရဲ့စကားတွေ





သူမ ပြောပြလာခဲ့သော သေကံမရောက်ခဲ့သည့် အဖြစ်အပျက်ဆိုးတွေ..၊ ထို့ပြင် ကိုယ်တိုင်မြင်မက်ခဲ့သော အိပ်မက်ဆိုးနှင့် ဆက်စပ်နေခြင်းများ..၊

ထိုသို့သော ဆက်နွှယ်မှုများကြောင့် ဘယ်လိုမှ လက်မခံချင်ခဲ့သည့် ထွေရှုဆန်သောအဖြစ်တွေကို ဒီ့ထက်ပို၍ သိချင်လာခဲ့၏။

ဒီပန်းချီကို ကိုယ်တိုင် ဆွဲမည်။ ကျွန်းသားပေါ်မှာ ဖောင်းကြွရုပ်တုအဖြစ် ရာဇဝင်ဆန်ဆန် မထုဆစ်နိုင်ပေမယ့် ပန်းချီကားတစ်ချပ် ဖြစ်လာအောင် ဖန်တီးကြည့်ချင်သည်။

ပန်းချီနဲ့ပတ်သက်သည့် အခြေခံဝါသနာနှင့် တတ်ကျွမ်းမှုတော့ သူမမှာ ရှိထားသည်။

ထို့ကြောင့် လက်ရာမြောက် ပန်းချီကားတစ်ချပ်အဖြစ် ဖန်တီးနိုင်အောင် ကျွမ်းကျင်ဖို့လိုသည်ဟု သတ်မှတ်ကာ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခဲ့တာ ဖြစ်သည်။

"ပန်းချီမှာ လက်ဖဝါးတစ်ဖက် မပါဘူး၊ အဲဒီတော့ မင်းသားလေးငုံကြည့်နေပုံက အဓိပ္ပာယ်မဲ့သွားတယ်၊ အဲဒါကို နင်က အားလုံး ပြည့်စုံအောင် ပြင်ဆွဲမှာ၊ သူ့မျက်နှာ၊ သူ့အဝတ်အစားတွေကအစ ဒီ့ထက် ပိုပြီးကြွရွပေါ် လွင်လာမယ်၊ ဒါပေမယ့် သူ မလိုချင်ဘူးဟ၊ အဲဒါကြောင့် ခုလိုဒီပုံမထုဖြစ်အောင် လုပ်ပစ်တာ အရမ်း သိသာတယ်"

"လုပ်ရအောင် သူက အရုပ်တစ်ရုပ်ဆိုရင်လည်း မှော်ဝင်ရုပ်တုတွေဘာတွေလို့ သတ်မှတ်ရ ဟုတ်သေးတယ်၊ အခု ကျောက်ပြားပေါ်မှာ မြောင်းကလေးတွေထွင်းပြီး တင်ထားတဲ့ ပန်းချီ"

ငွေလ နဲ့ မိုးမြေ အချီအချတွေ ပြောဖြစ်ခဲ့သေးသည်။

"ကောက်ကြောင်းပေမယ့် ဒါလည်း ထုဆစ်ထားတာပဲ၊ ဦးကြွ ပြောတော့ ရှေးဟောင်းပစ္စည်းတချို့မှာ ကျိန်စာတွေ၊ ဝင်္ကြေးတွေ တင်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ ရှိတယ်တဲ့"

"အဲဒါကို မြေကြီးထဲက ရတာ .."

"အေးလေ၊ ပြတိုက်ထဲရောက်နေရင်လည်း သူ့သမိုင်းက ရှိပြီးသား ဖြစ်မှာပေါ့၊ အခု ဘာမှန်းညာမှန်းမသိဘဲ ဒုက္ခပေးနေလို့ ခန့်မှန်းနေရတာ"

"ဒါကတော့ ဒီပစ္စည်းက ဒီလောက်ထိ ဒုက္ခပေးတယ်ဆိုတာ မယုံဘူး"

ငွေလ ကို အဲဒီလောက်ထိ ပြောဖြစ်ခဲ့၏။

ဒီပန်းချီကို ဘယ်သူမှ မသိအောင် သူမ ဆွဲမည်၊ ဒုက္ခပေးမည်ဆိုလျှင် ဘယ်လို ဒုက္ခပေးမှာလဲ..၊ ဘာကြောင့် ဖြစ်နိုင်သလဲဆိုတာ ကိုယ်တိုင် လက်ခံ စဉ်းစားချင်၏။ ထို့ကြောင့်..

"ဒါနဲ့ သမီးသင်တန်းရဲ့ လိပ်စာ အန်တီ့ကို ပြောထားဦး၊ ဆရာက ဘယ်သူ..."

"ဦးထွတ်ဖျား"

'ဦးထွတ်ဖျား' ဟု လိုက်ဆိုကြည့်ရင်း ဒီနာမည်ကို သိလည်း မသိ[illegible] လားဟု တွေးဖြစ်ကာ ဒေါ်သီရိ သက်ပြင်းချ၏။

-လှုယ်တွေများ ခက်လည်း ခက်ပါ့..၊





## အခန်း [ ၁၉ ]

ရပ်ထားသည့် ဆိုင်ကယ်လ်တွေအားမှာ သူမ ဆိုင်ကယ်လ်လေးကို [illegible]ထားခဲ့လိုက်သည်။ အစက အမှတ်တမဲ့ဖြစ်သွားခဲ့ပြီး လှည့်ထွက်လိုက်[illegible]တာမှ မျက်လုံးထောင့်မှာ တစ်စုံတစ်ခုကို သတိထားလိုက်မိ၏။

ပြန်လှည့်ကြည့်လိုက်တော့ ဖဝေဖဝါစိတ်က ပိုရှုံ့ကြီးမားသွား၏။

သူမနှင့် အမျိုးအစားတူ၊ မော်ဒန်တူ အားလုံးအတူတူပဲဖြစ်သည့် [illegible]အာန ၏ဆိုင်ကယ်လ်..၊ ခြေလှမ်းတွေပါ ရပ်သွားကာ သင်တန်းထဲကို [illegible]ကြည့်မိပြန်သည်။

သူ အထဲမှာ ရှိနေသလား .. ဒါမှမဟုတ် ဒီလိုပဲ တူနေသည့် တခြား[illegible] ဆိုင်ကယ်လ်လား..၊ အတွေးဝင်ကာ ခြေလှမ်းတွေက နှေးကျသွား၏။

ဦးထက်မြက်ကျော် နာမည်ကြီးသလို သူလည်း ဒီလိုပါပဲ။ သူ့လို [illegible] ပန်းချီလာသင်နေရလောက်အောင် အချိန်တွေ ပိုနေပါ့မလား..၊

မမြင်မတွေ့လိုသည့်စိတ်က သင်တန်းရုံလေးကိုပဲ စူးစိုက်ကြည့်ရင်း [illegible]ဂက်နေမိ၏။ နာမည်ကျော်မဟုတ်၊ အဆောင်အယောင်လည်း နည်း[illegible] ဦးထွတ်ဖျား ၏အိမ်ဂေဟာက တစ်ထပ်ခွဲတိုက်သေးသေးလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သင်ယူသည့်တပည့်တွေ တစ်ယောက်ကနစ်ယောက်၊ သုံးလေ... ငါးယောက်မက ပွားများလာကာမှ သင်တန်းရုံဟု သတ်မှတ်လိုက်သ... တိုက်လုံးလေးကလည်း ဂိုဒေါင်သာသာရယ်..၊

တစ်ခုရှိတာက ခြံကျယ်ကြီးဖြစ်နေလျက် ပန်းပင်တွေ ဝေဝေဆ... ဆာ မရှိပေမယ့် ရှင်းပြောင်သန့်စင်နေသည်က အေးချမ်းမှုတစ်ခု ဖြ... သည်။ သရက်ပင်၊ ပိန္နဲပင်ကြီးတွေ ခပ်ကျဲကျဲရှိနေသဖြင့် တစ်ခြံလုံး... ပူတယ်လို့ သိပ်မရှိ..၊

သင်တန်းရုံထဲမှာလည်း ပြတင်းပေါက်ကြီးတွေထားသည့်ပြင် နံ... နစ်ဖက်ကို ဒီတိုင်းဖွင့်ထားတာမို့ အဲကွန်းမလို၊ မီးဖွင့်စရာလည်း မလိုပေ...

သင်တန်းမှာ ယောကျ်ားလေးတွေချည်း ငါးယောက်ရှိကာ မိ... ကလေးက မိုးမြေ နဲ့မှ နစ်ယောက်တည်းဖြစ်သည်။ ဒါတောင် မိုးမြေ... က လူသစ်..၊

ထိုပြင် ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်မို့ သူများလို အစီအစဉ်အလိုက်... ဖယားလည်း သူမအတွက် မထားခဲ့တော့ စိတ်ဝင်စားတာကို မေး၊ ကို... ဘာသာ လေ့ကျင့်၊ လိုအပ်တာရှိလျှင် ဆရာက သင်ပြပေးရုံ..။

"ဟော.. မိုးမြေ ရောက်ပြီလား"

တစ်ယောက်တည်းသော မိန်းကလေးဖြစ်သည့် ချိုတေး ... တစ်ဦးတည်းသော မိန်းကလေးအဖော် ရောက်လာတာမြင်တော့ မိုးမြေ... ကို ဝမ်းသာအားရ ကြို၏။

"ဆရာ ညွှန့်သည်နဲ့စကားပြောနေလား မသိဘူး၊ ဒီဘက် ကူးမလ... သေးဘူး"

"ဟုတ်လား.."

ချိုတေး နဲ့အတူ ထိုင်နေကျဘက်မှာ ထိုင်လိုက်ပြီး ကိုင်လာသည...





...င်နှင့် ဘေးလွယ်အိတ်အနက်ရောင်လေးကို ခုံပေါ်မှာ ချထားလိုက်ရုံပဲ ...သေးသည်..

"မိုးမြေ နင့်ဆိုင်ကယ်လ်လား မသိဘူး၊ ညွှန့်သည်က ဖယ်ပေးပါ ...တဲ့"

နောက်ဆုံးဝင်လာသည့် သင်တန်းသားက သတင်းပေးသည်။ ...မြေ ချက်ချင်း သိလိုက်၏။ ဒီထဲမှာ ဒီလူမရှိကတည်းက ဆရာနဲ့ တစ်ခုခု ...တ်သက်နေသူမှန်း..

အပြင်ကိုထွက်လိုက်တာနှင့် ဆိုင်ကယ်လ်ဘေးမှာ မင်းမာန က ...ပ်နေကာ လက်ထဲမှာ ဆိုင်ကယ်လ်စီးဦးထုပ်ကို ကိုင်ထား၏။

သူမ လာနေတာမြင်မှ ဦးထုပ်ကို လက်ကိုင်မှာ ပြန်ချိတ်လိုက်ပြီး ...ဆက်ပိုက်၏။

"ရှင် အဲဒီကြားထဲက ကပ်သပ်ထွက်ပါလား၊ ကျွန်မ ဆိုင်ကယ်လ် ...မှန်း သိလို့..."

ပြောမိပြန်ပြီ ဒီပါးစပ်..၊ မိုးမြေ ပြီးဆုံးအောင် မပြောဖြစ်လိုက်ဘဲ ...ိုယ့်ဘာသာ ရပ်ပစ်လိုက်မိသည်။ ဒီလူက မနိုင်နိုင်အောင် ပြန်ပြော ...တတ်တဲ့နေရာမှာ တစ်ဖက်ကမ်းခတ်..၊

"မင်း ဆိုင်ကယ်လ်မှန်း သိလို့ ကိုယ့်ဘာသာထွက်မလို့ ကြည့်ပါ ...သေးတယ်"

မိုးမြေ စကားကို သူက ဆက်ပြောသည်။

"ဒါပေမယ့် ဆိုင်ကယ်လ်ကို အလွတ်ဆွဲရင် လူကို ခူးငြိမှာ၊ လူကို ...လွတ်အောင် လုပ်ရင်လည်း ဆိုင်ကယ်လ်နဲ့ချိတ်မှ ပိုဆိုးမှာ မင်း ကြည့် ...လ.."

သူ့ဆိုင်ကယ်လ်က အရိပ်ကောင်းသည့် ခြံစည်းရိုးဘက်မှာဖြစ်တာ ...ခြားဆိုင်ကယ်လ်တွေက သူ့ဒီဘက်ကနေ တန်းစီနေရာယူထားကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဘယ်တုန်းကတည်းက ရောက်နေပြီး ထိပ်ဆုံးမှာ နေရာယူထား လျက်သား ဖြစ်နေတာလဲ..၊ ရှေ့ကထွက်တော့ ရောကန်ပေါင်းရဲ့ ရောကာ ဘောင်နဲ့မလွတ်၊ နောက်ပြန်ဆုတ်ဖို့က မိုးမြေ ရဲ့ ဆိုင်ကယ်လ် ရှိနေသည်

မိုးမြေ သေချာကြည့်နေတာကို 'ကြည့်ပါ' ဆိုသည့်မျက်နှာနှင့် မင် မာန က လက်ပြန်ပိုက်၏။

စကားလည်း မပြောချင်တော့သည်မို့ ဆိုင်ကယ်လ်ကို သွားရွှေ့ ေ တော့ သူက ချက်ချင်းထွက်မသွားဘဲ ခြေထောက်၍ အသာလေး လှိ လာပြီး မိုးမြေ ဘေးက လိုက်လာကာ..

"ပန်းချီ လာသင်တာလား"

မိုးမြေ က မဖြေပါ၊ သူက မတည်မပြုံးမျက်နှာနှင့် ဒီတိုင်း ဆက် လိုမ့်လာရင်း..

"အန်တီ ဒေါ်သီရိ ကို ပြောပေးပါ၊ အမွေကိစ္စရှင်းဖို့ကိစ္စတွေ သူ ပြောတဲ့အချိန်မှာ လုပ်ဖြစ်ဖို့ ရှေ့နေကြီးက သဘောတူလိုက်တယ်လို့"

"ဟင်!..."

"အသေးစိတ် စီစဉ်ထားလို့ရအောင် ကြို ပြောထားတာ၊ မတိုင်ခင် တစ်ပတ်အလိုမှာ ဆက်သွယ်လိုက်မယ်လို့ ပြောပေးနော်၊ ကိုယ် မလာ တော့ဘူး"

သူ ဝေါခနဲ မောင်းထွက်သွားတော့ သမင်လည်ပြန်လိုက်ကြည့်ရင် မိုးမြေ အံ့သြနေတုန်း..၊ အန်တီနဲ့လည်း သိနေပြန်ပြီ..၊

ဒီလူက ဘာလဲ..၊

ငါနဲ့ အန်တီ တူဝရီးမှန်း ဘယ်လိုလုပ်သိသလဲ..၊ အခု အတူ နေကြမှန်းရော ဘာဖြစ်လို့ သိနေတာလဲ..၊ တွေးပေမယ့်လည်း ဘာ မရေရာ..၊





ပြင်ဦးလွင်မှာ ခြံချင်းကပ်လျက်နေကြတာဖြစ်ကာ သူမနဲ့ စကား ပြော အဆင်မပြေပေမယ့် ဖေဖေတို့ကတော့ သူ့ကို လူကြီးလူကောင်း တစ်ယောက်လို တလေးတစား ရှိခဲ့ကြ၏။

ဒါကြောင့်များ မန္တလေးမှာဆုံဖြစ်ခဲ့ရင် စောင့်ရှောက်ပါ ဘာညာနဲ့ မှာခဲ့လိုက်တာမျိုးတွေ ရှိခဲ့သည်လား..၊

ဒါလည်း မဖြစ်နိုင်ပေ..၊ ခင်မင်သည်ဆိုပေမယ့် ရွယ်တူချင်းလည်း မဟုတ်၊ မိတ်ဟောင်းဆွေဟောင်းဆိုတာမျိုးလည်း မဟုတ်တော့ ဒီလို အထိ အကူအညီတောင်းဖို့ မရှိနိုင်..၊

တွေးတော့လည်း ဘယ်ဟာမှ ဖြစ်နိုင်တာ မရှိပါ..၊

ဒါပေမယ့် တိုက်ဆိုင်နေတယ်ဆိုတာကိုတော့ မယုံနိုင်ပေ..၊

တမင်ဆိုရင်ရော ဖြစ်နိုင်လို့လား..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

"ဘယ်လိုလဲ တာရာ၊ မင်း အဆင်ပြေလား"

"လာကွာ .."

ထွတ်ဖျား ဝင်သွားတာနှင့် တာရာ က ထိုင်ရာကနေ ထ၍ရပ်လိုက်ပြီး တံခါးနားထိ လျှောက်လာကာ..

"ဘာအဆင်မပြေစရာ ရှိလို့လဲ..၊ လူထိုင်နေတာကို ဆွဲရတာလောက် မခက်ပါဘူး"

"ဟုတ်တယ်၊ ဒါပေမယ့် မင်း အားလုံးထက် ပိုဂရုစိုက်ရမှာ တာရာ ဒါက ရှေးဟောင်းပစ္စည်းတစ်ခုကို ပြင်ဆင်မွမ်းမံရတာ၊ သူ့ရဲ့ ပုံတူအတိုင်းပဲ ဖြစ်ရမယ်၊ ရှေးမူရှေးဟန်တွေ မပျောက်ရဘူး။ ဒီအမျိုးသမီးရဲ့ ကိုယ်လုံးက အရမ်းလှတယ်၊ မင်းစိတ်ကိုလွှတ်ပြီး ခံစားခြယ်မှုန်းလိုက်ရင် ပန်းချီဆန်သွားတာနဲ့ သူ့ရဲ့အလှစစ် ပျောက်သွားမယ်"

သူငယ်ချင်းတွေမို့ တာရာ က တရင်းတနှီးရှိသလို ပညာသာတဲ့ လူကို ဆရာတင်တာမျိုး..၊ ထွတ်ဖျား အကြံပြုလာတိုင်း ဂရုတစိုက် နားထောင်တတ်၏။





နှစ်ယောက်အတူ စတူဒီယိုထဲဝင်ခဲ့ကြစဉ် အတွင်းခန်းထဲက အသံတွေကြောင့် ထွတ်ဖျား က ခန်းဆီးနောက်ကွယ်ကို လှမ်းကြည့်ကာ..

"အထဲမှာ ဘာလုပ်နေတာလဲ"

"မီးကြိုးတွေပေါက်နေလို့ အကုန် လိုက်စစ်ခိုင်းနေတာ၊ ထိုင် .. ဒီမှာ.."

အပြင်စာကြည့်စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ ထွတ်ဖျား နဲ့ တာရာ က ပန်းချီဝါသနာချင်းလည်း တူသည်။ ဒါကိုပဲ အောက်ချလုပ်ကြတာချင်းလည်း တူ၏။

သို့သော် တာရာ က မိဘကပြည့်စုံတော့ စတူဒီယို သပ်သပ်ထားကာ ပြခန်းတွေကအစ အကွင်းအကွက်ကောင်းသည့်နေရာတွေမှာ ဘာကယ့်တခမ်းတနား၊ ထွတ်ဖျား ကတော့ အိမ်မှာပဲ အားလုံးလုပ်ရတာ ဖြစ်သည်။

"အောက်ပြောလေကွာ .. ငါကလည်း မင်းရဲ့ ရှေးဟောင်းအမြုတေလေးကို စိတ်ဝင်စားပါတယ်"

တာရာ က ပြတ်တောက်သွားသည့် စကားစကို ပြန်ဆက်မေး၏။ ထွတ်ဖျား က ပြုံးလိုက်ပြီး...

"ငါလည်း စိတ်ဝင်စားတယ်၊ အထူးသဖြင့် ဒီပစ္စည်း ယူလာတဲ့လူက အနုပညာကို စိတ်မဝင်စားတဲ့သူဖြစ်နေလို့ ပိုပြီးအံ့သြတာ၊ သူက ငါနဲ့ တစ်မြို့တည်းသားချင်းဆိုတော့ သူ့မိသားစုနဲ့လည်း ရင်းနှီးတာပဲ၊ မိသားစုထဲမှာ သူက တစ်ဦးတည်းသော အမွေဆက်ခံမယ့် မျိုးဆက်ကွ၊ အရမ်းချမ်းသာတာ၊ ကိုမာ က ပညာတော်ပေမယ့် ဥပဒေပညာကိုပဲ ဝါသနာကြီးတော့ အဲဒီတုန်းကလည်း သူ့အဘိုးအဘွားတွေနဲ့ ပူညံညံဖြစ်တယ်၊ အနု ပညာစုံလို့ လက်ထပ်ဖို့ စီစဉ်တော့လည်း သူက စိတ်မဝင်စားဘူး.."

www.burmeseclassic.com



ထွတ်ဖျား က သူ့စကားသူ ပြန်အဆုံးသတ်လို့မရတော့မှ ရယ်လိုက်ကာ..

"ဒီလိုကွ..၊ အခု သူ စိတ်ဝင်တစား ယူလာတာက အမျိုးသမီးတစ်ယောက်ရဲ့ မဟာဆန်တဲ့အလှတွေ ဖြစ်နေတယ်၊ ရှေးဟောင်းလက်ရာကို စိတ်ဝင်စားတာဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ကွာ .. သူ ပိတ်ခင်စားနေတာကို ငါ သဘောကျတယ်၊ သူ့ သဘောကျ ကျေနပ်သွားအောင်လည်း လုပ်ပေးချင်တယ်၊ အဲဒါကြောင့် မင်းကို ဒီအလုပ် ပြန်လွှဲပေးတာ၊ ပန်းချီချင်းတူပေမယ့် ဒီလိုင်းက မင်း ပိုပိုင်တယ်လေ၊ သေချာ ဂရုစိုက်ပေးစမ်းပါ"

"အေးပါကွာ.., မင်း ဒီလောက် တဖွဖွ တနွဲ့နွဲ့ ဖြစ်နေတာကို ငါ ပေါ့ဆပါ့မလား"

"ဒါဆို သွားမယ်၊ မင်း ဘယ်နေ့လောက် လက်စသတ်နိုင်မလဲ"

"မင်းပဲ ဖြည်းဖြည်းဆို.."

"ဟုတ်တယ် .. သူက မလောပါဘူး၊ ငါကိုယ်တိုင်က ကြည့်ချင်တာ"

"အခု ဝင်ကြည့်ပါလား"

"နေပါစေ .. ငါ့ရဲ့လက်စကို သူများကြည့်တာလည်း ငါ မကြိုက်ဘူး ပြီးမှပဲ ကြည့်မယ်"

ပြောရင်း ထွတ်ဖျား က ထရပ်လိုက်သည်။

တစ်ယောက်ဆီကို တစ်ယောက် သွားလာဝင်ထွက်နေကြသော်လည်း ဒီလိုပဲ ခဏတစ်ဖြုတ်ပြောဆိုပြီး ထပြန်တတ်ကြတာ များသည်။

ထွတ်ဖျား ပြန်သွားတာနှင့် မီးကြိုး ဖြုတ်ဆက်နေသူတွေ ထွက်လာသဖြင့် သူ ခဏဝင်ကြည့်သေးသည်။ ပြီးမှ ပေးစရာရှိတာပေးပြီး သူတို့တွေ ပြန်သွားကြမှ ပိတ်၍ အလုပ်ဆက်လုပ်ဖို့ ပြင်ရသည်။

နံရံခွဲထိုင်လိုက်ရင်း အလုပ်မလုပ်ဖြစ်သေးဘဲ စီးကရက်မီးညှိသည်။ ပြီးတော့ ဆွဲလက်စပန်းချီကားကို စိုက်ကြည့်ရင်း စီးကရက်တစ်ရှိုက်ကို





တငွေ့ငွေ့မှုတ်ထုတ်မိ၏။ မီးခိုးပြာဖြူဖြူတို့ တလွန့်လွန့်တက်သွားကြသည့်နောက်မှာ အထီးကျန်ပန်းချီကားထဲက မင်းသမီး၏အလှက ပို၍အသက်ဝင် လှုပ်ရှားလာ၏။

တာရာ့ နှုတ်ခမ်းတွေ ပြုံးသွားကာ စုတ်တံကိုလှမ်းယူပြီး ဆေးတို့သည်။ အမှတ်တမဲ့ရလိုက်သည့် စိတ်ကူးကောင်းကို လက်လွှတ်မခံနိုင်သဖြင့် ချက်ချင်း စုတ်ချက်တင်ဖို့ ဖြစ်၏။

ထုဆစ်သူ၏ ခံစားချက် ဘယ်သို့ရှိခဲ့သည်မသိပေမယ့် ကျောက်ပြားထောင်ထားတဲ့ဆီ လှမ်းကြည့်မိရင်း စွဲမက်ဖွယ်ကောင်းအောင် ထုဆစ်ထားသည့် မင်းသမီး၏ကိုယ်ခန္ဓာအလှကို အံ့သြနေမိသည်။

ဒါတောင် ရုပ်တုတစ်ခု မဟုတ်သေး၊ ကျောက်သားထဲမှာ ကောက်ကြောင်းထင်နေတာ ဖြစ်သည်။ စီးကရက်သောက်လို့ ကောင်းနေရင်း ပန်းချီကားနဲ့ ကျောက်ပြားချပ်လေးကို တစ်လှည့်စီကြည့်ကာ အချိန်တွေကြာသွားခဲ့၏။

အခန်းထဲမှာ မှောင်ရိပ်သမ်းလာကာမှ နေရာက ထလိုက်ရင်း မီးခလုတ်ဆီ သွားသည်။ ဒါပေမယ့် ဘယ်မီးမှ ဖွင့်လို့မရ..၊

"ဘာဖြစ်တာလဲ .."

တာရာ နားမလည်သလို ရေရွတ်ရင်း မိန်းတင်ထား,မထား သွားကြည့်သည်။ မီးသမားတွေ မိန်းပြန်တင်ဖို့ မေ့သွားသလားလို့ပါ..၊

မိန်းကလည်း တင်ထားလျက်နှင့် မီးဆိုင်းရော မီးချောင်းတွေရော ဘယ်မီးမှ ဖွင့်မရပေ..၊ ဒုတိယမြောက် မီးညှိကာစီးကရက်ကို စားပွဲခွန်းမှာ ဖြစ်သလို လှမ်းတင်လိုက်ရင်း ဓာတ်မီးလိုက်ရှာမိသည်။

ဟိုလျှောက်ဒီလျှောက်နှင့် မှောင်သထက်မှောင်သွားပြီမို့ မီးလောင်တွေ၊ ကြိုးတွေကို လိုက်ကြည့်ဖို့ ဓာတ်မီးလိုလာသည်။

စုတ်တံအတိုအဟောင်းများနှင့် ရှုပ်ပွနေသည့် ဗီရိုပုလေးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မီးတွေ့လို့ ကောက်ယူပြီး ပြန်လှည့်လိုက်လျှင်…

"ဟင်!…"

ဖျတ်ခနဲ လှည့်လိုက်သဖြင့် တစ်စုံတစ်ယောက်နှင့် တိုက်မိမလို ဖြစ်သွားကာ ကိုယ်ကို ချက်ချင်း နောက်လှန်တိမ်းလိုက်မိသည်။

ပြီးတော့ ဓာတ်မီးနဲ့ထိုးလိုက်ကြည့်လိုက်၏။ အခန်းထဲမှာ သူက လွဲပြီး ဘယ်သူမှမရှိပါ။ တခြားလူရှိစရာလည်း အကြောင်းမရှိပေ..၊

သူ ဒီအခန်းထဲဝင်နေပြီဆို ညည့်သည်ဖြစ်ဖြစ် … လူရင်းဖြစ်ဖြစ် တံခါးဝကနေ အသံပေးတာကိုတောင် မကြိုက်ခဲ့တာ၊ အထဲထိ သူ ခွင့်မပြုဘဲ ဘယ်သူက ဝင်လာရဲမှာလဲ..၊

သွားလာနေရင်း မှောင်မိုက်သွားသည့်အခန်းထဲမှာ ပြေးလွှားဝေ့ဝဲ နေသည့် ဓာတ်မီးရောင်ကလွဲပြီး ပတ်ဝန်းကျင်က ပျောက်ကွယ်နေ၏။

တစ်ခါမှလည်း ဒီလိုမဖြစ်ဖူးသဖြင့် အမှတ်တမဲ့ နေထိုင်လာခဲ့သည့် အခန်းက မှောင်နဲ့မည်းမည်းဖြစ်သွားတော့မှ ဘယ်လောက်ထိ ရှုပ်ပွနေခဲ့ မှန်း သိသာလာသည်။ ဓာတ်မီးကို ဟိုကျော်ထိုး၊ ဒီလှမ်းထိုးနှင့် ခြေ ထောက်ရှေ့ကို ငုံ့ကြည့်ဖို့ မေ့လျော့သွားတိုင်း ခလုတ်တိုက်မိ၏။

"တောက်.."

"ဟင်!…"

တက်ခေါက်သံက ပီပီပြင်ပြင်ကြီး..၊ တာရာ တစ်ကိုယ်လုံး ကြက် သီးတွေ ဖျန်းခနဲ ထသွား၏။ ဓာတ်မီးနဲ့ ကမန်းကတန်း လှည့်ထိုးလိုက် ပေမယ့် ဘာမှမရှိ..၊

ထိုစဉ် မျက်ဝန်းထောင့်မှာ ငုတ်တုတ်ထိုင်နေသည့် အရိပ်တစ်ခု ထင်လာသည်။ ဓာတ်မီးနဲ့ထိုးကြည့်လိုက်တော့ ကွန်ပျူတာရှေ့ထိုင်ခုံ နေရာဖြစ်ကာ ဘာမှမရှိ..၊

ကြောက်တတ်တဲ့သူ မဟုတ်သော်လည်း၊ စိတ်ထဲမှာ မသိုးမသန့်





ဖြစ်လာသည်။ ကျောမလုံသလိုကြီး ခံစားလာမိသောကြောင့် ဓာတ်မီးနဲ့ ဟိုဒီထိုးတွေဖြစ်ကာ လူက ချာလပတ်လည်နေတော့သည်။

"ကျွတ်!…"

မီးခလုတ်တွေကို နှိုက်ချတ်ဖို့ စိတ်မကူးတော့ဘဲ ဖုန်းတင်ထား သည့် အထပ်စင်ကြီးဘေးကိုပဲ လျှောက်သွားမိ၏။

မီးပြင်တဲ့လူတွေကို ပြန်ခေါ်ပြီး သူလည်း အပြင်ထွက်တော့မို့ ဖြစ် သည်။ ကိုယ့်အဖြစ်ကိုလည်း စိတ်ပျက်နေပြီမို့ ဖုန်းခေါ် နေရင်း သူ့မျက်နှာ ရှုံ့တွနေလေသည်။

"ဟလို…"

တစ်ဖက်က ထူးသံကြားကာမှ ဖုန်းကို နားမှာကပ်၍ ဓာတ်မီးကို ဝေ့ထိုးလိုက်လျှင်…

"ဟာ!…"

ဒီတစ်ခါတော့ ဟာခနဲဖြစ်ကာ ကိုင်ထားသည့်ဖုန်းပါ လွှတ်ကျသွား ၏။ သူ ထိုင်ခဲ့သည့် ဆွဲလက်စပန်းချီကားရှေ့ထိုင်ခုံမှာ ကျောပေးထိုင်နေ သော အမျိုးသမီးတစ်ယောက်..၊

ဓာတ်မီးကို မရွှေ့လျားဘဲ သူမရဲ့ကျောပြင်ကိုထိုးထားရင်း ကြက် သေသေနေမိသည်။ မျက်နှာကို မြင်စရာမလိုဘဲ သိလိုက်သည်က သူမ သည် ကျောက်သားပန်းချီထဲက မင်းသမီး..၊

ထို့ပြင် သြော်နံ့တစ်ချက်ဝင်လာတာ နှာခေါင်းထဲမှာ ရှုးရှူ အီ တောက်တောက်ကြီး ဖြစ်သွားသည်။

ဒါပေမယ့် သြော်နံ့ ဘယ်ကထွက်လာသည်ကို သတိမပြုမိဘဲ ကတုန်ကယင်ဖြစ်လာသည့် ခြေလှမ်းတို့ တရွေ့ရွေ့လှမ်းကာ..

"ခင်ဗျား .. ဘယ်သူလဲ.."

သူမက ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာရှိနေလျှက် အကျီ



www.burmeseclassic.com

www.burmeseclassic.com



အဖြူလက်ရှည်ပွပွ၊ တစ်ပတ်လျှိုဆံထုံးနှင့် ဖြစ်သည်။

သူ စိတ်ကို အစွမ်းကုန်မြှင့်တင်ကာ ရှေ့ကို ရဲရဲတင်းတင်းလှမ်းလိုက်ပြီး သူမပခုံးကို လှမ်းဆွဲဖို့အလုပ်...

"ဒုတ်.."

"အ..."

ခလုတ်တိုက်မိကာ နင်းမိသည့် ဒလိမ့်တုံးနောက် ခြေထောက် ပါသွားပြီး ပက်လက်ကြီး ဘိုင်းခနဲ လဲ၏။ ဓာတ်မီးကိုတော့ မြဲမြဲစွာ ဆုပ်ကိုင်ထားဆဲမို့ ပက်လက်ကနေ ထိုင်ခုံကိုလှမ်းထိုးလိုက်တော့ သူမ မရှိတော့ပေ..၊

"တောက်.."

မရှိတော့တာကို မကျေနပ်ဘဲ လူးလဲပြန်ထကာ ဓာတ်မီးနဲ့ ဟိုရှာဒီရှာ ဖြစ်နေမိ၏။ ဆေးကြောင်ကြောင်ပြီး မြင်ရအောင် သူ ဆေးသမားလည်း မဟုတ်ပါ..၊ အကောင်အထည်ကြီး မြင်လိုက်သဖြင့် လက်တုန်ခြေတုန်ဖြစ်သွားပေမယ့် ပျောက်သွားတာကိုလည်း မကျေနပ်နိုင်..၊

ဖုန်းကို ပြန်ကောက်လိုက်ပြီး ပန်းချီကားရှေ့မှာပဲ သူ ထိုင်လိုက်မိ၏။ ပြီးတော့ ဓာတ်မီးနဲ့ ကိုယ်ထိုင်ထားသည့်ခုံကို ပြန်ထိုးကြည့်မိပြန်သည်။ နောက်ထပ် မီးရောင် ထပ်ရွှေ့လိုက်တော့ မီးခိုးဖြူဖြူတွေကို တွေ့သွား၏။

"ဟင်!..."

စီးကရက်နှင့် ဂတ်စ်မီးခြစ်..၊ စီးကရက်က မီးခြစ်ဆီ လိမ့်သွားကာ တငွေ့ငွေ့မီးစွဲနေတာ ဖြစ်သည်။ လက်တစ်ကမ်းသာသာအကွာမှာမို့ သူ ကမန်းကတန်း ထသွားမိ၏။

သို့သော် နောက်က လှုပ်ရှားမှုတစ်ခုကို သိလိုက်သဖြင့် ပြန်ငဲ့ကြည့်မိလျှင် အသက်လောက် အရေးကြီးသော စက္ကန့်ပိုင်းအချိန်နှစ်ခုဟာ တိုက်ဆိုင်သွားခဲ့၏။





သူကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီကားထဲမှာ လက်ကမ်းပြီး အနည်းငယ် မော့နေသော မျက်နှာတစောင်းက သူ့ဘက်ကို လှည့်ကြည့်နေကာ အနီရောင်သမ်းသော မျက်လုံးတွေသည်...

"ဖောင်း.."

"အား!..."

ထိတ်လန့်အံ့သြခြင်းများ တဒင်္ဂ ဖုံးလွှမ်းသွားကာ မတ်တတ်သေသလို ဖြစ်သွားခဲ့သည်။ သူ့ရှေ့မှ ဂတ်စ်မီးခြစ်က ဖောင်းခနဲ လွင့်တက်လာပြီး မျက်နှာကို တိုက်ရိုက်မှန်၏။

ဘေးကိုဖြာထွက်သွားသည့် မီးတောက်မီးပွားတချို့သည် ဓာတ်ဆီပုံးဆီ စင်ကျသျှက်...

"အား.."

မျက်နှာကနေ မျက်လုံးတွေထိ ပူလောင်နာကျင်ကာ မျက်လုံးကို မှိတ်ပစ်လိုက်ပေမယ့် ဝုန်းခနဲ ခုန်ထလာသည့် မီးတောက်ကြီးကိုတော့ မီးရဲရဲ ညိုညစ်ညစ်လွင်ပြင်ကြီးတစ်ခုအဖြစ် နောက်ဆုံး မြင်ယောင်လိုက်သေးသည်။ ထို့နောက်...

"ကိုတာရာ.."

"ဆရာ."

ခေါ်သံများနှင့် လှုပ်ရှားပြေးလွှားလာကြခြင်း..၊

ဒါက လူတွေလား .. ပန်းချီထဲက မင်းသမီးလား ...၊

သူ အလွန်အမင်း သိချင်သော်လည်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၁ ]

"ဆရာ့သူငယ်ချင်း ဆေးရုံတက်နေရတယ်တဲ့၊ စတူဒီယိုတစ်ခြမ်း မီးလောင်ပြီး လူလည်း မျက်လုံးတစ်ဖက် မျက်နှာတစ်ခြမ်း စုတ်သွားတယ်တဲ့.."

အရင်ရောက်နေကျ ချိုစေး က မိုးမြေ ရောက်လာတာနှင့် အကြောင်းထူးသမျှကို တင်ပြနေကျအတိုင်း ဆရာ မအားမလပ်ဖြစ်နေခြင်းအကြောင်းကို ပြောပြသည်။

"ဟိုမှာ ဆရာရယ်.."

ပြောနေတုန်းပဲ ချိုစေး က မေးဆတ်ပြသဖြင့် လှမ်းကြည့်လိုက်တော့ အိမ်ထဲကနေ အတူတွဲထွက်လာကြတာ ဆရာရယ်၊ မင်းမာနရယ်..၊ နှစ်ယောက်စလုံးမျက်နှာတွေ မကောင်းကြတာကို ကြည့်ခြင်းအားဖြင့် ဆေးရုံတက်နေသည့်လူနာဟာ သူတို့နှစ်ယောက်နှင့် ပတ်သက်နေတာ ဖြစ်ရမည်။

"အဲဒီပန်းချီဆရာ ဒီကို ခဏခဏ လာဖူးတယ်၊ သနားပါတယ် သိလား။ အိမ်ထောင်သည်လည်း မဟုတ်ဘူး။ မျက်နှာတစ်ခြမ်းလုံး စုတ်





ပြတ်သွားတယ်ဆိုတော့ သေပြီပေါ့"

"မီးလောင်ရအောင် စတူဒီယိုခန်းနဲ့ မီးက သိပ်လည်း မနီးစပ်ဘဲနဲ့."

"မီးခြစ်ထပေါက်ပြီး ခာတ်ဆီပုံးပေါ် ကျသွားတာလို့ ပြောတာပဲ"

မိုးမြေ ခေါင်းညိတ်ရင်း ထိုနှစ်ယောက်ကို ကြည့်နေမိသည်။ မင်းမာန နဲ့ ထွတ်ဖျား ကတော့ ဖြစ်ရပ်တစ်ခုကို မမြင်မစမ်းနှင့် အကြိတ်အနယ် စဉ်းစားရင်း ခေါင်းခဲနေခဲ့ကြ၏။

"ငါတော့ မထင်ရက်ပေမယ့် ဒီကောင် ရူးသွားပြီလားလို့တောင် တွေးမိတယ်၊ သူက ကျောက်ပြားထဲက မင်းသမီးထွက်လာပြီး သူ့ကို ဒီလိုဖြစ်အောင် လုပ်တာလို့ တွင်တွင်ပြောနေတာ."

"သွေးရူးသွေးတန်း စွတ်အော်နေတာလား"

"မဟုတ်ဘူး .. ငါ့ကိုပဲ ပြောတာ၊ အဲဒါကြောင့် မယုံပေမယ့် အံ့ဩနေတာ၊ သူ ပြန်ဆွဲနေတဲ့ ပန်းချီလေးတောင် တစ်ဝက်ကျိုးနေပြီလေ"

မင်းမာန က ဆိုင်ကယ်လ်နားရောက်မှ ရပ်နေလိုက်ကာ..

"ကျွန်တော့်ဆီမှာ နှစ်ပေါင်းများစွာ ရှိနေခဲ့တာ ဘာမှမဖြစ်ခဲ့ဘူး"

"ဟုတ်တယ်..၊ အခုက သူ့ပုံကို ထုတ်နုတ်ပြီး ပန်းချီကားဖြစ်အောင် ရေးမှာလေ"

"အဲဒီတော့ ဘာဖြစ်လဲ .."

"တာရာ ကတော့ မင်းသမီးက သူ့ပုံတူကို ပြန်ရေးတာ မကြိုက်လို့ ဝဲလို့ တပ်အပ်ပြောနေတာ"

"မဖြစ်နိုင်တာ ကိုထွတ် ရာ."

"ဟုတ်တယ် မဖြစ်နိုင်ဘူး၊ ဒါပေမယ့် အခု ဖြစ်သွားပြီ၊ အဲဒီ ညနေက ငါ သူ့ဆီ ရောက်သေးတယ်၊ ငါ ပြန်တဲ့နောက်မှာ ဖြစ်တာပဲ၊ မီးကြိုးတွေ ပေါက်နေလို့တောင် ပြင်ခိုင်းနေတာ မြင်ခဲ့သေးတယ်၊ အဲဒါ မီးဖွင့်တော့ မလာဘူးတဲ့၊ ပြဿနာက အဲဒီက စတာ၊ သောက်လက်စ စီးကရက်ကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ အမှတ်တမဲ့ ချထားခဲ့ပြီး ဓာတ်မီးရှာ ဘာရှာနဲ့ မှောင်မည်းမည်းထဲမှာ မင်းသမီးကို သူ တွေ့တယ်တဲ့၊ ဓာတ်မီးနဲ့ထိုးလိုက်၊ ပျော သွားလိုက်နဲ့ ချွေးပြန်နေတော့ ညှော်နံ့တွေ ထွက်လာတာကို ရှူမိနေ မယ့် စီးကရက်ကိုလည်း သတိမရ၊ ညှော်နံ့ကိုလည်း ဂရုမစိုက်မိနဲ့ မီးခြ ကို စီးကရက်မီးက စိတ်ကြိုက် ကူးလောင်နေတာပေါ့”

ထွတ်ဖျား ပြောပြနေတာကို မျက်လုံးထဲမှာ မြင်ယောင်လာခဲ့၏

“တောက်လျှောက်ကြီး အမှောင်ထဲမှာ မင်းသမီးကို သူ တွေ့ နေတာ..”

ထွတ်ဖျား က တာရာ ပြောသမျှကို ခုမှပဲ သေချာပြန်ပြောပြတာ ဖြစ်သည်။

“နောက်ဆုံးကျ စီးကရက်မီးနဲ့ မီးခြစ် အခြေအနေဆိုးနေပြီမှန်း သိလိုက်လို့ သွားဖို့ပြင်တော့ ပန်းချီကားထဲက သူ့ရဲ့ ဆွဲလက်စ တစောင်း မျက်နှာက သူ့ဘက်ကို တည့်တည့်ကြီးလှည့်ကြည့်လိုက်တာမြင်ပြီး မီးကူးနေတဲ့နားမှာ သူ သတိလစ်သလို ဖြစ်သွားတယ်တဲ့၊ အဲဒီမှာ မီးခြစ်က ထပေါက်ပြီး ဓာတ်ဆီပုံးပေါ် မီးပွားစင်သွားတာပဲ၊ မျက်လုံး တစ်ဖက်က လုံးဝ ပြန်မမြင်မှာမဟုတ်တော့တာတော့ သေချာတယ်”

မင်းမာန ၏ ထူတန်းသည့်မျက်ခုံးတန်းတွေ ထိစပ်မတတ် တွန့် ကုတ်နေခဲ့၏။ ဒီပန်းချီဆွဲဖို့အတွက် တာရာ ကို တစ်ဆင့်ပြန်ခိုင်းခဲ့သည့် အဖြစ်အား ထွတ်ဖျား က ထည့်သွင်းတောင်းပန်ပေမယ့် သူ့စိတ်တွေက ထိုစကားတွေပေါ်မှာ မရှိ..။

ပန်းချီ ပြန်ရေးမယ်လို့ စိတ်ကူးမိသည့်ညကပဲ သူ အိပ်မက်ခဲ့သေး သည်။ ထိုအိပ်မက်က တာရာ အဖြစ်ဆိုးကြောင့် ခုမှ ပြန်ပေါ်လာခဲ့၏။

အားလုံးက မင်းသမီးနဲ့ပဲ ပတ်သက်နေတာလား .. ကျောက်ပြား ဟောင်းတစ်ချပ်ပေါ်မှာ တင်ကျန်ရစ်သည့် ကောက်ကွေ့ကြောင်းလေး





တွေက ဒီလို ပြင်းထန်သည့် တုံ့ပြန်သတိပေးခြင်းတွေ ဖြစ်ခဲ့သည်ဆိုတာ ကို လက်ခံလိုက်ရမည်လား..။

ထိစပ်နေပြီဆိုတာ သိပေမယ့် ဘာကြောင့်ဆိုသည့်အဖြေက မပါပေ..။

“ကိုမာ..”

“ဟင်..”

“မင်းပုံစံကြည့်ရတာ ရှေးဟောင်းရတနာမို့လို့ ဖျပ်ဖျပ်လူး ခုံမင် မြတ်နိုးနေတာမျိုးလည်း မဟုတ်ပါဘူး”

အဲဒီတော့ ဘာဖြစ်လို့လဲ ဆိုသည့်အကြည့်နှင့် မင်းမာန က နှုတ်ဆိတ်ပြီး ကြည့်နေသည်။

“ငါ့ကို မင်းအစ်ကိုလို သဘောထားတယ်ဆိုရင် စိတ်မဆိုးပါနဲ့၊ ငါ အကြံပေးချင်တာက မင်း ဒါကို ဒီတိုင်းသိမ်းထားရင်ထား၊ ဒါမှ မဟုတ်ရင်လည်း စွန့်ပစ်လိုက်ပါ၊ တာရာ ဖြစ်ခဲ့တာကို သုံးသပ်ကြည့်ရင် သူ့ကို အရူးလို့ သတ်မှတ်မလား .. ဒါမှမဟုတ်ရင် သူ ပြောတာတွေကို မှန်တယ်လို့ပဲ လက်ခံပေးမလား .. အဲဒီနှစ်ခုပဲ ရှိတယ်”

“ကိုထွတ် က ဘယ်လို သတ်မှတ်ထားလဲ”

“တာရာ မရူးပါဘူး၊ အဲဒါ လုံးဝ သေချာတယ်”

မင်းမာန ငြိမ်သွား၏။ ထွတ်ဖျား က သူ့ကိုကြည့်နေရင်း...

“သူပြောတာတွေ မှန်နေရင် ငါ့ရဲ့ ထင်မြင်ချက် မမှားနိုင်ဘူး ကိုမာ၊ ပုဂံမြို့ဟောင်းကရခဲ့တဲ့ အုတ်ကျိုးအုတ်ပဲ့ကြားက ဒီပစ္စည်းမှာ သမိုင်းမကောင်းတာ ရှိခဲ့နိုင်တယ်၊ ဒါဟာ ကောက်ကြောင်းလေးပဲ ထင်နေတာဆိုပေမယ့် သူ့ရဲ့ကျောဘက်မှာ ကျောက်သားရဲ့ကျောဘက်မှ ကြမ်းတာလား၊ ကျိန်စာတွေ ရေးထားတာလား၊ တို့ ဘာမှမသိနိုင်ဘူး၊ ပြီးတော့ မင်း ပြောခဲ့တယ်လေ၊ ဒီပုံက တစ်ခြမ်းပဲ့ ဆို..”

www.burmeseclassic.com



"ဟုတ်တယ်"

"ဒီစုံတွဲပုံမှာ သင်္ချာတွေ .. ကျိန်စာတွေ ရှိနိုင်တယ်"

"ကိုထွတ် က ဒီလောက်ထိ ယုံကြည်သွားတာလား"

"ဘယ်လိုပြောရမလဲကွာ..၊ တာရာ လည်း လူငယ်တစ်ယောက်ပါပဲ၊ သူ ဒီစကားမျိုးတွေ အနိုင်အမာ ပြောလာလို့ စဉ်းစားကြည့်ရင် ပတ်သက်မှုရှိတာတွေကို လက်ခံကြည့်တာပါ၊ နောက်ပြီး ပန်းချီကားနဲ့ အတူရှိနေတဲ့ ကျောက်ပြားက အဲဒီဘက်တစ်ခြမ်းလုံး မီးလောင်သွားတာတောင် တစ်ချက်ကလေးမှ အညိုအမည်းစွဲမကျန်ဘူး။ ပြာတစ်မှုန့်တောင် မတင်၊ အစွန်းထင်းတစ်ကွက် မရှိ၊ အဲဒါ မထူးဆန်းဘူးလား"

"ဒါဆို ခင်ဗျားပြောသလိုပဲ လက်ခံပြီး စဉ်းစားကြည့်စမ်းပါ၊ မင်းသမီးက ဘာကို ဖြစ်စေချင်တာလဲ"

"မသိဘူးလေ၊ ပန်းချီပုံပြောင်းလဲပစ်မှာကို သဘောမကျတာကတော့ သေချာတယ်"

မသေချာသေးတာတွေကို ဘယ်လို ဖော်ထုတ်မလဲ..။

သူ တွေဝေနေခဲ့ပြီဖြစ်လျက်..။





## အခန်း [ ၂၂ ]

BURMESE CLASSIC

"ဟင်!... ကိုတိုင်း"

ခြေလှမ်းက တုံ့ခနဲရပ်မိသွားလျက် မျက်ခုံးလေးနှစ်ဖက်ပါ တွန့်သွားသဖြင့် ဆက်တိုင်းအောင် ကို ဒေါ်သီရိ အားနာသွားမိသည်။

သူ့ခမျာမှာလည်း မျက်နှာပျက်ပျက်နှင့်ပဲ ပြုံးနေရှာကာ..

"ဟုတ်တယ်၊ မန္တလေးတိုရောက်မှာမို့လို့ မိုးမြေ ဆီကို ဝင်တွေ့ချင်တာနဲ့ အန်တီတို့ဆီမှာ လိပ်စာတောင်းခဲ့တာပါ၊ ကျွန်တော် လာလို့ စိတ်အနှောင့်အယှက်ဖြစ်သွားလို့လားဟင်"

"မဟုတ်ပါဘူး"

ခေါင်းခါလိုက်သော်လည်း မျက်နှာလေးကတော့ တည်နေလျက် အထဲကိုလှမ်းဝင်လာစဉ်မှာ နောက်ထပ် လုံးဝ မော့မကြည့်တော့ဘဲ..

"ခဏနော်၊ မိုးမြေ အဝတ်စားလဲလိုက်ဦးမယ်"

ဆက်တိုင်းအောင် ခေါင်းညိတ်ပြရင်း အဖြူရောင်ဝတ်စုံကပ်ကပ်လေးနှင့် ပခုံးစင်းပါသည့် ဂျာကင်အဖြူရောင်ကို ဝတ်ထားသော မိုးမြေ့ ခဲ့ပုံရိပ်လေးကို လိုက်ငေးနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကို လက်ထပ်ပေးဖို့ သူ တောင်းဆိုတော့ မေမေတို့က သိပ် သဘောမကျပေ။ ဟိုတုန်းက ဟိုလိုဖြစ်ခဲ့သည့်.. ဘာညာတွေနှင့်...

သူကတော့ လူကြီးတွေ လက်ညှိုးထိုးပြလို့ မြင်ခဲ့ရပြီးသည့်နောက် ပိုင်းမှာ သူမကိုမှ ပိုင်ဆိုင်ခွင့်မရလျှင် လူဖြစ်ရှုံးရတော့မလို တနင့် တပိုးသော လောဘများနှင့် လက်ထပ်ပေးဖို့ပဲ ပူဆာခဲ့တာဖြစ်၏။

"အရမ်းလှနေတာလေးနဲ့ မိဘအသိုင်းအဝိုင်းအင်အား တောင့်တင်း တာကို သဘောကျခဲ့တာ၊ ဟိုအရင်ကကိစ္စတွေကို သေချာသိလိုက်ရ တော့ သားအတွက် စိုးရိမ်သလိုပဲ၊ မေမေတို့ပဲ စခဲ့ပြီးမှ သားက သဘောကျတယ်ဆိုတော့လည်း မဖျက်ချင်ပြန်ဘူး"

မေမေတို့ဘက်က တွေဝေမှုများနှင့် ချီတက်နေကြတာဖြစ်မည်၊ သူကတော့ မိုးမြေ ဘယ်လိုပုံစံလေးလုပ်နေနေ တစိမ့်စိမ့် ထိုင်ကြည့်နေ နိုင်သည်။

'မေ့ဆိုးမျိုးကို ခံနိုင်သူ ကျွန်တော်ဖြင့် ရှိမည်မထင်' လို့ပဲ ပြော ရမည်လား။ သူ ကြိုက်သလို စိမ်းကားပါစေ၊ နိုးစပ်အောင် ကြိုးစားဖို့ သာ ရည်ရွယ်ထားခဲ့သည်။ ထို့ကြောင့်...

"မိုးမြေ က အပြင်သွားရင် ဆိုင်ကယ်လ်နဲ့ပဲ သွားတာထင်တယ်"

မိုးမြေ မြင်ကွင်းထဲကပျောက်သွားမှ ဒေါ်သီရိ ဘက်ကို ပြန်လှည့် မေးမိ၏။

ခါးရှည်ကိုယ်ကျပ်အဖြူ ဘောင်းဘီရှည်အဖြူနှင့် ဂျာကင်အဖြူကို ဝတ်ကာ တစ်ကိုယ်လုံး ဖွေးစင်းကြော့ရှင်းနေသော ကိုယ်လုံးအလှကို မျက်လုံးထဲမှာ စွဲနေဆဲမို့...

"ကားနဲ့ဆို ပိုပြီး အန္တရာယ်ကင်းတာပေါ့နော်"

"အင်း .. ဒါပေမယ့် မန္တလေးမှာက ဆိုင်ကယ်လ်တွေပဲလေ၊





သူလည်း ဒီရောက်မှ ဆိုင်ကယ်လ်စီးရတာဆိုတော့ ရောက်ရောက်ချင်းပဲ ဒီဆိုင်ကယ်လ်ကို ပြေးဝယ်လိုက်ရတာ"

"ဪ.."

"သမီးလေးကို ဘယ်တုန်းကမှ မျက်နှာညိုခံခဲ့ကြတာ မဟုတ်ဘူး သွယ်၊ အဟွန်း .. ခုကျမှ လက်ထပ်ပေးဖို့ စီစဉ်နေတယ်ဆိုလို့ အန်တီ အံ့ဩနေတာ"

"ဗျာ!..."

"ဒီလိုပါ၊ သမီးလေးက အိမ်ထောင်ပြုချင်ပုံ မပေါ်ဘူးလေ၊ အမြဲတမ်း စိတ်ချမ်းသာအောင်ထားပြီး တယုတယမွေးလာခဲ့တာကို အခု ဘတ်စီစဉ်သလိုကြီး ဖြစ်နေတော့..."

"မဟုတ်ပါဘူး၊ ဖွတ်တော့မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် ကိုယ်တိုင်က အဲဒီလို ရယူလိုက်တာမျိုးကို မလိုချင်တာပါ"

မလိုချင်ရင်လည်း ဒီလို လိုက်လာတာမျိုး မလုပ်ဘဲ ဆင်ခြင်ရမယ် ဆိုတာ နားလည်ပါလား..၊ ဒေါ်သီရိ မျက်နှာမဲ့ပျက် ခေါင်းညိတ်၍ အပွဲပေါ်က သတင်းစာနဲ့ ဂျာနယ်နှစ်စောင်ကို ညီညာအောင် ထပ်ကိုင် သိမ်းနေရသော်လည်း အသံတိတ် စကားတွေတော့ ပြောဖြစ်နေခဲ့၏။

မမစု တို့ကိုက ခက်တာပါ။ ကိုယ့်ကလေးအကြောင်းလည်း သိသားနှင့်။ လိပ်စာပေးပြီး ဒီထိလွှတ်လိုက်သေးသည်။

မိုးမြေ ဆက်ဆံရေးကျဲတော့ သူမပဲ အားနာရ၊ မျက်နှာပူရ..၊ ဘာကယ်တော့ ဒါဟာ မိုးမြေ ကိုလည်း ရိုင်းတယ်လို့ မဆိုသာပေ။ အမှုအခင်းတွေဖြစ်ပြီးခဲ့တာ နှစ်တောင်မကူးသေး..။

ထို့ပြင် ကလေးက ချစ်ခင်နှစ်သက်လို့ လက်ခံခဲ့ရတာလည်း တစ်ယောက်မှမပါ။ ဆက်တိုင်းအောင် ဆိုတဲ့ ဒီတစ်ယောက်က ရော ဘယ်လောက်ချမ်းသာနေလို့လဲ..၊ ဘာတွေများ သဘောကျစရာအချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြည့်စုံနေလို့လဲ..။

စိတ်တိုင်းမကျတာတွေက လက်ကိုရောက်ကာ စားပွဲအောက် ထပ်ကို ဂျာနယ်တွေထားလိုက်ခြင်းက ပစ်ထည့်လိုက်ခြင်းသို့ ရောက် လျက် ..

"အန်တီက သမီးလေး ဆက်ဆံရေးမပြေပြစ်တာကို အားနာလို့ ပြောတာပါ။ ဒါနဲ့ မောင်ဆက်တိုင်းအောင် က ခဏတစ်ဖြုတ်ပဲလား ဘယ်မှာတည်းလဲ"

"အလုပ်ကိစ္စနဲ့ ဖေဖေ့ကိုယ်စား လာတာပါ၊ ဟိုတယ်လ်မှာပဲ တည်းလိုက်မယ်၊ မနက်ဖြန် ပြန်မှာ"

"သြော်..."

မလိုလားတာတွေတော့ မျက်နှာမှာ ပေါ်နေနိုင်၏။ ဒါပေမယ့် မတတ်နိုင်၊ ထိုစဉ် မိုးမြေ ပြန်ထွက်လာတော့ ဧည့်ခန်းမှာပဲ ထိုင်လိုက် သဖြင့် ဒေါ်သီရိ နေရာမှ ထကာ..

"စကားပြောကြဦး၊ အန်တီ အလုပ်လေးရှိသေးလို့.."

မိုးမြေ က ဒေါ်သီရိ ထသွားတာကို မျက်ဝန်းလေးတိမ်းကြည့်ပြီး မှ သူ့ဘက် ပြန်လှည့်၍..

"ရှင် အလုပ်ကိစ္စနဲ့ လာတာလား"

"ဟုတ်တယ် မိုးမြေ၊ ကိုယ့်သူငယ်ချင်း စင်ကာပူက ပြန်ရောက် လို့၊ လက်ကိုင်အိတ်ဒီဇိုင်းသစ်လေးတွေ ပါလာတာနဲ့ ကိုယ် သွားရွေး ထားတာ၊ အဲဒါ အခု ဒီရောက်တုန်း ပေးချင်တာနဲ့လေ"

စားပွဲပေါ်မှာ ချထားသည့်အိတ်တွေကို မိုးမြေ ဝတ်ကျေတန်းကျေ မျက်လုံးဝေ့လျက်..

"မိုးမြေ အဲဒီလိုအိတ်တွေ သိပ်မလွယ်ဘူး၊ လွတ်လွတ်လပ်လပ် ကြိုးသိုင်းအိတ်လေးတွေပဲ ကောက်ချိတ်ဖြစ်တာ"





"ဟုတ်ပါတယ်၊ ဒါပေမယ့် သိမ်းထားပေးပါကွာ၊ ပွဲနေပွဲထိုင်ကျ တော့ ဒါတွေ လိုပါတယ်၊ ကျွန်တော်တို့က တစိမ်းတွေမှမဟုတ်တာ"

ဆက်တိုင်းအောင် က ကျွန်တော်တို့ ပြောတာပဲများကာ တစ်ခါတလေကျမှ 'ကိုယ်'လို့ ထည့်ပြောတတ်၏။ မိုးမြေ က သူ့ စကားကို နားထောင်ပြီး ပြုံးလိုက်သဖြင့်...

"မိုးမြေ ဘာလို့ ပြုံးတာလဲဟင်"

တစ်ခုခုကို မလုံလဲသလို ပျာပျာသလဲ မေး၏။

"တစိမ်းတွေ မဟုတ်ဘူးဆိုတော့ ဘာလဲလို့ပါ"

"မိုးမြေ ရယ်"

ရင်နှာသံရှည်ကြီးနှင့် ရင်ဘတ်ကြီး ပြန်လည် နိမ့်ဆင်းကျသွားကာ..

"အားလုံး သဘောတူနေပြီလေ၊ မိုးမြေ က ခေါင်းညိတ်တာနဲ့ လက်ထပ်ကြဖို့ အဆင်သင့်ရှိနေကြတာ၊ တစိမ်းမဟုတ်ဘူးလို့ ပြောလို့ မရဘူးလား"

"ထားလိုက်ပါတော့၊ အခု ရှင် တစ်ခုခု စားပါလား၊ အန်တီ က တစ်ယောက်တည်းဆိုတော့"

"နေပါစေ.. ကျွန်တော်က မစားချင်ဘူးလို့ ပြောထားလို့ပါ၊ မိုးမြေ က ကျွန်တော်နဲ့ အပြင်ခဏလောက် လိုက်ခဲ့ချင်စိတ်လေး ရှိဘူးလားဟင်"

"ခုမှ မိုးမြေ ပြန်လာတာလေ"

"ပန်းခြံသင်တန်းက ပြန်တာမို့လား၊ ဒါက အလုပ်ချိန်လေ၊ ကျွန်တော် ခေါ်တာက နားနားနေနေ စိတ်အပန်းဖြေတာမျိုး"

"အပန်းမပြေဘူး ကိုတိုင်း၊ အိမ်ထောင်ဖက်တစ်ယောက်ဆိုတဲ့ သေိနဲ့ မိုးမြေ တွဲသွားတွဲလာနေရမှာ စိတ်မပါဘူး၊ နောက်တစ်ယောက် ဘဲ့ပြန်ပြီ ဆိုတာမျိုးလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါက တစ်ပင်လဲလို့ တစ်ပင်ထူတာပဲကွာ၊ အဲဒါတွေ မေ့လိုက်ပါတော့၊ ဒါတွေကြောင့် မိုးမြေ ကို ကိုယ်ပိုင်ဆိုင်ခွင့်ရဖို့ ပိုပိုဝေးနေသလို ခံစားရတယ်၊ လက်ထပ်ဖို့ အားလုံး သေချာပြီးမှ မင်္ဂလာခန်းမထဲ ဝင်လိုက်ပြီးမှတောင် အကြောင်းအမျိုးမျိုးနဲ့ ပွဲပျက်ခဲ့တာတွေ ရှိတယ်၊ မိုးမြေ ရဲ့အဖြစ်က တုန်လှုပ်စရာ ဘာမှမရှိဘူး"

"မိုးမြေ ကြောင့်ဆိုပြီး သူက..."

"မဟုတ်ဘူးဆိုတာ ကိုင်းသိပြည်သိ ကြေညာပြီးပြီပဲ၊ ကိုယ့်အတွက် ဒီအဖြစ်က ဘယ်နေရာမှာမှ မရှိခဲ့ဘူး မိုးမြေ၊ မင်းကို တန်ဖိုးထားတယ်၊ မြတ်နိုးတယ်၊ မြင်မြင်ချင်းပဲ ကိုယ့်ရဲ့ပိုင်ဆိုင်ချင်တဲ့စိတ်တွေ နိုင်မာခဲ့တာ၊ ကိုယ်-မင်းကို အချစ်နဲ့သိမ်းပိုက်ချင်တာပါ"

မိုးမြေ ဆိုဖာမှာ မှီပစ်လိုက်ပြီး သက်ပြင်းချသည်။ ရုပ်ရည်၊ ပညာ၊ ဥစ္စာ ဘာမှအပြစ်ပြောဖို့မလိုအောင် ပြည့်စုံတဲ့သူပါ။

သူမမှာလည်း တခြား နှိုင်းယှဉ်ရွေးချယ်ရမယ့်ချစ်သူ မရှိပေ။ ထို့ကြောင့် 'သမီးကညာ အခါမလင့်'ဆိုသည့် ခေါင်းစဉ်နှင့် သူမ အိမ်ထောင်ပြုရေးကိုပဲ စီစဉ်ဖို့ ကြိုးစားနေကြသော 'ရွှေသားစံအိမ်'ရဲ့ အစဉ်အလာလည်းဖြစ်သောကြောင့် လက်ထပ်ဖို့အရေးကိစ္စကို မငြင်းဖြစ်ခဲ့ခြင်းသာ။ ဒါပေမယ့်...

"မိုးမြေ စိတ်မဝင်စားပေမယ့် ရှင့်စကားတွေအပေါ်မှာ ယုံကြည်ပါတယ်၊ လက်ထပ်ဖို့လည်း ခေါင်းညိတ်မယ်လို့ ဆုံးဖြတ်ထားတယ်"

"တကယ်လားဟင် .. ဘယ်တော့လဲ"

ဆက်တိုင်းအောင် ဝမ်းသာအားရကြီးဖြစ်သွားတာ ဖုံးဖိမရ..။

"စိတ်ထဲမှာ ရည်ရွယ်ထားတဲ့ကိစ္စလေးတစ်ခု မပြတ်သေးလို့ပါ၊ အဲဒါကို သေချာဆောင်ရွက်ပြီးသွားရင် ပြင်ဦးလွင်ကို ပြန်မယ်"

"ဘာကိစ္စများလဲ မိုးမြေ ရယ်၊ ပြဿနာတစ်ခုခုဆိုရင် တစ်





ယောက်တည်း ကြိတ်ဖြေရှင်းနေမယ့်အစား ကျွန်တော့်ကို သူငယ်ချင်းခေါင်နှမလိုသဘောထားပြီး တိုင်ပင်ပါလားဟင်၊ ကျွန်တော် မိုးမြေ ကို စိတ်ပူလို့ပါ"

"မပူပါနဲ့ ဒါက ကိုယ်တိုင်ဆောင်ရွက်ရမယ့်ကိစ္စပါ။ သေချာတာ က နောက်ထပ် သတို့သားလောင်းကို လုပ်ကြံပါတယ်လို့ စွပ်စွဲခံရမယ့် ကြံစည်မှုမျိုး လုံးဝ မဟုတ်ဘူးဆိုတာပဲ"

"မဟုတ်တာ မိုးမြေ ရာ၊ ကိုယ် အဲဒါကို စိုးရိမ်နေတာမှ မဟုတ်တာ၊ လူတစ်ယောက်နဲ့တစ်ယောက် မလိုလားတိုင်း ကြံစည်သတ်ဖြတ်သို့ရနေရင် ခက်ကုန်မှာပေါ့၊ ဥပဒေအထိန်းအကွပ်တွေ ရှိတယ်၊ ကံတရားဆိုတာကိုလည်း ဘယ်သူမှ မမြင်နိုင်ပါဘူး၊ ကျွန်တော် အလုပ်နဲ့ ခုင်နိုးလာကာမှ ကံ၊ ကံဇာတ်အကျိုးကို ယုံကြည်တယ်၊ ဒီလို သေဆုံးမှုတွေဟာ ကံတရားနဲ့ အများဆုံး သက်ဆိုင်ပါတယ်"

ခေတ်ပညာတတ် လူငယ်တစ်ယောက်ပေမယ့် ပေါ့သွမ်းမှုမရှိသော အတွေးအခေါ်ရှိနေတာကျတော့ မိုးမြေ လေးစားသွားမိသည်။

အစက သူနင့်ပတ်သက်တာ ခေါင်းထဲမှာ ဘာမှမရှိခဲ့သော်လည်း ယခုလာတော့မှာ သေချာသလောက် ဖြစ်သွားသည်။

ကိုယ့်အပေါ်မှာ တကယ် အလေးအနက် မျှော်လင့်နေတာကို အသိအမှတ်ပြုမိတာမျိုးလား..၊

"စော်ကားမိသလိုဖြစ်သွားရင် ဆောရီးပါ၊ မိုးမြေ စိတ်ထဲမှာ အဖြစ်ကို မေ့လို့မရသေးဘူး"

"ကျွန်တော် နားလည်ပါတယ်၊ နောက်လည်း အမြဲ နားလည်နိုင်အောင် ကြိုးစားမှာပါ၊ လက်ထပ်နိုင်ဖို့အတွက် မိုးမြေ အမြန်ဆုံး ဆုံးစားမယ်ဆိုရင်တော့ ကျွန်တော့်လောက် ပျော်တဲ့လူ ရှိမယ်မထင်ဘူး၊ တကယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေ မပြုးချင်သည်မို့ ပြုံးရိပ်တင်လိုက်ရသည့် နှုတ်ခမ်းတွေက မဲ့သလိုဖြစ်သွားခဲ့သည်။ လင်းရောင်ထိန် တုန်းကတော့ စကားပြောရင် ခပ်ရိရိ၊ ဂျစ်ကန်ကန်၊ သူဖြစ်သလို ဖြစ်ခွင့်မရတာတွေ သိလာတာနှင့် နေရာတကာမှာ ပြဿနာရှာခဲ့တာ စိတ်ညစ်စရာပါ..။

ဆက်တိုင်းအောင် ကတော့ သူ့အဆင့်အတန်း၊ သူ့ရုပ်ရည်တွေကို ခဝါချကာ ချစ်ပြီးရင်း ချစ်နေခဲ့၏။ သူမရင်ထဲမှာလည်း ဆက်တိုင်း အောင်ကို နည်းနည်းလေးတော့ စေတနာပိုမိသည် ထင်၏။

အရင်လူလို မဖြစ်စေချင်သော တကယ့် စေတနာတွေအတိုင်း..။





## အခန်း [ ၂၃ ]

"အရင်လူလို့ မပြောရင် ကျေးဇူးတင်တယ် ကိုမာ၊ အဲဒါကြီးက ...ိုက်ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူက အရင်လူဆိုရင် ဆောင်း က နောက်လူဖြစ်သွားမှာပေါ့၊ ...တော့ ကိုမာ တို့က ချစ်သူတွေဖြစ်ခဲ့တာလည်း မဟုတ်ဘူး၊ လက် ...ည်း မထပ်ရသေးဘူးလေ"

"အင်း..."

ဒါက သူမဘက်က ခံစားချက်ဖြစ်လိမ့်မည်။ မင်းမာန ပင့်သက် ...ိုက်ရင်း ဆောင်းပုံရိပ် မျက်နှာလေးကို ကြည့်မိ၏။

ရွှေအဆင်း အဖြစ်ဆိုးခဲ့တာကို မမေ့နိုင်တာထက် အိပ်မက်လိုလို ...ယောင်ချောက်ချား မမြင်လိုက်တာလိုလို သူ တွေ့ခဲ့တာက ဆောင်း ...ိ ကျောက်သားပန်းချီထဲကမင်းသမီး လုပ်ကြံလိုက်တာဖြစ်၏။

ဒါကို ခဏတာ စိတ်ထင့်သွားပြီး မေ့မေ့လျော့လျော့ ဖြစ်နေခဲ့တာ ...နောက်ပိုင်းမှာ အိပ်မက်တွေထဲ ရောက်ရောက်လာခဲ့သည့် မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ပုံရိပ်တွေနှင့် မနေ့တစ်နေ့ကမှ မျက်နှာတစ်ခြမ်း ပျက်စီးကာ မျက်လုံလာသည်။

တစ်ဖက် ကွယ်သွားခဲ့သော တာရာ အဖြစ်ဆိုးတွေကြောင့်....

"ဆောင်း တစ်ခုမေးချင်တယ်၊ ဖြေမလား"

"မေးလေ"

"ကိုမာ က ရွှေအဆင်း ကို ချစ်ခဲ့တာလား"

စိတ်ကူးတွေထဲက ခဏထွက်ကာ မင်းမာန ပြုံးနိုင်အောင် ကြိ

စားမိ၏။ ပြီးတော့ ဘေးမှာ မတ်တတ်ရပ်နေရာကနေ ဆောင်း ထိုင်

သည့်ဒန်းပေါ် မှာပဲ ဒီဘက်အစွန်မှာ ဝင်ထိုင်လိုက်သည်။

"သူက ကိုယ့်ရဲ့ အရင်းနှီးဆုံး မိန်းကလေးသူငယ်ချင်းပါ"

"သူငယ်ချင်းထက် ပိုတယ်လို့ ပြောချင်တာလား"

"ပိုဖို့ရှိတယ်၊ သူ့ကိုလက်ထပ်ဖို့ ရင်ထဲက လက်မခံတာ ဘာ

မရှိခဲ့ဘူး၊ ကိုယ် ရှောင်လွှဲပြောနေတာ မဟုတ်ဘူး၊ ဒါပေမယ့် ဒီနေ့

အချစ်အတွက် တစ်ခါမှ ထုတ်နုတ်ခံစားမကြည့်ခဲ့ဖူးဘူး"

"ဆောင်း ကိုရော လက်ထပ်ပြီးမှ ချစ်ဖို့ ကြိုးစားမှာလား"

"မင်းကရော..."

"ဒီက အရင်မေးတာလေ၊ အရင်ဖြေပေါ့"

"ကိုယ် ဖြေရင် မင်း သဘောကျမှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြ

မင်းရဲ့ဆန္ဒကို သိရရင် မင်း စိတ်ချမ်းသာအောင် ကိုယ် ဖြည့်ဆည်း

နိုင်တာပေါ့"

"သူများ စိတ်ဆိုးလို့မရအောင် ရှင် ဖြေတတ်တယ်နော်"

"ဒါ တမင်တာကာ မဟုတ်ပါဘူး၊ စေတနာအရင်းနဲ့ ပြောတာ"

ဆောင်း က မရိုတရိလေးပြုံးပြီး မျက်လွှာချ၏။ မြင်ကွင်းထဲ

မြက်ခင်းပေါ် မှာ တူညီစွာချထားကြသည့် ခြေထောက်နှစ်စုံက





အနက်ရောင်ပြောင်နေသည့် ရှူးဖိနပ်တစ်စုံသည် ပြင်ဦးလွင်ကို

သူမ အလည်ရောက်သွားစဉ်က မြင်ခဲ့ရသော ကတ္တီပါညှပ်ဖိနပ်စီးထား

သည့် ဖြူဝင်းသောခြေအစုံလောက် ကြည့်မကောင်းဘူးထင်၏။

"ဆောင်း အထဲဝင်ပါလား၊ ကိုယ် တော်ဖီတော့ တိုက်နိုင် ပါတယ်"

ခြေထောက်တွေဆီမှာ ငေးနေသည့် ဆောင်း မျက်ဝန်းလေးတွေ

သူ့ဆီ ရောက်လာသည်။

"မဝင်တော့ဘူး၊ ကိုမာ က တစ်ယောက်တည်းနေတာဆိုတော့

ဆောင်း ဒီထိလာတာတောင် လွန်နေပြီ"

တကယ်ဆို ကိုယ်က သွားသင့်တာပဲ့ ဒီစကားကြောင့် မျက်နှာ

တော့ ပူသွား၏။

"ကိုယ် တစ်ရက်ရက်တော့ လာဖြစ်မှာပါ၊ ဒီကို ရောက်လာတာ

ဘိုက အလုပ်ကိစ္စနဲ့ဆိုတော့..."

"လူကြီးတွေက လက်ထပ်ဖို့ ရက်သတ်မှတ်မယ်လို့ ပြောနေကြပြီ၊

ကိုမာ့ အလုပ်ကိစ္စတွေနဲ့ ဖြစ်ပါ့မလား"

ဆောင်း မျက်ဝန်းမှာ နာကျင်ရိပ်လေးတွေ စွန်းထင်နေတာကို သူ

မြင်သည်။ သူ့ဆီက သူမ ဘာကို တောင့်တနေတာမှန်းလည်း သူ

သိသည်။ ဒါပေမယ့်...

သူ့ဘက်မှာ လောလောဆယ် အလုပ်ကိစ္စထက်ပိုပြီး အချိန်တိုင်း

အရေးကြီး စိုးမိုးနေတာက ကျောက်ထက်ကောက်ကြောင်းများထဲက

အကြောင်း..၊ ထို့ပြင် အဖြစ်တွေကို ဆက်စပ်ကြည့်တော့ နောက်ထပ်

ဘက်ထပ်ရမှာတောင် မဝံ့မရဲဖြစ်လာခဲ့၏။

ဆောင်း အပါအဝင် ဘယ်သူမှ ဒါတွေကို မသိတော့ ခက်သည်။

ပြောလို့လည်း မဖြစ်၊ သိဖို့ဆိုတာလည်း မလွယ်...။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း မေးတာ ဖြေလေ"

"ကိုယ့်အလုပ်တွေ အမြန်ဆုံး လက်စသတ်နိုင်အောင် ကြိုးစားမှာ ပါ၊ ကိုယ် အဆင်သင့်ဖြစ်ပြီဆိုမှတော့ ပြန်မရွှံ့နဲ့နော်၊ ကြိုဘင် တောင်း ပန်ထားတာ"

"ဆောင်း ပုံစံက အဲဒီလို ရွံ့တတ်တဲ့ပုံပေါက်နေလား"

"မသိဘူးလေ၊ အခု ကိုယ့်ပုံစံကို အကဲခတ်တဲ့ မင်းရဲ့မျက်လုံး ထဲမှာ နားလည်မှုတွေ လွဲနေတာများ ရှိနေသလားလို့ တော်ကြာ ဝဲ့အလှည့်ကျ တွေ့မယ်လို့ အားခဲပြီး.."

သူက ရယ်စရာပြောနေတာလား..၊ ဆောင်း ကတော့ သူ့လို မရယ်နိုင်ပေ။ သူ့ထက်မသာရင်တောင် သူ့လိုလူကို ဂရုမစိုက်စွာ ထာ လိုက်နိုင်သည့် အရည်အချင်းတွေအပြည့်နဲ့ သူမဟာ..ဒီလူနဲ့ကျ စိတ်ရှည်သည်းခံရတာတွေ မျိုသိပ်စောင့်စားရတာ တွေနှင့်..

"ဆောင်း ပြန်တော့မယ်"

လက်ထပ်ဖို့ရက် ဘယ်တော့ သတ်မှတ်မလဲလို့ မေးတော့မည ဆိုပြီး အားတင်းလာခဲ့ပေမယ့် မာနက လက်မခံ..။ဒီလောက်ထိ ကိုယ်က စဖို့လိုသလား..။

မပြောတော့ဘဲ ဒန်းပေါ်ကနေ ထရပ်လိုက်ကာမှ သူက အတူ ထလိုက်ကာ..

"ဒီလကုန်ရင် ကိုယ့်ကိစ္စတွေ ပြတ်မှာပါ။ အဘွားတို့ဆီကို ကိုယ ဖုန်းဆက်လိုက်မယ်နော်"

"အင်း"

ပြောဖော်တော့ ရပြီပဲ..။





## အခန်း [ ၂၄ ]

"သူလောတာပဲဖြစ်ဖြစ်၊ ကြီးမေတို့က စီစဉ်ချင်တာဖြစ်ဖြစ် ဘာ ဖြစ်လို့ ဒေါသတွေ ထွက်နေရတာလဲ သမီးရယ်၊ သမီး ဘာရည်ရွယ် ချက်တွေရှိနေနေ သူနဲ့လက်ထပ်ပြီးရင် လုပ်ပါ၊ အဲဒါကျတော့ သမီးကို ချစ်နေတဲ့သူက ခွင့်ပြုလိုက်လျှာမယ်၊ သူ တကောက်ကောက်လိုက်ပြီး စောင့်ရှောက်တယ်၊ ဘယ်လောက်ထိ စိတ်ချမ်းသာဖို့ ကောင်းလဲ"

"ကြီးမေတို့က မိုးမြေကို မထိန်းနိုင်တော့ဘူးဆိုပြီး ဘော်ဒီဂတ်နဲ့ အားလိုက်ချင်တာလား"

"ဟောတော်.."

"မိုးမြေ က အဲဒီလောက်ထိ စိတ်ပျက်စရာကောင်းနေပြီပေါ့"

"မဟုတ်တာ သမီးရယ်၊ အဲဒါဟာ တင့်တယ်ခြင်းပါကွယ်၊ သမီးကို အဲဒီလို တင့်တယ်ပြည့်စုံသွားတာကို မြင်ချင်လို့ မင်္ဂလာကိစ္စ ဖြစ်မြောက် ဖို့ပဲ ကြိုးစားနေကြတာ မဟုတ်ဘူးလား၊ နာခံရမှာပဲဆိုတာလဲ သမီး သိထားပြီးသားကို.."

မိုးမြေ က ကြီးမေတို့ မန္တလေးထိ လိုက်လာပြီး ဆက်တိုင်းအောင်နဲ့ လက်ထပ်မှုကိစ္စအတွက် ပူပြင်းလိမ့်မည်မထင်ခဲ့သောကြောင့် မကျေနပ်ချင်၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီသီရိ ကတော့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ချိုသည်၊ ခါးသည် မပြောခဲ့ဘူးသလို ခုလည်း အနားမှာတောင် ထိုင်မနေခဲ့ပါ။

ဒေါ်စုရတီ က ဘီးကုပ်လေးနှင့် သိမ်းလှန်ထားသဖြင့် အရှင်းသား ပေါ်လွင်နေသော မိုးမြေ ရဲ့ နဖူးပြေပြေလေးကို စိုက်ကြည့်နေရင်း..

"ဘာတွေ တွေးနေတာလဲ သမီးရယ်၊ ဆက်တိုင်းအောင်ကိုပဲ သမီး လက် ခံဖို့ စဉ်းစားပါနော်၊ အခု မန္တလေးကို စိတ်ပြေလက်ပျောက် သွားနေ မယ်ဆိုပြီး သမီးနေတာက အပန်းဖြေတာ မဟုတ်ဘူး၊ အလုပ်တွေရှုပ်နေ တာ"

မိုးမြေ ဖျတ်ခနဲ မော့ကြည့်၏။ ဒေါ်စုရတီ က ချော့မော့သည့် မျက်ဝန်းများနှင့်..

"စိတ်မချလွန်းလို့ပါ သမီးရယ်၊ စိတ်ပျက်တာလို့ ခေါင်းစဉ်မတပ် ပါနဲ့၊ ညည်းလေးရဲ့ဖေဖေဆိုရင်လည်း သူ့ခများ ရှေ့သွားပြန်ကြည့်ဆို တာလို ဒီသမီးကိုပဲ စိတ်မချနိုင်ရှာဘူး။ အစွမ်းကုန် ဖူးပွင့်လှပနေတဲ့ ပန်းကလေးကို တော်ဝင်ပန်းတစ်ပွင့် ဖြစ်ခွင့်မရခင် နွမ်းကြွေ အညွန့်ကျိုး သွားမှာ စိုးရိမ်တာမျိုး"

"မိုးမြေ ဘဝက တော်ဝင်ပန်းတစ်ပွင့်မှ ဖြစ်ခွင့်မရရင် တစ်သက် လုံး လူဖြစ်ရှုံးရတော့မှာမို့လို့လား၊ အခု ဘယ်လိုဘဝမျိုး ဖြစ်နေလို့လဲ"

"ခက်ပါလား သမီးရယ်"

"မိုးမြေ လက်ထပ်မယ်လို့ ပြောပြီးပြီပဲ၊ ဘာဖြစ်လို့ ရလာနေရ တာလဲ"

နေမလောင် မိုးမလခအောင်၊ ပြီးတော့ ပန်းကလေးတစ်ပွင့်လို ဖြုတ် ခနဲ ကြွေသင်းသွားတတ်တဲ့ မိန်းမသားဘဝရဲ့ ထိခိုက်မခံနိုင်ခြင်းတွေကို ဘယ်လို စောင့်ရှောက်ရမယ်၊ ထိန်းသိမ်းရတယ်ဆိုတာ မိုးမြေ နားဝင် အောင် ဘယ်လို ပြောရမှန်းမသိ..။





"ဒါဆိုရင်လည်း သမီးက အနိုင်နိုင်ကာလလေးတစ်ခုတော့ သတ် မှတ်ပေးလိုက်ပါကွယ်၊ သူ့ခများလည်း သည်းခံရှာပါတယ်၊ စောင့်ရဦး မယ်ဆိုရင်တောင် မျှော်လင့်ချက်လေးရှိအောင်ပေါ့၊ ပြီးတော့ သမီးဆီကို သူ မကြာခဏ ဝင်ထွက်သွားလာချင်ပါတယ်၊ သမီးကို ပြောပေးပါတဲ့"

သူ လာတာမြင်သည်နှင့် မိုးမြေ မျက်နှာပျက်သွားတာကို နား လည်သွားပုံပေါ်သည်။ ဒေါ်စုရတီ ကလည်း ဆက်တိုင်းအောင် ပြော သည့်အတိုင်းပဲ ပြောပြလိုက်ပြီး..

"သူက သမီးကို သဘောကျနေတဲ့သူ၊ ခုလည်း အလုပ်အားနေ တုန်းဆိုတော့ သမီးနဲ့ ရင်းနှီးမှုရအောင် သူ့ဘက်က ကြိုးစားချင်တာမျိုး ထင်တယ်"

"အဲဒါ မိုးမြေ အတွက် အနှောင့်အယှက်ဖြစ်တာပေါ့ ကြီးမေ ရဲ့၊ နောက်ထပ်တစ်လလောက်ပဲစောင့်ပါ၊ လက်ထပ်ဖို့ကို မိုးမြေ စဉ်းစားပါ့မယ်"

"တစ်လကြာမှ စဉ်းစားဖို့ စမှာပေါ့"

မိုးမြေ ခေါင်းညိတ်ဖို့ လှုပ်ရှားလိုက်ပြီးမှ နည်းနည်းလွန်သွားသလို ဖြစ်တာကို သတိရကာ ပြီးစီးအောင် ခေါင်းမညိတ်ဖြစ်ဘဲ လက်က သည်ပင်းကြားထဲကို ရောက်လျက်..

"ဟိုလေ.. သူ့ကိုလည်း ပြောပြီးပါပြီ မိုးမြေ စဉ်းစားမယ်ဆို တာ.."

"အေးပါကွယ်၊ သမီးတို့ချင်း ပြောဆိုထားတာရှိရင် ပြီးတာပါပဲ၊ ဘာပဲဖြစ်ဖြစ် လူကြီးတွေမျက်နှာကရှိတော့ သူ ရောက်လာတဲ့အခါ သမီး ရှိုင်းပျမိတာမျိုး မလုပ်နဲ့နော်"

"ဟုတ်.."

"အခု ပန်းချီသင်တန်းက ဘယ်လိုရည်ရွယ်ချက်တွေနဲ့ တက်နေ တာလဲ"

မိုးမြေ အထက်တန်းကျောင်းမှာကတည်းက ပန်းချီဆွဲခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



လက်စရှိတော့ သင်တန်းတက်နေသည်ဆိုတာကို ဒေါ်စုရတီ သိပ်မအံ့ဩပါ။ ဒါပေမယ့်…

"ဘယ်တုန်းကမှ လိုချင်တပ်မက်တဲ့ပုံစံမပြခဲ့ဘဲ ဒီမှာ သင်တန်းတက်နေတယ်ဆိုတော့ ထူးဆန်းနေသလားလို့ပါ"

"ကြီးမေကလည်း အနုပညာလက်ရာတွေဆိုရင် မန္တလေးမှာ ပိုပြီး အနုစိတ်တယ်၊ တော်တဲ့ဆရာတွေလည်း အများကြီးပဲ၊ ပန်းချီဆွဲနေရတာ စိတ်အပန်းဖြေခြင်းတစ်မျိုးပါ၊ ဒါပဲ ခဏခဏမေးနေတာပဲ"

"ဘယ်သူက မေးလို့လဲ"

"အန်တီပေါ့၊ မိုးမြေ ကိုပဲ မျက်လုံးဒေါက်ထောက်ကြည့်နေတာ"

"စိုးရိမ်လို့ပေါ့ သမီးရယ်၊ ကြီးမေတို့က သမီးကို မျက်စိကွယ်ရာမှာ တစ်ခါမှ မထားခဲ့ဘူးဘဲ သူ့ကို ယုံကြည်လို့ ခုလို အပ်ထားတယ်ဆိုတော့ သူ့အတွက် ဘယ်လောက် တာဝန်ကြီးသလဲ၊ ပြီးတော့ သမီးရဲ့အဖေကို သီရိ က အရမ်းကြောက်တာ"

ဖေဖေ့ကိုကြောက်သလို ကြီးမေကိုလည်း ရှိသေပါသည်။ အန်တီ ပြောလိုက်တိုင်း မမစု ဆိုတာ မပါဘဲပြီးတာ မဟုတ်..။

"သမီးကို မေးရဦးမယ်"

ဒေါ်စုရတီ က လက်ရှိပြောနေသည့် အကြောင်းအရာများနှင့် မသက်ဆိုင်သောစကားကို အစပျိုး၍…

"ရှေ့နေလေး မန္တလေးကိုဆင်းသွားတာ သမီး ထွက်သွားတဲ့ ရက်လောက်ကပဲ ထင်တယ်"

"အဲဒါ ဘာဖြစ်လို့လဲ ကြီးမေ"

"သူက ပြင်ဦးလွင်ကို ခဏခဏ ပြန်လာတယ်၊ သမီးက ပြန်မလာဘူး"

"အဲဒါရော ဘာဆိုင်လို့လဲ"





"ဪ… အိမ်နီးချင်းတွေပဲ ဆိုင်တာပေါ့ သမီးရယ်၊ သမီး သူနဲ့ဆုံမိတာများ ရှိသေးလား"

ဘယ်လိုဖြေရမလဲ၊ ဆုံတယ်ဆိုလျှင် ဘာပြောမှာလဲ၊ မဆုံဘူး ဆိုရင်ရော…

"အဲဒီလူက မိုးမြေ နဲ့ ခင်ခင်မင်မင်ရှိတာမှ မဟုတ်တာ၊ ဆုံဆုံ မဆုံဆုံ ဘာဖြစ်လဲ"

"ဒါကြောင့် ပြောတာပေါ့၊ သမီးတို့အကြောင်းကိစ္စနဲ့ တရင်းတနှီး သွားလာနေထိုင်ခဲ့ကြပြီး ကိစ္စလည်းပြတ်ရော ဆက်ဆံရေးတွေပါ ဘာမှ မရှိတော့ဘူး ဖြစ်ကုန်ကြတယ်၊ တကယ်ဆို ကိုယ့်အိမ်နီးချင်း ဒီလို အပြင်တစ်နေရာမှာဆုံကြရင် အားကိုးရတယ်၊ ကြီးမေတို့လည်း ကိုယ့် ကလေးအတွက် ဘာလေးညာလေးမှာလို့ ရတာပေါ့"

ဖြစ်ရလေ၊ ကိုယ့်ကို အဲဒီလောက်ထိ စိတ်မချဖြစ်နေလျက်နှင့် မျက်နှာလွှဲ ခဲပစ် ထားရှာတာပါလား။ မိုးမြေ အံ့လည်းအံ့ဩသည်။ စိတ်လည်း ညစ်မိ၏။ ပြီးတော့ ဒီလူကိုများ အားကိုးတဲ့ကြီး…

"တစ်ခုခုများ သွားပြောလိုက်မိသေးလား ကြီးမေရယ်၊ မိုးမြေ က အိမ်ကထွက်ပြေးနေတဲ့ မိမနိုင် ဖမနိုင်လေးကျနေတာပဲ.."

"မဟုတ်တာ သမီးရယ်၊ သူ့အဘွားနဲ့တွေ့လို့ အဲဒီအိမ်မှာဟောင်ထမင်းသွားစားဖြစ်ကြသေးတယ်၊ ဒေါ်နန္ဒာနွယ် က အရမ်းသဘော ကောင်းတယ်၊ အဘွားဆိုပေမယ့် အရွယ်တင်တော့ ချောချောမောမော သန့်သန့်ခန့်ခန့်ကြီးပဲ၊ သူကလည်း သူ့မြေးကို စောင့်ရှောက်ပေးပါလို့ ကြီးမေတို့ကို အပ်တာပဲ၊ လူကြီးမိဘဆိုတာ ကိုယ့်သားသမီးမြေးသားကို ဘယ်အချိန်ကြည့်ကြည့် နုသေးတယ်၊ ငယ်သေးတယ်ပဲ မှတ်ကြတာ၊ မျက်စိကွယ်ရာမှာ စိတ်မချနိုင်တာဖြစ်ကြတာပဲ၊ သူက ယောကျ်ားလေး၊ သမီးက မိန်းကလေးလေ၊ အဲဒါကြောင့် စောင့်ရှောက်ပါ၊ ကူညီပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း, အဲဒီလို ပြောလိုက်တယ်"

"မပြောရသေးပါဘူး။ မှာချင်တာ ပါးစပ်ကိုယားနေတာပဲ၊ ကိုယ် က မှာလို့ သူက နှုတ်ဖါစောင့်မခြင်း။ သက်ဖါစောင်မခြင်းရှိရင်တော သမီးက နာခံမှာမဟုတ်ဘူးလို့ တွေးမိတော့ မမှာဖြစ်ဘူးပေါ့"

"ဟင်း.."

မိုးမြေ က သက်ပြင်းချသံကြီးပေးပြီး နေရာမှ ထသွားသည် ပြီးတော့ ရေဘူးနဲ့ ဖန်ခွက်ယူလာကာ ဒေါ်စုရုတီ ကို ကိုယ်တိုင် ေ ထည့်ပေး၏။

ဒေါ်စုရုတီ က မျက်မှောင်ကုတ်နှင့် ကြည့်တော့မှ...

"ကြီးမေ ရေသောက်ချင်နေမလားလို့ ယူပေးတာပါ။ မသောက် ဘူးလား"

အောင့်သက်သက်နဲ့ပဲ ယူသောက်လိုက်ရသည်။ ယယ်ယယ်တုန်းက ဆို အိမ်မှာ ဘယ်သူ့ကိုပဲဆူဆူ မိုးမြေ တို့ ရေပြေးယူပြီး...

"ကြီးမေ ရော့..၊ အာခေါင်တွေ ခြောက်လိမ့်မယ်၊ ရေသောက် တဲ့..။ ကလေးဆိုတော့ ဒေါသဖြစ်ရခက်၊ သိတတ်လိုက်တာဆိုပြ ချီးကျူးရအောင်လည်း ဒီမှာ ဒေါသတွေနှင့် လည်နင်နေတုန်း...

အဲ .. သူမလေး ဆူခံထိပြီဆို ပိုဆိုးသည်။

"ကြီးမေက အဲဒီလောက် စကားတွေပြော ပြီး ဒေါကန်နေတာ အာခေါင်မခြောက်ဘူးလား"

"ဟုတ်တယ်.. ခြောက်နေပြီ၊ ရေလေးဘာလေး တိုက်ဦး.." ဟု ရွဲ့ပြောလိုက်လျှင် တကယ်သွားယူလာပြီး စပ်ဖြဲဖြဲမျက်နှာလေးနှင့်..

"ရော့.. ဖြည်းဖြည်းသောက်နော်၊ ရေသောက်နေတုန်း နားအေ ပါးအေးလေး နေရလည်း မနည်းဘူး.."

မကြားတကြားပြောပြီး ခေါင်းငုံ့ထားတတ်တာတွေ..၊ ဒီအရွယ် ထ





သူမလေးရဲ့ကိုယ်ပေါ်မှာ ဘုတ်တစ်ချက် မတင်ခဲ့ဘူးသည့်မို့ ရှိသေ သမှုတော့ရှိပေမယ့် ပြောစရာရှိလျှင် မကြားတကြား ပြောတတ်တာ ငယ်ကျင့်..။

ခုလည်း သူမ နားပူနေပြီကို သိအောင် ရေခပ်ပေးခြင်းဖြင့် ဆန္ဒ ပြနေပြီ။ ဒေါ်စုရုတီ ဖန်ခွက်ကို ပြန်ချလိုက်ရင်း မချိမဆံ့ မျက်နှာပိုး သတ်ထားရသည့် မိုးမြေ မျက်နှာလေးကို စိုက်ကြည့်၏။

"ရေတွေ မှိုချနေတိုင်း ရင်အေးတာ မဟုတ်ဘူးနော်သမီး။ ကြီးမေ တို့ကို စိတ်ချမ်းသာမှုလေးရအောင်တော့ သမီး လိမ္မာပါကွယ်၊ ဒေါ်နုရွှေ နှယ် က ပြောသေးတယ်၊ သူ့မြေးကို လက်ထပ်ပေးတော့မှာတဲ့၊ ရှေး ဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြရင်း သူ့မြေးနဲ့ သမီးရဲ့အဖြစ်တွေ တူ နေတာကိုပါ အံ့ဩလို့ ပြောနေသေးတယ်"

"မတူပါဘူး။ သူက လက်ထပ်မယ့်မိန်းမ ဆုံးတာပဲရှိကယ်၊ မိုးမြေ လို အမှုအခင်းတွေဖြစ်၊ တိုင်းသိပြည်သိ အရှက်ကွဲခဲ့တာ မဟုတ်ဘူး.."

"ဒါတော့ဒါပေါ့ သမီးရယ်၊ ဘာပဲဖြစ်ဖြစ် သူလည်း စိတ်ထိခိုက် ခဲ့တာပဲလေ၊ ဒါကို အစဉ်သဖြင့်ကြီး ခံစားနေလို့ အေးချမ်းသွားမှာမှ မဟုတ်ဘဲ၊ ကိုယ် လုပ်စရာရှိတာကို ဆက်လုပ်ရမယ်၊ ဘဝဆိုတာ တစ်ခန်းရပ်ပြဇာတ်တစ်ပုဒ်လို ဖြစ်ရပ်လေးတစ်ခုတည်းနဲ့ ကန့်လန့်ကာ ချလိုက်လို့ မရဘူး။ ငိုစရာ၊ ရယ်စရာတွေ၊ ပျင်းရိစရာ၊ ထိတ်လန့်စရာ တွေနဲ့ အမျိုးမျိုး ရင်ဆိုင်နေရမှာ၊ ကြီးမေကတော့ သမီး စိတ်ထဲမှာ ပြီးခဲ့တာတွေကို ဖျောက်ဖျက်မရတာမျိုးမဟုတ်ဘဲ လက်ထပ်ရမှာတစ်ခု ကိုပဲ သမီး မနှစ်မြို့နိုင်တာလို့ ထင်နေတယ်"

"ဒါပေမယ့် မိုးမြေ ကို လက်ထပ်ပေးမှာပဲမို့လား"

"အစဉ်အလာရှိခဲ့တာ သမီးလည်း သိပါတယ်ကွယ်၊ အခု သမီး က အသက်တောင်လွန်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သူများမိဘတွေဆို ကလေးလို့ ထင်နေတဲ့အရွယ်ပါ"

မိုးမြေ က မစုံမပို့တော့ ပြန်ပြောလိုက်ရမှ...

"ကြီးမေတို့က ကလေးလို့ မထင်တာမဟုတ်ဘူး၊ ကလေးဖ ချစ်ရတာကသပ်သပ်၊ ကလေးလိုတော့ မနေစေချင်ဘူး၊ သစ်သီးလေ တစ်လုံးကို မစားရက်၊ မသောက်ရက် ထုပ်ပိုးသိမ်းထားလည်း အထုပ် ထဲမှာ ဝင်းဝင်းစက်စက်လေးအတိုင်း ကိုယ်သိမ်းထားသလို ရှိနေမှာ မဟုတ်ဘူးလေ၊ အချိန်လွန်ရင် ရွဲ့ရိပျော်ကျသွားမှာပဲ၊ မစားရက်တာက ကိုယ့်အပိုင်း၊ သူကတော့ စားချင့်စဖွယ်ဖြစ်လာအောင် သူ့သဘာဝ အတိုင်း၊ သီးချိန်တန် သီး၊ မှည့်ချိန်တန်လို့ မှည့်လာခဲ့တာ၊ ကြီးမေ ပြောတာ သမီး နားလည်ရဲ့လားဟင်၊ မိဘရဲ့စေတနာအမှားကြောင် သားသမီးဘက်မှာ ထိခိုက်နစ်နာရတာတွေ ရှိခဲ့ဖူးတယ်၊ အားလုံးက အမြဲတမ်း မရှိမပင်ပြဒါကျနေဖို့ မလွယ်ဘူးလေ"

ကြားနေကျစကားတွေပါ၊ နောက်ထပ်လည်း ပြီးဆုံးဖို့ မလွယ် သေးဘူးဆိုတာ သိတော့ ရေဘူးနဲ့ ဖန်ခွက်ကို ထပ်ကြည့်လိုက်မိသည်၊

ပြီးတော့ မိုးမြေ မျက်နှာလေး မဲ့သွားကာ မထူးစိတ်ပိုက်လိုက် သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို တင်ပြ ကျေအေးလိုက်ရလေသည်။

"ဟုတ်ကဲ့ပါ၊ မိုးမြေ သူနဲ့ အမြန်ဆုံး လက်ထပ်ဖို့ ကြိုးစားမယ်"

မကျေမနပ်လေသံ အဖျားခတ်သွားပေမယ့် ဒေါ်စုရတီ ကတော့ သဘောတွေကျသွားခဲ့၏။

ခင်ပွန်းသည်က ဇနီးကို စောင့်ရှောက်တာနဲ့ သူတို့တွေ လိုက်ကြည့် ရင်မောနေရတာ တူမလား။ ထို့ကြောင့် ဒီသမီးလေးအတွက် စိတ်အေး ချင်သည်။ အမြန်ဆုံး လက်ထပ်ဖြစ်သွားဖို့လည်း ကြိုးစားရဦးမည်သာ..။





## အခန်း [ ၂၆ ]

"အားနာလိုက်တာ သမီးရယ်၊ အန်တီက ခဏနေရင် ပြန်လာ မယ်ထင်လို့ စောင့်နိုင်းမိတာ"

"ရပါတယ် အန်တီ"

မိုးမြေ က နာရီကို ငုံ့ကြည့်လိုက်ကာ..

"နောက် ဆယ်မိနစ်လောက်တော့ ထပ်စောင့်လိုက်ဦးမယ်၊ မိုးမြေ သင်တန်းမတက်ဖြစ်တော့တဲ့အကြောင်းလေး ပြောချင်လို့ပါ"

"စောင့် .. သမီးစောင့်၊ အေးဆေးနေနော်"

ထွတ်ဖျား ၏ အဒေါ်ဝမ်းကွဲဆိုသူက ဖော်ရွေပါသည်။ မိုးမြေ အတွက် အအေးနှင့်မုန့်တွေ တည်ခင်းဧည့်ခံထားရုံမက အထဲဝင် အလုပ် လုပ်လိုက်၊ အပြင်ထွက်လာပြီး စကားပြောလိုက်..။

မိုးမြေ နာရီကို နောက်ထပ်ငုံ့ကြည့်မိပြီး မျက်နှာပြန်အမော့မှာ တံခါးဝမှာ လူရိပ်ထင်လာ၏။ ဒါပေမယ့် ဆရာ မဟုတ်ပါ..။

"မင်း ရောက်နေတာလား၊ ထွတ်ဖျား မရှိဘူးထင်တယ်"

သူပဲမေး၊ သူ့ဘာသာ ကောက်ချက်ချပြီး ဧည့်ခန်းမှာပဲ မိုးမြေ နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဖိတ်စာလာပေးတာလား"

"ဟုတ်တယ်"

"မြန်သားပဲ"

"ဘာ!..."

"ဟုတ်တယ်လေ.. ကိုယ့်ထက်စောတာပဲဟာ၊ ကိုယ်ကတော့ ရက် မသတ်မှတ်သေးဘူး"

"မိုးမြေ က စေ့စပ်ဖိတ်စာပါ"

"ဩော်... ဒီလိုလား"

သူက မျက်ခုံးခပ်ပင့်ပင့်နှင့် လှောင်တာလိုလို၊ အတည်လိုလို၊ ဒီတစ်ခါ ရှုပ်အင်္ကျီအဖြူလက်ရှည်နှင့် ကြေးနီရောင်ချည်ချောပုဆိုး ဝတ်ထားသဖြင့် ဘောင်းဘီဂျာကင်နဲ့ ဆောင့်ကြွားကြွားပုံစံ ပျောက် နေ၏။

ဒါတောင် ဝတ်ထားပုံက လူကြီးလူကောင်းဆန်နေပြီး ပြောတဲ့ စကားက မခန့်သားသေး..။

"ဟော... သားရောက်လာပြီ"

ဒေါ်သူဇာ က မင်းမာန ကိုမြင်တော့ အားကိုးရသွားသလို စမ် သာအားရဖြစ်သွားလျက်...

"ဒီမှာ ညီသည် စောင့်နေတာကွယ်၊ သားသူငယ်ချင်းကို မတွေ့ ခဲ့ဘူးလား"

"မတွေ့ခဲ့ဘူး အန်တီ၊ ကျွန်တော်လည်း ခုပဲ တရားရုံးက ပြန်လာ တာ၊ သူ့ကိုခေါ်ပြီး တစ်ခုခု သွားစားမလို့"

"ဟုတ်လား၊ ဒီကောင်လေး ဘယ်သွားနေလဲ မသိဘူး၊ အရင် တစ်ခါ မျက်လုံးထိနိုက်မိသွားတဲ့ ကောင်လေးဆီကိုတော့ ခဏခဏ သွားနေတာ ပဲ၊ အဲဒီမှာများလား"





"ရပါတယ်၊ အန်တီ လုပ်စရာရှိတာ လုပ်ပါ၊ ကျွန်တော်တို့က ညီ့သည်တွေမှ မဟုတ်တာ"

"ဟုတ်ပါတယ် အန်တီ၊ မိုးမြေ လည်း တအောင့်ကြာရင် ပြန်မှာ၊ အန်တီ အားမနာပါနဲ့"

"အေး .. အေး .. ထိုင်ကြဦးနော်၊ ဒါဆို..."

တအောင့်ကြာတော့ မင်းမာန အတွက် စားစရာလာပို့ပြီး ဒေါ်သူဇာ ပြန်ဝင်သွား၏။

"မင်း သိလားမသိဘူး၊ ကိုယ့်အဘွားနဲ့ မင်းအဒေါ် တော်တော် ရင်းနှီးနေကြပြီ"

"တော်တော်ရင်းနှီးနေတဲ့သိတော့ မသိဘူး"

"အဲဒါ မင်းက တစ်ခါမှ မပြန်ဘူးဆိုတော့ ဘယ်သိမလဲ၊ အဘွားက ကိုယ့်ကို လက်ထပ်ပေးဖို့ကိစ္စနဲ့ မန္တလေးကို ဆင်းလာတာ ပြင်ဦးလွင်ကို ဘာလို့ရောက်သွားလဲ သိလား."

မိုးမြေ စိတ်မရှည်သည့်မျက်နှာလေးနှင့် လှမ်းကြည့်ကာ...

"ဘာမှမသိဘူး၊ မေးခွန်းတွေ မေးမနေဘဲ ရှင် တိတ်တိတ်နေရင် ကျေးဇူးတင်တယ်"

အဲဒီလိုမရိုင်းချင်လို့ မျိုသိပ်နေတာ၊ မှတ်ထား.. လေရှည်ချင်တဲ့ လူ..၊ မင်းမာန က မျက်မှောင်ကုတ်သွား၏။ ဒါပေမယ့် စိတ်ဆိုးသည့်ပုံ မဖြစ်ခဲ့ဘဲ...

"မင်းနဲ့ကိုယ် နှစ်ယောက်ပဲရှိတာ၊ ဒီတိုင်း ထိုင်နေရမှာ ပျင်းစရာ ကြီး၊ ပြီးတော့ ကိုယ်က မင်းရှိနေလို့ ထိုင်လိုက်တာ၊ မဟုတ်ရင် လှည့်ပြန်မလို့."

"ကျေးဇူးတင်ပါတယ် ပြောစေချင်လို့လား"

"မဟုတ်ပါဘူး၊ ကိုယ့်ကို စကားများတဲ့လူလို့ မင်း ပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြတာ၊ လူကြီးချင်း ဒီလောက် ရင်းနှီးနေပြီဆိုတော့ မင်းနဲ့ကိုယ် မသင့်မြတ်ကြတာ မကောင်းဘူးထင်တယ်"

"ဒီထက်ကောင်းတာတောင် ဒီလောက် မကောင်းဘူး"

သူမျက်နှာမှာ ပြုံးလိုက်သလို နှုတ်ခမ်းတွေ တွန့်သွားခဲ့၏။ ပြီးတော မျက်နှာငုံ၍ ဆံပင်တစ်ချက်သပ်သည်။ ပြီးမှ ပြန်မော့လာ ကာ..

"ကိုယ် မေးခွန်းတွေ မေးနေတာက မင်းကို..."

"ဘာကြောင့်ဖြစ်ဖြစ် .. ကျွန်မ ဖြေမှာမဟုတ်ဘူး၊ ရှင့်ရဲ့အ သည်လိုမျိုး မြင်နေသေးရင် မျက်နှာလေးဘာလေး သွားသစ်လိုက်.."

"မင်း တော်တော်စွာတာပဲ"

"ဘာ!..."

"ဒါပေမယ့် မင်းနဲ့ကိုယ် စကားပြောရတာကို စိတ်ဝင်စားမိတာ အမှန်ပဲ၊ စိတ်ထဲမှာ တွေးနေပူနေတာတွေ၊ ဟိုကွာ .. စိတ်ညစ်နေခဲ့ ရင်တောင် မင်းနဲ့ စကားပြောနေတဲ့အချိန်မှာ အားလုံးကို မေ့သွားတယ် မင်းကို ဟိုလိုဒီလိုသဘောတွေနဲ့ ပြောနေတာမဟုတ်ဘူးနော်၊ ကိုယ်တို့ နှစ်ယောက်စလုံး လက်ထပ်ရမယ့်သူတွေနဲ့ အသီးသီး သေချာပြီးသား မို့လို့ ရိုးသားပွင့်လင်းစွာ ရင်းနှီးချင်တာမျိုး..."

တကယ်ပဲ အဲဒီလို ထင်လိုက်ပြီဖြစ်ကာ စိတ်ထဲရှိတဲ့တိုင်း ပြောချ လိုက်ဖို့ပြင်ပြီးမှ...

နောက်ဆက်တွဲ သူ့စကားတွေကြောင့် အားလုံး ပြေကျသွားခဲ့သည် ဟုတ်သည်..၊ သူနဲ့ ကိုယ့်အနေအထားမှာ မရိုးသားခွင့်တွေ၊ ကြိုး စားခွင့်တွေ ရှိတော့လို့လား။ ပြီးတော့ မင်းမာန ၏ မျက်နှာမှာလည်း ဒီလို ကလက်တက်တက်အမူအရာတွေ ရှိမနေပါ..။

"အင်း .. ရှင့်မေးခွန်းတွေ ဖြစ်ပေါ်လာရခြင်းအကြောင်းကို ပြန်ဆက်ပါဦး"





"အိုခေ.."

မိုးမြေ နဲ့ ငြိမ်းချမ်းမှုရသွားပြီမို့ သူ့မျက်နှာမှာ ကျေနပ်ခြင်းများနှင့် ကြည်လင်သွား၏။

"ကိုယ်က လက်ထပ်ဖို့ကိုငြင်းနေလို့ အဘွားက ကိုယ့်ပတ်ဝန်း ကျင်ကို စုံစမ်းတယ်၊ အဲဒီမှာ ဘယ်လိုသတင်းတွေရပြီး ဘာစိတ်ကူးတွေ ပေါက်သွားမှန်းမသိဘဲ ပြင်ဦးလွင်ကို တက်သွားပြီး မင်းအန်တီတို့ကို အမင်းဖိတ်ကျွေး အိမ်လိုက်လည်နဲ့ ရင်းနှီးအောင် ကြိုးစားတော့တာပဲ"

"ဘယ်လို!.."

မိုးမြေ ပြန်မေးလိုက်တော့ သူက ပြုံးနေလျက်...

"ခုပဲ ငြိမ်းချမ်းရေးရတယ်၊ မတည့်အောင် ထပ်ပြောရတော့မယ်"

ဟု ပြောကာ လက်ဖဝါးချင်းပွတ်ပြီးမှ နှစ်ဖက်ထပ်ဆုပ်၏။ ပြီး တော့..

"ဆောင်း ထက် ပိုပြီးလှတဲ့ အိမ်နီးချင်းကောင်မလေးနဲ့ ကိုယ် ရင်းနှီးနေတယ်ကြားလို့တဲ့၊ ဆောင်း ကို ဘယ်လိုမှကို မေတ္တာမထားနိုင် တော့ဘူးဆိုရင်လည်း အဲဒီ အိမ်နီးချင်းကောင်မလေးနဲ့ပဲ..."

"တော်ပါတော့"

မိုးမြေ ပါးပြင်လေးတွေ နီမြန်းနေခဲ့၏။ ချစ်တယ်လို့ ပြောစာတွေ၊ လက်ထပ်ပါရစေဆိုတာတွေ မကြားဖူးတာလည်း မဟုတ်..။

ဒီလူပြောနေတဲ့ ဟိုလိုလို ဒီလိုလိုစကားတွေကျမှ ရှက်သည့်စိတ်က တစ်ကိုယ်လုံး ပူပူထူထူကြီးဖြစ်ကာ မျက်နှာတစ်ခုကို ထားစရာမရှိ ဖြစ်နေ၏။

"အခု အားလုံး ပြေလည်သွားကြပါပြီ၊ အဘွား ထင်ရာတွေ လျှောက်လုပ်နေတဲ့အချိန်မှာ မင်းနဲ့ကိုယ်က ရန်ဖြစ်လို့ကောင်းတုန်းပေါ့၊ အဲဒါကို ရယ်ချင်နေတာ..၊ ပြီးတော့ ကိုယ်တို့မသိတဲ့ ကောလာဟလ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိသေးတယ် သိလား၊ အများအမြင်မှာ မင်းနဲ့ကိုယ့်ကို ရှေ့သွားနောက်လိုက် ညီတယ်၊ ချစ်သွားကြမှာပဲလို့ ထင်နေကြတာ၊ လူတွေရဲ့ ပါးစပ်က ကြောက်စရာပဲကွာ၊ သူတို့ဝေဖန်တာနဲ့ ကိုယ်တို့က တခြားစီကြီး"

"အဲဒါကြောင့် နှုတ်ကြောင့်ငြေး လက်ကြောင့်သေ ဆိုတဲ့စကားရှိခဲ့တာ နေမှာပေါ့၊ ဒီတိုင်းဆိုရင် ရှင်နဲ့ မိုးမြေ အရင်လို ခပ်ကင်းကင်းနေကြတာပဲ ကောင်းမယ်ထင်တယ်"

"မကောင်းပါဘူး"

သူက ချက်ချင်း ခေါင်းခါ၏။

"မင်းလည်း အပေါင်းအသင်း နည်းပုံရတယ်၊ ကိုယ့်မှာလည်း မင်းနဲ့ကျမှ စကားများရ၊ စိတ်တိုရ၊ ပြီးတော့ အဲဒါတွေက ကြည်နူးစရာတွေအဖြစ် တင်ကျန်ရစ်ပြန်ရော၊ ပြောချင်တာက မင်းနဲ့ကိုယ် တချို့နေရာတွေမှာ တော်တော်တူတယ်၊ ခင်ခင်မင်မင် မဆက်ဆံဖြစ်ကြတာပဲ ရှိတာ၊ ရင်းနှီးနေပြီးသားလေ၊ လူတွေ ဘယ်လိုထင်ထင် မကြာခင် ကိုယ့်လမ်းကိုယ်လျှောက်ကြတော့မှာ မဟုတ်ဘူးလား"

"ရှင်က မိုးမြေ နဲ့ရင်းနှီးဖို့ ဘာဖြစ်လို့ ကြိုးစားနေတာလဲ"

"ရင်းနှီးပြီးသားပါ၊ ခင်ခင်မင်မင်ဖြစ်ကြဖို့ကို ကိုယ် လိုချင်တာ ဘာဖြစ်လို့လဲ မသိဘူး၊ မင်းကို ကိုယ် ခင်ချင်နေတယ်"

မိုးမြေ က မဲ့သလိုလေးပြုံးတော့ သူက ရယ်သည်။ ထိုအချိန်လေးမှာပဲ သူနဲ့ မိုးမြေ မပြေလည်ခဲ့သမျှ ပြေခဲ့ကြသည်။

ဆရာ ရောက်မလာလို့ အတူတူ ထပြန်လာခဲ့ကြရင်း စကားမပြတ်ဘဲ မိုးမြေ ဆိုင်ကယ်နားထိ သူ ပါလာခဲ့၏။ သူကတော့ ဒီတစ်ခါ ကားနဲ့ဖြစ်သည်မို့…

"မနေ့လေးမှာ ဆိုင်ကယ် အရမ်းရှုပ်တာပဲ၊ မင်းကို အိမ်က





…ဘူးလား"

"တားတာပေါ့၊ ဒါပေမယ့် ဆိုင်ကယ်လ်ပဲ စီးချင်တာ"

မင်းမာန က ဆိုင်ကယ်လ်လက်ကိုင်မှာ သူလက်တင်ထားကာ …ကောင်းဘိရှည်အနက်၊ စပို့ရှပ်အနက်ရောင်နှင့် ကုတ်အင်္ကျီရှည်အဖြူကို …တ်ထားသည့် မိုးမြေ ကို ကြည့်လိုက်ပြီး…

"မင်းက ဘယ်လိုနေနေ လှနေတာပါပဲ"

ဘာစကားလဲ… ဖျန်းခနဲ ပူနွေးသွားသည့်ကိုယ်ထဲမှာ ရှက်သည့် …တ်တွေလား…၊ ကိုယ့်ကိုယ်ကို ဟန်မပျက်အောင် မနည်း ထိန်း…ိုက်ရ၏။

"သင်တန်းမတက်တော့ဘူးဆိုတော့ ပြင်ဦးလွင်ကို ပြန်တော့မှာ…ား"

"အင်း .. စာမေးပွဲက ဟိုမှာပဲ လုပ်မှာလေ၊ အဲဒီပုဂ္ဂိုလ်ကလည်း …ြီးမေတို့နဲ့ တရော်တုပြီး နတည်းက ချုပ်ချယ်ချင်နေတာ၊ ခရီးယောင်း …က်ကိုင်တုတ်ကြီး တပြုပြုနဲ့ စည်းရုံးနေလို့သာ ခေါင်းညိတ်နေရတာ၊ …ရမ်း စိတ်ပျက်တာပဲ"

မိုးမြေ နှုတ်ခမ်းလေးစူ၊ နှာခေါင်းလေး ရှုံ့ပွပွဖြစ်နေတော့ သူက …တ်ကြည့်နေလျက်…

"ကိုယ်လည်း မင်းလိုပဲ၊ အဘိုးက နိုင်ငံခြားမှာ ကျန်းမာရေး ကြောင့် …ွားနေရတာလေ၊ အဘွားကလည်း လိုက်သွားချင်နေပြီ၊ အဲဒါ ကို …ိုယ့်မင်္ဂလာကိစ္စပြီးမှ သွားနိုင်မယ်ဆိုပြီး ထွေးလုံးရစ်ပတ်နေတော့ …နှုန်းမြန်လက်ထပ်ဖြစ်ဖို့ ဖြစ်သွားတာပေါ့"

"ရှင်က သူ့ကို သဘောမကျဘူးလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ သူက ဘာမှပြောစရာမရှိအောင် …ည်စုံတဲ့မိန်းကလေးပဲ၊ ဒါပေမယ့် အိမ်ထောင်ရေးဆိုတာ နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးခြင်းတွေဖြစ်ပြီးမှ မခွဲနိုင်တာတွေ၊ ပေါင်းဖက်ချင်တာတွေ ပါ လာ ကာယကံရှင်တွေမှာ အဲဒီလိုဆန္ဒ မဖြစ်ဘဲနဲ့ လူကြီးတွေ သတ်မှတ်တဲ့ပြည့်စုံခြင်းတွေ ရှိနေတာလောက်နဲ့တော့ ခိုင်မြဲပါ့မလား."

"သူ့ကိုချစ်နိုင်အောင် ကြိုးစားကြည့်ပေါ့"

"မင်းရော အဲဒီလိုရလား"

မျက်လုံးချင်းဆုံသွားကြ၏။ ရုတ်တရက် လွှဲဖယ်ဖို့ သတိမရလိုက်ဘဲ ခဏတဖြုတ်တော့ ကြာသွားပြီးမှ...

"ရှင်က ရှင် .. ကျွန်မက ကျွန်မပဲ"

"ဟုတ်တော့ ဟုတ်တယ်လေ၊ လောလောဆယ် မင်းနဲ့ကိုယ်က ဘဝတူပဲ၊ အဖြစ်တွေတူခဲ့တာလည်း ရှိတော့..."

မိုးမြေ က ရယ်လိုက်သဖြင့် သူ့ စကားပြတ်သွား၏။

"မတူနိုင်ပါဘူး ကိုမင်းမာန ရယ်"

"ကိုမင်း ဖြစ်ဖြစ်.. ကိုမာ ဖြစ်ဖြစ် တစ်ခုခုခေါ်ရင် ရပါတယ်၊ အဆင်ပြေအောင်ပေါ့"

သူ ကြားဖြတ်ပြောတာကို မိုးမြေ က ခေါင်းညိတ်၍...

"ရှင်က ယောကျ်ားပဲဆိုတဲ့ မဟာကရုဏာပြည့်စုံတဲ့ သဘောတော်တွေနဲ့ လက်ထပ်ဖို့ရည်ရွယ်ခဲ့တဲ့ မိန်းကလေးတိုင်းကို ရင်းနှီးနိုင်ခဲ့တဲ့သူပါ။ မိုးမြေ က ရှင့်လိုမဟုတ်ဘူး၊ ဘယ်တစ်ယောက်ကိုမှ ကြည့်မရလို့ ပြေပြေပြစ်ပြစ် ဆက်ဆံပြောဆိုခဲ့တယ်ဆိုတာလည်း မရှိသေးဘူး၊ အဲ... ဒီနေ့ထိပေါ့၊ အဲဒါတော့ မတူဘူး၊ ရှင်က ချစ်ဖို့ကြိုးစားရင် ရနိုင်မယ့်လူ.."

"မင်းက ဘယ်သောအခါမှ ချစ်မလာနိုင်ဘူးလို့ သေချာပေါက်ပြောနေတာလား၊ အဲဒီ ဘယ်သောအခါဆိုတဲ့အချိန်ဟာ တစ်ဘဝလုံးသွားရမယ့်အချိန်တွေနော်၊ ဒီလောက်ထိ ခါးသီးနေတဲ့ လူတစ်ယောက်ကို





း လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တယ်ပေါ့"

မိုးမြေ ရုတ်တရက် မဖြေနိုင်ဘဲ မျက်နှာလေးလွှဲ၍ မျက်ဝန်းတွေ ဒီဝေ့လည်နေခဲ့သည်။ ခဏကြာမှ...

"အဲဒါ ကျွန်မကိစ္စပါ"

"မဟုတ်ဘူးလေ ကိုယ်တို့က မိတ်ဆွေတွေဖြစ်သွားပြီဆိုတော့ က ရင်ဖွင့်ကြတဲ့သဘောပဲ၊ ပြီးတော့ မင်းအတွက်လည်း ကိုယ် တ်ပူသွားတယ်၊ အချစ်နဲ့ကိုယ် သိပ်မရင်းနှီးသေးပေမယ့် အိမ်ထောင် နဲ့ပတ်သက်လာမှ တွေးဖြစ်ခဲ့တာတွေရှိတော့ ရင်ခုန်သံကို နားထောင် င်တဲ့စိတ်တွေ ဖြစ်လာခဲ့တယ်၊ တိတ်ဆိတ်နေတဲ့ ရင်ဘတ်ထဲကို လည်လာလေ စိုးရိမ်လေပဲ၊ မင်းအတွက် စိတ်ပူသွားတာ အဲဒါ ကြောင့်ပါ။ အချစ်ဆိုတာ ဖန်တီးယူလို့ မရနိုင်ပေမယ့် ဖြတွယ်တတ်တဲ့ သဘောတော့ ရှိမယ်ထင်တယ်၊ သူ့ကို ကိုယ်က ချစ်လာနိုင်မလားဆို ဆန်းစစ်မှုလောက်တော့ မင်း ရှိသင့်တယ်.."

"ချစ်နိုင်းတိုင်း ချစ်လို့မရဘူးဆိုတာလည်း ရှင် သိသင့်တယ် မာန၊ အဲ... ဆောရီး ရှင့်နာမည်က ဒီတိုင်းခေါ်မှ ပြည့်စုံသလိုပဲ မို့လို့"

လွှတ်ခနဲ ခေါ်လိုက်ပြီးမှ မိုးမြေ က ပြန်တောင်းပန်ကာ သူက ခေါင်းညိတ်လိုက်ရင်း ပြုံး၍...

"လုပ်ပါ.၊ ကြိုက်သလို ခေါ်၊ ဟိုငယ်ငယ်တုန်းကဆို ဖေဖေ လည်း သိုပဲ ပြောဖူးတယ်၊ မင်းနာမည်က အဖျားဆွတ်ခေါ်လို့ ကောင်းဘူးဆိုပြီး 'မင်းမင်း'လို့ သူ့ဟာသူ တစ်လုံးထပ်ဖြည့်ပြီး ခေါ်တာ.."

'မင်းမင်း.'

နားထဲမှာ ဒီနာမည် ဖြတ်သန်းသွားပုံက တရင်းတနှီး..၊ မိုးမြေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ တစ်ခုခုနှင့် နီးစပ်သွားသလို ခံစားလိုက်မိပေမယ့်...

"ကိုယ် မင်းကို ကိုယ် ဘယ်သူ့ကိုမှ မပြောဖြစ်တဲ့ အကြောင်း တစ် ပြောပြချင်တယ်"

"ရှင့်ထဲက အကြောင်းတွေပဲလား"

"မဟုတ်ဘူး၊ ကိုယ်ကိုယ်တိုင် နားမလည်နိုင်အောင် ဖြစ်နေ အကြောင်း၊ ခုလည်း နားမလည်နိုင် ဖြစ်နေတုန်းပဲ"

"ရှင်လိုက်နေတဲ့ အမှုတွဲထဲကလား"

"မဟုတ်ဘူး မိုးမြေ၊ မင်းရော တခြားလူတွေရော ကိုယ်ပြော ယုံမှာ မဟုတ်တဲ့အကြောင်းတွေပဲ၊ ဒီနေ့ထိ ဘယ်သူ့ကိုမှ ကိုယ် မပြော ပေမယ့် နောက်ထပ်ကြာကြာ မျိုသိပ်မထားနိုင်တော့အောင် ဆိုးဝါးလ ခဲ့ရင်..."

သူ ဆက်မပြောဘဲ ဖြတ်တောက်သွားခဲ့၏။ မျက်နှာပြင်ထက် ကြည်လင်ရွှင်ပျခြင်းတွေပါ ပျောက်ဆုံးသွားခဲ့ပြီး...

"မင်း နားထောင်ပေးမလား"

သူမမှာလည်း ရှိနေသည်ပဲ။ ဒါပေမယ့် သူနဲ့နေရာဘာ တိုက် ဆိုင်တူညီနေတာတွေ မဖြစ်ချင်တော့သည်မို့ မိုးမြေ ကိုယ့်အဖြစ် မျိုသိပ်ထားလိုက်ပြီး...

"နားထောင်ပေးမယ်၊ ဒါပေမယ့် ခု ကြာနေပြီ၊ မိုးမြေ ပြန်တော့ မယ်"

"ကိုယ်တို့ တစ်နေရာရာမှာ ထပ်ဆုံကြမလား..."

"အဲဒီလို ချိန်းဆိုပြီးတွေ့ကြတာတွေ မိုးမြေ မလုပ်ချင်တော့ဘ အခြေအနေ အချိန်အခါတွေကို ကြောက်လို့ပါ"

မင်းမာန က ခေါင်းညိတ်လိုက်ပြီး ဆိုင်ကယ်လက်ကိုင်





တင်ထားသည့်လက်ကို ပြန်ရုတ်လိုက်၏။

"ကိုယ် နားလည်ပါတယ်"

"ပြီးတော့လေ အခု စေ့စပ်ဖို့ သဘောတူပြီးမှ သူက ဒီမှာပဲ နေတာ၊ မိုးမြေ ကို တကောက်ကောက်လိုက်မကြည့်ရှုတမယ်ပဲ လက် ထပ်ဖို့လည်း ဆုံးဖြတ်ပြီးပြီဆိုတော့ စိတ်ညစ်ပေမယ့် ဒီတိုင်းပဲ နေလိုက်ရ တယ်၊ ဟိုတစ်ခါလို အထင်လွဲတာတွေ၊ တိုက်ဆိုင်တာတွေနဲ့ ရှုပ်ထွေး ခံချင်တော့ဘူး"

"အင်း .. ဟုတ်ပါတယ်"

"စေ့စပ်ပြီးတဲ့အခါ ရှင်နဲ့ ခုလို အမှတ်တမဲ့ ဆုံဖြစ်ဦးမှာပါ၊ မဟုတ်လည်း အိမ်နီးချင်းဆိုတော့ ရှင်ဖြစ်ဖြစ်.. မိုးမြေ ဖြစ်ဖြစ် အိမ်လည်ကြရင်း ပြောလို့ရတယ်လေ"

"ရပါတယ်ကွာ၊ ဒီလောက် ရှင်းပြမနေပါနဲ့၊ ဒါနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီဆိုတော့ စေ့စပ်ပြီး ဘယ်လောက်ကြာကြာ နေဦးမှာလဲ"

"ကြာကြာနေရလေ ကောင်းလေပေါ့"

ပြောပြီး ရယ်လိုက်တာလေးကို မင်းမာန က ငေးကြည့်၏။ သူမနဲ့မျက်နှာချင်းဆိုင် စကားပြောဖြစ်ခဲ့တာတွေ ရှိသော်လည်း ဒီလို ရယ်တာလေးကို မမြင်ဖူးခဲ့ပါ။

လှတာချင်းတူရင်တောင် ဘယ်သူမှ မမီနိုင်အောင် ရယ်တတ်ပုံ လေးက အံ့သြစရာပင်။ သွားတန်းလေးတွေက လှသည်။ နှစ်ခြိုက်စွာ ရယ်လိုက်တော့ ပါးပြင်လေးတွေ သိမ်းဖယ်သွားကာ သွားတန်းလေး ပေါ် လာပုံက ကဗျာဆန်၏။

မိုးမြေစား ဆိုတဲ့အတိုင်း အလှတွေအားလုံး သူမခြေရင်းမှာပဲ ဝပ်စင်းနေကြသည်လား..၊ သူမနဲ့ စကားများ မသင့်မြတ်ခဲ့ရတဲ့ အဖြစ် အပျက်တွေကို ခဏခဏ သတိရလာခဲ့ပြီးမှ သူမနဲ့ နောက်ထပ်ဆုံဖို့ကို

www.burmeseclassic.com



မျှော်လင့်ရင်း ဆုံဖြစ်ခဲ့တဲ့နေရာလေးတွေကို တမင်တကာရှောက်အောင် သွားခဲ့မိတာ ဘယ်သူသိမှာလဲ..။

ဒေါသတွေ တဖွေ့တစ်ပိုက်နှင့် သူမ ကိုယ့်ရှေ့ကနေ လှည့်ထွက်သွားပြီဆို ခဏတစ်ဖြုတ်တော့ ငေးငိုင်ကျန်ခဲ့ရမြဲပါ။

ကိုယ်နဲ့ရေစပ်ဖို့ဖြစ်လာခဲ့တဲ့ မိန်းကလေးတွေထဲမှာ မင်း ဘာဖြစ်လို့ မပါခဲ့တာလဲ မိုးမြေ..၊ ခုတော့ ရင်ခုန်ခွင့်တောင်မရှိကြတဲ့ အမိ အဝေးတစ်ခုမှာ မင်းနဲ့ငါ..။





## အခန်း [ ၂၆ ]

"မိုးမြေ"

ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ မင်းမာန က အပေါ်ထပ် လှေကားကနေ ဆင်းလာတာဖြစ်ကာ သူမဆီကို ခြေလှမ်းကျဲများနှင့် လျှောက်လာပြီး...

"ဒါတွေ ကြည့်ပြီးပြီလား၊ အပေါ်ထပ်မှာ ပိုစုံတယ်၊ ကိုယ် လိုက်ပြမယ်လေ"

မင်းမာန က ဘောင်းဘီရှည်နက်ပြာ၊ ရှပ်အင်္ကျီအပြာရောင်ပွပွနှင့် သင်းမွှန်နေ၏။ သူ့ကိုတွေ့လိုက်ရသည့်အချိန် တော်တော်များများမှာ ပင်ပန်း နွမ်းနယ်နေတာမျိုး သိပ်မရှိခဲ့ဘူးထင်၏။ မိုးမြေ မျက်နှာပြန်လွှဲလိုက် ဘာ...

"အပေါ်မှာ ရှိသေးသလား၊ ဒါကြောင့် ဒီမှာ ပန်းချီကားတွေ သည်းနေတာကိုး"

ပြခန်းထဲမှာ ယောကျ်ားလေးသုံးယောက်နှင့် စုံတွဲတွေ ရှိနေကြ၏။ မိုးမြေ တို့နဲ့ဆို ဒီလောက်ပြခန်းလေးအတွက် လူစည်သည်လို့ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



ရနေပြီ ဖြစ်သည်။

ဒါပေမယ့် တိတ်ဆိတ်ခြင်းတို့ ကြီးစိုးနေပုံက ပြန်နီးပိုင်ရှင် ပန်းချီဆရာ တာရာ ၏ ကံမကောင်းခြင်းအတွက် ကြေကွဲမှုကို ပြနေသလို လို..။

"အပေါ်ထပ်မှာ ပန်းချီဆရာ ရှိသလားဟင်"

"ရှိတော့ရှိတယ်၊ ဒါပေမယ့် ခုချိန်မှာ သူ လူစိမ်းတစ်ယောက်ကို တွေ့ချင်မှာ မဟုတ်ဘူးထင်တယ်၊ လူက ကျန်းမာနေပြီပေမယ့် စိတ် မကျန်းမာသေးဘူး"

"မိုးမြေ သိပါတယ်၊ သူ့ကိုတွေ့မလို့လည်း မဟုတ်ဘူး၊ သူ့ အကြောင်း တစ်စွန်းတစ်စကြားရတာ မရှင်းလို့၊ ရှင်ကတော့ သိမှာပေ့ နော်၊ ဆရာတို့နဲ့ ခင်နေတာဆိုတော့.."

မင်းမာန ချက်ချင်း ခေါင်းမညိတ်နိုင်ဘဲ ဖြစ်သွားသည်။ ဒါတွေကို သိရုံမကဘဲ ကိုယ်ပေးခဲ့တဲ့ ကံဆိုးခြင်းလက်ဆောင်တွေပါလို့ ပြောပြ လိုက်ရင် မိုးမြေ ယုံမည်မထင်..။

သူ ခုပဲ တာရာ ဆီက ထထွက်ခဲ့တာပါ။ တာရာ က ထွတ်ဖျား ကို ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံပေမယ့် သူ့ကိုတော့ ငြိုငြင် နေပုံရသည်။

"ဒီပစ္စည်းမှာ ရာဇဝင် သို့မဟုတ် ကျိန်စာတစ်မျိုးတော့ ရှိနေ တယ် ကိုမင်းမာန၊ ခင်ဗျား မယုံလဲ မတတ်နိုင်ဘူး၊ ဒါပေမယ့် နောက် ထပ် လူတွေ ဒုက္ခမရောက်အောင် ကျုပ်ကတော့ ပြောရမှာပဲ၊ နောက် ဒီလိုထပ်လုပ်ဖို့ မကြိုးစားပါနဲ့"တဲ့..။

သူ သွားတွေ့ဖြစ်တိုင်း ဒီစကားမျိုးပဲ ပြောသည်။ သူ ခေါင်း မညိတ်ဘဲနေတာကို မကျေနပ်ဖြစ်နေမှန်း မျက်လုံးတွေက သိသာ၏။

"မင်းမာန.."





"ဟင်!..."

"ဘာဖြစ်သွားတာလဲ၊ မိုးမြေ ထပ်မမေးရတော့ဘူးလား"

မင်းမာန စိတ်ကူးတွေကိုဖျက်ကာ သက်ပြင်းချ၏။

"မင်း ဘာကို သိချင်တာလဲ"

"လူတွေက ပြောနေကြတယ် ဟိုလေ.. သင်တန်းက လူတွေ ပါပဲ ..တို့ ဘယ်က သိလာကြတာလဲ မသိဘူး၊ ဆရာတာရာ က ..တသင့်နေတဲ့ ပန်းချီကားတစ်ခုကို ဆွဲမိလို့ ခုလိုဖြစ်တာတဲ့"

"ဟာ!... မဟုတ်ပါဘူး"

"ရှင် သိလားလို့လား"

"မဟုတ်ဘူးဆိုတာ.. မဟုတ်နိုင်ပါဘူးလို့ ပြောချင်တာပါ၊ အဲဒါ ..ကိုကြားတော့ မိုးမြေ က ယုံကြည်နိုင်လို့လား"

"ဘယ်လိုပြောရမလဲ.."

မိုးမြေ က လက်မှာ တန်းလန်းဆွဲကိုင်ထားသည့် ဆလင်းဘက်စ် ..ပန်းမှာ ဖြန့်လွှယ်လိုက်ပြီး လက်ပိုက်သည်။

"မိန်းကလေးဖြစ်လို့ ယုံလွယ်တယ်ပဲပြောပြော ..ဖြစ်ရပ်တွေ ..တော့ စိတ်ဝင်စားတာ အမှန်ပဲ၊ ဒါ တကယ်ဖြစ်နိုင်ငဲ့ မဖြစ်နိုင်ဆိုတာ ..ယက်ရှင်နဲ့ စကားပြောကြည့်ရင်တော့ သိချင်သိမှာပေါ့"

"မင်းလိုပဲ ကိုယ်လည်း ဒီအကြောင်းကို စိတ်ဝင်စားနေတဲ့သူပါ၊ ..ယ် အရမ်းအလေးထားတဲ့ အလုပ်ချိန်တွေကိုတောင် ပွန်းပဲ့ခံပြီး ..င်းကြည့်တဲ့အထိပဲ"

မိုးမြေ မျက်ခုံးလေးတွေ မြင့်တက်သွား၏။

"ဒါဆို ရှင်က မိုးမြေ ထက် အများကြီး ပိုသိမှာပဲ"

စိတ်ဝင်တစားဖြစ်နေသည့် မိုးမြေ မျက်ဝန်းလေးတွေကို ပြန်ကြ..ည့်ကာ သူ ပြောချင်နေတာတွေကို ပြောလိုက်ပြီလို့ တွက်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မွန်းကျပ်နေသည့်ရင်ကို ရှင်းထုတ်သလို သက်ပြ
ရှည်ကြီးချကာ..

"အဲဒါတွေကို သိချင်ရင် ကိုတာရာ ဆီ မသွားသေးဘဲ ကို
ပြောတာတွေကို အရင်နားထောင်မှ ဖြစ်မယ်"

"ဟင်!..."

"မင်း သိချင်တာတွေ သိရမှာပေါ့၊ ဒီနေ့တော့ အပေါ်က ပြခန်း
တစ်ပတ်လျှောက်ပြီး ပြန်တာပေါ့"

"အင်းလေ.. လျှောက်နေရင်း ပြောပြပေါ့"

"အဲဒီလို မကောင်းဘူးကွ၊ ပြောရင် ရှည်တယ်၊ ပြစရာလည်
ရှိတယ်၊ အခု ကိုယ့်မှာ ပါမလာဘူး"

အစဖော်လိုက်ကာမှ မိုးမြေ သိချင်စိတ်တွေ ဖြစ်လာခဲ့၏။ သ
အတူ အပေါ်ထပ်ကို တက်ခဲ့ရင်း...

"ရှင် အိမ်ကို လာခဲ့ပါလား၊ စကားအေးအေးပြောလို့ရတယ်
မိုးမြေ အန်တီ့ကို ပြောထားမယ်"

"မင်း စေ့စပ်ဖို့ ပြန်ရမှာမို့လား"

"မနက်ဖြန်မှ ပြန်မှာလေ၊ အခု သိချင်တာကို ဘယ်လိုလုပ်မ

မင်းမာန က ပြုံးလိုက်ပြီး လှေကားထစ်တွေ တစ်ထစ်ချ
နင်းဖြတ်တက်ရင်း ပြန်ငဲ့ကြည့်၏။

"ကိုထွတ် က ပြောတော့ မင်း ပန်းချီလာသင်တာ တီးခေ
ကြည့်ချင်တာမျိုးပဲဆို.."

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် မိုးမြေ တတ်ထားတာထ
ပိုပြီးကျွမ်းကျင်မှ လုပ်လို့ဖြစ်မယ့်ကိစ္စတစ်ခု ရှိထားလို့ဆိုရင် ပိုမှန်မ

"ဘယ်လို!..."

"ပန်းချီကားတစ်ချပ် ဆွဲဖို့ပါ။ ပုံတူပန်းချီကားပေါ့၊ မိုးမြေ အတွ





အရမ်းအရေးကြီးတဲ့ ပန်းချီကားပဲ၊ အခု ဆွဲဖို့ အဆင်သင့်ဖြစ်ပြီးဆိုကာမှ
စေ့စပ်ဖို့က အရေးတကြီးဖြစ်လာလို့.."

"မင်းကိုယ်တိုင် ဆွဲမှဖြစ်မှာလား၊ ဆရာတစ်ယောက်ယောက်ကို
အပ်လိုက်ရင်ရော.."

"မဖြစ်ဘူး၊ မိုးမြေ ဒီကိစ္စကို ဆရာ့ကိုတောင် ဖွင့်မပြောခဲ့ဘူး၊ အဲဒါ
ကိုယ်တိုင်ဆွဲချင်လို့ပဲ၊ ဒါမှ သိချင်တဲ့ ပဟေဠိတစ်ခုကို အဖြေရှာ နိုင်မှာ၊
ဒီအဖြေအတွက် မိုးမြေ ဘဝကို ပုံပြီး.. အား..."

"မိုးမြေ.."

လှေကား အပေါ်ဆုံးထစ်ရောက်မှ ခြေထောက်က ချော်သွား၏။
ပန်းချီကားအကြောင်း စိတ်ဝင်စားသွားသဖြင့် မေးမလို့ ငုံ့ကြည့်လိုက်
တုန်းမို့ မိုးမြေ လဲကျမသွားအောင် မင်းမာန အချိန်မီ ဆွဲထားလိုက်နိုင်၏။

သို့သော် လှေကားထိပ်မှာမို့ ပြန်ပြုတ်ကျမှာစိုးကာ မိုးမြေ ကို
ဖက်၍ လက်ရန်းဘက်ကို ကပ်လိုက်ရသည်။

မိုးမြေ သည် လက်ရန်းမှာ ကျောကပ်လျက် မင်းမာန ရဲ့ ရင်ဘတ်
အကျီစကို ဆုပ်ဆွဲလျက်သားနှင့်ဖြစ်၏။ တစ်ယောက်ကိုတစ်ယောက်
အလန့်တကြားကြည့်ဖြစ်ရင်း ဒီပုံအတိုင်းမှာ စက္ကန့်များစွာ ကျော်လွှား
ဖြတ်သန်းခဲ့၏။

"ဖယ်ပါ"

"ဆောရီးနော်.. နှစ်ယောက်စလုံး ပြုတ်ကျသွားနိုင်လို့ ဖြစ်သလို
ဆွဲလိုက်ရတာ"

"အင်း..."

မိုးမြေ ရင်ခုန်သံ တဒိန်းဒိန်းခုန်လျက် သူ့ရင်ခွင်ထဲကနေ ရုန်းထွက်
လိုက်၏။

"အ.."



www.burmeseclassic.com

www.burmeseclassic.com



"နေဦး.. ဆံပင်ငြိနေတယ်"

မိုးမြေ ရှက်ရှက်နှင့် ရှောင်ထွက်သွားချင်တာလည်း မရ၊ ဆံပင်က သူ့အင်္ကျီကြယ်သီးမှာ ဘယ်လိုငြိခဲ့သည် မသိ..။

"ခဏလေး.. ဒီမှာ ငြိမ်ငြိမ်နေနော်"

မင်းမာန က မိုးမြေ ပခုံးလေးကို ဖွဖွလေး ဆုပ်ကိုင်ကာ အပေါ် ကြမ်းခင်းနေရာထိ တက်သည်။ စိုက်ချရသည့်နေရာကျမှ ငြိနေတာကို သေချာဖြုတ်သည်။

ဆံပင်က အရှည်ကြီးဆိုလည်း တော်သေးသည်။ ပခုံးသာသာ လေးမို့ ဆံပင်ကြောင့် မိုးမြေ ခေါင်းလေးစောင်းကျကာ မင်းမာန ရင်ခွင်ထဲ ဝင်နေသလို ဖြစ်သွား၏။

"ရပြီ .. ရပြီ"

မင်းမာန က ဆံပင်ကိုဖြုတ်လိုက်ပြီး တစ်ခါတည်း သပ်ချပေးလိုက်သဖြင့် မိုးမြေ ကလည်း လက်နဲ့ ပြန်ဖိလိုက်ရာ လက်ဖဝါးနှစ်ဖက် ထိခတ်သွားပြန်သည်။

ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ရယ်မိကြ၏။

"အမှတ်တမဲ့တွေက အံ့သြဖို့ကောင်းတယ်နော်၊ တမင် ငြိအောင် လုပ်ရင်တောင် လွယ်မှာမဟုတ်ဘူး"

"ဟုတ်တယ်"

နှစ်ယောက်အတူ ပြခန်းဘက်ကို လှည့်လိုက်ကြလျှင် တစ်ဆစ်ချိုး လမ်းဝလေးမှာ ရပ်နေသည့် အရိပ်တစ်ခုကြောင့်...

"ကိုတိုင်း"

မိုးမြေ ခေါ်လိုက်သည့် အသံတိုးတိုးကြားမှ သူမနှင့် စေ့စပ်မည့် ဆက်တိုင်းအောင် ဆိုသူမှန်း မင်းမာန သိလိုက်သည်။

အရပ်မြင့်မြင့် အသားလတ်လတ်နှင့် ပြေပြစ်ချောမွေ့သူပဲဖြစ်၏။





ဆက်တိုင်း ကတော့ သူ့ကို မျက်မှောင်ကုတ်ကြည့်နေပြီးမှ မိုးမြေ ဘက်ကိုလှည့်လိုက်တော့ ပြေပြစ်ဟန်ဆောင်လိုက်ရသည့်မျက်နှာနှင့်..

"မိုးမြေ အတွက် ပန်းချီကားတစ်ချပ် လက်ဆောင်ပေးချင်လို့ ဘွန်တော် လာကြည့်တာ"

မိုးမြေ တစ်ခါမှ မခံစားဖူးခဲ့သော သိမ်ငယ်ခြင်းဖြင့် အမှတ်တမဲ့ မျက်နှာလွှဲမိတော့မလို ဖြစ်သွားသည်။

သူ ရပ်ကြည့်နေတာ ဘယ်လောက်ကြာပြီလဲ..၊ ဘယ်ကစပြီး မြင်သွားတာလဲ..၊ မတော်တဆဖြစ်သွားခဲ့တာဆိုတာရော သိရဲ့လား။

အာရုံထဲမှာ အနားကို ငှန်းငိုင်းကြီးရောက်လာခဲ့ဖူးသည့် လင်းရောင် သိန် ၏ပုံရိပ်က ထင်လာ၏။ ဒီလိုတိုက်ဆိုင်မှုများနှင့် သူမ ဘာဖြစ်လို့ အဆိုးမိုးမှောင်ကျနေခဲ့တာလဲ..။

သူ့ကို ဘာစကားမှ ပြန်ပြောဖို့သတိမရဘဲ စိတ်တွေက ကယောက် ကယက်ဖြစ်နေဆဲ...

"ဒါက ပြခန်းသပ်သပ်ပဲဗျ၊ ဒီပြခန်းကပုံတွေက ရောင်းဖို့ မဟုတ်ဘူး"

မင်းမာန က ဝင်ဖြေလိုက်တော့ မျက်မှောင်ကုတ်သည့်မျက်နှာ ပြန်ဖြစ်ကာ ဆက်တိုင်း ၏အကြည့်က စူးရဲနေ၏။

"အလုပ်အပ်ရင်တော့ သူ လက်ခံတယ်၊ ဒါလည်း အခု ကျွန်မှာ အားမကောင်းသေးတော့ လောလောဆယ် လက်ခံမယ် မထင်ဘူး"

"မင်းက ပိုင်ရှင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"မသိကြတဲ့လူတွေနဲ့စာရင် နည်းနည်းပါးပါး ပိုသိတဲ့လူပါ၊ ပတ်သက်ပါဘူး"

"မိုးမြေ နဲ့ရော.."

ပြောင်ပြောင်မေးလိုက်သဖြင့် ရုတ်တရက် မဖြေသံမထွက်ဘဲ မိုးမြေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ မျက်လုံးချင်းဆုံသွား၏။

"မိုးမြေ နဲ့ ကိုယ် ဘယ်လိုပတ်သက်ခဲ့သလဲလို့ မေးတာလား"

ဆက်တိုင်းအောင် က မဖြေပါ။ အလွန်အမင်း ခံခတ်နေသည့် အကြည့်များနှင့် ငြိမ်နေ၏။ မင်းမာန က ဘာမှမပြောင်းလဲသောအကြည့်နှင့် ပြုံးလိုက်တာ...

"အဲဒါ ပြင်ဦးလွင်တစ်မြို့လုံး သိပါတယ်၊ ပြီးတော့ ခြံချင်းကပ်လျက်နေတဲ့လူတွေ.."

မလိုအပ်တာတွေ ပြောနေသည်ဆိုသောအကြည့်နှင့် ဆက်တိုင်းအောင် က ရှုးစိုက်ကြည့်နေ၏။

"မိုးမြေ ဒါဆို ကိုယ် လိုက်မပြတော့ဘူးနော်၊ ဖြစ်လား.."

"နေဦး"

မိုးမြေ ကလည်း ခဏအတွင်းမှာပဲ ကိုယ့်စိတ်ကို ထိန်းချုပ်ဆုံးဖြတ်လိုက်ပြီဖြစ်ရာ...

"ကိုတိုင်း က ပြန်မလို့လား။ မိုးမြေ အပေါ်မှာ မကြည့်ရသေး ဘူး"

ရှင် လိုက်မပြနိုင်ရင် မင်းမာန နဲ့ပဲ သွားလိုက်မယ်ဆိုသည့် အဓိပ္ပာယ်မို့ ဆက်တိုင်း မျက်နှာ သိသာစွာ ညိုမှောင်သွား၏။

"မိုးမြေ ကိုထားခဲ့ပြီး ပြန်သွားရလောက်အောင် ကျွန်တော်နဲ့ မိုးမြေ က နှုတ်ဆက်ပြုံးပြရုံလောက်ပဲ သိခဲ့တဲ့လူတွေလား မိုးမြေ ရယ်၊ ဘယ်လို မေးလိုက်တာလဲ"

မင်းမာန က သူ့မျက်နှာထက်က ရေဒီယိုကြိမ်နှုန်းကို ဆုပ်ဖမ်းမရနိုင်ပေမယ့် နားလည်သည့်အပြုံးနှင့် နှုတ်ဆက်လိုက်၏။

"ကိုယ် သွားမယ်နော်၊ မင်းရဲ့ ဈေးစပ်ပွဲအမီ ပြင်ဦးလွင်ကို တက်ခဲ့ဖို့ ကိုယ် ကြိုးစားပါ့မယ်"

ပြန်ဆင်းသွားသည့် ကျောပြင်ကျယ်ကို လိုက်ကြည့်ရင်း





ဆက်တိုင်းအောင် ရင်ထဲမှာ သဝန်တိုစိတ်တွေ ရှန်းကြွ ပြောင်းဆန်နေကြ၏။

မင်းမာန ဆိုသည့် ရှေ့နေ..၊

ရှေ့နေဆိုတဲ့ထဲမှာ သူက နာမည်ကျော် ရှေ့နေတစ်ယောက်။

ဒီလူနဲ့ မိုးမြေ အကြောင်းတွေ လူတွေပြောနေကြသည်။ တွဲလျက်မြင်လိုက်ရတော့လည်း မင်းမာန ၏ ခပ်ဖြောင့်ဖြောင့်ပုံစံ၊ သန့်စင်ချောမွေ့နေသည့်မျက်နှာက မိုးမြေ နဲ့...

"ရှင် ဒီမှာပဲ ရပ်နေမှာလား"

မိုးမြေ က ခပ်ပြတ်ပြတ် မေးလိုက်ပြီး လှည့်ထွက်သွား၏။ သူ ချက်ချင်း ပြန်လိုက်ခဲ့ရသည်။ တစ်ဖက်သတ်ချစ်ရခြင်းဒုက္ခကို ပထမဆုံး ခါးသီးစွာ ခံစားလိုက်ရခြင်း ဖြစ်သည်။

မင်းမာန ဆိုတဲ့လူဟာ နတ်သားတစ်ပါးလို ချောနေတယ်ဆိုရင်တောင် မင်းရဲ့နတ်သား ဘယ်တော့မှ မဖြစ်ရဘူး မိုးမြေ..။

ကိုယ်သာ မင်းရဲ့...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၅ ]

"မင်း ဘာလုပ်နေတာလဲ မိုးမြေ"

တောင်ထိပ်က လေတဟူးဟူးတိုးဝှေ့နေတာကို ရပ်ငေး ခံစားနေတုန်း ဆက်တိုင်းအောင် ရောက်လာသဖြင့် နောက်လှည့်ကြည့်ရင်း မိုးမြေ စိတ်ညစ်သွားသည်။

ဒါတောင် စေ့စပ်ဖို့ တစ်ရက်အလို..၊ စေ့စပ်ပြီးပြီဆိုရင် အရိပ်လိုတကောက်ကောက်လိုက်နေတော့မှာ အဖြေက ထွက်နေပြီဖြစ်၏။

"ဟိုနေ့က မိုးမြေ တို့ တွေ့တဲ့ကိစ္စကို ကိုယ် မေးမှာစိုးလို့ ရှောင်နေတာလား"

"ဘာ!..."

မိုးမြေ ဆတ်ခနဲ ဖြစ်သွားတာကို သူက မချိတရိမ့်၍ ရှေ့တိုးလာသည်။ ဒီနေရာကကြည့်လျှင် တောင်ကြားလမ်းကလေးကို မထိုမပို မြင်ရကာ ဘယ်ကိုကြည့်ကြည့် ရှုတိုင်းလှသည့်နေရာ..။

မိုးမြေ သူ့ကို မကြည့်တော့ဘဲ စိတ်ကိုထိန်း၍ ရှေ့ပြန်လှည့်သည်။

"ရှင့်ကို ရှောင်နေစရာ ဘာအကြောင်းမှမရှိဘူး ကိုတိုင်း၊ ပြီးတော့





မိုးမြေ တို့က ရိုးသားတယ်"

"ရိုးသားတဲ့လူတွေက ကွယ်ရပ်လေးတစ်ခုမှာ ဖက်တွယ်ကြည်နူးနေကြတာပေါ့နော်"

"ရှင် ထင်ရာ စွတ်မပြောနဲ့၊ ဆံပင်ငြိနေလို့ ဖယ်ထုတ်နေရတာ မမြင်ဘူးလား"

"မြင်လို့ ပြောနေတာပဲ၊ ဆံပင်ငြိတဲ့အထိဖြစ်ကာ ဘာကြောင့်လဲဆိုတာ ကိုယ် မေးရင် မင်း ဖြေနိုင်လား"

ဖြေနိုင်သည်။ ဒါက အမှတ်တမဲ့ ဖြစ်သွားခဲ့သည့်ကိစ္စ..၊ ဒါပေမယ့် စွပ်စွပ်စွဲစွဲ ပြောနေတာကို ဒေါသဖြစ်ရလွန်းသဖြင့် ဖြေရှင်းချင်တဲ့စိတ်လည်း မရှိတော့ပေ။ မိုးမြေ နှုတ်ခမ်းကိုက်ပြီး ပြန်ကြည့်နေတာကို ဆက်တိုင်း ဘယ်လို အဓိပ္ပာယ်ကောက်သွားသည် မသိ..။

"မင်းမာန ကို ကိုယ် မမီနိုင်ပါဘူး၊ သူ့ ချောသလောက်၊ သူ့ ချမ်းသာသလောက် ကိုယ့်မှာ မရှိဘူး၊ မင်းတို့ရဲ့လူချင်းကြီး အစတည်းက ချင်းနှီးခဲ့ကြရင် ခုလောက်ဆို မင်းနဲ့သူ ညားနေလောက်ပြီ"

ကာစ်ယောက်တည်း သုံးသပ်ချက်တွေထုတ်၍ ခွေးနေသည်။ တောင်အောက်ကနေ ပင့်တိုက်နေသည့် လေပြင်းကြောင့် သူ့ဆံပင်တွေ နောက်ပြန်လွင့်တက်နေလျက် နဖူးပြင်ကျယ်မှာ မျက်မှောင်ကုတ်ထားသည့်အရိပ်နှင့် ခပ်တွန့်တွန့်ဖြစ်နေ၏။

"မင်းရင်ထဲမှာလည်း အတွေ့နောက်ကျလေခြင်းဆိုတဲ့ နောင်တတွေ ရှိချင်ရှိနေမှာပဲ"

"ကိုတိုင်း ရှင် ယောက်ျားမဟုတ်ဘူးလား"

"ယောက်ျားမှာ သဝန်မတိုရဘူးလား မိုးမြေ၊ ကိုယ် ယှဉ်လို့ မမီနိုင်တဲ့ကောင်က မင်းရဲ့စိတ်ကို အစကတည်းက ပိုင်ဆိုးသွားတာ"

"အဲဒီလို သေချာနေရင်လည်း ရှင် မိုးမြေ ကို လက်မထပ်နဲ့ တော့"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်..၊ မင်း အဲဒီလိုပြောမယ်ဆိုတာ၊ အဲဒါကြောင့် ကိုယ် မပေါက်ကွဲမိအောင် အမျိုးမျိုး ထိန်းချုပ်နေခဲ့တာ"

"ထိန်းချုပ်မယ်ဆိုရင် လုံးဝ ဘာမှမဟန့်၊ မမျိုသိပ်နိုင်ရင် တစ်ခုခု ကို ဆုံးဖြတ်လိုက်၊ မိုးမြေ ဆီက ရှင်ကြားချင်တဲ့ ဖြေရှင်းချက်ကိုတော့ ဘယ်တော့မှ ကြားရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မရှုပ်ခဲ့တဲ့ အတွက် ရှင်းဖို့မှ မလိုတာ"

"ယောကျ်ားလေးတွေအပေါ်မှာ မင်း အဲဒီလို မာကျောနိုင်ခဲ့ တာပဲ မိုးမြေ၊ မင်းမှာ အသည်းနှလုံးမှ ရှိရဲ့လား"

"ရှင်.. မိုးမြေ ကို ကိုယ်ထိလက်ရောက် မစော်ကားနဲ့နော်၊ လက်ကို ခုလွှတ်လိုက်ပါ"

"မလွှတ်နိုင်ဘူး"

ဆက်တိုင်းအောင် က မိုးမြေ ပခုံးနှစ်ဖက်ကို မချင့်မရဲ ဆုပ်ကိုင် ထားကာ...

"အခု စေ့စပ်ပွဲကို လက်ထပ်ပွဲပြောင်းမယ်"

"ဘာပြောတယ်"

"မင်း ရင်ထဲမှာ တကယ် သန့်ရှင်းခဲ့ရင် အဲဒါကို လက်ခံရမယ် မိုးမြေ မဟုတ်ရင်တော့ မင်းမာန ကို မင်း မျှော်လင့်နေတယ်၊ သာယာ နေတယ်လို့ ကိုယ် သတ်မှတ်ရမှာပဲ"

"သေလိုက်ပါလား..၊ ဖယ် .. လွှတ်နော်"

"မလွှတ်ဘူး၊ မင်းဆီက အဖြေတစ်ခုခု ကိုယ် ကြားရမှ လွှတ် မယ် ပြောစမ်းပါ မိုးမြေ .. ကိုယ့်ကို မင်း လက်ထပ်တော့မယ်လို့"

"မဖြေဘူး .. ရှင့်လို လူရမ်းကားကို၊ လွှတ်နော် .. ရှင် မလွှတ်ဘူးလား"

မိုးမြေ သူ့လက်တွေကို အတင်းဖြုတ်ချပစ်ရင်း တွန်းထိုး ရိုက်





ာ်နေမိ၏။

ထိုစဉ် ဆက်တိုင်းအောင် ၏ ကိုယ်ခန္ဓာသည် တစ်စုံတစ်ယောက် ာ ဆောင့်ဘွန်းပစ်လိုက်သလို ပက်ခနဲ လန်ကျသွား၏။ ခြေ နှင်လှမ်း ုလှမ်း ယိမ်းယိုင်သွားကာ နောက်ထပ် ခြေချော်လဲလိုက်သလို မျိုး ာန်ချက်ပျက်သွားသည့်အခါ..

"အား!..."

"အမလေး!..."

တောင်အောက်ကို ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေသည်။ မြေ လန့်ဖျန့်အော်ကာ မျက်နှာကို လက်ဝါးနှင့် အုပ်ပစ်လိုက်မိ၏။ ပြန်လည်တိတ်ဆိတ်သွားပြီး ခဏကြာမှ လက်ကို ဖယ်လိုက်လျှင်... ဟင်!...

တောင်စောင်းထိပ်မှာ နီရဲနေသော သွေးကွက်ကြီးက နည်းတာ ာတ်..။

"ကိုတိုင်း .. ရှင် ဘယ်မှာလဲ.."

အောက်ကို မျက်လုံးက အလိုလို စုန်ဆင်းသွားခဲ့၏။ ထိုအခါ ခေါက်ငြိမ်သက်နေသော ဆက်တိုင်းအောင် ၏ အလောင်းကို အဝေး ီးမှာ မြင်လိုက်ရ၏။

မိုးမြေ တစ်ကိုယ်လုံး ကတုန်ကယင် တုန်ယင်လျက် နောက်ကို ာက်ချားစွာ ဆုတ်မိသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်နှင့် တိုက်မိ ာ့မလို ဖြစ်သွားကာ ဖျတ်ခနဲ လှည့်ကြည့်မိ၏။

မျက်လုံးထဲမှာ အလင်းရောင် မပျောက်သေးသည့်အချိန်မှာပဲ ပြာ သွားခဲ့၏။ ဆံပင်ရှည်တွေ ဖြန့်ချထားလျက် မေးရိုးကားကား မဟာ ုးကျယ်နှင့် လူ..၊ ဝတ်ထားတာက ရှမ်းရိုးရာဝတ်စုံပေမယ့် ဖြူ ာမှုခြင်းက မင်းသားတစ်ပါးလို သိမ်မွေ့နေကာ ထီးဟန်နန်းဟန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။

ဒါပေမယ့် မျက်လုံးအစုံသည် ရှုးရဲအေးစက်နေလျက် အငြိ
အတေးတွေ၊ ကလဲ့စားချေလိုခြင်းတွေနှင့် ပြည့်နှက်နေခဲ့သည်။ မျက်လုံ
ချင်းဆုံနေစဉ်မှာ သူ့နှုတ်ခမ်းတွေက တင်းတင်းစေ့ထားသော်လည်း သူ
ပြောနေသည့်စကားတွေကို မိုးမြေ ကြားနေရသလိုပင်..။

ထို့ပြင် ဖျတ်ခနဲပေါ် လာသည့် ပုံရိပ်တစ်ခုဟာ လင်းရောင်ထိန် နှ
သူမှ ရေတံခွန်ရှေ့မှာ ဆွဲတား ရုန်းပမ်းတွေ ဖြစ်နေသည့်ကာလ..၊

မင်းသားပုံပေါက်နေသည့် မဟာဆန်သော ဤလူသည် မိုးမြေ က
ဆုပ်ကိုင်ထားသည့် လင်းရောင်ထိန် ၏လက်ကို အသာလေး ဆွဲ
ဖြုတ်ကာ ရေတံခွန်ယံကို တွန်းချပစ်လိုက်ခြင်း..။

"ရှင်! .. ရှင် .."

မိုးမြေ မျက်ဝန်းလေးတွေ တဖြည်းဖြည်း ဝိုင်းစက်ပြူးကျယ်လာ
ကာ လက်ညှိုးထိုးနေရင်း ကတုန်ကယင်နှင့် နောက်ထပ်ဆုတ်မိသည်
သူ လုပ်လိုက်တာမှန်း မိုးမြေ သိအောင် ပြလိုက်ခြင်းဖြစ်၏။

သူမ ကြောက်နေလေ.. မင်းသား၏ နှုတ်ခမ်းတွေ ပြုံးယောင်
သမ်းလာလေ..၊ သို့သော် အပြုံးကြီးသော အေးစက်သည့်မဲ့ပြုံးမျိုး
ဖြစ်သည်။

သိပြီလား..၊ နောက်ထပ် လက်ထပ်ချင်သေးလားလို့ မေးနေသံ
တွေ မိုးမြေ နားထဲမှာ ကြားနေရ၏။ ဒါပေမယ့် သူ ပြောနေတာ မဟုတ်..၊

"ရှင် ဘာဖြစ်လို့ သူတို့ကို လိုက်သတ်နေတာလဲ၊ ဘာသဘော
လဲဟင်"

သူက မဖြေပါ။ ရှုးရဲလက်တောက်နေသည့် မျက်လုံးတွေကို မိုးမြေ
မျက်နှာပေါ်က မရွှေ့သလို တင်းတင်းစေ့နေသည့် နှုတ်ခမ်းတွေ က
မလှုပ်..။





"မိုးမြေ က ဘယ်ယောကျ်ားနဲ့မှ လက်ထပ်ခွင့်မရှိတော့ဘူးလား။
ဒင် ဘာတွေ လုပ်နေတာလဲ၊ ရှင်နဲ့ မိုးမြေ ဘာရန်ငြိုးရှိခဲ့လို့လဲ"

မေးသာမေးနေပေမယ့် ဖြေသံက မပါ၊ သို့သော် သူ့ရဲ့ အေးစက်
သော မျက်ဝန်းအမိပ္ပာယ်တွေထဲမှာ မိုးမြေ လက်ထပ်ဖို့ကြိုးစားသမျှ
ကိုင်းပဲ လုပ်မည်ဟု ကြိမ်းဝါးနေသည့်နှယ်..။

ကိုယ့်ဘာသာ နားလည်လိုက်သည်က သူမကို ထိုသူ ဘယ်တော့မှ
လက်ထပ်ခွင့်ပေးမှာ မဟုတ်..၊

"ဒီမှာ.. ရှင် မသွားနဲ့..၊ ကျွန်မ မေးတာကို ဖြေရမယ်..၊ ရှင်
သွားနဲ့နော်"

ကျောခိုင်းလိုက်တာမြင်သည်နှင့် လှမ်းဆွဲလိုက်မိသည်။ ဒါပေမယ့်
ဘာကိုမှ မမိလိုက်ဘဲ ပျောက်ကွယ်သွား၏။

ဒီလူ ကျောက်ပြားချပ်ထဲက လူပဲ၊ ပုံသဏ္ဌာန်အရ ဒီလူပဲဆိုတာ
သေချာနေသဖြင့် ဘယ်လို ပတ်သက်ဆက်စပ်နေသည်ကို သိချင်ကာ
ပျောက်ကွယ်သွားသည့်နောက်ကို ပြေးလိုက်ခဲ့မိသည်။

ကုန်းမြင့်နေရာလေးမို့ မြေကြီးခဲကို နင်းမိကာ ခြေချော်သွား၏။

"အား."

မိုးမြေ ဆတ်ခနဲ ထထိုက်လိုက်စဉ် ကိုယ့်အသံကို ပြန်ကြားလိုက်
၏။ မနက် ခုနစ်နာရီခွဲနေပြီ ဖြစ်သည်။ နေရောင်ဖျဖျနှင့် တလွန့်လွန့်
လှုပ်ခတ်နေသော ပြတင်းခန်းဆီးတို့က နံနက်ခင်းအလှမှာ စိုပြည်နေကြ
ပေမယ့် မိုးမြေ လည်ပင်းနဲ့ နဖူးပြင်တို့မှာ ချွေးတွေ ရွှဲနေ၏။

ဒီနေ့ ပြင်ဦးလွင်ကို ပြန်ရမှာဖြစ်သည်၊ ညနေ ငါးနာရီမှာ စေ့စပ်ပွဲ
၏။ သို့သော် စေ့စပ်ပွဲကို သူမ စိတ်မဝင်စားဘဲ ကျောက်ပြားချပ်
လေးကိုယူဖို့ ကိုယ်ပေါ်က စောင်ကို ဖြစ်သလို ဆွဲချပစ်လိုက်သည်။

"ဒေါက် .. ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. မိုးမြေ နိုးနေပြီ အန်တီ"

"အေး .. အေး..၊ နေမြင့်နေမယ် မြန်မြန်လုပ်၊ ဟိုကလူတွေ လည်း စိတ်မောနေရမယ်"

"ဟုတ်ကဲ့ပါ"

"ဆက်တိုင်းအောင် ဖုန်းဆက်ထားတယ် သမီး၊ သူ တော်ကြာ လာခေါ်လိမ့်မယ်"

"ဟုတ်.."

ပါးစပ်က အဆင်ပြေသလို ဖြေနေရင်း ညဝတ်ဂါဝန်ကြီးဖားဖား နှင့် မိုးမြေ အံဆွဲကို ဆွဲဖွင့်လိုက်သည်။ ဘယ်ရောက်သွားလဲ..၊ ထား တတ်သည့်နေရာမှာ ပြေးလှန်းရှာတာလည်း မတွေ့..။

ဒီပစ္စည်းကို သူမ ဘယ်တုန်းကမှ ခက်ခဲစွာ မသိမ်းခဲ့ဖူးပေ။ ဒီကိုရောက်မှ ပိုပြီးတော့ဘောင် အလွယ်တကူ ထားခဲ့သေးသည်။

မကြာခဏ ထုတ်ကြည့်နေမိကာ စိတ်ကူးနှင့် ပန်းချီဆွဲနေမိတာ လည်း ခဏခဏ..၊ လွယ်အိတ်ထဲက မထုတ်ဖြစ်တာလားဟု တွေးမိ သဖြင့် လွယ်တတ်သမျှ ဆလင်းဘက်ခ်တွေ၊ ကြိုးရှည်အိတ်တွေဆီ ရောက်သွားမိပြန်သည်။

ဘယ်ရောက်သွားပြီလဲ..၊ အိပ်မှက်ထဲက မျက်လုံးကြီးတွေကို သတိရလိုက်ကာ ကြက်သီးတွေ ဖျန်းခနဲ ထသွား၏။

ကိုင်ထားသည့်အိတ်ကို ပစ်ချလိုက်ပြီး ဒီဘက်လှည့်လိုက်လျှင်..

"အမလေး!..."

မျက်လုံးထဲမှာ ပြာခနဲ ဖြစ်သွားသည်။ ကျောက်ပြားခြမ်းလေးက သူမ ခေါင်းအုံးရဲ့ဘေးမှာ တစ်စုံတစ်ယောက်က သေချာထောင်ထား သလိုပင်..။

"ဒေါက် .. ဒေါက်"





"သမီးရေ..."

"ရှင်."

မိုးမြေ အသံတွေတုန်နေတာကို ဒါ်သီရိ သတိထားမိပုံ မပေါ်ပါ။

"အောက်ထပ်မှာ ဆက်တိုင်းအောင် ရောက်နေပြီ"

"... ... ..."

"သမီး.."

"ရှင်."

"ဘာတွေလုပ်နေတာလဲ၊ မျက်နှာရော သစ်ပြီးရဲ့လား"

"ဟုတ်..၊ သစ်..သစ်ပြီးပြီ၊ လာမယ် အန်တီ"

မိုးမြေ ပင့်သက်ရှိုက်၍ နှမ့်ပြင်ကို ပွတ်ဆွဲသုတ်ပစ်၏။ ပြီးတော့ ကျောက်ပြားလေးကို ကောက်ယူလိုက်ပြီး သေချာကြည့်သည်။

အဖြစ်ဆိုးခဲ့သမျှ အားလုံးဟာ ဒီကျောက်ပြားကြောင့် ဘာကယ် ဖြစ်နေတာလား..၊ တဒိတ်ဒိတ် ခုန်နေဆဲ ရင်ခုန်သံကြောင့် ကျောက်ပြား ကိုင်ထားသည့်လက်က တုန်ချင်ချင်..။

မကြောက်နဲ့ မိုးမြေ .. ဒါက ကျောက်သားထဲက ပန်းချီ နင့်ကို ဘာမှ အန္တရာယ်မပေးနိုင်ဘူး၊ မကြောက်နဲ့..။

ဒီပုံကို ကိုယ့်ဘာသာ ပုံတူဆွဲဦးမယ်ဆိုပြီး ဒါလေးကို ယုံကြည် ထိတ်လန့်နေရလား။ မယုံနဲ့..။ ကိုယ့်ကိုယ်ကို အထပ်ထပ် သတိပေး နေရင်း ကျောက်ပြားကို စားပွဲပေါ်မှာ ချထားလိုက်သည်။

အောက်မှာ အန်တီတို့ စောင့်နေပြီမို့ အာရုံတွေပြားနေတာတွေကို ခုတ်မိုတ်ဖျောက်ကာ ရေချိုးဖို့ ပြင်ဆင်လိုက်ရသည်။

လှုပ်ရှားနေတာက ကိုယ်ခန္ဓာဖြစ်ကာ စိတ်က မငြိမ်မသက်မို့ ပြီးစီးလို့ အပြင်ထွက်လာခဲ့ကာမှ လှေကားထိပ်ကနေ လှမ်းကျသွားသည့် မျက်မှန်က အောက်ထပ်ကြမ်းခင်းထိ တိုက်ရိုက်သက်ဆင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ပါကေးနှင့်ပြောင်လက်နေသော ကြမ်းခင်းနှင့် မိတ်ဆက်က မျက်မှန်က ကွဲထွက်ကြေမွသွား၏။

အားလုံးသော စကားသံတွေ တိတ်ကျကုန်ကာ မိုးမြေ နဲ့ မျက်မှ ကွဲဆီမှာ မျက်လုံးတွေ ခေါက်တုံ့ ပြေးလွှားသွားကြသည်။

"သမီးရယ်..၊ ဘာဖြစ်လို့ ကမန်းကတန်း ထွက်လာရတာ မျက်မှန်မဟုတ်ဘဲ ခြေချော်လ ါချော်နဲ့ လူပြုတ်ကျမှဖြင့်..."

ဒေါ်သိရီ စိုးရိမ်တကြီး ထရပ်လိုက်ကာ အထဲကိုလည်း လှ ခေါ်၍...

"ဒါတွေ သေချာရှင်းခမ်း၊ လာ .. သမီး ဖြည်းဖြည်းဆင်း"

ဧည့်ခန်းထဲမှာ ဆက်တိုင်းအောင် နှင့် သူ့အစ်ကိုလင်မယားဆိုသေ စုံတွဲတစ်တွဲ ရှိနေသည်။

အမျိုးသမီးသည် သူမကတော့ မင်္ဂလာပွဲသွားမှာလို ဖိုးပါတိတ် ခုခေတ်ပုံဝတ်လျက် စိန်တွေ ဆင်ထားတာလည်း ပြိုးပြက်လက်နေသဖြ မိုးမြေ က ဂျင်းဘောင်းဘီရှည်ခကျပ်၊ စပို့ရှပ်ခါးရှည်ပွပွကို ခါးပတ်ပြ ကြီးနှင့် ဝတ်ထားတာမြင်တော့ အံ့သြသလို ခြေဆုံးခေါင်းဆုံးကြည့်၏

ထို့ပြင် မိုးမြေ ရဲ့လက်မှာရော နားမှာ၊ လည်ပင်းမှာ အားလုံးဖ ရောင်စုံလှုပ်ခါနေသဖြင့်...

"ဆောရီးနော်..၊ မိုးမြေ ညက အိပ်ရာဝင် နောက်ကျသွား တာနဲ့"

"မဟုတ်တာ၊ အချိန်လည်း စောပါသေးတယ်၊ ညီမလေး လု စရာရှိသေးရင် လုပ်ပါ"

လင်မယားနှစ်ယောက်စလုံး မိုးမြေ ကိုပဲကြည့်ကာ ပျာပျာသဖ ပြုံးပြကြသည်။ သူတို့မှာ စေ့စပ်မည့် သတို့သမီးလောင်းက မန္တလေး မို့ သတို့သားလောင်းဘက်က ကြိုဆိုသူတွေအနေနှင့် မနေ့ကတည်းက ပြင်ဦးလွင်ကနေ ဆင်းချလာကြတာဖြစ်၏။ မတ်တော်မောင်ကတေ





စေ့စပ်ပွဲဖြစ်မြောက်ဖို့ဆိုပြီး စည်းရုံးရေးဆင်းသွားကတည်းက မိုးမြေ နားက မနွာတော့တာပါ..။

ထို့ကြောင့် သတို့သမီးလောင်းကို ခုမှ သေချာမြင်ဖူးတာမို့ အား နာတမ်း ကြည့်မိကြတာဖြစ်၏။ အိမ်ကထွက်ကြတော့ ဆက်တိုင်း အောင် ဇာကားပေါ်မှာ မိုးမြေ တို့ရယ်၊ အန်တီရယ်ပါကာ သူ့အစ်ကို လင်မယားက ကားတစ်စီးသပ်သပ်နှင့် ရှေ့ကဖြစ်၏။

"နေမကောင်းဘူးလား မိုးမြေ၊ မျက်နှာလည်း မကောင်းပါလား"

ကားမောင်းနေရင်း ဆက်တိုင်း က လှည့်မေး၏။ မိုးမြေ နဲ့ သူ စေ့စပ်ခါနီးမှ အဆင်မပြေဖြစ်မှာကို မလိုသဖြင့် မနေ့ကစ်နေ့က ကိစ္စ တွေကိုတောင် ခေါင်းထဲက မောင်းထုတ်ထားခဲ့မိသည်။

ချစ်တဲ့သူတိုင်းမှာ သဝန်တိုစိတ်တော့ မရှိဘဲနေမလား။ ဒါပေမယ့် သူ မိုးမြေ ရဲ့ဒေါသကို မလိုချင်၊ သူ့ဘက်က ချစ်နေရသူဖြစ်ကာ မိုးမြေ ဘက်ကတော့ အချိန်မရွေး ရုန်းထွက်သွားနိုင်သူ ဖြစ်သည်။

ထို့ကြောင့် တိုက်ဆိုင်တာတွေပဲလို့ သားခဲ့လိုက်ပြီး ခမ့်နိုင်အောင် ကြိုးစားဖို့လည်း ဆုံးဖြတ်၏။

"ဝမ်းနည်း အစက်အခဲဖြစ်နေရင် ကိုယ့်ကို ပြောလို့ရပါတယ် မိုးမြေ ရယ်၊ ကိုယ် မင်းကို ဆုံးရှုံးရမယ့်အဖြစ်ကလွဲရင် မင်းအတွက် သေဆို သေ၊ ရှင်ဆို ရှင်၊ ဘယ်လိုလုပ်ပြရမလဲ"

"အို..."

'သေ'ဆိုသည့် စကားကြောင့် မိုးမြေ ဆတ်ခနဲ ကျုံ့သွားသည်။ ရင်ထဲမှာပူနေတာ 'ရှင့်အတွက်ပါ'လို့ပြောရင် ဆက်တိုင်း ဆိုတဲ့လူ ယုံမှာမဟုတ်..။

ရင်ထဲမှာ ခဲဆွဲထားသလို လေးလံနေသည်။ ရှေ့ကို တ‌ရှူးရှူး တိုးဝေ့ပြေးလွှားနေသည့်ကားက လမ်းပေါ်မှာမဟုတ်ဘဲ တောင်ထိပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ဦးမော့ပြေးတက်သလို ထင်နေ၏။

"မိုးမြေ.."

"ဟင်!..."

မျက်လုံးအကြောင်းသားနှင့် ဘာမှမဖြေသည့် သူမကို ဆက်တိုင်းက မျက်မှောင်ကုတ်၍ သေချာစိုက်ကြည့်၏။

"ကိုယ်နဲ့ စေ့စပ်ရမှာစိုးလို့ ချောက်ချားနေတာတော့ မဟုတ်ဘူးနော်၊ တစ်ခုခု ပြောပါ မိုးမြေ ရယ်၊ ကိုယ် စိတ်ပူလို့ပါ.."

နောက်မှာ အန်တီလည်း ပါနေသဖြင့် ပြောရခက်သည့်အကြောင်းတွေကို မပြောနိုင်ဘဲ ပင့်သက်ရှိုက်မိ၏။ ပြီးတော့ ခေါင်းခါ၍...

"မိုးမြေ တစ်ခုခုကို စိုးရိမ်နေသလို ဖြစ်နေတယ်"

ဟု မပွင့်တပွင့် ပြောမိသည်။ တကယ်တော့ ဒါ မပြောသင့်သည့်စကားပါ။ ဒီလိုဖြစ်လာနိုင်သည်လို့လည်း သူမ တစ်ထစ်ချ စွဲလမ်းယုံကြည်ခဲ့တာ မဟုတ်ဘဲနှင့်...

"ဟာ!..."

ကားက ပြေးနေရင်း တဖြည်းဖြည်း နှေးကျရပ်တန့်သွား၏။

"ကား ဘာဖြစ်သွားတာလဲဟင်"

"မသိဘူး၊ ကိုယ် ဆင်းကြည့်လိုက်ဦးမယ်"

မြို့ထွက်ရုံပဲ ရှိသေးသည်။ ကားက ဘာဖြစ်သွားမှန်းမသိ။ ဆက်တိုင်း အင်ဂျင်ပိုင်းကို အနည်းအကျဉ်းတော့ နားလည်ပေမယ့် ကြည့်တော့လည်း ဘာပြစ်ချက်မှ မတွေ့...။

"မိုးမြေ နည်းနည်း နှိုးကြည့်စမ်းပါ၊ ကိုယ် ကြည့်ချင်လို့"

သူ လှမ်းပြောတော့ မိုးမြေ နေရာပြောင်းထိုင်ပြီး စက်နှိုးကြည့်လိုက်သည်။

"ရသားပဲ"





ဝမ်းသာသွားသည့်မျက်နှာနှင့် ဘောနက်ပြန်ချပြီး သူ ပြန်ဝင်ထိုင်၏။ ဒါပေမယ့် နှိုးလိုက်တော့ မနိုးဘဲ ဖြစ်နေပြန်သည်။

"ကွတ်!... ဘာလဲကွာ"

"မိုးမြေ ပဲ မောင်းခဲ့ရမလား"

"မဟုတ်တာကွာ၊ ပျက်နေတာကို မိုးမြေ မောင်းလည်း ရမှာမှ မဟုတ်တာ"

သူ ပြန်ဆင်းလိုက်စဉ် ဘေးမှာ ဆိုင်ကယ်လ်တစ်စီး ထိုးရပ် သွား၏။

"ကား ဘာဖြစ်လို့လဲ"

"မင်းမာန"

ဟဲလ်မက်ကို ချွတ်လိုက်သဖြင့် ခိုင်ကြည်သည့် မင်းမာန မျက်နှာပေါ်လာလျှင် ဘောနက်ဖုံးကိုဖွင့်လိုက်ရင်း ဆက်တိုင်း မျက်နှာ အနီရောင်သမ်းသွားသည်။

"ကား ဘာဖြစ်သွားမှန်း မသိလို့ သားရယ်၊ ကြည့်တတ်ရင် ကြည့်ပေးပါလား"

အန်တီကတော့ မိုးမြေ က နှုတ်ဆက်လိုက်သဖြင့် အသိတွေပဲလို့ သတ်မှတ်ပြီး အကူအညီလှမ်းတောင်းတာ ဖြစ်သည်။

ဒါပေမယ့် ဆက်တိုင်း ကြိုက်မှာမဟုတ်ဘူးဆိုတာ မိုးမြေ သိ သည်။ တားဆီးဖို့ပေမယ့်လည်း နောက်ကျသွားခဲ့၏။

"ကိုယ် ခဏ ကြည့်မယ်နော်"

မင်းမာန က ဦးထုပ်ကို လက်ကိုင်မှာချိတ်ခဲ့ပြီး ရှေ့ကို ရောက်သွားပြီဖြစ်သည်။ ဆက်တိုင်း မျက်နှာကို ဟန်ဆောင်ထိန်းချုပ်မထားနိုင်အောင် ဖြစ်နေခဲ့ပေမယ့် မင်းမာန က သူ့ကို တစ်ချက်ပဲကြည့်ကာ အင်ဂျင်ကိုပဲ အာရုံစိုက်၏။

ဒါ လူကို သက်သက်ဂရုမစိုက်တာ၊ ယောကျ်ားချင်း မာနစမ်းတာ



www.burmeseclassic.com

www.burmeseclassic.com



လား။ ပေါက်ကွဲနေချင်သည့်ဒေါသနှင့် နောက်ကို တစ်လှမ်းဆုတ်နေ လိုက်ရသည်။

ဟိုဒန္ဓက ပန်းချီပြခန်းကကိစ္စမှာ မိုးမြေ ကို ချစ်လွန်းလို့ မျှသိပ် ဖျောက်ဖျက်ထားလိုက်ခဲ့တာ၊ ဒေါသမဖြစ်တတ်လို့ မဟုတ်ဘူး။

ဆက်တိုင်း ဒေါသ အမှောင်ဖုံးနေပြီမို့ မင်းမာန ကို ဂုတ်ဆွဲ၍ အလဲထိုးချင်နေသည့် လက်သီးတို့ကို ဘောင်းဘီအိတ်ထဲ ထည့်ထား လိုက်ရသည်။

ထို့နောက် ကိုယ့်ကိုယ်ကို လမ်းပေါ်ရောက်နေသည့်အဖြစ်ကို သတိမရဘဲ နောက်တစ်လှမ်း ထပ်ဆုတ်လိုက်သဖြင့်...

"ကိုတိုင်း .. ကိုတိုင်း .. အား..."

"အား..."

မိုးမြေ မျက်လုံးတွေ မှိတ်ပစ်လိုက်စဉ် ဆက်တိုင်း ၏ အော်သံ ကြီးက နက်ရှိုင်းစွာ..၊

ဘာမှမသိလိုက်သဖြင့် မင်းမာန ကပျာကယာ နောက်ပြန်လှည့် ကြည့်မိသည်။

"ဟာ!..."

လမ်း၏တစ်ဖက်စပ်ထိ လွင့်ထွက်သွားပုံရသော ဆက်တိုင်း ရဲ့ ကိုယ်ခန္ဓာက အဝတ်စတစ်စလို အပုံလိုက် ခွေကျနေ၏။

လူကိုတိုက်ပြီး ရှေ့ကို တော်တော်လွန်သွားသည့်ကားက ဘက်ခ် ပြန်ဆုတ်လာသည်။ လူတွေ ဝုန်းခနဲ ထဖြစ်ကုန်ကာ ခဏလေး တိတ်ဆိတ် သွားသည့်ပတ်ဝန်းကျင်မှာ ရုတ်ရုတ်သဲသဲ ပြေးလွှားကုန်ကြ၏။

"လူကို တိုက်သွားတာ"

"ဒီလောက် အရှိန်ပြင်းပြင်းတိုက်ကော့ သေပြီပေါ့"

ဘယ်လိုမှ မထင်မှတ်သဖြင့် မင်းမာန ခြေလှမ်းနေပြီး တုံ့နေ





နေခဲ့၏။ ကြည့်နေဆဲမှာ ဆက်တိုင်း ၏ နှာခေါင်းနှင့် နားပေါက်များထဲမှ သွေးတွေ ယိုစိမ့်ကျလာတာကို မြင်လိုက်ရသည်။

"ဘာတွေ ဖြစ်သွားပြီလဲ၊ သူ .. သူ သေပြီလားဟင်"

"မိုးမြေ မလာနဲ့ နေဦး"

"ဟင့်အင်း"

သူ သတိဝင်လာပြီး ကားပေါ်က ကယောင်ချောက်ချား ဆင်းချ လာသည့် မိုးမြေ ကို တားဆီးဖို့ ကြိုးစားမိသည်။

မိုးမြေ က ခေါင်းတွင်တွင်ခါလျက် တားဆီးနေသည့် သူ့လက် တွေကို ဖယ်ချကာ ရှေ့တိုးသည်။

ဆက်တိုင်း၏အလောင်းကို သေချာမြင်လိုက်ရသည့် နေရာ အရောက်မှာ တစ်ကိုယ်လုံး တောင့်တင်း ရပ်တန့်သွားခဲ့ပြီး..

"မိုးမြေ.."

တအိအိခွေကျသွားသည့် မိုးမြေ ၏ကိုယ်လေးကို သူ ကမန်း ကတန်း ဆွဲပွေ့ထားလိုက်၏။

"ဆက်တိုင်း..၊ ညီလေး"

ရှေ့ကို ကျော်လွန်သွားပြီးမှ နောက်ကားပါမလာ၍ ပြန်လှည့်လာ ခဲ့ကြသော ဆက်တိုင်း ၏အစ်ကိုတို့တွဲတို့ ရောက်လာကြ၏။

ဘာစကားမှ မဆိုနိုင်၊ ဘာသံမှလည်း မထွက်နိုင်ခဲ့တာ ဒေါ်ယီရှိ ဖြစ်သည်။ မိုးမြေစား ဆိုသည့် မိန်းမတစ်ယောက်ဟာ ဘယ်ယောက်ျား နဲ့ မှ လက်ထပ်ခွင့် ပါမလာခဲ့ဘူးလား..၊မျက်လုံးအကြောင်သားနှင့် ရင်ထဲမှာ မေးခွန်းတစ်ခု ဖြစ်ခဲ့သော် လည်း..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၅ ]

"သူ မိုးမြေ ကြောင့် သေတာ၊ မိုးမြေ ကို လက်ထပ်ဖို့ မကြိုး
စားခဲ့ရင် သေမှာမဟုတ်ဘူး၊ အဲဒါ တကယ် အမှန်ပါ.."

"မိုးမြေ .. ဘာတွေ ပြောနေတာလဲ၊ လူကြားမကောင်းကွာ"

"ဟုတ်တယ်.. မိုးမြေ က လက်ထပ်လို့မရတဲ့ မိန်းမ..၊ သူ သေတာ
မိုးမြေ ကြောင့်..."

"မိုးမြေ တော်တော့"

မင်းမာန မိုးမြေ ပခုံးနှစ်ဖက်ကို ခပ်ဖိဖိ ဆွဲခါပစ်လိုက်သည်။
ဆံပင်တွေ ဖရိုဖရဲနှင့် မျက်ရည်နဲ့ ချွေးတွေ စိုလူးနေသော မိုးမြေ
မျက်နှာလေးက ကယောင်ချောက်ချား ယောင်ကျလျက်...

"အဲဒီစကားတွေက မင်းကို သံသယကြိုးတွင်းတွေ စွပ်လိမ့်မယ်
နားလည်လား။ ကိုယ့်စိတ်ကို ပြန်ထိန်းဦးမှပေါ့"

"ဟင့်အင်း .. ဟင့်အင်း"

"ဘာဟင့်အင်းတာလဲ၊ မင်း ဒီတိုင်း ခံစားနေရင် ရူးသွားလိမ့်မယ်
စိတ်မရှည်လို့ မဟုတ်ပေမယ့် သူမအသံကို ဖုံးသွားအောင်တော့





အော်ငေါက်ပစ်လိုက်ရ၏။ ဘေးနားပတ်လည်မှာ ဦးဘုန်းမြတ် တို့
မောင်နှမရော ဒေါ်သီရိ တို့ပါ ရှိနေသည်။

ပြီးတော့ သူမကို ဆေးကုပေးနေသည့် ဒေါက်တာနှင့်..၊

"ဒေါက်တာ .. ကျွန်မတို့ သမီးလေးကို သေချာကြည့်ပေးပါရှင်၊
သူ စိတ်မငြိမ်ရင် ဆက်မတွေးရဲတော့ဘူး၊ ကယ်ပါဦးနော်"

ဒေါ်စုရတီ ရှိုက်ငိုနေကာ ဒေါ်သီရိ မျက်ရည်တွေဝေလျက် မငိုမိ
အောင် ထိန်းနေတာမျိုး မျက်တောင်တွေ တဖျတ်ဖျတ်ခတ်နေ၏။

"စိတ်မပူပါနဲ့ ဒေါ်စုရတီ၊ သူ့အာရုံကြောတွေ ဘာမှ ထိခိုက်ပျက်
စီးတာ မရှိဘူး၊ ရုတ်တရက် ထိတ်လန့်ပြီး ကယောင်ချောက်ချား
ဖြစ်နေတာပါ၊ ကျွန်တော် စိတ်ငြိမ်ဆေး ထိုးပေးခဲ့ပါ့မယ်"

မိုးမြေ ဒီက စကားသံကို ဂရုမစိုက်မိပေ၊ မင်းမာန အတင်းဆွဲဖက်
ထားလိုက်သဖြင့် ရင်ခွင်ထဲမှာ တရှိုက်ရှိုက်ငိုရင်း ငြိမ်သက်သွားခဲ့၏။

"ကိုယ်တို့က ခေတ်ပညာတတ် လူငယ်တွေပဲ၊ ဘာကိုဖြစ်ဖြစ်
သိတိုးပိုလျှော့ မြင်တတ်ရမယ်၊ ဘာဖြစ်လို့ အဆုံးစွန်ထိ တွေးပစ်လိုက်
တာလဲ"

"မိုးမြေ ကြောက်တယ်၊ သူ .. သူ သေမယ်ဆိုတာ မိုးမြေ
အိပ်မက်..."

"တော်ပါတော့ကွာ၊ အဖြစ်အပျက်တွေ ဘယ်လို မြန်မြန်ဆန်ဆန်
ဖြစ်ခဲ့တာ၊ အားလုံး မြင်တယ်၊ ဒါ သူ့ကံတရားအတိုင်း ဖြစ်သွားတာ၊ မင်း
မေ့လိုက်ပါ"

မိုးမြေ ငြိမ်သက်သွားတာကို မြင်တော့ ဒေါ်စုရတီ တို့ရဲ့ အားကိုး
တကြီးအကြည့်တွေက မင်းမာန ဆီ ရောက်လာကြသည်။

ဒေါက်တာက ဆေးထိုးပေးလိုက်တာနှင့် သူမ အိပ်ပျော်သွား
ခဲ့လျှင်...



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ကြောက်မယ်ဆိုလည်း ကြောက်စရာပဲ၊ ဆက်တိုင်းအောင် ဖြစ်သွားပုံက တကယ့် ပက်ပက်စက်စက်"

"သီရိ"

ဦးဘုန်းမြတ် ခပ်ကြိတ်ကြိတ် လှမ်းအော်ကာ အပြင်ကို ထထွက်သွား၏။ ထို့ကြောင့် အားလုံး အပြင်ကို ထွက်လာခဲ့ကြပြီးမှ...

"ကဲ.. ပြောစမ်း၊ မန္တလေးမှာ သမီးရဲ့ ကျန်းမာရေးအခြေ အနေ."

ဦးဘုန်းမြတ် မေးလိုက်ပုံကြောင့် ဒေါ်သီရိ မျက်နှာငယ်သွား ကာ..

"ဘာမှမဖြစ်ပါဘူး အစ်ကိုဘုန်း ရယ်။ တကယ်ကို လုံးဝအကောင်းပါ။ ဒီကို ထွက်လာမယ့်မနက်ကပဲ နေမြင့်အောင်အိပ်ပြီးနိုးတော့လည်း တော်တော်နဲ့ ထွက်မလာဘူး၊ ထွက်လာတော့လည်း မျက်မှန်လွှတ်ကျလို့ ကွဲသေးတယ်၊ အဲဒါလည်း ထူးခြားနေတာပဲရှိတာ၊ ကျန်းမာရေးဖောက်ပြန်တာ မဟုတ်ပါဘူး"

"ထူးခြားနေတာကို နင် ဘာမှမမေးမြန်းဘူးလား"

"အစ်ကိုဘုန်း ရယ်၊ ဧည့်သည်တွေလည်း စောင့်နေကြပြီ တစ်ချက်သတိထားမိလိုက်ပြီး နောက် ဘာမှမဟုတ်တော့ဘူးဆိုတော့ ကျွန်မလည်း..."

"ဟုတ်သားပဲ ကိုကြီးရယ်၊ သမီးလေး လန့်သွားလို့ ဖြစ်တာပါ၊ နောက်ထပ် စိတ်ညစ်စရာတွေဖြစ်အောင် မေးမနေပါနဲ့တော့"

"မမေးလို့ရမသား မိစုရဲ့၊ ကိုယ့်မောင်နှမတွေပဲဆိုပြီး ငါ့သမီးကို သူ့လက်ထဲ ယုံယုံကြည်ကြည် အပ်ထားခဲ့တာ"

"ကျွန်မလည်း အရမ်းကို ဂရုစိုက်ထားတာပါ အစ်ကိုဘုန်း ရယ်"

"ဟုတ်ပါတယ် အန်ကယ်လ်၊ ကျန်းမာရေးနဲ့ပတ်သက်လို့ အက်ဆီးဒင့်မဖြစ်ခင်အထိ မိုးမြေ မှာ ဘာမှချွတ်ယွင်းချက် မရှိခဲ့ပါဘူး





သူနဲ့ ကျွန်တော် စကားပြောနေကျမို့လို့ အဲဒါကိုတော့ အန်ကယ်လ် ယုံပါ၊ လည်း မစိုးရိမ်ပါနဲ့၊ မိုးမြေ ဘာမှမဖြစ်ပါဘူး"

"အေးပါ သားရယ်"

ဒေါ်စုရတီ ရှေ့နေလေးလို့ ခေါ်နေကျ ပါးစပ်အကျင့်ဖြစ်နေပေ ယ့် အမှတ်တမဲ့ 'သား'လို့ ခေါ်ဖြစ်သွားတာ ကိုယ့်ကိုယ်ကိုတောင် သတိမထားမိ၊

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မင်းမာန နဲ့ မိုးမြေ ခင်ခင်မင်မင်ရှိနေတာက ပြောသာစရာတစ်ခုပဲ ဖြစ်၏။

မဖွယ်ရာသည့် ရှိတ်ဆက်မမိသော အကြောင်းတရားတွေ ဘယ် ာ အဆုံးသတ်မလဲ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၉ ]

ရထားလုံးလေးကို စီးတိုင်း ကိုယ်တိုင် မောင်းချင်စိတ်တွေ ဖြစ်ခဲ့မိသည်။ တစ်ခါမှလည်း မမောင်းဖြစ်ခဲ့ပါ။

စည်းချက်ညီနေသော မြင်းခွာသံကို နားစွင့်နေမိတုန်း နံဘေးမှာ ငြိမ်သက်စွာပါလာသည့် ဆောင်း ၏ စိတ်မရှည်သံကို ကြားလိုက် ရသည်။

"တမင်သိအောင် စိတ်ညစ်ပြနေတာလား ကိုမာ.."

"ဟင်!.. ဘာကိုလဲ.."

"ဆောင်း ကြောင့် ကိုမာ အဆူခံရလို့လေ"

"မဟုတ်ပါဘူး၊ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး မိဘက နားချဖျောင်းဖျတာ၊ ဆူတာမှမဟုတ်ဘဲ၊ ပြီးတော့ အဘွား ဒီလိုပြောတာတွေ ရိုးနေပါပြီ"

"ကိုမာ က လက်ထပ်ရမှာ တော်တော်ကြောက်တဲ့ပုံပဲ"

ဆောင်း က အပြာရောင် ခန်းဆီးစလေး လွင့်နေသည့် ပြတင်းပေါက်လေးဘက်ကို ခပ်မှုံမှုံ မျက်နှာလွှဲလျက်...

"တစ်ခါတလေ ဆောင်း တွေးမိတယ်၊ ကိုမာ့ မှာ အချစ်နဲ့ပတ်





သက်တဲ့ နာကျင်စရာဇာတ်လမ်းမျိုး ရှိခဲ့မလားလို့.."

မကျေနပ်ခြင်းကို တရားဝင်ဖွင့်ဟလာခြင်း ဖြစ်သည်။ ဆောင်း ၏ခံထဲမှာ တစ်စုံတရာမျိုသိပ်ထားနေသည်မှန်း သူ မသိလို့တော့ မဟုတ်ပေ၊ ဘာဖြစ်ဖြစ် ဒါကို ဖော်ထုတ်ဖြေရှင်းနေဖို့ မလိုဟု သတ်မှတ်ခဲ့သည့်အတွက်...

"အခု ကိုမာ့ နောက်ကို ဆောင်း လိုက်လာခဲ့ရတာ မိန်းကလေးတစ်ယောက်အနေနဲ့ အကျည်းတန်စေတဲ့ ခြေလှမ်းပါ၊ ဒါပေမယ့် ဒီလိုသို[...]ခဲ့တာ၊ ကိုမာ့ ကို လက်ထပ်ခွင့်ရရေးအတွက် မဟုတ်ဘူး"

"ကိုယ် နားလည်ပါတယ်၊ မင်းကိုလည်း အဲဒီလို ဘယ်တုန်းကမှ တွေးခဲ့ဖူးဘူး"

"ကျေးဇူးပဲ"

ပြောလိုက်ပုံက ခပ်မှုံမှုံ ရွှံ့တဲ့တဲ့၊

ရထားလုံး၏ လှုပ်ခတ်နေခြင်းကြောင့် စိန်ဖူးလေးပါသော ဆောင်း ၏ နားဆွဲလေး မနားတမ်း လွှဲယမ်းနေသလို တစ်ချက်တစ်ချက် ပြိုးခနဲ ပြက်ခနဲ လက်သွားတာ မသိမသာလေး မဟုတ်၊

ဒါဟာ စိန်ရဲ့အရောင်တွေမဟုတ်ဘဲ တင်းနေသည့် သူမမျက်နှာလေးထက်က မာနရောင်တွေ လက်နေတာနှင့် တူနေ၏။

"ဟုတ်တယ်၊ အခု ဆောင်း လိုက်ခဲ့တာ ကိုမာ့ ခြေလှမ်းတွေရဲ့ သွားရာကို သိချင်လို့"

ထိုစဉ် ရထားလုံးက ငြိမ့်ခနဲ စောင်းကျသွားသဖြင့် မင်းမာန က ဆောင်း လက်မောင်းလေးကို ဆွဲထားလိုက်၏။

ဆောင်း က တစ်ဖက်ကို ယိုင်သွားသည့်ကိုယ်ကို ပြန်ထိန်းပြီး သူ့လက်ကို ဖယ်ချပစ်လိုက်သည်။

"ဆောင်း ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နုပဲ အဘွားက ဆူလွှတ်လိုက်တာမို့လို့ ပြောတော့ မပြောချင်ဘူး ဒါပေမယ့် သိချင်တယ်၊ မိုးမြေ က ဟိုတုန်းက ကိုမှာ ရဲ့အမွှသည် ဖြစ်ခဲ့ဖူးတယ်၊ အခု အိမ်နီးချင်းမို့လို့ ဒီထိပြန်ပါလာပြီး စောင့်ရှောက် ရတယ်၊ နောက်ထပ် စောင့်ရှောက်သင့်တဲ့ ဘယ်လိုအကြောင်းတွေ ရှိနေလဲဆိုတာ..."

မင်းမာန မျက်မှောင်တစ်ချက်ကုတ်သွားသည်။ ဆောင်း ကို ထိုအကြည့်နဲ့ သူ မကြည့်ခဲ့ပါ။ မျက်နှာလွှဲ၍ နှုတ်ခမ်းခပ်ဖိဖိ ရေရွတ် ပြီးမှ...

"မင်း မေးလိုက်တဲ့ပုံက စွပ်စွဲခြင်းမကင်းတဲ့အတွက် ကိုယ့်ဘက် မှာ ထိခိုက်သွားတာတွေ ရှိတယ်၊ ဒါပေမယ့် မင်း မေးသင့်ပါတယ် နောက်ထပ် စောင့်ရှောက်သင့်တဲ့အကြောင်းတွေ ရှိလာမလားဆိုတာ ကလည်း ကိုယ် ဖြေပေးလို့မရတဲ့ မနက်ဖြန်တွေ ဖြစ်နေတော့.."

"ဒါဆို ကိုမာ က.."

"နေပါဦး၊ ပြောချင်တာက သူနဲ့ကိုယ် စသိကတည်းက ကိုယ်တို့ အဖြစ်တွေ တူနေခဲ့တာ၊ ပြီးတော့.."

သူ ဆက်မပြောချင်တော့ပေ။

မိုးမြေ ရဲ့ ဒုတိယသတို့သား ဤသို့ဖြစ်ခဲ့သည့်အချိန်မှာ သူက လည်း လက်ထပ်တော့မည့် သတို့သမီး ရှိနေပြန်သည်။ အကယ်၍ ဒုတိယအဖြစ်မှာလည်း မိုးမြေ နဲ့သူ တူညီနေဦးမည်ဆိုလျှင်...

အသံတိတ် ရွေ့လျားသွားသည့်မျက်ဝန်းတွေက ဆောင်း မျက်နှာ လေးဆီ ရောက်၏။

ဆောင်း ကို ရွှေအဆင်း လိုအဖြစ်မျိုး မရောက်စေချင်တာ တကယ့် စေတနာအမှန်ပါ၊ တစ်ယောက်တည်း ရှုပ်ထွေးနေရသည့် အဖြစ်တွေက





ဆောင်း ဘာမှမသိနိုင်သလို ဘယ်သူမှလည်း မသိကြပါ။

သိထားသည့် ကိုဘွတ် ကတော့ ဒီပြဿနာကို အဖြေသိရအောင် သူ ကူညီမည်ဆိုပြီး မနားမနေ လှုပ်ရှားလျက်ရှိသည်။

သူ့ဘက်မှာ ဒီလိုအဖြစ်ဆိုးတွေ ပေါ်ပေါက်ခဲ့ရတာ ရေးဟောင်း ကျောက်ပြားလေးတစ်ချပ်ကြောင့် မှန်ခဲ့လျှင် မိုးမြေ ဖြစ်နေတာတွေက ဘာကြောင့်လဲ..၊

စိတ်က ဖြုတ်ခနဲဆို မိုးမြေ ဆီ ရောက်သွား၏။

"မိုးမြေ ကို သတိရသွားပြီလား ကိုမာ."

ဆောင်း ကလည်း သူ့မျက်နှာက စာကို ချက်ချင်းဖတ်ပစ်လိုက် သည်။ ပြီးတော့ ပြုံးလိုက်ကာ...

"ဆက်ပြောပါ၊ ဆောင်း သိချင်တယ်"

"သိချင်ပေမယ့် ကိုယ်တိုင် ဘာမှန်းမသိသေးလို့ မပြောနိုင်သေး ဘူး ဆောင်း၊ တစ်ခုတော့ တောင်းပန်ချင်တယ်၊ မိုးမြေ နဲ့ကိုယ်က လက်ထပ်မယ့်လူတွေ အသီးသီးရှိကြပြီးသားဆိုတဲ့ လွတ်လပ်မှုနဲ့ ရိုးရိုး သားသား ခင်ကြတာပါ၊ အခု သူ့ စိတ်ကယောက်ကယက်ဖြစ်လောက် အောင် အခြေအနေဆိုးနေလို့ ဒီထိ ကိုယ် လိုက်ပြီး စောင့်ရှောက်ခဲ့တယ်၊ ဒါလည်း ကိုယ့်ရဲ့ အိမ်နီးနားချင်းမို့ ကိုယ့်ရှေ့မှာ ဖြစ်သွားတာကို မျက်နှာမလွှဲသင့်ဘူး ထင်လို့ပါ."

"စေတနာတော့ ပိုတယ်လို့ ဝန်ခံလိုက်ပါ ကိုမာ ရယ်၊ ဆောင်း က ညာတာ မကြိုက်ဘူး"

ဆောင်း မျက်နှာကို သူ ကြည့်ပြီး ပြုံးလိုက်သည်။

"ညာတာကို ဘယ်သူမှ မကြိုက်ပါဘူး၊ ဒါပေမယ့် လောကမှာ ဘာဝမှာတောင် အလင်းနဲ့အမှောင် ခွဲခြားလာသေးတာ၊ အ မှားနဲ့အမှန် ကြားမှာ တစ်စုံတစ်ရာရှိနေတာကို မင်း လက်ခံလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း မျက်နှာလေး ဖွေးခနဲ ဖြစ်သွားသည်။ မျက်ဝန်းတွေ ဆုံမိတော့ မင်းမာန က စူးစိုက်လျက်၊ ဆောင်း မျက်ဝန်းတွေ မငြိ သက်နိုင်..။

"မှသားဆိုတာ ရှောင်ကြဉ်သင့်တဲ့ မကောင်းမှုတစ်ခုဆိုပေမယ့် လိမ္မာတာနဲ့စာရင် အများကြီး ဖြူစင်တယ်လို့ ကိုယ် ထင်တယ် ဥပမာကွာ ဒီသတင်းဆိုးကိုကြားတာနဲ့ ချက်ချင်း သေသွားနိုင်တဲ့ ရောဂါ သည်တစ်ယောက်ကို ပြောလိုက်ရင် သေမှာသိသိကြီးနဲ့ သေပစေဆိုပြီ မင်း ဒီတိုင်းပဲ ပြောလိုက်မလား"

ဆောင်း မျက်ဝန်းတွေ အေးစက်စက်ပြောင်းသွားပေမယ့် မဖြေ

"တစ်စုံတစ်ယောက်အတွက် မကောင်းတာကို တားမြစ်ပြီ ကောင်းရာကောင်းကြောင်း ဖြစ်သွားစေချင်တဲ့ စေတနာနဲ့ မလွှဲမရှောင် သာ သုံးလိုက်ရကဲ့ မှသားမျိုးကျတော့ အရမ်းကို လှပါတယ်၊ အဲဒါ ငရဲမကြောက်၊ ပြာပူမကြောက် ဖြစ်ပေါ်လာတဲ့ မှသားသုံးသူရဲ့ စေတနာ ပဲ"

"ဟုတ်လား၊ ဆောင်း မှာတော့ အဲဒီလို စေတနာမျိုးမရှိခဲ့လို့ ထင်တယ်၊ မှသားလည်း မသုံးဘူး၊ သုံးစွဲသူကိုလည်း မုန်းတယ်"

"အဟွန်း"

မင်းမာန က ရယ်ထားလုံးကို ရပ်ခိုင်းလိုက်ပြီး ရယ်လက်စမျက်နှာ နှင့်..

"ဒါဆိုရင်တော့ မင်းကိုယ်မင်း မုန်းနေပြီ ထင်တယ်"

"ဘာ!.."

"ဟုတ်တယ်လေ၊ မနေ့က မင်း ရောက်လာတော့ အလုပ်ကိစ္စရှိလို့ လာရင်းဝင်လာတာလို့ အဘွားကို ပြောတယ်၊ ခုနက ပြောတော့ ကိုယ့် ခြေလှမ်းတွေရဲ့ လားရာကို သိချင်လို့တဲ့.."





ဆောင်း မျက်နှာလေး နောက်ထပ်ဖြူဖတ်ဖတ်လေး ဖြစ်သွားပြန် ချက် ဖျတ်ခနဲ မျက်လွှာချ၏။ ပြီးမှ စိတ်တင်းလိုက်သလို ပြန်မော့ ကြည့်ကာ..

"ရှင် .. အဲဒီလို ဖမ်းချင်လို့ ဒီစကား စတာလား"

"ကိုယ် မစပါဘူး.."

"ဆောင်း က စတာပေါ့"

"ကလေးတွေလို ရန်ဖြစ်ချင်နေပြန်ပြီ ဆောင်း ရယ်၊ မင်း မကြိုက် ဘူးဆိုတာကို ကိုယ် ရှင်းပြတာလေ၊ ကိုယ်တို့ မိဘဘိုးဘွားတွေတောင် သားမကင်းခဲ့ကြပါဘူး၊ ကိုယ် တကယ်နေ့ထိုင်မကောင်းဖြစ်နေပေမယ့် တစ်ဖက်လူ စိတ်ဆင်းရဲမှာစိုးလို့ ဘာမှမဖြစ်ပါဘူး၊ နေကောင်းတယ် ညာ ဖုံးကွယ်လိုက်ရတာတွေပေါ့၊ မင်း ပြောခဲ့တာလည်း ရှုပ်ထွေး နေတဲ့ အခြေအနေတစ်ခုထဲကို နောက်ထပ် ရှုပ်ထွေးမှုလာပေးသလို ဖြစ်ချင်တဲ့စိတ်နဲ့ မဟုတ်ဘူးလား၊ အဲဒါ စေတနာပါပဲ၊ ကိုယ် ပြောချင် တာလည်း အဲဒါ.."

ရှေ့နေပီသစွာ ဒါကိုပဲ ဆွဲယူပြောနေတာကို မကျေနပ်ပေမယ့် ဆောင်း ဘာမှမပြောသာ၊

"အခု မှသားကိစ္စတွေ ထားခဲ့ရအောင်ကွာ၊ ရပြီ၊ မင်း မေးစရာ ရှိတာ မေး၊ မျှိုသိပ်ထားတာတွေရှိရင်ပြော.."

"ကိုမှာ မှာရော မရှိဘူးလား"

ဘယ်လိုပုံစံ မေးမှန်းမသိပေမယ့် သူ ချက်ချင်း ခေါင်းခါသည်။

"မရှိဘူး၊ မင်းမှာ မေးစရာတွေရှိနေမှာပဲလို့ ကိုယ်က တွက်ထား တာ"

"မမေးပါဘူး၊ တစ်ခုပဲ ပြောချင်တယ်"

"လုံးဝ မငဲ့မညာတဲ့ ပြောပါ.."

www.burmeseclassic.com



နှစ်ယောက်စလုံး ရပ်နေသည့် ရထားလုံးပေါ်မှာပဲ ထိုင်နေကြကာ ဘယ်သူကမှ ဆင်းဖို့မပြင်၊ ဆင်းမယ်လို့လည်း မပြော..၊

"ကိုမာ ဆောင်း နဲ့လက်ထပ်ဖို့ကို ငြင်းရင် ငြင်း၊ ဒါမှမဟုတ်ရင် မိုးမြေခစား ရဲ့ဘေးမှာ လူတွေ မျက်စိရှုပ်အောင် ပျာယာခတ်နေတဲ့ အနေအထိုင်မျိုးတွေ မလုပ်ပါနဲ့"

စိတ်ထဲမှာ အောင့်သက်သက်တော့ ဖြစ်ချင်၏။

ဆောင်းပုံရိပ် ၏မာနတွေက တစ်ကိုယ်ရေ လွင့်ဘူနေတာမဟုတ်ဘဲ တစ်ခုခုပြောလိုက်တိုင်း တစ်ဖက်သားကို ပုတ်ခတ်မှုတွေ ပါနေ သည်

ဒီလိုပြောရမှလည်း ကျေနပ်တတ်ပုံရ၏။

"ဆောင်း ပြောတာ ရိုင်းသွားရင် ဆောရီးပဲ ကိုမာ.."

ထပ်ပြောတော့ သူ ခပ်ယဲ့ယဲ့ပြုံးဖြစ်သည်။ သူမနဲ့ဘေးချင်းယှဉ် လျက် ထိုင်ရာကနေ တစ်ဖက်ကို ပြောင်းလိုက်ပြီး ပြတင်းခန်းဆီးလေးကို ဘေးကပ်သွားအောင် သိမ်းဖယ်လိုက်မိ၏။

အပြင်က လေနုအေးလေး တစ်ချက်ဝင်လာမှ...

"ကိုယ်တို့ အောက်ခဏ ဆင်းမလား ဆောင်း"

"မဆင်းချင်ဘူး၊ ဆောင်း ပြောတာကို ကိုမာ ခု စဉ်းစားပေးပါ"

"စဉ်းစားတဲ့အလုပ်က အချိန်လိုတယ် ဆောင်း၊ မိုင်း အခု ဒီလိုမေးတော့မယ်လို့ မင်းရဲ့မိဘတွေကို တစ်ခါတည်း ပြောလာခဲ့သလား"

မျက်နှာ မသိမသာ လွှဲနေပြီး ဆောင်း က မဖြေ..၊

"ကိုယ်တို့ လက်ထပ်ဖို့မှာ လူကြီးတွေရဲ့ သဘောဆန္ဒတွေလည်း ပါတယ်၊ ခေါင်းခါဖို့ကလည်း သူတို့မှာ ဆုံးဖြတ်ခွင့်တွေ ရှိသေးတယ် အိမ်ထောင်ရေးတစ်ခုကို ကိုယ်တို့ စိတ်ကူးယဉ်ကြည့်နေကြတာ မဟုတ်ဘူး ဆောင်း၊ ရှင်းရှင်းပြောရင် လက်ထပ်ဖို့ကို ကိုယ်ကစပြီး မဖျက် ဘူး"

ဒါဆို တစ်ခုပဲရှိတယ်ဆိုသည့် အကြည့်တစ်ချက် ဝေ့လာ





င်းမာန"က စိုက်ကြည့်၍...

"နောက်တစ်ခုက ကိုယ့်ဘက်မှာ ပါစင်နယ်ကိစ္စတွေ ရှိတယ်၊ ခဲဒါတွေက မင်း ထင်နေတဲ့ ပုံစံမျိုးတွေ လုံးဝ မဟုတ်ဘူး"

"ဒါတော့ မရှောင်နိုင်ဘူးလို့ ကိုမာ ပြောချင်တာလား"

"ကိုယ် မပြောဘဲ မင်း နားလည်ပေးနိုင်ရင် အားလုံး ငြိမ်းချမ်းသွားမှာပါ"

နားမလည်နိုင်ဘူး ရင်ထဲမှာ သဝန်တိုခြင်းက ဝုန်းခနဲ ခုန်ထ၏။ သူက ကိုယ့်ဘက်ကို တစ်ချက်မှ မျှော်မကြည့်၊ နားမစွံ...၊

ကိုယ်ကပဲ သူ့ဆီလား၊ သူ့အကြောင်းတွေ၊ စပြီး စိန်ခေါ်ခဲ့မိသူကသည်း ကိုယ်ပဲ ဖြစ်နေသည်။ မျိုသိပ်ထားရသည့် သဝန်တိုစိတ်ကြောင့် ဆောင်း နှုတ်ခမ်းလေးတွေ ဖိပိတ်ထားရာကနေ တလွန့်လွန့် လှုပ်ခတ်နေ၏။

ညာတာကို မုန်းပါသည်၊ ဒါပေမယ့် မုန်တဲ့အတိုင်း မကြားချင်။ ညာတတ်ဘူးဆိုပြီးတော့လည်း သူမရင်ထဲမှာ ဟာန်ဆောင်ဖုံးကွယ်ခြင်း းနှင့် ပြည့်နှက်နေ၏။ ဒါကို မင်းမာန ဆိုသည့်လူ သိနေမှာပဲ ဖြစ်သည်။

တစ်ဖက်သတ် ပိုင်စိုးလိုသူဟာ ပေါက်ကွဲလွယ်သည် တဲ့၊

လောဘမသတ်နိုင်လေ ဒေါသကြီးလေ..၊

သူ့ရှေ့မှာ သူမ အမူအရာတွေ သိသာနေခဲ့ပြီလား။

ဘယ်လိုမှ လက်မခံလိုသော အချစ်သည် သူမရင်ထဲကို ဓွတ်အရှုတ် နေရာတောင်းခံလျက်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၀ ]

"စားလို့ကောင်းရဲ့လား မြေး"

"ဟုတ်ကဲ့ .. ကောင်းပါတယ်"

ထမင်းဝိုင်းက လူသုံးယောက်တည်းမို့ မစိုပြေပေမယ့် ဒေါ်နန္ဒာ နွယ် ကတော့ စိုပြေအောင် ကြိုးစားရှာပါ၏။

မထင်မှတ်ဘဲ ရှုပ်ထွေးလာသည့် အခြေအနေတစ်ရပ်မှာ ဘယ်လို မယုံနိုင်စွာ သိလိုက်ရတာက ဟိုဘက်ခြံကမိန်းကလေးကို မြေးဖြစ်တဲ့သ သံယောဇဉ်ကြီးနေပြီဆိုတာပဲ ဖြစ်၏။

ဘယ်တုန်းကတည်းက ဘယ်လို ရင်းနှီးခဲ့တယ်ဆိုတာ ကြား ကြားရပေမယ့် ကိုယ်လည်း မြင်ရတာမဟုတ်၊

ဆောင်း ရဲ့ မိဘတွေဆီမှာလည်း စကားတွေ လွန်ကျူးခဲ့ပြီးပြီဖြ ၏။ ဘာပဲဖြစ်ဖြစ် သူချစ်တာ သူယူပစေဆိုပြီး မျက်စိမှိတ် ပြောင်းလဲပ လိုက်ဖို့ကျတော့လည်း လောလောဆယ် ဖြစ်နိုင်တာ ဘာမှမရှိ..။

မင်းမာန ကို ဒီလမကုန်ခင်မှာပဲ လက်ထပ်ပေးရမှာ ဖြစ်သည်။ ဒ နိုင်ငံခြားထွက်ရမယ့်ကိစ္စမှာ နောက်ဆံမတင်းဘဲ သွားနိုင်မှာ





လက်ထပ်ဖို့က နံပါတ်တစ် အရေးကြီး..၊

"မြေးက အသက်ကြီးတဲ့လူကျတော့လည်း မနိုင်းချင်၊ ငယ်တဲ့ မိန်းကလေးထားဖို့ကလည်း မဖြစ်နိုင် ယောကျ်ားလေးချင်းပဲ ထားလိုက်ရ တာ၊ ဟိုကလေးကလည်း လူငယ်လေးဆိုတော့ မီးဖိုချောင်ဝင်တာ ဘယ်လိုလုပ် ထောင့်စေ့မှာလဲကွယ်"

ဒေါ်နန္ဒာနွယ် စိတ်တွေ ဖျတ်ခနဲ တခြားရောက်သွားလိုက်၊ ဆောင်း မျက်နှာလေးပေါ် ပြန်ရောက်လိုက်..၊

"ဒါပေမယ့် ဟင်းချက်တဲ့လက်ရာကတော့ မဆိုးဘူးမို့လား မြေး ရဲ့"

"ကောင်းပါတယ် အဘွားရဲ့၊ ဆောင်း ညက အိပ်ရေးပျက်ထားလို့ မစားနိုင်တာပါ"

တို့တိတို့တိ စားနေသည့်အဖြစ်ကို ဆောင်း ကလည်း ရှင်းပြသည်။

"အဟွန်း .. ဟွန်း ဒါတောင် အဘွားရောက်နေလို့ တော်တော် သင်ပေးထားခဲ့သေးတာ၊ မြေးက အပြင်ထွက်နေတာများတော့ သူက လည်း သူတစ်ဝမ်းတစ်ခါး ဖြစ်သလို ပြုတ်၊ ကြော် စားနေတာလေ၊ အဲဒီတော့ ဖြစ်သလိုလက်ကြီး ဖြစ်နေပြီပေါ့"

ဒေါ်နန္ဒာနွယ် က မင်းမာန ကိုလည်း မြေး၊ ဆောင်း ကိုလည်း မြေးပဲ ခေါ်၏။ ဆောင်း ကတော့ ထမင်းတစ်ဇွန်း ငုံ့စားတိုင်း မင်းမာန ဆီ အကြည့်ရောက်သည်။ ဒေါ်နန္ဒာနွယ် ကလည်း သိသည်။

ပိုသိနေတာက မိန်းမသားချင်းမို့ ဆောင်း ရင်ထဲကို ဒီတိုင်း မြင်နေတာမျိုး ဖြစ်၏။ မြေးဟာ လက်ထပ်ဖို့ပြောလျှင် ညည်းညူတတ် ပေမယ့် ခေါင်းညိတ်ပြီဆိုလည်း ကြည်ကြည်သာသာပါ..၊

ဒါပေမယ့် ရွှေအဆင်း တုန်းကလည်း သူငယ်ချင်းတွေမို့ ဒီထက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းနိုးတာပဲ ရှိသည်။ မရိုးသားစွာ ယုယ အလိုလိုက်ခဲ့တာ မရှိခဲ့ပေ ဆောင်း ကျဇေတာ့ စေ့စပ်ပေးမှ မြင်ဖူးခဲ့သူမို့ ပိုဆိုးသည်။

မိန်းကလေး နှစ်ယောက်စလုံးက သူ့အပေါ်မှာ တိမ်းညွတ်ခဲ့ကြတာ တော့ အတူတူပဲ ဖြစ်၏။

"ဒါနဲ့ မြေးရဲ့ မေမေနဲ့ အန်တီ၊ ဒီမှာ လာနေဦးမှာမို့လား"

"ဟုတ်ကဲ့၊ သူတို့က ဆောင်း ထက်အရင် ရောက်နေကြတာပါ အဘွား နေမကောင်းလို့ ပြုစုရင်းနဲ့လေ၊ အဲဒါ ဆောင်း ရောက်လာတာနဲ့ လူငယ်ချင်း လေ့လာလို့လည်း ရတယ်ဆိုပြီး ဒီမှာ တစ်ရက်နှစ်ရက် နေနိုင်းလိုက်တာ၊ တမင် မပြန်သေးဘဲ ဆောင်း ကို စောင့်နေတာ အဘွားရဲ့"

"အေးကွယ်၊ ဒီမှာ တစ်ညလာအိပ်ရင်း မြေးတို့ အတူပြန်ကြမယ် ဆိုတော့ ဝမ်းသာပါတယ်၊ အားလုံးလည်း ရင်းနှီးသွားမယ်၊ မြေးတစ် ယောက်တည်း ပြန်တာနဲ့စာရင် မိဘနဲ့ဆိုတော့ အဘွားတို့လည်း စိတ် အေးရတာပေါ့.."

ထမင်းစားတာ နည်းနည်းနှင့် စကားတွေက ဟိုအကြောင်းရောက် ဒီအကြောင်းရောက်ပါ။ ထိုစဉ် ဖုန်းသံဝင်လာသဖြင့် သုံးယောက်စလုံး ခေါင်းထောင်သွားကြသည်။

"ထမင်းစားတုန်းခဏတော့ ဖုန်းပိတ်ထားပါလား မြေးရယ်"

အနားမှာ အဆင်သင့်ချထားသည့်ဖုန်းကို မသက်မသာ လှမ်းကြည့် ၍ ဒေါ်နန္ဒာနွယ် ညည်းညူသလို ပြောသည်။

"အလုပ်ကိစ္စတွေရှိနေတော့ ပိတ်ထားလို့မရဘူး အဘွားရဲ့၊ ဆောရီးနော်၊ ခဏ"

အဘွားကိုပြောရင်း ဆောင်း ကိုပါ ခွင့်တောင်းကာ နေရာမှ ထလိုက်၏။





"ဟာလို.."

"သားလေးဟင်၊ အဲဒီဘက်ကိုများ သမီးလေး ရောက်လာသေး လားလို့.."

"မိုးမြေ လား၊ မလာဘူး အန်တီ.."

အပြင်ကို ထွက်သွားပြီပေမယ့် မိုးမြေ ဆိုသည့်နာမည်ကို ဒီတိုင်း ကြားလိုက်ရတာမို့ ဆောင်း မျက်နှာပျက်သွား၏။ မင်းမာန က နောက် က ထမင်းဝိုင်းကို မေ့လျော့လျက်...

"သူ ဘာဖြစ်သွားလို့လဲ အန်တီ၊ အန်ကယ်လ် ရှိလား"

"သူ့အဖေလည်း အလုပ်ကိစ္စနဲ့ မနက်က ရန်ကုန်ကို အရေးတကြီး သွားရတယ်ကွယ်၊ ညကလေ ဟို..."

"ကျွန်တော် အဲဒီကို အခု လာခဲ့မယ် အန်တီ၊ ခဏနော်"

သူ ဖုန်းသိမ်းလိုက်ပြီး ဆောင်း ရဲ့အကြည့်တွေကို မသိသလို နေလိုက်ကာ အဘွားကိုပြော၍ ထွက်လာခဲ့၏။

"အဲဒီတစ်ယောက်က ရူးသွားတာမျိုးလား အဘွား၊ ဘာဖြစ် တာလဲ"

လူတစ်ယောက်ကို မဦးမနှောက် ပြောချလိုက်တော့ ဒေါ်နန္ဒာနွယ် ဘာပြေရမှန်းမသိအောင် အံ့အားသင့်သွား၏။

"တကယ်ဆိုရင် ဒီမှာလည်း လက်ထပ်တော့မယ့် ယောကျ်ား တစ်ယောက်ဆိုတာ သူတို့ နားလည်သင့်တာပေါ့နော်၊ မပိုင်ကြသေးဘူး ဆိုပေမယ့် အခု ဆောင်း ဒီမှာ ရောက်နေတာလည်း သူတို့ မြင်တာပဲ ဟာ၊ အဘွား ဒီကိုရောက်တာ မကြာသေးဘဲ သူတို့နဲ့ ဘယ်လို ရင်းနှီး သွားတာလဲ"

ရင်းနှီးခဲ့တာပဲ အပြစ်တစ်ခုများ ဖြစ်သွားခဲ့သလား။

ဒေါ်နန္ဒာနွယ် ငါးကြင်းဖေားဟင်းကို လက်လှမ်းလိုက်ပြီးမှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရတ်၍ ပြုံးလိုက်ရကာ...

"ရှင်းရှင်းပြောရရင် မိုးမြေခစား ဆိုတဲ့ မိန်းကလေးကို မြေး နဲ့ ရင်းနှီးနေမှန်း သိလိုက်ရတာရယ်၊ မြေး ပြောပြလို့ မြေးနဲ့ ဒီ မိန်းကလေး အဖြစ်တချို့မှာ တူနေတာရယ် အဲဒါတွေကြောင့် နောက်ပြီး ပြင်ဦးလွင်မှာ ဒီခြံကိုဝယ်ထားပေမယ့် သေချာ တစ်ခါမှ မရောက်ဖြစ် ဘူးလေ၊ မြေးက သွားနေမယ်ဆိုတော့လည်း ခွင့်ပြုခဲ့တယ်၊ ယောကျ်ား လေးဆိုတော့ ဖြစ်သလိုနေလိုတ်မှာပဲဆိုတာ သိလို့၊ အားလုံးသော အကြောင်းတွေနဲ့ လိုက်လာဖြစ်တာဆိုပါတော့၊ မြေးက သပ်သပ်ယပ် ယပ်တော့ နေတတ်ပါတယ်၊ ဒါပေမယ့် အိမ်က တန်ဖိုးကြီးသလောက် အရောင်မထွက်ဘူး၊ မြေး ကြည့်ပါလား၊ ဘာမှ ပြင်ဆင်ခြယ်သထား တာ မရှိဘူး"

"အဲဒါနဲ့ သူတို့နဲ့ ဘယ်လို ရင်းနှီးတာလဲ၊ ဘယ်သူ့ဘက်က စပြီး မိတ်ဆက်တာလဲ"

"အဘွားကပဲ မိတ်ဆက်တာပါ၊ ခြံချင်းကပ်နေကြတော့ ပြုံးရယ် ပြလိုက်တာနဲ့ပဲ ချက်ချင်း ရင်းနှီးသွားကြတာ၊ သူတို့မိသားစုကလည်း သဘောထား ပြည့်ဝကြပါတယ်"

ဆောင်း မျက်နှာမှာ သူ လိုချင်သည့်အဖြေကို မရသေးတာမျိုး ကြည်လင်မှု ရှိမလာပေ။ ထမင်းကို ပါးစပ်ထဲမထည့်ဘဲ ဟင်းထည့်ပြီး နှစ်ဖက်သုံးဖက် လှိမ့်မွှေနေကာ...

"တကယ်ဆို မိုးမြေ ဖြစ်သွားတာတွေက လူသတ်တရားခံဖြစ်နိုင် လောက်တဲ့အထိ ပက်ပက်စက်စက် ပျက်စီးခဲ့တာပါ၊ ကိုမာ ဖြစ်တာက မထင်မှတ်တဲ့ ကံတရား၊ လက်ထပ်ဖို့ သေချာပြီးမှ လွဲသွားကြတာတွေမှ အများကြီးပဲ၊ ဆောင်း အံ့သြတယ် သိလား၊ ကိုမာ နဲ့ သူကျမှ ရုပ်သီ ရှာသိ နာမည်ကြီးနေတာ"





"ဒါတွေ တွေးမနေပါနဲ့ မြေးရယ်၊ အခု မြေးတို့ ပြန်တာနဲ့ ဘွားမြေးနဲ့ ဘွား လိုက်လာခဲ့မယ်၊ မြေးတို့ လက်ထပ်ပွဲကို အမြန်ဆုံး ကျင်းပပြီးတာနဲ့ ဒီ ကောလာဟလတွေ ပျောက်ကုန်မှာပါ၊ ခုကတော့ အိမ်နီးချင်း စောင့်ရှောက်ကြတဲ့ သဘောပါ၊ စားလိုက်မြေး စား၊ ထမင်းစားပျက်ဦးမယ်"

"ဆောင်း ကတော့ လက်ထပ်ဖြစ်ဖို့ထက် လက်မထပ်ခင်မှာ ဆောင်း လက်ထပ်မယ့်သူဟာ ဒီလိုပုံစံနဲ့ သတင်းကြီးနေပဲ့လူ မဖြစ်စေ ချင်ဘူး"

အဘွားကို အားနာပေမယ့် ဒီလောက်တော့ ပြောသင့်သည် ထင် သည်။

ဘယ်မှာလဲ .. ကိုယ့်ရဲ့သတို့သားလောင်းဆိုတာ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၁ ]

"ဘယ်မှာလဲလို့ လိုက်ရှာလိုက်ရတာကွာ"

နောက်က အသံကြားပေမယ့် မိုးမြေ လှည့်မကြည့်ပါ၊ မင်းမာန က မိုးမြေ နဲ့သူ တွေ့နေပြီဖြစ်ကြောင်း လူကြီးတွေဆီ ဖုန်းဆက်လိုက်သေးသည်။ ပြီးမှ...

"ဗိုက်ဆာလို့ ထွက်လာတာလား"

မိုးမြေ က ရှေ့မှာ ဝင်ထိုင်လိုက်သည့် သူ့ကို မျက်ခုံးလေးတွန့်၍ ကြည့်နေ၏။ အပြာရောင်ပွင့်ပါသော ရှပ်အင်္ကျီအဖြူလက်ရှည်ကို ဘောင်းဘီနက်ပြာနှင့် ဝတ်ထားသော မင်းမာန ပုံက ရှင်းသန့်နေ၏။

ဒီလူဟာ မကြာသောကာလမှာ လက်ထပ်တော့မှာ ဖြစ်သည်။ ကိုယ်နဲ့လည်း ဘာပတ်သက်ရောရှိတော့လို့လဲ..၊

"ရှင် မိုးမြေ ကို ရှာနေတာလား"

"ဟုတ်တယ်၊ အန်တီတို့က စိတ်ပူလို့ ကိုယ့်ကို ဖုန်းဆက်တာ"

မိုးမြေ နှာခေါင်းလေးရှုံ့သွားကာ သက်ခနဲ လှဲပစ်၏။ ပြီးတော့ ပြန်ကြည့်၍..





"ရှင့်အိမ်မှာ ဆောင်းပုံရိပ် ဆိုတဲ့တစ်ယောက် ရောက်နေတယ် မို့လား"

"ဘာဖြစ်လို့လဲ"

"နောက်ထပ် ပုတ်ခတ်ဝေဖန်သံတွေ မိုးမြေ မကြားချင်ဘူး"

အကဲခတ်ရလွယ်သည့် မင်းမာန မျက်နှာက စိတ်ရှုပ်သွားသလို မျက်ဝန်းတွေ ဘေးကို ခဏရောက်သွားပြီးမှ..

"သူနဲ့ကိုယ် လက်ထပ်လိုက်ရင် ပြီးသွားမှာပါ၊ အဖြစ်မှန်မပေါ်ခင် သို့လောသို့လောတွေ ပြောကြဟာ ကိုယ် ဂရုမစိုက်ဘူး"

"ကျွန်မကတော့ စိုက်ဖို့ လိုတယ် မင်းမာန..၊ အခု .. အခု နောက်တစ်ယောက်လည်း မိုးမြေ ရဲ့မျက်စိအောက်မှာပဲ.."

"ဘယ်မျက်စိအောက်မှာ ဖြစ်ဖြစ်ကွာ၊ ကိုယ်တို့ ဆွဲထားလို့ရတာမှ ဟုတ်တာ၊ မင်း အဲဒါတွေကို သပ်သပ်စီ မထားနိုင်ဘူးလား"

ခေါင်းခါနေရင်း မိုးမြေ မျက်ရည်ဝဲ့တော့ မင်းမာန မနေတတ် မထိုင်တတ်ဖြစ်ကာ မျက်နှာလွှဲနေလည်း မရ၊ ဆံပင်သပ်မိလိုက်၊ မျက်နှာပွတ်မိလိုက်..၊

"သပ်သပ်စီ ထားရမယ်၊ ဟုတ်လား.."

မိုးမြေ က ထပ်မေးပြီး မဲ့သည်။ ဒီရက်ပိုင်းမှာ ခပ်ချောင်ချောင်ဖြစ်သွားသည့် မျက်နှာလေးက အလှပျက်မသွားဘဲ နှာတံလေး ပိုပေါ်လာသလိုရှိကာ မျက်တောင်ကော့လေးတွေက အရင်ထက် ပို၍ ကော့နက်နေကြ၏။

အဖျားလေးတွေ တွန့်လိပ်နေသည်မှလွဲ၍ အမြဲတမ်း ဖြန့်ချထားသည့် ဆံနွယ်တွေကသည်း ထူးခြားလှပနေတာလည်း မဟုတ်၊ ဖရိုဖရဲဖြစ်နေတာမျိုးလည်း မရှိ..၊



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေ ဘာပြောချင်နေတာလဲဆိုတာ သူ စူးစိုက် နားစွင့်နေသော်လည်း ပြောနေတတ်သော စကားတွေမှလွဲ၍ မိုးမြေ က ဘာမှမပြော...

"သူတို့တွေ သေကုန်တာ မိုးမြေ ကြောင့်.."

"ဗျာတ်!.."

"ရှင် မယုံရင် ကျွန်မကို လက်ထပ်လိုက်လေ"

"ဘာ!..."

"သေရဲတယ်ဆိုရင် ဘယ်လိုလဲ"

မင်းမာန ဟင်ခနဲဖြစ်အောင် အံ့ဩသွား၏။ မိုးမြေ မျက်ဝန်းထဲက အေးစက်ခြင်းတွေမှာ သေချာနေသည့်တစ်စုံတစ်ရာကို သူ မြင်လိုက်ရ၍ ဖြစ်သည်။

ထို့ကြောင့် သူကိုယ်တိုင် လွှပ်ရှားသွားသည့်စိတ်ကို ထိန်းလိုက်ပြီး ထိုင်နေရင်းကနေ နေရာထပ်ပြင်၍ ထိုင်ကာ..

"ကောင်းပြီ၊ ဒါဆို ကိုယ် မေးမယ်၊ သူတို့ကို မင်းက မလိုချင်လို့ ကျိန်စာတိုက်ပြီး သတ်ပစ်နေတာလား၊ ဒါမှမဟုတ် မင်းကို ချစ်နေကြတဲ့သူ တစ်ယောက်က ဒီလိုဖြစ်အောင် လုပ်ကြံနေတာလား"

"ဟိုတစ်ယောက် ရှင့်ရဲ့ရှေ့မှာ ဖြစ်သွားတာလေ၊ တိုက်မိတဲ့ ကားပိုင်ရှင်တွေနဲ့ အမှုဖြစ်နေကြတာ ခုထိ မပြီးသေးဘူး၊ အဲဒီ တိုက်တဲ့ ကားပိုင်ရှင်တွေနဲ့ မိုးမြေ ပတ်သက်နေနိုင်တယ်လို့ ရှင် ထင်လို့လား"

"လုံးဝ မဆိုင်ဘူး၊ မသိကြတဲ့လူတွေဆိုတာ ကိုယ် သိတာပေါ့၊ ဒါပေမယ့် မင်း ပြောနေတာ အဲဒီလိုဖြစ်ဖို့ပဲရှိတော့တယ်လေ၊ ဘာဖြစ်လို့ 'မိုးမြေ ကြောင့်'ဆိုတဲ့ စကားကိုပဲ တွင်တွင်ပြောနေတာလဲ"

"ဟုတ်နေလို့ ပြောတာ၊ ဒါပေမယ့် အဲဒါကို မိုးမြေ အခု မပြောနိုင်ဘူး"

"အခု မပြောရင် ဘယ်တော့ ပြောမှာလဲ၊ ယုံကြည်စိတ်ချစွာ





ပြောပြတိုင်ပင်နိုင်တဲ့လူလို့ မင်း မျက်လုံးထဲမှာ ဘယ်သူ့ကိုမှ မသတ်မှတ်သေးဘူးလား၊ ဒါမှမဟုတ် မင်း နောက်တစ်ယောက်ကို လက်ထပ်ကြည့်ချင်သေးလို့လား"

"လက်ထပ်မယ်ဆိုရင် ဘာဖြစ်မယ်လို့ ရှင် ထင်လဲ"

မင်းမာန မဖြေနိုင်ပါ၊ မိုးမြေ ရဲ့စကားတွေက စိတ္တဇဆန်လာတာတော့ သေချာ၏။ ဒါပေမယ့် မိုးမြေ ကို သူ ဘယ်လိုမှ မထင်ရက်ပါ..။

ထိုပြင် နာကျင်အေးစက်နေတဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေကြားခဏ ပြည့်အိုင်လာတတ်သည်မှလွဲ၍ ဘယ်လို ဖောက်ပြန်ခြင်းမျိုးမှလည်း ရှာမတွေ့..၊

"အစ်မ ကော်ဖီ၊ အစ်ကို ဆေးလိပ်ယူဦးမလား"

ကော်ဖီ ရောက်လာရင်း သူ့ကိုပါ မေးတော့ လက်ကာပြလိုက် ၍..

"မယူဘူး၊ မိုးမြေ .. မင်း ကော်ဖီတွေ မသောက်နဲ့တော့"

ပြောရင်း ဝိတ်တာ လာချသွားသည့် ကော်ဖီကို ယူလိုက်ကာ နောက်ထပ် အအေးတစ်ဘူး မှာလိုက်၏။

"မင်း ညဘက်ဆို ညဉ့်နက်တဲ့အထိ မအိပ်ဘူးလို့ အန်တီ ပြောတယ်၊ ညနေပိုင်းရောက်လာကာမှ ကော်ဖီတွေ မသောက်နဲ့တော့"

ပြောလိုက်တော့လည်း မိုးမြေ ငြိမ်နေ၏။ ဒါပေမယ့် ကော်ဖီ သောက်ရခြင်း၊ မသောက်ရခြင်းကို စိတ်ဝင်စားလို့မဟုတ်ဘဲ တွေးချင်တာ တွေးနေတာမျိုး..၊

"ရော့..၊ အအေးလေးပဲ သောက်၊ ပြီးရင် ဘယ်သွားဦးမလဲ၊ ကိုယ် လိုက်ပို့မယ်"

သူ ဆက်ပြောမှ မိုးမြေ က ပြန်လှည့်ကြည့်ကာ..

"ရှင် ဘာဖြစ်လို့ မိုးမြေ ကို ကူညီနေတာလဲ"

"နောက်ကျမှ ခင်ခွင့်ရခဲ့ပေမယ့် သံယောဇဉ်က သက်တမ်းရင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ ထင်တယ်"

"မိုးမြေ က ရှင်နဲ့ ကင်းကင်းနေချင်တယ်"

"ကိုယ် လက်ထပ်သွားတဲ့အခါ ဒီတိုင်း ဖြစ်သွားမှာပါဂဲ"

"ရှင်ရော၊ ရှင့်ရဲ့လက်ထပ်ပွဲ အောင်မြင်မယ်လို့ ထင်လား"

မင်းမာန မျက်နှာပျက်သွားသည်။ မျက်လုံးချင်းဆုံတော့ မိုးမြေ က သူ တုန်လှုပ်သွားတာကို နားလည်သွားသည့်အပြုံးနှင့်...

"အဟွန်း၊ ရှင်နဲ့ မိုးမြေ ပထမတစ်ခါတုန်းက တူခဲ့ဖူးလို့ မေး ကြည့်တာပါ၊ လန့်သွားလား"

"မလန့်ပါဘူး၊ လက်ထပ်ပွဲ ဖြစ်တာ မဖြစ်တာထက် ထိခိုက် ပျက်စီးတာတွေ မဖြစ်စေချင်တာ၊ ကိုယ်ကတော့ အဲဒါတွေ ထပ်မရှိနိုင် ဘူးလို့ ယုံကြည်တယ်"

"ဟုတ်ပါတယ်၊ ရှင်က ကျွန်မမှ မဟုတ်တာ"

ကိုယ့်မှာသာ ဒီ ရှေးဟောင်းကျောက်ပြားထဲက ကျိန်စာကြောင့်...

"ဒါတွေက ကျိန်စာကြောင့်ဖြစ်တာလို့ ဆရာကြီးက တပ်အပ်ပြော တာ မိုးမြေ၊ ပြီးတော့ ဆရာကြီးက ဗေဒင်ဆရာလည်း မဟုတ်ဘူး ဓာတ်ဟော၊ နတ်ဟောလည်း မဟုတ်ဘူး၊ ဂန္ဓာရီလှည့်လည်နေတဲ့ အကြားအမြင်ရ ပုဂ္ဂိုလ်ကြီးရယ်၊ သူခက်ကျတဲ့ အရပ်မျက်နှာ၊ ဘုရား စေတီတွေမှာ ဥပုသ်ပြုတယ်၊ ငွေ တစ်ပြားမှ မကိုင်ဘဲ သူ တစ်ဝမ်း တစ်ခါးအတွက်က အမြဲတမ်း ပြည့်စုံနေတာတဲ့၊ သူရှိနေတုန်း နှင့် သွားသင့်တယ်သိလား၊ သွားမယ်ဆိုရင် သူ့ကို သစ်သီးဆွမ်း အမြဲ သွားပို့တဲ့၊ တောင်ကျောင်းစာသင်တိုက်က ကပ္ပိယကြီးကို ငါ အကူအညီ တောင်းပေးမယ်"

ငွေလ က ဒီကိစ္စအတွက်ကိုပဲ အားကြိုးမာန်တက် ဆောင်ရွက် ပေးနေတာ ဖြစ်သည်။ စေ့စပ်ပွဲအတွက် မိုးမြေ ပြင်ဦးလွင်ကို တက်





လာခင်လေးကမှ ဒီသတင်းကို ပေးထားတာဖြစ်လျက်၊ ဆက်တိုင်း အောင် ဆုံးသွားသည့်နာရေးကြောင့် ဒီအကြောင်းကို ပြန်မစဖြစ်ကြ သေးပေ..၊

"မိုးတွေ ရွာတော့မယ်၊ ရှင် ပြန်တော့လေ"

"ကိုယ် အရေးမကြီးပါဘူး၊ မင်းကိုပါ ခေါ်ဖို့ လာခဲ့တာ"

"မိုးမြေ ဆိုင်ကယ်လ် ဆီကုန်သွားလို့၊ ဒီဆိုင်ထဲ ဝင်ထိုင်နေတာ"

"အပ်ခဲ့လေ၊ ကိုယ်နဲ့လိုက်ခဲ့"

"ရှင့်နောက်က မိုးမြေ ထိုင်စီးရင် လူတွေ ဘာပြောကြမလဲ"

"ဘာတွေပြောပြော ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ"

ပြောနေရင်း မိုးတွေ သည်းလာသည်။ မိုးမြေ က ပိုက်ဆံထုတ်၍ စားပွဲပေါ်မှာ ချလိုက်ကာ...

"ပြန်မယ်"

"နေဦးလေ၊ မိုးနည်းနည်းစဲမှ မကောင်းဘူးလား။ မိုးဦးဆိုတော့ လမ်းတွေ ချော်တတ်တယ်"

မိုးမြေ က ကျေနပ်သွားသလို လမ်းဘက်ကိုကြည့်၍ ပြုံးပြလိုက် သည်။ ပြီးတော့...

"ကျွန်မရဲ့ သတို့သားလောင်းတွေ ကျွန်မကြောင့် သေကုန်ကြတာ ဆိုတော့ မှုမှုတာတာဖြစ်သွားအောင် အဲဒီကျိန်စာ ကျွန်မကို ထိပါစေလို့ ကျွန်မ တောင်းဆိုထားတယ်"

"ဟာကွာ၊ နိမိတ်မရှိတာ..."

နေရာမှ လိုက်ထရပ်ရင်း သည်းနေသည့်မိုးကိုလည်း လှမ်းကြည့်မိ သည်။ ဆိုင်ထဲမှာ လူရှင်းနေကာ မိုးတိတ်မှ ပြန်မည့်အစီအစဉ်တွေနှင့် ထိုင်သူမှလည်း လှုပ်လှုပ်ရွရွဖြစ်တာ မတွေ့...၊

"မိုးမြေ.."

www.burmeseclassic.com



ဆိုင်တံစက်မြိတ်နားရောက်တော့ မိုးမြေ လက်ကို သူ ဆွဲထား လိုက်မိ၏။ ဆိုင်အမိုးရိပ်ကိုက မိုးမနေသောကြောင့် အပြင်ကို မရောက် သေးဘဲ သူတို့ကိုယ်ပေါ်ကို ရေစက်တွေ တပေါက်ပေါက်ကျလာကြ၏

မင်းမာန က ရေစက်တွေကျနေတာကို မော့ကြည့်ကာ မိုးမြေ ကိုယ်ပေါ်ကို မကျအောင် လက်ဖဝါးနဲ့ ဟိုကာဒီကာ လိုက်ကာရင်း...

"ကိုယ့်ကားကလည်း ဟိုဘက်မှာ၊ ဆိုင်ကယ်လ်ထဲ ကိုယ် ဆ ထည့်လိုက်ပါ့မယ်၊ ခဏပြန်ထိုင်ဦးနော်.."

"မိုးမြေ ဆိုင်ကယ်လ် ဘာမှမဖြစ်ဘူး၊ လိုချင်တာက ရှင် ကျွန် အနားမှာ မနေဖို့ပဲ"

မိုးမြေ ဖြစ်လိုက်၊ ကျွန်မဖြစ်လိုက်နှင့် သူမမျက်နှာလေး ခံစားချက် မဲ့သလို ဖြစ်နေတာကိုမြင်လေ သူ့ စိတ်ပူမိလေ..။

"မရဘူး မိုးမြေ၊ မင်းသွားတဲ့နေရာ ကိုယ်လိုက်မှာပဲ"

"ရှင် လိုက်ရင် ရှင်လည်း သေမှာပဲ"

"ဘယ်နှစ်ခါ ပြန်သေနိုင်လဲ၊ မင်း နောက်မဆုတ်ဘူးဆိုရင် ကိုယ အဆင်သင့်ပဲ"

မိုးမြေ မျက်ဝန်းမှာ ဖြုတ်ခနဲဆို ညှို့သက်ရှိဝေသွားခဲ့၏။

ကိုယ်ဟာ ဒီပစ္စည်းကို သိမ်းဆည်းမွေးမြူမဲ့သူ ဖြစ်ပါလျက်နှ ကိုယ်ကတော့ ဘာမှမဖြစ်ဘဲ ဒီယောကျ်ားတွေပဲ သေဆုံးခဲ့ရတာ နားလည်ချင်လို့ပါ..၊

ဒါကြောင့် ရည်ရွယ်ထားတဲ့အတိုင်း ကျောက်ပြားထဲက ပန်းချီ ထုတ်နုတ်ရေးဆွဲဖို့ ဆုံးဖြတ်ခဲ့၏။

ခ လို ပြဿနာတွေ ရှိလာတော အရိပ်လို ကြည့်နေသည့် လူတွေထဲမှာ သူ နည်းနည်းလေး အခန်းအောင်းခွင့်မရ၊ ခရီးထွက်ခွင့်မသာ..၊





သိကိုသိချင်နေသည့်အဖြေဟာ ဒီလို စမ်းသပ်မှသာ ရတော့မှာမို့ လူတွေလစ်တုန်း အပြင်ကို ထွက်ခဲ့တာဖြစ်၏။

မိုးနဲ့ နွားသိုး အစိုးမရပေမယ့် သူမဟာ သေသင့်နေခဲ့ပြီမှန်လျှင် ဒီမိုးရွာလိမ့်မည်ဟု တွက်ခဲ့၏။ မိုးရွာထဲမှာ ဆိုင်ကယ်လ်စီးရင်း မိမိ ထံကြမ္မာကို စမ်းသပ်မလို့..၊

"ကဲ .. မင်း ပြန်ထိုင်မလား၊ သွားမှာလား"

"ရှင်က မိုးမြေ ခြိမ်းခြောက်ပြောနေတယ်လို့ ထင်ပုံရတယ်"

"မိုးမြေ"

မိုးမြေ တကယ် ထွက်သွားသည်။ သူ့ အပြေးတစ်ပိုင်း လိုက်ခဲ့ ရင်း...

"ကိုယ့်ကို သော့ပေး.."

"ဘာလို့ ပေးရမှာလဲ"

မိုးစက်တွေ တဖျောဖျော သွန်ကျနေသည့်အောက်မှာ ဆိုင်ကယ်လ် နား ရောက်သည်နှင့် နှစ်ယောက်စလုံး မိုးရေတွေ ရွှဲကုန်၏။

ထိုစဉ် ဘောင်းဘီအိတ်ထဲက ဖုန်းသံမြည်လာသည်။ မိုးမြေ ဆိုင် ကယ်လ်ပေါ် ရောက်သွားပြီမို့ နောက်ကနေ သူ ထိုင်လိုက်ရင်း...

"ဆောင်း လား၊ ကိုယ် မပြန်နိုင်သေးဘူး၊ မကြားရလို့ နောက်မှ ခေါ်မယ်"

ရေစိုသွားသည့်ဖုန်းကို ကမန်းကတန်း ပြန်ထည့်ကာ ဝေါခနဲ ဆောင့်ထွက်သွားသည့်ဆိုင်ကယ်လ်ကြောင့် မိုးမြေ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ရ၏။

"မိုးမြေ ကိုယ့်ကိုယ်ကို တမင်တကာ ဘေးဖြစ်အောင် လုပ်နေတာ ခိုက်ရှုးရဲဆန်တယ်နော်၊ အရှိန်ကို လျှော့လိုက်ဦး၊ ကုန်းလျှောမှာ လစ် ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတာကို မိုးမြေ က ဂရုမစိုက်ဘဲ ကုန်းဆင်းအတိုင်း ဒီတိုင်း လိမ့်ချ၏။ သူမကိုယ်သူမ သေကြောင်းကြံနေတာမှန်း သေချာ တော့ မင်းမာန စိတ်ကို ငြိမ်အောင်ထိန်းချုပ်၍ ဆိုင်ကယ်လ် ကွေ့ပတ် သွားနေတဲ့အတိုင်း အာရုံကို နှစ်ထားလိုက်မိသည်။

"ဟိတ် .. မလုပ်နဲ့၊ ပြန်ခေါက်လေ"

အကွေ့မှာ လမ်းကို ပြန်မဖြောင့်ဘဲ ဆိုင်ကယ်လ်က ချောက်ထဲကို ထိုးဆင်းသွား၏။

"အား.."

သေပါစေ ဆိုပေမယ့် တကယ်တမ်းကျတော့ မိုးမြေ တမင်တကာ လုပ်ရဲတဲ့အထိ သတ္တိမရှိပေ..၊

ထိန်းတော့ ထိန်းပေမယ့် မိုးရေနှင့် စလစ်ဖြစ်နေသည့် လမ်းက မှားယွင်းမှုကို ပြင်ဆင်ခွင့် မပေးတော့သည်မို့..

"ဂျိ .. ဝုန်း"

ဆိုင်ကယ်လ်ကို လေးဆယ့်ငါးဒီဂရီလောက် စောင်းကျသွားအောင် ကိုယ်ကို လွှဲလိုက်ပြီး မိုးမြေ ခါးကို ဖက်၍ လိမ့်ချပစ်လိုက်၏။

"ဒုန်း .."

ကုန်းလျှောမှာ ရှိသမျှ သစ်ပင်ကြီးငယ်တို့နှင့် ပစ်ဆောင့်တိုး တိုက်သွားသော ဆိုင်ကယ်လ်၏ ကံကြမ္မာက မကောင်း..။

"အား.."

"မိုးမြေ .. မိုးမြေ"

"မင်းမာန.."

သူ့ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ခံထားရသည့် ကိုယ့်အဖြစ်ကို သတိမရ..၊ ပခုံးကို သူ လှုပ်ခေါ်နေတော့ သူ့မျက်နှာကို ပြန်မော့ကြည့် မိကာ နာကျင်မှုထက် မျက်ရည်က အရင်ကျ၏။ ပြီးတော့ သူ့ခါးကို





ပြန်ဖက်ထားမိပြန်သည်။

"သတိလစ်သွားသေးလား၊ ဘာဖြစ်သွားလဲဟင်.. ကိုယ့်ကို ကြည့်စမ်း"

ပစ်စလက်ခက်လဲနေရာမှ ထထိုင်ကာ မိုးမြေ ကိုယ်လေးကို တွေ့ပိုက်ပျော့သားဖြစ်လျက်...

"ဘာမှမဖြစ်ဘူးမို့လား၊ စိတ်ပူလိုက်တာကွာ"

သူ မိုးမြေ တစ်ကိုယ်လုံးကို တင်းကျပ်နေအောင် ဖက်ထားမိ၏။

သစ်ပင်ငယ်လေးတစ်ပင်၏ အရိပ်ဖျားကျကျမှာမို့ မိုးတွေ သည်း နေပေမယ့် သူတို့ကိုယ်ပေါ်ကိုကျတော့ မိုးစက်က ကြိုးတိုးကျဲတဲ။

"ယုံပြီလား မိုးမြေ၊ သေခြင်းတရားဆိုတာ လိုချင်တိုင်း မရဘူး၊ ရှောင်ပြေးလို့လည်း မလွတ်ဘူး.."

"မိုးမြေ.."

မော့ကြည့်သည့် မိုးမြေ မျက်နှာလေးမှာ စောစောက ဖွတ်တရွတ် ဆန့်ချင်တဲ့ပုံတွေ ဘာမှမရှိ။ ထိုပြင် မျက်ခုံးအောက်စပ်နှင့် ပါးရိုးပေါ်မှာ တစ်ခြမ်းလိုက် ပွန်းရှသွားသဖြင့် သွေးစို့နေသည့် မင်းမာန မျက်နှာကို သူမ လက်ဖဝါးလေးနဲ့ ဖွဖွလေး ဆုပ်ပေးထားလျက်...

"တောင်းပန်ပါတယ်၊ မိုးမြေ ရှင့်ကို .. ရှင့်ကို သေစေချင်လို့ မဟုတ်ပါဘူး၊ အဲဒါလေ.."

"ကိုယ် နားလည်ပါတယ်ကွာ၊ ထကြည့်ပါဦး၊ ကိုယ်တို့ လမ်း လျှောက်နိုင်ပါ့မလားလို့.."

မိုးမြေ ရဲ့ ရေစိုနေသည့် ပါးမို့နနရဲရဲလေးတွေကို သူ သေချာ ကြည့်ရဲ့ သွေးဆုတ်တုန်ယင်နေသည့် နှုတ်ခမ်းလွှာလေးတွေကိုလည်း ငုံပေးကာထားလိုက်ခြင်းအားဖြင့်...

"ကိုယ့်ကို တွဲပြီးထ.."



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်နဲ့နဲ့ ထရပ်ရင်း မိုးမြေ လက်မောင်းလေးကိုပါ ဆွဲထူ
လိုက်၏။ ထိုအခါကျမှ သူ့မျက်ခုံးစွန်းက စီးကျနေသည့်သွေးတို့
သေချာမြင်ကာ မိုးမြေ မျက်လုံးလေးဝိုင်းလျက်...

"သွေးတွေ .. သွေးတွေ ရှင့်မှာ.."

နှစ်ယောက်စလုံး ဒဏ်ရာအနည်းအကျဉ်းစီတော့ ရှိထားကြတာ
မိုးမြေ ကိုယ့်ကိုယ်ကို မထိန်းဘဲ ဒဏ်ရာကို လှမ်းကိုင်လိုက်လျှ
လဲပြိုတော့မလို ယိမ်းထိုးကုန်ကြ၏။

ထို့ကြောင့် ဖွဖွရွရွ ဖေးကိုင်ထားရာကနေ တင်းတင်းကျပ်ကျ
ဖက်ထားလိုက်မိတာတွေ ဖြစ်ကုန်ကာ..

လျှပ်ရောင်တစ်ချက် ဖြတ်ပြေးသွားပြီး ဆက်တိုက် မိုးခြိမ်းသံကြ
က ဂျိမ်းခနဲ..၊ ဘာတွေဖြစ်သွားခဲ့လဲလို့ မေးလျှင် ပြန်ပြောဖို့တော
ခက်လိမ့်မည်။

ရင်ခွင်မိုးသည်းသည်းမှာ နှလုံးသားတစ်စုံ ပူးယှက်ကူးခတ်ရင်း





## အခန်း [ ၃၂ ]

ကိုယ် ဘာကို အလိုရှိနေပြီမှန်း နားလည်လိုက်ပေမယ့် အားလုံးက နှောက်ကျကုန်ပြီဖြစ်သည်။ ဒါပေမယ့် မရနိုင်တာကို ရှိပါစေတော့လို့ ဆုံးရှုံးခံလိုက်ရတာထက် မလိုချင်တာကို လက်ခံ သိမ်းဆည်းရမည့်ဒုက္ခကို ပိုကြောက်လာခဲ့၏။

"သူ့ကို ကျွန်တော် ဘယ်လိုမှ ချစ်လို့ရမှာ မဟုတ်ဘူး အဘွား"

နှစ်ယောက်တည်းရှိနေတုန်း ရင်ထဲရှိတဲ့အတိုင်း ပြောလိုက်တော့ ဒေါ်နန္ဒာနွယ် မချင့်မရဲမျက်နှာကြီးနှင့် ခေါင်းတယမ်းယမ်း ဖြစ်သွား၏။

"သိတယ်၊ ဒါပေမယ့် မြေးက လက်ခံခဲ့တယ်လေ၊ အခု ဘာလဲ၊ လက်မခံနိုင်တော့ဘူးလို့ ငြင်းချင်တာလား"

"ငြင်းခွင့်မရှိတော့ဘူးဆိုတာ သိပါတယ်၊ ခုလို အဘွားကို ကျွန်တော် ဖွင့်ပြောတာ ကိုယ့်နှလုံးသားကို သန့်စင်တဲ့သဘောပါ။ သူ့ကို လက်ထပ်ခဲ့ရရင်လည်း နှစ်ယောက်စလုံး စိတ်ချမ်းသာမှု ရနိုင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူလိုချင်တဲ့အရာကို မပေးနိုင်မှန်း ကိုယ့်ကိုယ်ကို နားလည်သွားလို့.."



www.burmeseclassic.com

www.burmeseclassic.com



"လက်ခံဖို့ ဆုံးဖြတ်ပြီးပြီးပဲ မြေးရယ်၊ လက်တွေ့ဘဝကို လက်ခံနိုင်အောင်ပဲ ကြိုးစားပါ၊ စိတ်ကူးယဉ်ဆန်ဆန် တည်ဆောက်ဖို့ကြိုးစားရင် ဘယ်သူမှာ အကျိုးရှိမှာလဲ၊ အခု မြေးက ဟိုဘက်ခြံက မိန်းကလေးကို မေတ္တာရှိသွားတာလား"

မျက်နှာလွှဲလိုက်သလို ဖြစ်သွားပြီးမှ မပွင့်တပွင့် ဝန်ခံသံ ထွက်လာ၏။

"ဒါပေမယ့် ကျွန်တော့်ဘက်ကပါ၊ သူ ကျွန်တော့်ကို လက်မခံ ဘူး"

"ဖြစ်ရလေ မြေးရယ်၊ မြေးမှာလည်း သက်ဆိုင်သူ ရှိပြီးသား ခမျာမှာလည်း ရှုးမတတ် ခံစားနေရတာ ပူပူနွေးနွေးကြီး ရှိသေးတာ"

"သူ ရှူးမတတ်ခံစားနေရတာ၊ ဖြစ်ပျက်သွားခဲ့တဲ့အခြေအနေတွေကိုပါ၊ အချစ်နဲ့ မသက်ဆိုင်ပါဘူး၊ အဲဒါတွေ ကျွန်တော် သိတယ်"

"ဒါဆို လူလေးက ခွင့်တောင်းခဲ့သေးတယ်ပေါ့၊ သူက ငြင်းလိုက်တာပေါ့၊ ဟုတ်လား"

ကိုယ့်မြေးလေး ဒီလို ကလေးဆန်ဆန် ပြောင်းလဲမှာတော့ မဟုတ်ဘူးလို့ ယုံကြည်ထားခဲ့တာမို့ ဒေါ်နန္ဒာနွယ် တအံ့တဩ ဖြစ်သွားခဲ့၏။

ခေါင်းခါလိုက်သော်လည်း မင်းမာန ဘာမှပြန်မဖြေပါ။

ရင်ခုန်သံတွေ သစ္စာမဲ့လို့ သူမ တစ်ကိုယ်လုံးကို သိမ်းပိုက်နမ်းရှိုက်ခဲ့မိတဲ့အချိန်မှာ ခဏတာ မေ့မူးသွားခဲ့ပေမယ့် မိုးမြေ သူ့ရင်ခွင်ထဲကနေ ပြန်လည် ရုန်းထွက်ခဲ့ပြီး...

"ရှင် မိုးမြေ ကို အခွင့်အရေးယူလိုက်တာမို့လား.."

"မဟုတ်ပါဘူး၊ မင်းကို ကိုယ်..."

"ဟင့်အင်း၊ အခွင့်အရေးယူလိုက်တာ၊ အဲဒီလိုလူပဲ ရှင် ဖြစ်လိုက်ပါ၊ ရှင် မိုးမြေ ကို မချစ်ရဘူး၊ မိုးမြေခံစား ဆိုတဲ့ဘဝမှာ ကျွန်မကြောင့်





နောက်ထပ် ဘယ်ယောက်ျားကိုမှ ဒုက္ခမပေးတော့ဘူးလို့ ဆုံးဖြတ်ပြီးသား၊ ကျွန်မက လူသတ်သမား၊ အဲဒါကို မယုံရင် ရှင်လည်း သေမှာလဲ"

မိုးမြေ သူ့ကို ရိုက်ပုတ်ပြီး ငိုသည်။ ပြီးတော့ သူ့ရင်ခွင်ထဲမှာပဲ ပြုဆင်းဖက်တွယ်လျက်...

"ကျွန်မက လူသတ်ကောင်၊ တကယ်ပြောတာပါ၊ သူတို့ သေတုန်းတာ ကျွန်မကြောင့်..."

ထိုစကားများဖြင့် နိုးထလာခဲ့သော ရင်ခုန်သံတွေက နေပူပူအောက်က ပန်းပွင့်တွေလို မချစ်ရသေးဘဲ အသည်းကွဲရသည့်ဒဏ်ရာဖြင့် သူ တစ်ညနေလုံး ဆောင်း ကို ရှောင်နေခဲ့မိသည်။

ဆောင်း က သူ့မျက်နှာကို အကဲခတ်၍ ဖြေရခက်သည့် မေးခွန်းတွေ မေးလာမှာပဲ ဖြစ်၏။ ထို့ကြောင့် မတွေ့ချင်..၊

"ကိုမာ.. အပြင်က ပြန်လာပြီး နေများမကောင်းတာလား အဘွား၊ မိုးမိလာတယ်ဆို.."

အပြင်မှာ အဘွားကို ဆောင်း မေးနေသံကြားတော့ စိတ်တော့ ကောင်းပါ။

သူ့ဘက်က သစ္စာဖောက်သလို ပြုခဲ့မိတာ အတိအကျမို့ အခန်းတံခါးပိတ်နေခဲ့ရင်း ထမင်းတောင် ထွက်မစားဖြစ်ခဲ့ပေ..။

တစ်ရေးပြန်နိုးလို့ ကြည့်လိုက်တော့ သန်းခေါင်ကျော်နေပြီဖြစ်၏။ အခန်းတံခါး သာသာဖွင့်ပြီး ဝရန်တာဆီ ထွက်ခဲ့စဉ်...

ဘာလဲ..၊

ဝရန်တာမရောက်ခင် ဘုရားခန်းနဲ့ ခြားထားသည့်မှန်ချပ်ကြီးက ဝရန်တာဆီကို လှမ်းမြင်ရသည်။ ညဘက်မီးလုံးပြာလေး အမြဲ ဖွင့်ထားတာမို့ ညဘက်မှာလည်း မြင်နေရ၏။

သူ မျက်စိမှားတာလား..၊ ခြေလှမ်းက ရေ့ဆက်သွားဖြစ်ဘဲ

www.burmeseclassic.com



မှန်နားကို ပိုဟိုး၍ ကပ်ကြည့်မိသည်။ လူတစ်ယောက်ဆိုတာ သေချာသွားသည့်ပြင် ထိုလူ မိန်းမတစ်ယောက် ဖြစ်နေ၏။

ကျောရှင်းနဲ့ နှောင်းသော ကိုယ်ဟန်နှင့် တစ်ပတ်လျှိုထုံးဖွဲ့ထားသည့် ဆံထုံးပုံပုံကိုပါ မြင်လိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွား၏။

ရာဇဝင်ထဲက မင်းသမီး..၊

သူ နောက်ကို ပြန်ခွာပြီး ဝရန်တာတံခါးဆီ တစ်လှမ်းချင်း လှမ်းခဲ့သည်။ တစ်ချပ်ပွင့်နေသည့် တံခါးဘေးမှာ ခဏရပ်နေရင်း ချီတုံချတုံ စိတ်က တော်တော်နှင့် လှမ်းမကြည့်ရဲဘဲ ဖြစ်နေ၏။

သူမ တကယ် ရှိနေဦးမှာလား။ သူနဲ့ရင်ဆိုင်မိရင် ဘာလုပ်မလဲ.. ယောက်ျားတန်မယ့် ကြောက်စိတ်တွေ ဖြစ်နေတာကို တွေးမိတော့ ကိုယ့်စိတ်ကို ပြန်တင်းလိုက်၏။

ထိုစဉ် စံကားပန်းနံ့ တစ်ချက် ကြိုင်လှိုင်တိုးဝှေ့သွား၏။ သူ့ခြံထဲမှာသာမက ခြေရင်းခေါင်းရင်း ခြံတွေမှာ စံကားပင်ရှိတယ်လို့ မကြားဘူးပါ။

ရှိနေရင်တောင် ဒီလို စူးစူးရှရှ မွှေးနံ့ခွင်လာတာမျိုး မရှိခဲ့ဘူးတာ သေချာသည်။ ဘယ်ဘက်ခြေတစ်လှမ်း ရွှေ့၍ တံခါးအကွယ်ကနေ ထွက်လိုက်မိ၏။

"ဟင်!..."

အဖြူရောင် ခပ်မှိုင်းမှိုင်းဝတ်စုံနှင့် အမျိုးသမီးသည် ကျောပေး ရပ်နေပေမယ့် ရှေ့ကို ဆွဲယူချထားသည့် ဆံနွယ်များကြား နားနောက်လေးမှာ ဖွေးလွှဲသော စံကားပန်းတွေကို ပန်ထားမှန်း အစွန်းအစလေးတွေကို မြင်နေရ၏။

သူမသည် ဝရန်တာတန်းပေါ်မှာ လက်နှစ်ဖက်တင်လျက် မျက်နှာမူရာအရပ်ကို ငေးမောနေခဲ့ခြင်းဖြစ်ကာ၊ ထိုအရပ်မျက်နှာသည် မိုးခြေ





တို့တိုက်ကြီး၏ ဘေးပြတင်းပေါက်တစ်ခု ဖြစ်နေခဲ့၏။

"ဟာ!..."

ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ဟာခနဲ အော်မိကာ မင်းမာန ခြေတစ်လှမ်းစာ ယောင်ရမ်းဆုတ်လိုက်မိသည်။

ဟိုဘက်ပြတင်းမှာ ရပ်နေသော ကိုယ်တစ်ပိုင်းအရိပ်သည် ယောက်ျားကြီးတစ်ယောက် ဖြစ်နေပြီး ဆံပင်တွေက ဖားလျား..၊

ထိုပုံစံကို သူ သိသည်။ သေချာသိနေတာမို့ ကြောင်တက် ငေးမောနေဆဲမှာ အမျိုးသမီးမျက်နှာ ဒီဘက်ကို ဖျတ်ခနဲ လှည့်လာ၏။

ကျောပေးထားသည့် ကိုယ်လုံးက မလှုပ်ဘဲ မျက်နှာချည်းပဲ ဝက်အူရစ်လို လည်လာတာမို့ သူ့မျက်လုံးတွေ ပြာဝေသွားကာ..

"အား!... ဟား.."

ဒါလည်း အိပ်မက်ပဲလား..၊

အိပ်ရာထဲမှာ ငုတ်တုတ်ထိုင်လိုက်ရင်း ကိုယ့်လက်တွေကို ဆုပ်ဖြန့်ကြည့်မိ၏။ ပြီးတော့ ချွေးပြန်နေသည့်မျက်နှာကို ဖြစ်သလို ပွတ်ပစ်ကာ အခန်းထဲကနေ ဝရန်တာထိ တောက်လျှောက်ထွက်လာခဲ့မိ၏။

ဝရန်တာတံခါးသည် ခါတိုင်းလိုပဲ ပိတ်ထားတာဖြစ်၏။ လော့ခ်ဖြုတ်၍ တံခါးကိုဆွဲဖွင့်လိုက်လျှင် ကြမ်းခင်းပေါ်မှာ စံကားပန်း တစ်ပွင့်..၊

အိပ်မက်ထဲမှ သေလုမြောပါး ထိတ်လန့်ခဲ့ရ၍လား မသိ၊ သူ့စိတ်တွေ သိပ်မလှုပ်ရှားတော့ပါ။ ရှေ့ကိုတိုးခဲ့ရင်း ဟိုဘက်ကို လှမ်းကြည့်လိုက်တော့ မီးဖွင့်နေသည့် အခန်းတစ်ခန်းထဲမှာ လှုပ်ရှားသွားသည့် အရိပ်တစ်ရိပ်ကို မြင်လိုက်သည်။

ယောက်ျားမိန်းမဆိုတာ မသိ..၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းကို ငုံ၍ကောက်ယူလိုက်ကာ ဟိုဘက်ပြတင်းကို ပြန်ကြည့်မိသည်။ အိပ်မက်မှာ မြင်လိုက်ရသည့် ယောက်ျား၏ပုံစံကို သူ သိနေသည်။ ဘယ်မှာမှန်း မသိ၊ မိုးမြေ တို့အိမ်မှာ ဒီလိုယောက်ျားအရွယ်ဆိုလို့ ဦးဘုန်းမြတ် ပဲ ရှိ၏။

သို့သော် ဦးဘုန်းမြတ် မှာ ဆံပင်ရှည်တွေ မရှိ..၊

သူ ငေးနေတုန်းမှာ ထိုအခန်းမီး ပိတ်သွားသည်။ သူ နောက်ပြန်လှည့်ဖို့ မေ့နေကာ မင်းသမီးရဲ့ပုံရိပ်ကို ပြန်မြင်လာပြန်သည်။

ကျောက်သားပန်းချီထဲက မင်းသမီးသည် သူ့ဘဝထဲမှာ တစ်စုံတစ်ရာနှင့် ပတ်သက်နေပြီမှန်း နားလည်လာ၏။

သေဆုံးခြင်းများနှင့် သူမ တကယ် ပတ်သက်နေသည်ဆိုလျှင် သူမဘာကို အလိုရှိနေပါသနည်း..၊

"သက်ပြင်းတွေ ချလှချည်လား ကိုမာ၊ ဟိုဘက်ကို ငေးပြီး တစ်ခုခုများ ဆွေးနေတာလား"

တစ်ယောက်တည်း စိတ်တွေ လွင့်မျောနေသဖြင့် ရုတ်တရက် ဆောင်း အသံကြောင့် ကြက်သီးထကာ လူက တုန်ခနဲ ဖြစ်သွား၏။

ဆောင်း မျက်နှာက နားလည်သွားပြီဆိုသည့် အေးစက်စက်အပြုံးနှင့်...

"ဆောင်း က ကိုမာ အအေးမိလာတယ်ထင်လို့ စိုးရိမ်ပြီး ဘွားကို မေးနေတာ"

သူ ဘယ်လို ရှင်းပြရမှန်းမသိဖြစ်လျက် နောက်ထပ် လေပွေတစ်ချက်မှုတ်ရင်း ဆံပင်တွေထဲ လက်ရောက်သွားသည်။

ကိုင်ထားသည့် ပန်းကို လွှတ်ချလိုက်ဖို့ပြင်ပြီးမှ ပြန်ငုံ့ကြည့်တော့ ဆောင်း က...

"မြတ်နိုးရင် သိမ်းထားပေါ့ ကိုမာ ရဲ့၊ စကားပန်းက ဘယ်က





ရတာလဲ"

လို့ မေးကာ ဟိုဘက်တိုက်ကြီးဆီ လှမ်းကြည့်၏။ သူ ငေးမောနေမိတာ အထင်ကရဖြစ်ခဲ့ပြီမို့ ဒီလောက် တိုက်ဆိုင်နေတာကို ရှင်းဖို့လည်း လွယ်မည်မထင်တော့ပါ..၊

ပန်းကလည်း ပြဿနာရှိနေတဲ့ပန်းမို့ ဒီတိုင်းပဲ ကိုင်ထားမိကာ...

"ဒီပန်းရော.. တခြားကိစ္စတချို့ရော နောက်ကျရင် မင်း သိလာမှာပါ။ အခုတော့ ဒါတွေပြောရမယ့်အချိန်လည်း မဟုတ်ဘူး။ မင်းလည်း နောက်ဖြစ် ခရီးသွားရမှာမို့လား၊ အိပ်တော့နော်"

"ရှင်တောင် တစ်ရေးနိုး လှမ်းချိန်ရရင် ဆောင်း က နောက်ကျမှ သိရမှာ ဘယ်တရားမလဲ..၊ အဲဒီတစ်ယောက်နဲ့ ရှင့်အခြေအနေကို ဆောင်း ခုပဲ သိပါရစေ"

ဆောင်း ရဲ့မျက်ဝန်းလေးတွေကို သူ စိုက်ကြည့်မိ၏။ အပြာရောင် မီးရောင်ရဲ့အောက်မှာ အပြာရောင် ညဝတ်အင်္ကျီပွပွလေးနှင့် ဆောင်း ပုံစံက အေးချမ်းရမယ့်အစား ပူလောင်နေခဲ့၏။

သူမကို ဘယ်လိုမှ လှီးလွှဲပြောဖို့မလွယ်မှန်း သိလိုက်သဖြင့် သူ ခေါင်းညိတ်ကာ..

"ဒီည မင်းမိဘတွေလည်း ရှိနေတော့ သူတို့ နိုးလာပြီး မင်း အပြင်ရောက်နေတာသိရင် စိတ်ပူကြလိမ့်မယ်၊ ပြန်အိပ်လိုက်ပါ။ မနက်ကျရင် မင်း မန္တလေးမပြန်ခင် ကိုယ် ပြောပြမယ်၊ ဒီည မင်းထင်တဲ့ အားယွင်းမှုတွေရော၊ အစကတည်းက ကိုယ်တစ်ယောက်တည်း လှုပ်ရှားဖြေရှင်းနေခဲ့ရတဲ့ ပြဿနာကိုရော.."

"အားလုံး ပြောပြမယ်ပေါ့"

"ပြောမယ်..၊ မင်းက ကိုယ်နဲ့လက်ထပ်မယ့် ခနီးလောင်း.. ဒီလို အထင်မြင်လွဲမှားမှုတွေ အမြဲတမ်းရှိနေရင် တို့ ဘယ်လိုလုပ် ခရီးဆက်



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ အဲဒါကြောင့် ပြောပြမယ်လို့ ကိုယ် ဆုံးဖြတ်လိုက်တာ၊ မင်း ယုံပါ”

ဆောင်း ကျေကျေနပ်နပ် ခေါင်းညိတ်၏။ ဒါပေမယ့် အိပ်ရာ အသီးသီး ဝင်ခဲ့ကြသည့်တိုင် သူမ အိပ်လို့မပျော်ခဲ့ပါ။

နောက်ဆုံး မျက်စိကြောင်နေတယ်ထင်ကာ ညအိပ်မီးလုံးလေး ကိုပါ မှိတ်ပစ်လိုက်မိ၏။ အခန်းထဲမှာ ဖျတ်ခနဲ မှောင်ကျသွားတော့ အပြင်က အလင်းရောင်နှင့် တံခါးခပ်ဟဟဖြစ်နေတာကို မြင်လိုက် ရသည်။

အခန်းထဲမဝင်ခင် တံခါးပြန်မပိတ်ခဲ့ဘူးလားလို့ ကိုယ့်ကိုယ်ကို တောင် သတိမရတော့ဘဲ တံခါးပိတ်ဖို့ ပြန်ထ၏။ ထိုစဉ်...

အပြင်ကနေ လူရိပ်တစ်ရိပ် ဖြတ်ထွက်သွားတာကို မြင်လိုက်ရ၏။

“ဘယ်သူလဲ..”

တံခါးကို ဆွဲဖွင့်ပစ်လိုက်ရင်း အပြင်ကို ခေါင်းပြူမေးလိုက်မိ သည်။ လူရိပ်က လှေကားအတိုင်း ဆင်းသွားတာမို့ နောက်ထပ် ပါးစပ်ပြင်လိုက် မိသေးသည်။

ပြီးမှ အခန်းထဲမှာ မေမေနဲ့ အန်တီတို့ ရှိနေသေးသဖြင့် နှုတ်ကုန်ကြ မှာစိုးကာ သူမကိုယ်တိုင် အပြင်ထွက်လိုက်သည်။

အပြင်မှာ ညမီးလုံးလေးတွေ ရှိနေသဖြင့် အားလုံးကို မြင်နေရ သည်။ ဒါတောင် လူရိပ်ကို ယောကျ်ားမှန်း၊ မိန်းမမှန်း မခွဲခြားလိုက်နိုင် သဖြင့် ကိုယ့်ကိုယ်ကို မကျေနပ်ဖြစ်မိသည်။

ခြေလှမ်းတွေကတော့ လှေကားကနေ တောက်လျှောက်ဆင်းခဲ့မိ ပြီ ဖြစ်၏။

အိမ်ကြီးက ရှေးဟောင်းတိုက်အိုကြီးဖြစ်ကာ အောက်ခြေတစ်ထပ် လုံး၏ပုံစံကို အပျက်မခံဘဲ အပေါ်ပိုင်းကိုပဲ ပြုပြင်ထားတာလို့ ဆိုသည်။

လှေကားကြီးက အောက်ပိုင်းမှာ ကြောင်လိမ်လှေကား ဖြစ်သွား





တာ အပေါ်မှာ နှစ်ဆစ်ချိုးထားသေးသည်။

ကြောင်လိမ်ကွေ့ကိုရောက်တော့ သူမ အောက်ကို ငုံ့ကြည့်လိုက် တာ လူရိပ်မမြင်ပါ။ ဒါပေမယ့် သော့ဖွင့်လိုက်သည့်အသံကိုတော့ သေချာ ကြားလိုက်၏။

စိတ်ထဲမှာ မင်းမာန ပဲလို့ တစ်ထစ်ချ တွက်မိသွားသည်။ စောစော တုန်းက သူ ဝရန်တာကနေ ဟိုဘက်ကို မျှော်ကြည့်နေတာ မိုးချောင် ခိုးဝှက်..၊

မိုးမြေခြား နှင့် သူ အချိန်းအချက်တွေ လုပ်ထားလိုက်တာ ဖြစ်နိုင် ၏။ လှမ်းနေသည့် ခြေလှမ်းတို့က ပို၍ မြန်ဆန်သွားသော်လည်း ရင်ထဲမှာ ကျင်သွားတာက တစ်ယောက်တည်း တက်ခေါက်မိတဲ့အထိ..၊

အောက်ထပ် ဒုတိယဧည့်ခန်းကျယ်ကြီးကိုရောက်စဉ် မီးဆိုင်းတွေ အားလုံးကို ဖွင့်ပစ်ဖို့ လက်ကရောက်သွားသေးသည်။

ဒါပေမယ့် ဒီည သူနဲ့ အပြတ်ရှင်းရတော့မှာဖြစ်သည်။ အိမ်မှာ မေမေတို့လည်း ရှိနေသည်မို့ အားလုံးရှေ့မှာ သူတို့ရဲ့ရှုပ်ထွေးမှုကို ဆက်ဆုပ်လက်ကိုင် ဆွဲပြမည်။

မနက်မိုးလင်းတာနှင့် မင်းမာန ဆိုသည့် ယောကျ်ားနှင့် ဆောင်း၊ ဘယ်တော့မှ ပြန်လည်ဆုံစည်းဖို့ မရှိတော့သည့် ပြတ်စဲခြင်းဖြင့် ကျော ခိုင်းကြရုံ..။

နှုတ်ခမ်းလေးကိုက်ပြီး သော့တန်းလန်းနှင့် ဘာဂျာတံခါးကြီးကို ကြည့်လိုက်မိသည်။ ဒီအဝင်ဝမှာ တံခါးသုံးထပ်ရှိပေမယ့် တံခါး အားလုံးမှာ အောက်ဘီးတွေရှိတာမို့ ဖွင့်တာပိတ်တာမှာ အသံထွက်ခြင်း ရှိ..။

ဆောင်း တံခါးကို အသာလေး တွန်းပစ်လိုက်ပြီး အပြင်ကို ခြေတစ်လှမ်းချသည်။ ခြံထဲကနေ စိမ့်ခနဲ တိုးဝင်လာသည့် လေနုအေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ချမ်းမြေ့သွားခြင်းဖြစ်ရမည့်အစား ကျောထဲမှာ စိမ့်သွားသ ကြက်သီးထသွားသလိုလို..။

ထိုပြင် မီးတိုင်တွေ ဟိုတစ်တိုင် ဒီတစ်တိုင် ရှိနေတာ သစ်ပင်ကြီးတွေရှိနေသည့် ခြံကြီးက အလင်းရောင်မှဲ့နေသလိုပင်..။

မင်းမာန ဘယ်ကိုထွက်သွားသည် မသိ၊ ခေါင်းရင်းဘက် ခြေရင်းလား..။

ပေါ်တီကိုမီးကို ဖွင့်လိုက်လို့ရသော်လည်း ကိုယ်က သူခိုးဖမ်း ဖွင့်လို့မဖြစ်၊ ဆောင်း စဉ်းစားနေတုန်း ခြေရင်းဘက်က စကားပြေ လိုလို၊ လှုပ်ရှားမှုတစ်ခုခုလိုလို စိတ်ထဲမှာ ခံစားမိလိုက်သဖြင့် ဘ မစဉ်းစားတော့ဘဲ အလင်းပြောက်တွေလွှတ်သည့် မှောင်ရိပ်ဘက် ကပ်၍ ထွက်လာခဲ့မိသည်။

"ဟင်!..."

တော်တော်လေး မှောင်ရိပ်ကျသည့် ခုံတန်းလေးပေါ်မှာ ပူးယှ ဖက်တွယ်နေသည့် ဖြူဖျော့ဖျော့ပုံရိပ်နှစ်ခု..၊

ဒေါသတွေ တဆစ်ဆစ်တိုးဆောင့်ကာ လက်သီးနှစ်ဖက် ထားရင်း လှုပ်ရှားဖို့ မေ့နေခဲ့၏။ သင်ဆိုးမယား တဖားဖားဆိုရ လင်မယားလည်း ဖြစ်ကြသေးတာမဟုတ်..၊

ကိုယ်ရှိနေတာမှ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ မကြိုက်နိုင် လက်မထပ်နိုင်ဘူးဆိုရင်လည်း ငြင်းလိုက်ရင် ပြီးတာပဲ မဟုတ်ဘူး

နေ့လယ်ကလည်း မိုးရွာနေလို့ မိုးခိုနေရသလိုလို အကြောင်းပြ တစ်နေကုန် ပျောက်နေခဲ့သည်။ ဒါလည်း အပြင်မှာ တွေ့နေကြ ဖြစ်လိမ့်မည်။

ဒီလောက် ဖြစ်နေတာတောင်မှ ညကြီးအချိန်မတော်မှာ..၊ ဒေါသကြောင့် မျက်ရည်တွေတောင် ဝေ့လေသည်။ သူမ တွေး





ဆင်ခြင်နေသမျှ မှန်သလား၊ မှားသလားဆိုတာလည်း ဘာမှမမြင်..။

နှစ်ယောက်စလုံးကို တစ်ခုခု လုပ်ပစ်ချင်စိတ်တွေသာ ဆထက် ထမ်းပိုး ဖိစီးလာခဲ့၏။ ကြည့်နေတုန်းမှာ လူရိပ်တွေ လှုပ်ရှားလာကြ၏။

တစ်ယောက်ကိုတစ်ယောက်ဖက်၍ မြင်းစောင်းရှိသည့်ဘက်ကို ပြေးသွားကြတာ ပန်းခြံထဲမှာ ညနေခင်း နှစ်ယောက်တည်း ကြည်နူးနေကြသည့်အတိုင်း..။

ဆောင်း ဒီတိုင်းပဲ ဆက်လိုက်ရမလား၊ ဒေါသတွေဖြစ်ပေမယ့် ပေါက်ကွဲဖြစ်တာလည်း မဟုတ်၊ ပေါက်ကွဲဖို့ထိ ဆုံးဖြတ်ပြီးမှ ကိုယ်ထိလက်ရောက် ဘာမှလည်းမလုပ်ဖြစ်ဘဲ လှုပ်ရှားမှုတွေနောက်ကို လိုက်နေ မိတာ စိတ်ညစ်ခံထားရသည့်နှယ်..၊

"ဟင်.."

မြင်းစောင်းရှေ့မှာ ရပ်လိုက်မိသည်နှင့် သက်ပြင်းချသံကြီးက ကျောစိမ့်ဖွယ်..၊

ဆောင်း ဖျတ်ခနဲ ကြည့်လိုက်တော့ ဘာမှမမြင်ရဘဲ ရထားလုံးမှာ တပ်သည့် မြင်းညိုကြီးက တစ်ခုခုကို ထိတ်လန့်နေသလို ဝပ်စင်းနေရာကနေ ထရပ်လိုက်၏။

ထို့နောက် ဟိုကြည့်ဒီကြည့်နှင့် ရှုန်းနေသည်။ စိတ်ထဲမှာ မသိုးမသန့်ကြီးဖြစ်လာကာ ဆောင်း ပြန်လှည့်ဖို့ နောက်ကို ခြေလှမ်းဆုတ်လိုက်လျှင် ရယ်သံသဲ့သဲ့ကြောင့် ရှေ့ကို ပြန်ကြည့်လိုက်မိ၏။

"ဟင်!..."

မြင်းစာခွက်၏ ဟိုဘက်မှာ ရပ်နေသည့် အရိပ်သဏ္ဌာန်က အမျိုးသမီးတစ်ယောက်..၊ အင်္ကျီဖြူဖျော့ဖျော့နှင့် ရင်ဘတ်ပေါ်မှာ တစ်ပတ် သျှိုပြန်ချထားသည့် ဆံရှည်တို့ကိုလည်း မြင်ရသည်။

ဒါပေမယ့် မျက်နှာပြင်က သေချာစိုက်ကြည့်လေ ဝေဝါးနေ လေ..၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်း သူမ မျက်နှာပြင်ဟာ မျက်ခုံးမျက်လုံး ဘာမှမရှိ သေ ပိတ်စတစ်စနှင့် တူလာ၏။

ဆောင်း ရင်တွေ တဒိန်းဒိန်းခုန်လာကာ နောက်ကို ခြေလှမ်းဆု သည်။ တစ်လှမ်းပြီးတစ်လှမ်း ဆုတ်နေလျက် ထိုမျက်နှာကိုပဲ မျက် က မခွာနိုင်ခဲ့ပေ..။

"ညှင်း .. ဟီး .. ဟီး .. ဟီး"

ညဥ့်ယံမှာ မြင်းညိုကြီး၏ အလန့်တကြား ပတတ်ရပ် ဟီလို သော အသံကြီးက ပဲ့တင်ထပ်သွား၏။ ပြီးတော့ ဘာတွေဖြစ်ကုန် မသိလိုက်မီ...

ရုတ်တရက် ကဆုန်ပေါက်ကာ အကြမ်းပတမ်း ဆောင့်ရုန်းလို သည့် မြင်းညိုကြီး ကိုယ်ရှေ့ကို လွှားခနဲ ရောက်လာတာ သိလိုက်ပြီ

"ဟီး .. ဟီး"

"ဝုန်း"

"အား"

ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွား၏။

ထို့နောက် တံခါးဖွင့်သံတွေ၊ ခေါ်သံတွေ ဆောင်း နားထဲမှာ တ အော်မြည်သံကြီးနှင့် မီးပွင့်မီးပွားတွေ စင်ထွက်နေတာလည် မပြီးနိုင်ပေ..။

သူမ မျက်လုံးဖွင့်ထားသည်လား၊ မဖွင့်နိုင်တော့ဘူးလား..၊ ဘ မမြင်ရခြင်းတစ်ခုသာ သေချာနေလျက် ကိုယ့်ကိုယ်ကို ဘာမှ တော့..။

"သမီးလေး..၊ အမလေး .. ဘယ်လိုဖြစ်ကြတာလဲ၊ လုပ်ကြ ထို

"ဆောင်း .. သမီးလေး"

မိဘတို့၏ရင်ခွင်ထဲက ဆောင်း ကို မတ်တတ်ရပ်ကနေ ငုံ့ကြ





င်း မင်းမာန ရုတ်တရက် သတိလစ်သူလို ဖြစ်နေခဲ့၏။

ဆောင်း မျက်နှာမှာ သွေးချင်းချင်းနီလျက်..၊

"ကြည့်ပါဦး..၊ နားထင်တစ်ခြမ်းလုံး ကြေမွကုန်ပြီထင်တယ်၊ သမီးလေး အမလေး အဖြစ်ဆိုးလိုက်တာ လုပ်ကြပါဦး"

အိမ်နီးချင်းတွေပါ ဓာတ်မီးတွေ တဝင်းဝင်းနှင့် ပြေးဝင်လာကြ၏။

"မြင်းထွက်သွားတာ တွေ့တယ်၊ ဘာတွေ ဖြစ်ကုန်တာလဲ"

"မသိပါဘူး၊ ကျွန်မ သမီးလေးကို ကယ်ကြပါဦး"

မိခင်ဖြစ်သူက အရူးတစ်ပိုင်းဖြစ်နေသော်လည်း လူနာကို ပွေ့ယူဖို့ တွက် နာကျင်မှုမဖြစ်အောင် ဘယ်လိုမှ မတတ်နိုင်..။

"ခေါင်းကို မြင်းကန်သွားတာ ထင်တယ်၊ ကြေမွနေပြီ.."

ရုတ်ရုတ်သဲသဲ လှုပ်ရှားနေကြသူတွေကြားထဲမှာ မင်းမာန ဆောင်း ငုံ့ကြည့်၍ ကြောင်ငေးရပ်နေဆဲ..

သွားပြန်ပြီ နောက်တစ်ယောက်လို့ နေမထွက်ခင် ဝေဖန်သံတွေ ထွက်လာတော့မည်။ ကိုယ့်ကြောင့်ဆိုရင် ကိုယ် တောင်းပန်ပါတယ်၊ မင်း ငုံ့မလွှတ်ပါနဲ့ ဆောင်း ရယ်..၊

သူမ ဒီထဲကို ဘယ်လိုရောက်လာတာလဲ..၊ ဘာတွေ ဖြစ်ကုန် တာလဲ..။

"မင်းမာန၊ မင်းကို .. မင်းကို ခေါ်နေတာ ထင်တယ်"

ဆောင်း ရဲ့အဖေါ်က ရပ်ငေးနေသည့်သူ့ကို မော့ကြည့်၍ ငိုသံကြီး နှင့် ပြော၏။

"ဆောင်း"

သူ ဆောင်း ရဲ့ဘေးမှာ ဒူးထောက်ထိုင်လိုက်ကာ လှုပ်ရှားနေသဲ လက်ချောင်းလေးတွေကို ထပ်ဆုပ်ကိုင်လိုက်သည်။

ပြီးတော့ တလှုပ်လှုပ်နှင့် အသံမထွက်နိုင်သည့် နှုတ်ခမ်းလေးနား



www.burmeseclassic.com

www.burmeseclassic.com



ကို တိုးကပ်၍..

"ပြောပါ ဆောင်း ရယ်..၊ ကိုယ့်ကို မင်း ကြိုက်သလိုသာ ပြောပါ"

မြင်းစောင်းထဲက စီးချောင်းကို ဖွင့်လိုက်ကြသဖြင့် လူတွေအားလုံး က ဆောင်း နားမှာ ဝိုင်းအုံနေခဲ့ကြသည်။

"ကိုမာ.."

"ဆောင်း ပြောလေ..၊ ပြောချင်တာကို ပြောချလိုက်ပါ"

ဆောင်း မျက်ဝန်းထောင့်မှ ချက်ရည်စက်တွေ သွေးတွေထဲကို တိုးဝင် စီးမျောသွား၏။

"ဆောင်း .. ဆောင်း .. မှား .. တာ ..၊ ကိုမာ့ .. ကို .. အထင်.. မှား .. ပြီး .. ဟို.. ဟိုနားမှာ .. သ .. သရဲမ"

"သမီးလေး.."

ဆောင်း မျက်နှာလေး ငိုက်ကျသွား၏။

ထိုညက ဆောင်း နှုတ်ဖျားက စကားသဲ့သဲ့ကြောင့် နာမည်တွင် ကျန်ရစ်တာက မင်းမာန ဘေးမှာ သရဲမ ရှိနေသည်။

ထို သရဲမသည် မင်းမာန လက်ထပ်မည့် မိန်းမတိုင်းကို သတ်ပစ် လိမ့်မည်ဟူ၍..





## အခန်း [ ၃၃ ]

သချိုင်းဟောင်းတစ်ခု ဆိုပေမယ့် မသတီဖွယ်ရာ ဘာမှမရှိတော့ ...ထို့ပြင် စေတီတော်တစ်ဆူက ထုံးဖြူဖွေးဖွေးနှင့် ခပ်မို့မို့ ကုန်းမြင့် ...းထက်မှာ သပ္ပာယ်စွာ ရှိနေသည်။

မင်းမာန နဲ့ ထွတ်ဖျားတို့ ရောက်သွားကြတော့ ညောင်ပင်ပျို ...ပင်၏အောက်မှာ အုတ်ကျိုးအုတ်ပျက်များ စုဝေးနေကာ ထိုပေါ်မှာ ...နေသူက ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦး..၊

"ကျွန်တော်တို့ ရောက်ပါပြီ ဘိုးဘိုး"

ထွတ်ဖျား က ဒူးတုပ်ရှိခိုးကာ မင်းမာန က အိတ်ထဲက ထုတ်ယူ ...တ်သည့် ကျောက်ပြားလေးကို အဘိုးအိုရှေ့မှာ တရိုတသေ ချပေး ...ပြီးမှ ဦးခိုက်၏။

အဘိုးအိုသည် မျက်လုံးဖွင့်နေမှန်းမသိ၊ ပိတ်ထားမှန်းမသိလောက် ...ောင် မျက်တွင်းချိုင့်နေလျက် မျက်ခုံးမွေးဖြူဖြူတွေက မျက်လုံးပေါ် ...ကွယ်မတတ် ရှည်ကျနေ၏။ နှုတ်ခမ်းမွေးအဖျားနှင့်ဖက်ကာ မုတ်ဆိတ်ဖြူများထိ ရောဆင်းကျနေလေသည်။ မြင်လိုက်တာနဲ့ အဘိုး



www.burmeseclassic.com

www.burmeseclassic.com



အို၏ သီလ၊ သမာဓိကို ယုံကြည်ကိုးကွယ်လိုစိတ်တွေ ဖြစ်လာခဲ့၏။

ထွတ်ဖျား ပထမတစ်ခါ ကိုယ်တိုင် လာခေါ်ခဲ့သည်။ မိုးမြေ စေ့စပ်မည့်ကိစ္စနှင့် ဆက်တိုင်းအောင် သေဆုံးခဲ့သည့်အဖြစ်တွေကြောင့် သူ မလိုက်ဖြစ်ခဲ့..၊

ခုတော့ ရင်ထဲမှာ ပူလောင်နေခြင်းက အရည်ပျော်ကျမတတ် ဖြစ်ကာ အရှုးလို လျှောက်ပြေးချင်စိတ်က ဆရာတစ်ယောက်ယောက် နဲ့မှ မတွေ့ရလျှင် တကယ် ရူးသွားနိုင်၏။

ကိုယ့်ကိုယ်ကို ဘာတွေဖြစ်နေမှန်းမသိ..၊ ဘာတွေ ဆက်ဖြစ်လာဦးမယ်ဆိုတာလည်း မတွေးရဲ၊ မနက်ဖြန်တွေကို ကြောက်တတ်လာခဲ့ ရင်း မင်းမာန ဆိုတဲ့ကောင် စိတ်ကျန်းမာရေးဆေးရုံ ရောက်တော့မည့် အခြေအနေမှာ...

"အဲဒီပစ္စည်းလေးပါ ဘဘ၊ အဖြစ်သနစ်ဆိုးတွေကို ကျွန်တော် သူငယ်ချင်း ပြောပြထားပြီးပြီ ဖြစ်မှာပါ၊ ဒါပေမယ့် အဲဒါတွေထက် ပိုဆိုးတာတွေ ဖြစ်လာခဲ့ပါပြီ၊ အားလုံးက ဒီပစ္စည်းကြောင့်ဆိုတာ အခု ကျွန်တော် ယုံကြည်နေမိပြီ ဘဘ၊ ဒီပုံထဲက မင်းသမီးကိုပဲ..."

သူ ဆောင်း သေဆုံးခဲ့တဲ့အထိ ကိုယ်တိုင် မြင်တာတွေရော ထင်ရတာတွေရော အားလုံးကို ပြောပြနေမိသည်။

သူ ပြောတာကို နားထောင်ရင်း အဘိုးအိုက စေတီတော်မှာ ကပ်လှူထားသည့် သောက်တော်ရေခွက်ကို ပြန်စွန့်သည်။

ပြီးတော့ ကျောက်ပြားကို ပက်လက်အတိုင်းထားကာ သောက်တော်ရေခွက်ကို တင်ထားလိုက်၏။

"ကဲ... လူလေးတို့ နောက် နည်းနည်းဆုတ်ပြီး မျက်လုံးတွေ မှိတ် တရား နှလုံးသွင်းထားပါ၊ ကျုပ်က စကားမစဘဲ ဘာမှ မပြောပါနဲ့ မမေး မြန်းပါနဲ့"





ဤသို့ မှာကြားပြီး တင်ပလ္လင်ခွေဖွဲ့ထိုင်နေသော အဘိုးအိုသည် ရေခွက်ထဲကရေကို စူးစိုက်ကြည့်နေ၏။ ပြီးမှ တဖြည်းဖြည်း မျက်လုံး တွေ မှိတ်သွားခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး သစ်ရွက်ကြွေသံ၊ ကျေးငှက်မြည်သံတို့မှ အပ တိတ်ဆိတ်ခြင်းက ကြီးစိုးသွားခဲ့၏။

တရား နှလုံးသွင်းပါလို့ မှာပေမယ့် ဒီပြဿနာထဲမှာပဲ ရှုပ်ထွေး နေခဲ့သည့်စိတ်က ဘယ်လိုမှ မတည်ငြိမ်ပေ..၊

ထိုပြင် ခဏတဖြုတ်ကြာလျှင် မျက်လုံးတွေ ပြန်ဖွင့်လာမည်၊ တစ်စုံတစ်ရာသောအဖြေကို သိရတော့မည်ဟု ထင်ခဲ့ပေမယ့် ဆရာကြီး ထံမှ တိတ်ဆိတ်နေခြင်းက အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးခဲ့သည်အထိ ဒီတိုင်းပဲ ရှိနေခဲ့၏။

မနေနိုင်သည့်အဆုံးမှာ မင်းမာန မျက်လုံးတွေကို ဖွင့်လိုက်မိ၏။ သူ ကြည့်လိုက်တော့ ထွတ်ဖျား သည်လည်း ဆရာကြီး ပြောသည့် အတိုင်း တည်ငြိမ်စွာ နှလုံးသွင်းနေနိုင်ခဲ့သည်။

သူ့မှာသာ ပူလောင်သော၊ ရှုပ်ထွေးမှုများနှင့် ဘယ်လိုမှ တရား နှလုံးမသွင်းနိုင်ဘဲ ဖြစ်နေခဲ့၏။ နောက်ထပ် မျက်လုံးတွေ ပြန်မှိတ်၍ စိတ်ကို တည်ငြိမ်အောင် ကြိုးစားရသည်။

သစ်ရွက်ကြွေသံ၊ လေတိုးသံများမှလွဲ၍ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်သည် သူ့စိတ်တွေကို ချော့သိပ်နေသကဲ့သို့ ရှိကာ...

"လူလေးတို့ သိချင်တာကို ကျုပ် ပြောပြမယ်.."

တစ်စုံတစ်ရာမှာ တငြိမ့်ငြိမ့် စီးမျော၍ ချမ်းမြေ့နေသည့်စိတ်က နှုတ်ခနဲ လှုပ်နိုးလိုက်သလို ပစ္စုပ္ပန်ကို ပြန်ရောက်လာ၏။

ဆရာကြီး၏မျက်နှာပြင်မှာ အလွန်တရာ စိတ်ဆင်းရဲ ခြောက်ခြားဖွယ် ကောင်းသည့် အဖြစ်တစ်ခုကို မြင်တွေ့ခဲ့ရသလို ဖြစ်ပျက်ခြင်း၊ သနားခြင်း...



www.burmeseclassic.com

www.burmeseclassic.com



တရားတွေ ပြည့်နက်လျက်...

"တော်တော်ကို ကြောက်စရာကောင်းတဲ့ ဒေါသ၊ မောဟတွေပဲ၊ အင်း.."

ဆရာကြီးက သက်ပြင်းမျှင်းမျှင်းချလိုက်ရင်းမှ...

"မင်းတို့ ပြောပြခဲ့သလို ဒီကျောက်ပြားရဲ့ နောက်ထပ်တစ်ခြမ်းထဲက မင်းသားလေးက ဒီမှာရှိတဲ့ မင်းသမီးရဲ့ ပေါင်းခွင့်မရလိုက်တဲ့ ချစ်သူတွေပဲ..."

"ဟုတ်ကဲ့"

"ပြောရရင်တော့ ဟိုအရင် ရာစုနှစ်ပေါင်းများစွာက ဒေါသမာန်မာနကြီးလွန်းတဲ့ စော်ဘွားမျိုးနွယ်တွေထဲက ကြေကွဲစရာအဖြစ်တစ်ခုပေါ့၊ သူတို့က မျိုးနွယ်စုဆိုတဲ့ မာနကို အသက်ထက် တန်ဖိုးထားကြတယ်ကွယ့်၊ အချင်းချင်း ဖြစ်နေရင်လည်း ကိုယ် အပိုင်စားရတဲ့ နယ်မြေအသီးသီးမှာပဲ တစ်ထီးတစ်နန်း မင်းပြုကြတာ၊ အဲဒီမှာ နယ်မြေခွဲခြားမှုတွေ၊ အင်အားပြိုင်ဆိုင်မှုတွေကတော့ အစဉ်အလာမပျက် စွဲမြဲထားခဲ့ကြတဲ့ ရန်ငြိုးတွေပဲ"

ခေတ်အဆက်ဆက်က ဒီလို ပြိုင်ဆိုင်မှုတွေ၊ တိုက်ပွဲတွေအကြောင်း သူတို့လည်း ကြားဖူးနားဝတော့ ရှိပါသည်။ ပြီးတော့ စာတွေထဲမှာလည်း ဖတ်ဖူးသည်။

ဒီကျောက်ပြားလေးတစ်ခြမ်းကို မြင်ပြီး အာရုံခံလိုက်ရုံနဲ့ အကြောင်းရာအားလုံးကို သိသွားခဲ့သည်လား...၊ ဆရာကြီးမျက်နှာကို မင်းမာန စိတ်ဝင်တစား ကြည့်နေမိ၏။

"တကယ်တော့ ဒီကျောက်ပြားချပ်လေးဟာ ကျောက်ပြားလေးပဲ မြင်ရပေမယ့် မကျွတ်လွတ်သူတွေရဲ့ ဝိညာဉ်တွေ ခိုတွယ်နေတဲ့ ကျိန်စာတစ်ခုပဲ"





"ဗျာ!..."

နှစ်ယောက်စလုံး၏အကြည့်တွေ ကျောက်ပြားချပ်လေးဆီ ရောက်သွားကြသည်။ ထိုအခါ သူတို့ရှေ့မှာပဲ တင်လိုက်သော ကျောက်ပြားအက်မှ သောက်တော်ရေခွက်ထဲက ရေကြည်များသည် ကြည်လင်မှုကိုတော့ဘဲ နောက်ကျိမှုန်ဝါးနေတာကို မြင်လိုက်ရ၏။

ဒါပေမယ့် သူတို့ ဘာမှမမေးဖြစ်ခဲ့ပါ..၊

"အင်အားကြီးတဲ့ နယ်မြေအရှင်သခင်နှစ်ဦးရဲ့ သားနဲ့ သမီးက ချစ်ကြွာသက်ဝင်ခဲ့ကြပြီး နှစ်ယောက်တည်းဘဝကို ထူထောင်ဖို့ စွန့်စားကြတယ်၊ အဲဒီမှာ မင်းသားကို မင်းသမီးဘက်က ဖမ်းမိတယ်၊ မင်းသမီးကို မင်းသားဘက်က တွေ့သွားတယ်၊ သူတို့ရဲ့ မာနတွေကြောင့်တစ်ဘက်ကလည်း ရွာဖြစ်တောင်ထိပ်မှာ တင်ပြီး မင်းသားကို မီးရှို့သတ်တယ်"

"ဟာ!..."

"မင်းသမီးလေးကိုလည်း တစ်ကိုယ်လုံး မွမွကြေအောင် ထုတ်ချေပြီး သေမချင်း ရိုက်သတ်ပြခဲ့တယ်"

နားထောင်နေရင်း ကြက်သီးတွေပါ ထလာမိသည်။ ဒါတွေကယ်ပဲလား..၊ ဆရာကြီးကို မယုံကြည်တာ မဟုတ်ပေမယ့် မယုံနိုင်အောင် အံ့သြနေတာက မပြေ..။

"ဒီကျောက်ပြားထဲမှာ သူတို့ရဲ့ပုံတွေ ထွင်းထည့်ပြီး ကျိန်စာထားတာကတော့ သူတို့ရဲ့ ချစ်သူမှန်းသူထဲက တစ်ဦးဦးပဲ ဖြစ်လိမ့်မယ်ကွယ့်"

"ဘယ်လို ကျိန်စာမျိုးလဲ ဘဘ.."

"အဲဒါလေးကို သေချာပြောပြပါ ဘိုးဘိုး၊ ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေလို့ပါ"

ဘိုးဘိုးနှင့် ဘဘလို့ တစ်မျိုးစီ ခေါ်နေကြသည့် လူငယ်နှစ်ဦးကို ဆရာကြီးက တစ်လှည့်စီကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြမယ်၊ သူတို့ကလည်း သူတို့အဖြစ်တွေကို တစ်စုံတစ်ယောက်ကို သိစေချင်နေကြတယ်၊ အဲဒါကြောင့် သူတို့ရှိနေတဲ့အကြောင်း အမျိုးမျိုးပြနေရင်း ဒီအဖြစ်တွေ ပေါ်ပေါက်လာတာပါ"

"ဟုတ်ကဲ့ ပြောပါ ဘဘ.."

"သူတို့ ပြောချင်ပေမယ့် ပြောခွင့်ရနိုင်တဲ့ ပုဂ္ဂိုလ်တွေရှေ့ကျမှ သူတို့ပြောနိုင်တာ၊ တောင်းဆိုချင်တာတွေကို တောင်းဆိုကြရတာ၊ အခု သူတို့ချစ်သူနှစ်ယောက် ကွဲကွာနေရတဲ့အဖြစ်ကြောင့် မင်းတို့ကို သူ နှောင့်ယှက်နေတာပဲ၊ ပြောချင်ပေမယ့် ပြောမပြနိုင်၊ မသိတဲ့လူကလည်း ကိုယ့်ကိုယ်ကို ဘာကြောင့် ဖြစ်နေမှန်း မသိ.."

"ဒါဆို ကျွန်တော်က နောက်ထပ်တစ်ခြမ်းကို လိုက်ရှာပြီး ဆက်ပေးရမှာလား"

"မှန်တယ်၊ သူတို့ ဒီတိုင်းပဲ ဖြစ်စေချင်နေတယ်၊ မင်းသားရဲ့နယ်ဘူတစ်ခြမ်းကို ရသွားတာက မိန်းကလေးဆိုတော့ ခုချိန်ထိ ဒီကျောက်ခွဲကြီး သူ့ဆီမှာ ရှိနေတာမှန်ရင် သူလည်း လူလေးလိုပဲ အနှောင့်အယှက်ထူးတာတွေ ခံရနိုင်တယ်"

မင်းမာန မျက်လုံးထဲမှာ မိုးမြေ မျက်နှာလေး ဖျတ်ခနဲ ပေါ်လာ၏။ သူလိုအဖြစ်မျိုးတွေ ရင်ဆိုင်နေရတာ သူမပဲ ဖြစ်သည်။

ဒါဆို မိုးမြေ က ဖြူရူးလေး လား..၊

"သူတို့အနေနဲ့ကတော့ သူတို့နှစ်ယောက်ကို ခွဲခွာမထားပါနဲ့လို့ တောင်းဆိုချင်တာမျိုးပါ၊ မပြောနိုင်တဲ့သူနဲ့ မကြားနိုင်တဲ့သူတွေကြား ကွာဟချက်ကြောင့် ခုလို မဖွယ်ရာတဲ့အဖြစ်တွေ ဆိုးခဲ့တာပါ"

"ကျွန်တော် မရှင်းတာကို မေးပါရစေ ဘဘ၊ ကျွန်တော် လက်ထပ်မယ့်မိန်းကလေးတွေက အပြစ်မဲ့ပါတယ်၊ သူတို့ ဖြစ်ချင်တဲ့ အကြောင်းနဲ့ ဒီမိန်းကလေးတွေက..."





"ဒီလိုရှိတယ် လူလေး"

မင်းမာန မေးသည့်အကြောင်းကို နားလည်သွားသဖြင့် ဆရာကြီးက အဖြူရောင်မုတ်ဆိတ်ရှည်ကြီးကို တစ်ချ ပ်ရင်း..၊

"သူတို့ကို ပေါင်းဆုံခွင့်မပေးဘဲ မင်းလည်း လက်ထပ်ခွင့် မရှိရဘူး ဆိုတဲ့ ဒေါသအမှားတွေပေါ့၊ ချစ်ရင် ချစ်သလို မုန်းရင် မုန်းသလို ချက်ချင်းလက်တုံ့ပြန်နိုင်တဲ့ တို့လူတွေမှာတောင် အမှားမကင်းကြတာ၊ သူတို့ကို နှင့်လွှတ်လိုက်ပါကွယ်၊ ဒီလို လက်တုံ့ပြန်ဖို့အတွက် အခြေအနေ၊ အခွင့်အရေးတွေ သူတို့ စောင့်ရမယ်၊ ရလာတဲ့အခွင့်အရေးဟာ ဒီလောက်နဲ့ပဲ တော်ပြီ၊ ဒီလိုဖြစ်သွားရုံပဲဆိုတဲ့ ယိန်းချုပ်ကန့်သတ်မှုမျိုး သူတို့ မတတ်နိုင်ဘူး၊ ဒါကြောင့် သေတဲ့သူတွေ သေ၊ ဒုက္ခိတဖြစ်တဲ့လူ က ဖြစ်၊ တရားသဘောနဲ့ တွေးကြည့်ရင် ခံသွားရတဲ့လူမှာလည်း ကိုယ်ပြုခဲ့တဲ့အတိတ်က မကောင်းမှုကြောင့် ဒီအချိန်မှာ ဒီလိုဖြစ်ရတာပဲ"

"ဒါဆိုရင် နောက်ထပ် ပုံတူတစ်ခြမ်းကို ပြန်ရှာပြီး ဆက်ပေးလိုက်တာနဲ့ ဒီလိုပြဿနာတွေအားလုံး ပြီးဆုံးသွားမှာပါ၊ ဟုတ်လား ဘဘ"

"သူတို့ဆန္ဒကတော့ ဒီတိုင်း ရှိနေပေမယ့် ကျုပ်က အဲဒီလို မလုပ်စေချင်ဘူး"

မင်းမာန ဘာမှမမေးဘဲ ဆရာကြီး ပြောလာမှာကိုပဲ နားစွင့်နေလိုက်၏။ ဆရာကြီးက တစ်ယောက်တည်း စဉ်းစားရင်း ခေါင်းတညိတ်ညိတ် ဖြစ်နေလျက်...

"ဒီကျောက်ထက်ပန်းချီကို ထွင်းပြီး ကျိန်စာပြုခဲ့သူဟာ အသက်ရှင်လျက် မပေါင်းကြရရှာတဲ့ ချစ်သူနှစ်ဦးကို တမလွန်ဘဝမှာ ပေါင်းဖက်ကြစေဆိုတဲ့ စေတနာနဲ့ ပြုခဲ့တာပဲ၊ သူတို့ရဲ့ သွေးနဲ့ ဟောဒီမှာအစီအရင်လုပ်ပြီး ဝိညာဉ်ကို ချုပ်ခဲ့တာ"

ပြောနေရင်း ကျောက်ပြားရဲ့ကျောဘက်ကို လှန်ပြသဖြင့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစား ကြည့်လိုက်မိကြ၏။

မည်းညစ်ညစ် ကောက်ကြောင်းသဏ္ဌာန်တွေကို မြင်သည်။ ဒါ တွေကို ဟိုအရင်ကတည်းက မြင်ခဲ့ပေမယ့် သွေးလို့လည်း မထင်ခဲ့ပါ ကျောက်ပြားကို ဆေးကြောသန့်စင်ခဲ့တုန်းကလည်း ဒါတွေက ပျက်သွားခဲ့တာမဟုတ်တော့ ကြေးစွဲနေသည်ပဲ ထင်ခဲ့၏။

"ဒါ .. ဒါ သွေးတွေလား ဘဘ"

"ဟုတ်တယ်၊ ဆရာတစ်ယောက်က အစီအရင်တွေနဲ့ သေချာ လုပ်ထားတာ၊ ဒီလိုလုပ်ထားမှ သူတို့ ထာဝရငြိမ်းချမ်းစွာ ပေါင်းသင်း သွားရမယ်လို့ ယူဆတာမျိုးပေါ့၊ ဒါကြောင့် ဒီပစ္စည်းကို ဖျက်ဆီးတဲ့သူ မှာ ကိုးနိစေကြောင့် ဒုက္ခအမျိုးမျိုးတွေ့မယ်၊ နောက်ဆုံး သေကြေပျက်စီး ရတဲ့အထိ.."

ထွတ်မှုား ပါးစပ်အဟောင်းသား ဖြစ်နေရင်းကနေ ခေါင်းတခါခါ ဖြစ်သွား၏။

"တကယ်တော့ ဒါဟာ ကျုပ်တို့ ဗုဒ္ဓဘာသာတရားတော်နဲ့ကြည့်ရင် ပြုတဲ့သူရော ခံနေရတဲ့သူတွေမှာပါ အန္တရာယ် ကြီးမားလွန်းပါတယ် ရှင်သန်နေရတဲ့ သက်ရှိသတ္တဝါတွေတောင်မှ ဒီသံသရာထဲမှာ အရှေ့ အမျိုးမျိုးလဲပြီး ကျင်လည်နေရတာဟာ ဆင်းရဲခြင်းပဲ၊ ရှင်သန်ခွင့်လည်း မရဘဲ မကျွတ်လွတ်နိုင်တဲ့ဘဝခြားထဲမှာ သူတို့ရဲ့ ဆင်းရဲခြင်း ဘယ် လောက် ကြီးမားမလဲ စဉ်းစားကြည့်၊ ဘုရားမသိ တရားမရှိတဲ့ အမှောင် ထဲမှာ၊ အနုထပ်ပြီး မကောင်းမှုတွေပဲ ကျူးလွန်နေကြတယ်.."

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ နားလည်ပါပြီ ဘဘ၊ ဘာလုပ်သင့် သလဲဆိုတာ ဘဘပဲ အမိန့်ရှိပါ၊ ဘဘ မိန့်တဲ့အတိုင်း ဆောင်ရွက်ပါ့မယ်"

ဆရာကြီး ကျေကျေနပ်နပ် ခေါင်းညိတ်၏။ ပြီးတော့ ဆက်၍..

"အကောင်းဆုံးကတော့ ဒီပုံတူနှစ်ခြမ်းကို စုံခုံလင်လင်ဖြစ်အောင်





ကြိုးစားပါ၊ တွေ့တဲ့အခါမှာ ဒါကို စတွေ့ခဲ့တဲ့အရပ်ကို ပြန်သွားပြီး တိတ် တိတ်ဆိတ်ဆိတ် မြှုပ်နှံထားပေးလိုက်တာမျိုး မလုပ်ဘဲ သူတို့အတွက် ကောင်းမှုကုသိုလ်ပြုပေးစေချင်တယ်၊ မကျွတ်လွတ်တဲ့ ဘဝကနေ သာမှု ခေါ်နိုင်အောင်ပေါ့"

"ဒါဆို သူတို့ တကယ် လွတ်မြောက်သွားကြမှာပေါ့.."

ထွတ်မှုား ဝမ်းသာအားရ မေးလိုက်တော့ ဆရာကြီးက ကြည့်ကာ..

"ကျွတ်ထိုက်ရင်တော့ ကျွတ်သွားမှာပေါ့ကွယ်၊ သူတို့ ကျွတ်လွတ် သွားရင် ဒီပစ္စည်း ခုလိုမျိုး နောက်ထပ် တစ်ဦးတစ်ယောက်လက်ထဲ ရောက်သွားမှ ဒီလိုအဖြစ်ဆိုးတွေ ထပ်ဖြစ်လာမှာ ဘာမှမရှိတော့ဘူး၊ သူတို့လည်း ကောင်းမွန်တဲ့ဘုံဘဝတစ်ခုခုမှာ မွေးဖွားသွားမယ်၊ လူလေး တို့မှာ တန်ဖိုးမဖြတ်နိုင်တဲ့ ကုသိုလ်ကောင်းမှုအကျိုးတွေ ရပြီပေါ့"

"သာဓုခေါ်နိုင်ရင် ကျွတ်တမ်းဝင်မှာပဲမို့လား ဘဘ၊ တကယ်လို့ မကျွတ်လွတ်ခဲ့ရင်ဆိုတာ ရှိနိုင်သေးသလား"

"လူလေး မေးတာကို ဖြေဖို့က ရှင်းပြရမှာတွေ အများကြီးရှိတယ် ကွယ့်၊ အဲဒီတော့ ကိုယ်လှူတဲ့ ကုသိုလ်ကောင်းမှုအကျိုးက ရလာမှာပဲ၊ လူလေး ဒါနပြုလိုက်တဲ့ ကိုယ့်ရဲ့ အလှူရေစက်ကြောင့် သူတို့ သာဓုခေါ် ပြီး ကောင်းမြတ်တဲ့ဘုံဘဝတစ်ခုကို မွေးဖွားသွားနိုင်တယ်ဆိုရင် ဒါဟာ ကြီးကျယ်မြင့်မြတ်တဲ့အလှူ ဖြစ်သွားဦးမှာ.."

ဆရာကြီးက စကားရပ်လိုက်ပြီး မုတ်ဆိတ်ရှည်တွေကို ပွတ်သပ် ရင်း စဉ်းစားငြိမ်သွား၏။ ပြီးမှ..

"အရေးကြီးတာပြောဖို့ ကျန်နေတယ်၊ မင်းသားရဲ့ ပုံတူပါသွားတဲ့ ကျောက်ပြားဟာ ငွေလေးရဲ့ အနီးအနားမှာ ရှိနေလိမ့်မယ်"

"ခင်ဗျာ.."

"ဟုတ်တယ်၊ သူ လက်ညှိုးထိုးပြသွားတာ မင်းရဲ့ အနားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းမာန နဲ့ ထွတ်ဖျား မျက်လုံးချင်းဆုံသွားကြသည်။ ထွတ်ဖျာ
မသိဖိပမယ့် သူ သိလိုက်၏။ မိုးမြေခစား..၊

"ဘိုးဘိုး"

ခေါ်သံက အရင်ရောက်လာပြီး လူက စေတီအကွယ်ကနေ နော
ကျမှ ပေါ်လာ၏။ သူမကလည်း ရှိနေသူတွေကို မြင်လိုက်မှ ခြေလှမ်
တုံ့သွားကာ...

"အယ်!... ဟို .. သမီး..."

"လာပါ..၊ အားလုံးက ဒုက္ခသည်တွေပါ၊ သမီး အကျိုးအကြောင်
ပြောဖို့လာတာ ထင်တယ်"

"ရှင်!... ဟုတ်ကဲ့ ဘိုးဘိုး"

အံ့ဩသလိုဖြစ်သွားပြီး ကပျာကယာ ခေါင်းညိတ်သည်။ ပြီးတော့
မှ မင်းမာန ဘေးမှာ ဝင်ထိုင်လိုက်ကာ..

"ဘိုးဘိုး တစ်ရက်လောက် ထပ်နေပေးပါလို့ သမီး တောင်းပန်
တယ် ဘိုးဘိုးရယ်.."

သူမသည် ပြောလည်းပြောရင်း မင်းမာန တို့ကိုလည်း ငဲ့ကြည်
သေးသည်။ မပြောဘဲ နေလိုက်လို့လည်း မဖြစ်သာသည်မို့ ပြောရတော
မှာမျိုး..၊

"ဒီလိုပါ ဘိုးဘိုးရယ်၊ သမီး သူငယ်ချင်းကလေ အဲဒီပစ္စည်းလေ
ဒုက္ခပေးလွန်းလို့ အအိပ်ပျက်၊ အစားပျက်နဲ့ တယူသန် တဖွတ်ထိုးစိတ်
တွေလည်း ဖြစ်နေပါတယ်၊ လူကြီးတွေကတောင် သူ့ရဲ့ စိတ်ကျန်းမာရေ
အတွက် စိုးရိမ်နေကြတဲ့ အခြေအနေပါ၊ ဘိုးဘိုးက သတ္တဝါကို ကယ်
တင်ချင်တဲ့ ဘုရားရဲ့သားတော်ပါ။ သမီးရဲ့သူငယ်ချင်းကို ကယ်တင်ပေ
ပါ ဘိုးဘိုးရယ်၊ တစ်ရက်လေးတော့ ထပ်စောင့်ပေးပါနော်.."

ဆရာကြီး၏ မမှိတ်သုန်သော မျက်ဝန်းတွေက သူမကေား





ိုက်ထားရင်း တစ်နေရာမှာ စူးနစ်နေခဲ့၏။ ပြီးတော့ တဖြည်းဖြည်း
ကျသွားခဲ့ပြီး...

"သမီးရဲ့သူငယ်ချင်းက အခု ဘယ်မှာလဲ.."

"မန္တလေးကို ဆင်းသွားပါတယ်၊ ဒီပန်းချီပုံကို သူ ဆွဲကိုဆွဲမှပါ၊ အဲဒါ
ဘာတွေ ဖြစ်သွားနိုင်လဲဆိုတာ သမီးကို ပြောပြပါနော်၊ တားဆီးနိုင်
ဆိုရင်..."

"ကျုပ်က ဗေဒင်ဟောနေတာ မဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ ကံ
ကြမ္မာကိုလည်း မဖတ်နိုင်ပါဘူး၊ တစ်ခုရှိတာက ကျုပ် မေးတာကို ဖြေပါ"

"ဟုတ် .. ဟုတ်ကဲ့ ဘိုးဘိုး"

"သူ ဆွဲမယ့်ပုံတွေက ခတ်ပုံတစ်ပုံလား၊ ကျောက်ပြားတစ်ချပ်လား"

"ရှင်."

သူမ မျက်လုံးပြူးသွား၏။ တကယ်တော့ သူမဟာ မိုးမြေ ရဲ့
ငယ်ချင်း ငွေလရောင် ပါ၊ မိုးမြေ အတွက် ဆရာသမားကောင်း ရှာရင်း
ရာကြီးနဲ့ ခုလိုဆုံခွင့်ရအောင် ကြိုးစားခဲ့ရတာလည်း လွယ်တာ မဟုတ်။

ဂန္ဓာရီလှည့်လည်နေသည့် ဆရာကြီးတစ်ဦး ဘုရားမှာ ဝစီပိတ်
ိဋ္ဌာန်ဝင်နေသည်လို့ ကြားကတည်းက အဓိဋ္ဌာန်ထွက်မည့်ရက်ကို
ချာသိရဖို့ စုံစမ်းရတာလည်း ဖတ်ဖတ်မော..၊

ပထမတစ်ခါ ဆရာကြီးနဲ့ ဆုံခွင့်ရတော့ တခြားဧည့်သည်တွေ
နေသည်မို့ ဘာမှ သေချာမပြောခဲ့ရပေ..။ ခုလည်း ဒီလူနှစ်ယောက်
နေသည်မို့ ဖြစ်ကြောင်းကုန်စင် မပြော နိုင်ဘဲ ဖြစ်နေတုန်း...

"အဲဒီကျောက်ပြားပေါ် ကပုံဟာ မင်းသားတစ်ပါး..၊ ဟုတ်ရဲ့လား"

"ဘိုးဘိုး .. အဲ .. ဟုတ်...ဟုတ်ပါတယ် ဘိုးဘိုးရဲ့၊ အံ့ဩလိုက်တာ၊
ာ အဲဒီထဲက မင်းသားပုံကို မပြည့်မစုံနဲ့မို့လို့ ကြည့်မကောင်းဘူးဆိုပြီး
င်းသားပေါ်မှာ ပြန်ပြီး ထုဆစ်ဖို့ ကြိုးစားခဲ့တယ်၊ ပန်းပုထုတဲ့ဆရာလေ၊



www.burmeseclassic.com

www.burmeseclassic.com



မသေရုံတမယ်ပဲ ခံလိုက်ရတာ၊ အဲဒီလူက ပြောတယ်၊ သူ့ကိုသတ်ဖို့ ကြိ
စားတာ အဲဒီကျောက်ပြားထဲက မင်းသားပဲတဲ့၊ ဒီပုံကို ပြုပြင်ဖို့ မကြိုးစာ
ပါနဲ့တော့တဲ့၊ ဒါပေမယ့် သူက မရဘူး ပန်းပုထုနိုင်ဖို့က သူ့အတွက် အလှ
ဝေးတော့ သူ တတ်တဲ့ပန်းချီပညာနဲ့ ဒါကို ဖြည့်စွက်ရေးမယ်တဲ့၊ ဒ
ကျောက်ပြားက တကယ် ဒုက္ခပေးတာမှန်ရင် သူကိုယ်တိုင် ခံစားရ
ယုံမယ်တဲ့”

ဆရာကြီးရဲ့ အကြည့်တွေ မင်းဟာနဲ့ ဆီ ရောက်သွား၏။ ထွတ်ဖျာ
ကတော့ ဗိုက်ဆိုင်ပုံတွေကို အံ့ဩကာ အသက်ရှူဖို့တောင် မေ့နေပြ
လား မသိ..၊

“ဒီမှာ..”

“ဟင်!...”

သူမ မျက်နှာ ရှေ့ကို ငုံ့ကျလာသည့် ဇင်းမာန ကို ငွေလ စပ်စုမှာ
စိုးသည့် မျက်နှာနှင့် ပြန်ကြည့်၏။ အံ့ဩလွန်းလို့သာ ပြောထွက်ကုန်တာ
ဒီပြဿနာကို လူသိစေချင် တာ မဟုတ်..၊

“မင်းက မိုးမြေ ရဲ့သူငယ်ချင်းလား”

“ဟင်!...”

ငွေလ ကိုယ်လေးတောင် တုန်သွား၏။ ထိုသူ့မျက်နှာက အမေ
တကော ပူပန်မှုတွေနဲ့ပါလား..၊ ဘယ်သူများလဲ..။

“မင်း ပြောနေတာ မိုးမြေခစား မို့လား။ မြန်မြန်ပြောပါ..၊ သူ
မန္တလေးကို ဆင်းသွားတာ ဘယ်တုန်းကလဲ”

“ဒီ မနက်ပဲ”

ငွေလ ဖြေလိုက်တာ အိပ်မက်မက်ပြီး ထယောင်တာနှင့် တူနေမှာပဲ
ဘာတွေ ဖြစ်ကုန်တာလဲ..။





## အခန်း [ ၁၄ ]

အားလုံး ခင်းကျင်းပြင်ဆင်ပြီးကာမှ စုတ်တံကိုကိုင်ရင်း ငုတ်တုတ်
ထိုင်နေခဲ့မိ၏။ သူမ စိတ်အာရုံထဲမှာ မက်ခဲ့တဲ့အိပ်မက်တွေ၊ မြင်ခဲ့ရတဲ့
အဖြစ်ဆိုးတွေက တစ်ခုချင်းစီ ပြန်ပေါ်လာကြသည်။

ပြီးတော့ ငွေလ ပျာယာခတ်အောင် တားမြစ်ခဲ့တာတွေ..၊

“ဒါတွေ ဘာဖြစ်လို့ ဖြစ်လာခဲ့တာလဲဆိုတာ အဲဒီဘိုးဘိုး ပြောပြ
နိုင်တယ် မိုးမြေ၊ နင် ယုံယုံကြည်ကြည် လိုက်ခဲ့ပါဟာ၊ တွေ့ပြီးကာမှ
နင် စိတ်မကျေနပ်ရင် ကြိုက်သလို ဆက်လုပ်ပါ၊ ဘိုးဘိုးကြီးက ပြန်ကြ
တော့မှာဟ..”

“ငါကလည်း အနံ့တိ ဒီရောက်နေတုန်းလုပ်မှ တစ်ယောက်တည်း
ထွက်လပ်မှာ”

“နင်တစ်ယောက်တည်း ကယ်သူမရှိမှာတော့ မကြောက်ဘူး
လား..”

“မကြောက်ဘူး”

လို့ပဲ သူမ တုံးတိတိ ဖြေခဲ့သည်။ တကယ်တော့ ကြောက်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



မကြောက်တော့တာပဲ ဖြစ်မှာပါ..၊

သူမရဲ့အရေပြားပေါ်မှာသာမကဘဲ အသည်းနှလုံးတွေပါ အေးစက်ကျင်ခဲကုန်ပြီလား မသိ၊ ညရဲ့ တိတ်ဆိတ်ခြင်းကို ဥပေက္ခာထားနိုင်အောင် ကြိုးစားရင်း ကိုယ်က အသိမဲ့လာသလိုပင်..။

အဆင်သင့်ဖြစ်နေပြီးသော ကင်းပတ်စဖြူဖြူနှင့် ယှဉ်လျက်သားထောင်ထားသည့် ကျောက်ပြား ညိုညစ်ညစ်က သူမနှင့် အနီးဆုံးမှာ..။

"ရှင့်ရဲ့ပုံတူကို အခု မိုးမြေ ဆွဲတော့မယ်၊ သူများတွေကို ရှင် လုပ်ခဲ့တာမှန်ရင် အိပ်မက်ထဲမှာ ဝိုးတဝါးခြောက်လှန့်နေမယ့်အစား အခု မိုးမြေ့ခစား ရဲ့ရှေ့ကို ထွက်လာခဲ့ပါ။ သေတဲ့အထိ ဒုက္ခပေးမယ် ဆိုရင်လည်း မသေခင်မှာ မျက်ဝါးထင်ထင် မြင်သွားချင်တယ်"

မျက်ဝန်းတို့သည် မင်းသား၏ပုံတူကောက်ကြောင်းများဆီမှာ စူးနစ်သွားခဲ့ပြီး ကိုယ့်ရဲ့စကားသံဟာ တခြားတစ်နေရာက ထွက်လာနေသလို ခံစားခဲ့ရ၏။

ဒါပေမယ့် တဆစ်ဆစ် တဖျင်းဖျင်းနေအောင် ထိတ်လန့်တုန်လှုပ်ခဲ့ရခြင်းများက အဆုံးစွန်မှာ ရပ်တန့်ပြီးဆုံးသွားခဲ့သည်လား မသိ..။

မိုးမြေ စိတ်ထဲမှာ ဒါကို သိချင်နေသည့်စိတ်တစ်ခုတည်းဖြင့်...

"ကျွန်မက မိန်းမသားပေမယ့် ဘာဖြစ်လာမလဲလို့ တထိတ်ထိတ်ကြောက်လန့်နေရတာကို မလိုချင်ဘူး။ ရှင်ကလည်း တကယ် ဒုက္ခပေးနိုင်တဲ့သူဆိုတာမှန်ရင် သတ္တိရှိရှိ ထွက်ပြီး တိုက်ခိုက်ပါ.."

စကားသံ တိတ်ကျသွားသည့်နောက်မှာ အချိန်အကြာကြီး စောင့်ကြည့်နေပေမယ့်လည်း ဘာမှထူးခြားမလာ..။

မိုးမြေ ပင့်သက်ကို တစ်ဝကြီးရှိုက်သွင်းကာ စုတ်တံကိုင်၏။ ရောင်စုံဆေးခွက်လေးတွေထဲက ကိုယ် ရွေးချယ်သည့်အရောင်ထဲမှာ စုတ်တံကိုနှစ်လိုက်လျှင် နေလယ်ခင်းလို လင်းထိန်နေသည့် မီးရောင်က မျက်တောင်တဖျတ်ဖျတ်ခတ်သွား၏။





မီးပျက်တော့မည်ကိုသိကာ မိုးမြေ စုတ်တံကိုင်လျက်နှင့် မီးအိမ်ထားသည့်နေရာကို လျှပ်ပြက်သလို ရောက်သွားသည်။

ထင်သလို မီးက မပျက်ပါ၊ အခြေအနေ ပြန်ကောင်းသွားမှ သက်ပြင်းချကာ မီးအိမ်ကိုမပိတ်ဘဲ ကိုယ်နဲ့ အနီးဆုံးမှာ တင်ထားလိုက်၏။

အိမ်ပေါ်က ကိုယ်တစ်ယောက်တည်းပေမယ့် အောက်ထပ်မှာ အိမ်အကူကောင်မလေးနှစ်ယောက် ရှိသည်။ ခြံထဲမှာ ခြံစောင့်ရှိ၏။

မီးပျက်သွားပြီဆို မီးအိမ်တွေနှင့် တက်လာကြမှာဖြစ်သည်။ ထို့ကြောင့် မီးပျက်ခဲ့ရင်တောင် အခန်းထဲမှာ လင်းကျန်ခဲ့မှဖြစ်မည်။

မိုးမြေ စုတ်တံကို ဆေးခွက်ထဲ ပြန်ထည့်ကာ ကင်းပတ်စပေါ်တင်လိုက်၏။ ဒါပေမယ့် စုတ်တံက ဘာနဲ့မှ မထိမိဘဲ လက်တစ်ဆန့်လှမ်းတာတောင် ကင်းပတ်စဆီ မရောက်..၊

ထိုအခါကျမှ ထောက်ခုံနေရာ ရွှေ့နေတာကို သတိထားမိလိုက်၏။ မိုးမြေ မျက်လုံးတွေ ဟိုဒီဝေ့သွားပြီး အံ့ကြိတ်သည်။

ဖြုန်းဒိုင်းဆို သေအောင် သတ်သွားခဲ့ရင်တောင် ကျန်တဲ့သူတွေကြည့်နိုင်အောင် အခန်းထဲမှာ ကင်မရာသုံးခု တပ်ထားပြီးသား..၊

ဆေးခွက်ကို ရှေ့ထပ်တိုးလိုက်ပြီး သူမကိုယ်တိုင် ရှေ့တိုးလိုက်သည်။

"ဒေါက် .. ဒေါက်"

သတိထားနေသည့်စိတ်ကြောင့် တံခါးခေါက်သံက ထိတ်ခနဲ ဖြစ်သွားစေခဲ့၏။

"ဘယ်သူလဲ.."

"မမလေး မီးအိမ်ယူထားမလား လာမေးတာပါ၊ မနေ့ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ညဘက် မီးပျက်နေတာ တစ်ညလုံးပဲ၊ တော်ကြာ..."

"ဒီမှာ ရှိတယ်၊ မယူဘူး၊ ငါ မခေါ်ဘဲ တက်မလာနဲ့လို့ ပြောထားတာ နားမလည်ဘူးလား"

"ဟုတ်.."

ထိတ်လန့်ခြင်းနှင့် ဒေါသ ပူးတွဲကာ ဝါသနာအရသာဆို ပုံတူကို ဘယ်လိုမှ ဆက်ရေးနိုင်ဖို့ မလွယ်တော့ပေ..၊

သို့သော် ကိုယ့်မှာ ပြင်းထန်နေသည့် စိတ်စွမ်းအားတစ်ခုက ဖိစီးနေသည်မို့...

"ဟင်!..."

ဒီဘက် ပြန်လှည့်လိုက်တော့ ထောက်ခုံက နေရာရွှေ့နေပြန်၏။

ဒီလိုနည်းနဲ့ စတင်တာလား..၊

"ဒါပဲလား..၊ လုပ်ပါ၊ ရှင့်ကို မိုးမြေ စိန်ခေါ်နေတာနော်၊ သူများတွေကို လုပ်သလိုတော့ ချောင်းမြောင်းမလုပ်နဲ့၊ ရှေ့ကို ထွက်လာခဲ့.."

မိုးမြေ ရှေ့ကို တိုးတက်ကာ ကင်းပတ်စက်ကိုဖြုတ်လိုက်ပြီး ထောက်ခုံကို အကြမ်းပတမ်း ဆွဲယူလိုက်၏။

ဒေါသစိတ်မွန်ကာ လက်က အရှိန်များသွားသဖြင့် ထောက်ခုံ၏ ခြေထောက်တစ်ဖက်က သူမ ခြေဖမိုးပေါ်ကို အားများစွာနှင့် ကျ၏။

"အား..."

အဆမတန် နာကျင်ကာ လူက နောက်ကို ခြေနှစ်လှမ်းလောက် ဆုတ်မိပြီးမှ ဘိုင်းခနဲ ပစ်လဲ၏။ ထိုအခါ ဆေးခွက်တွေ၊ အတိုအထွာတွေ စုပြုံရှိနေသည့် စားပွဲလေးကိုပါ နောက်ပြန်တိုက်မိသွားသည်။

"ဒုန်း .. ဝုန်း .."

"အား..."

ခေါင်းကို ဘာနဲ့တိုက်ဆောင့်မိမှန်း မသိဘဲ မျက်လုံးထဲမှာ မီးပွင့်





သွားသည်။ ရှုပ်ယှက်ခတ်သွားသည့် ထိခိုက်လဲပြိုမှုတွေကြားမှာ ဖျတ်ခနဲ မြင်လိုက်ရသည်က အဖြူရောင်အရိပ်တစ်ခု..၊

"မိုးမြေ..."

"ဒုန်း"

"မိုးမြေ .. ဘာဖြစ်တာလဲ၊ တံခါးဖွင့်စမ်းပါ"

"ဒုန်း .. ဒုန်း"

မင်းမာန..၊ သူ ဘယ်လို ရောက်လာတာလဲ..။

မိုးမြေ နေရာမှထဖို့ ခေါင်းကို လက်တစ်ဖက်နဲ့ စမ်းလိုက်မိလျှင် စေးပျစ်သောအရာတွေကြောင့် လက်ကို ပြန်ကြည့်မိတော့ သွေးတွေ..၊

"ကျွတ်!.. ကျွတ်!.."

နာကျင်နေတာ မှန်ပေမယ့် မင်းမာန ကို ပြန်ပြီး အသံပေးဖို့လည်း သတိမရဘဲ ခုနကမြင်လိုက်ရသည့်အရိပ်ကို သည်းမည်းရှာမိ၏။

ဘယ်မှာလဲ..၊ ဘယ်ရောက်သွားပြီလဲ..။

"မိုးမြေ..၊ ဟေ့.. အသံပေးစမ်း၊ ဘာဖြစ်နေတာလဲ.."

မင်းမာန အသံက တစ်နေရာတည်းမှာ မရှိဘဲ ရှေ့ရောက်၊ နောက်ရောက် ဖြစ်နေသဖြင့် တံခါးထုလိုက်၊ ဟိုပြေးဒီပြေးဖြစ်ရင်း အထဲဝင်ဖို့ ကြိုးစားလိုက်နှင့် ယောက်ယက်ခတ်နေမှန်း သိသာ၏။

ထို့နောက် သိပ်မကြာလိုက်မီ...

"ချွမ်း."

မှန်တစ်ဝက်နှင့် ကန့်ထားသည့် ရေချိုးခန်းဘက်က တံခါးမှန်ကွဲကြေး ထွက်ပေါ်လာ၏။ ပြီးတော့ မင်းမာန ပြေးဝင်လာကာ...

"မိုးမြေ."

"အ!.."

ဘာမှ သိပ်မဖြစ်ပုံနှင့် ထလိုက်ဖို့ ကြိုးစားပေမယ့် ခြေထောက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်စလုံးက လဲကျနေသည့်စားပွဲအောက်မှာ ပိနေသဖြင့် ရုန်းလိုက်သ
ဖြစ်တော့ နာကျင်သွားသည်။

"နေဦး မိုးမြေ.၊ အပေါ်က ထပ်ပြုတ်ကျလာလိမ့်မယ်"

စားပွဲပေါ်မှာ လှုပ်လီလှုပ်လဲ့ ရှိနေသည့် ကင်ပတ်စကို မင်းမ
က ကမန်းကတန်း ဆွဲဖယ်လိုက်သည်။

ပြီးတော့ စားပွဲကို ပြန်ဆွဲထောင်လိုက်ပြီး...

"သွေးတွေက ဘာနဲ့ထိလိုက်တာလဲ..၊ ဘယ်လောက် များသွ
လဲ.."

"မသိဘူး"

မင်းမာန ဒဏ်ရာကို ကြည့်ရမလို၊ မိုးမြေ ကို ထူရမလို ခြေ မကိုင်
လက်မကိုင်မိဖြစ်နေပြီးမှ တစ်ကိုယ်လုံးကို ပွေ့ယူလိုက်၏။

မိုးမြေ သူ့လက်ပေါ်မှာ ရှုံ့မဲ့မဲ့လေး ပါလာရင်း...

"ရှင် ဘာလာလုပ်တာလဲဟင်..၊ ရှင် လာလို့ သူ..."

ပျောက်သွားပြီလို့ မပြောဖြစ်လိုက်ပေ..၊ မင်းမာန ကို ဘာမှ မသ
ဘေးလူတစ်ယောက်လို တွေးမိလိုက်သဖြင့် နှုတ်ဆိတ်ထားမိခြင်း ဖြစ်

"ကိုယ်လာလို့ သူ ပြေးသွားတာ မဟုတ်ဘူး၊ ကိုယ် ရောက်လာ
မင်း တစ်ခုခု မဖြစ်တာ"

"ဟင်!..."

"ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ ဘာဖြစ်လို့ ထင်ရာတွေ စွတ်လုပ်
လဲ မိုးမြေ..၊ မင်း ဘာဖြစ်သွားနိုင်တယ်ဆိုတာ မသိတာလည်း မဟု
ဘူး"

အပေါ်ထပ် ဧည့်ခန်းမှာပဲ သူမကို ချပေးလိုက်ကာ မိုးမြေ
လေးကို လက်ဝါးနဲ့ပွတ်ပစ်လိုက်ပြီး ကြည့်သည်။

ဒဏ်ရာက နဖူးမှာ မဟုတ်..၊ သွေးစွန်းနေသည့်အတိုင်း လ





ရှာတော့မှ နဖူးထောင့် ဆံပင်တွေထဲမှာ ဒဏ်ရာကို တွေ့သည်။

"မမလေး.."

အောက်ထပ်ကနေ ကောင်မလေး ပြေးတက်လာပြီး မြင်ကွင်းကို ပြူးပြူးပြဲပြဲ ကြည့်၏။ မင်းမာန ပြေးဝင်လာပြီး 'မိုးမြေ အပေါ်မှာ ဘာလုပ်နေလဲ..'လို့ မေးသည်။

သေလုမြောပါး အရေးကြီးနေပုံနှင့်၊ သူ့နောက်မှာ ခြံစောင့်လည်း ပါလာတာမို့ အပေါ်ထပ်တက်သွားတဲ့အထိ ကြည့်နေလိုက်တာ ဖြစ်သည်။

ဒီလူကို မင်းမာန ဆိုတာလည်း သူမ မသိပါ..။

"မိန်းကလေးမှာ အန္တရာယ်ရှိနေလို့လို့ ပြောတယ်၊ ပြီးတော့ 'အန်တီသီရိ' လွှတ်လိုက်တာလို့ ပြောတာပဲ၊ အကြောင်းတစ်ခုခု ရှိမယ် ထင်တယ်၊ ခဏ ကြည့်နေလိုက်ဦး"

ဟု ခြံစောင့်ကြီးကပဲပြောကာ သူမတို့ အောက်ထပ်ကနေ စောင့်နေခဲ့ကြသည်။ အပေါ်မှာ ဒီလောက်ထိ ဖြစ်ပျက်နေတာကို မသိခဲ့တာ အမှန်..။

"ဘာကြောင့်ကြည့်နေတာလဲ..၊ ဆေးပစ္စည်းတွေ ရှိသလောက် သွားယူလာခဲ့၊ ပြီးရင် ဟိုအခန်းထဲမှာ သွားရှင်း..."

"ရှင်!... ဟုတ် .. ဟုတ်ကဲ့"

သူမ သုတ်ခနဲ ထွက်သွားပြီး ခဏပဲ ကြာသည်။ လိုအပ်တာတွေ ပြည့်ပြည့်စုံစုံ ပါလာ၏။ ပြီးတော့ ရပ်ကြည့်နေပြီးမှ ပြန်ထွက်သွား၏။

"ဒဏ်ရာက ချုပ်လောက်အောင်တော့ မဖြစ်ပါဘူး၊ ဒါပေမယ့် နည်းနည်းများတယ်၊ အောင့်ခံနော်"

သူ ဆေးထည့် ပြုစုနေတာကို မိုးမြေ စိုက်ကြည့်နေလိုက်၊ မျက်တောင်ဖျားတွေ စင်းကျသွားလိုက်နှင့် ဒဏ်ရာက တဖြည်းဖြည်း နာလာ



www.burmeseclassic.com

www.burmeseclassic.com



ကာ စကားပြောချင်စိတ်လည်း မရှိပေ..။

ဒါပေမယ့် သူ ဘယ်လိုရောက်လာတာလဲ..၊ ဒါတွေ ဘာဖြစ်လို့ သိနေတာလဲ..၊ တကယ် သိတာမဟုတ်ဘဲ ရမ်းသမ်းပြောနေတာ လား..၊ သိချင်တာတွေ ရင်ထဲမှာ ပြည့်သိပ်လာသည်မို့..

"မင်းမာန.."

"မင်းမင်း လို့ပဲ ခေါ်ပါ"

"ဘာ!..."

မိုးမြေ တုန်လှုပ်သွားပေမယ့် သူက ဆေးထည့်နေသည့်လက်စ ကို အမှုအရာမပျက် လုပ်နေရင်း..

"စွဲစွဲလမ်းလမ်း ရှာဖွေနေခဲ့တာ မဟုတ်ပေမယ့် ဖြူရွှး ဆိုတဲ့ ကောင်မလေးကို ကိုယ် ဒီနေ့ထိ မမေ့ဘူး.."

"ရှင်..."

သူမ ရုတ်တရက် ဘာဆက်မေးရမှန်းမသိ ဖြစ်သွားခဲ့၏။ သူက 'မင်းမင်း"ဟု ဆိုသည်။

မင်းမင်း တကယ် ဖြစ်နေခဲ့လျှင် ခြံချင်းကပ်လျက်မှာ ပြန်လည် ဆုံဖြစ်ကြတာတွေ၊ တစ်ယောက်နဲ့တစ်ယောက် မမှတ်မိကြပေမယ့် တရင်းတနှီးကြီး ရန်ဖြစ်နေခဲ့ကြတာတွေ အားလုံးက အံ့သြစရာတွေ ပါလား..။

"အံ့သြသွားလား.."

လို့ ထပ်မေးပြီး မင်းမာန က ပြုံးလိုက်သည်။ ပြီးတော့ ဆေး ပုလင်းနဲ့ ဂွမ်းကပ်တွေကို ပြန်ပိတ် သိမ်းဆည်း၍ လက်က လှုပ်ရှားလျက် ရယ်မြူးရိပ်သမ်းနေသည့် အကြည့်တွေက သူမဆီမှာ..၊

"ကိုယ့်မှာ အံ့သြချိန်တောင် မရလိုက်ဘူး။ မင်း ဒီပုံတူကို ပြန် ရေးတော့မယ်ဆိုတာ သိလိုက်တာနဲ့ ပြင်ဦးလွင်ကနေ မနားတမ်း ပြေး





လာရတာ"

"ရှင် ပြောနေတာတွေ တကယ်လားဟင်"

မိုးမြေ မျက်နှာလေးကို စိုက်ကြည့်ပြီး သူက သွားတွေပေါ်အောင် ရယ်သည်။

"ညာစရာလားကွာ၊ ဒီရုပ်ကို ကြည့်ပါဦး။ တစ်ချက်မှ မနားဘဲ ပြေး လာရတာ ဘယ်လောက် မောနေပြီလဲလို့.."

သူ့မျက်နှာကို တကယ်ကြည့်ဖြစ်သွားသည်။ အမြဲတမ်း ရှင်းသန့် ကြည်စင်နေတတ်သော မျက်နှာဟာ တကယ်ပဲ ဖရိုဖရဲပုံစံပါ..။

နဖူးပြင်မှာ ဆံစတစ်ချို့ ပြိုဆင်းလျက် ချွေးစများနှင့် ငိုကပ်နေတာ လည်း ရှိသည်။ အနီရောင်သမ်းနေသည့် မျက်နှာတစ်ပြင်လုံးကလည်း ဝင်ပန်းထားတာကို အထူး ပြောဖို့မလို..၊

"မိုးမြေ.."

သူက မိုးမြေ လက်ဖဝါးလေးတစ်ဖက်ကို ဖွဖွလေး ထပ်အုပ် လိုက်ရင်းကနေ ဖိဆုပ်ပစ်လိုက်လျက်...

"နားလိုက်ဦး..၊ မင်း သိချင်တာတွေ အကုန်လုံးက မင်း ဖြစ်နေ သလို ကိုယ် ဖြစ်နေခဲ့တာတွေပဲ၊ အထူးတလည် ဘာမှ ထပ်မရှိဘူး။ အေးဆေးမှ ပြောကြမယ်နော်"

"မဟုတ်ဘူးလေ..၊ ရှင်က မိုးမြေ ကို ဘယ်လိုလုပ် သိသွား တာလဲ"

"အဲဒီ ကျောက်ပြားလေးတစ်ခြမ်းကို ပိုင်ဆိုင်ထားတဲ့ ကောင် လေးမို့လို့ပေါ့"

"တစ်ယောက်ယောက်ဆီက လက်ဆင့်ကမ်း ရောက်နေတာ ဆိုရင်ရော..."

သူက ပြုံးပြီး ခေါင်းခါပြသည်။

"ဒါက ဖြစ်နိုင်ပေမယ့် ဖြစ်ဖို့ မရှိပါဘူး။ ဒီပစ္စည်းနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သတိတရဖြစ်ဖို့အကြောင်းမရှိခဲ့ဘဲ စိတ်ဝင်တစား သိမ်းဆည်းထားတာ နှလောက်ထိ ဒုက္ခတွေများနေတာတောင် မစွန့်ပစ်နိုင်ဘဲ သိမ်းဝှက်ထားတာ၊ အားလုံးက သက်သေပဲ၊ ကိုယ်လည်း ဒီတိုင်းပဲလေ.."

သူက ပြောနေရင်း မိုးမြေ နဖူးလေးကို လက်ခုံနဲ့ လှမ်းထိလိုက်ကာ..

"ဒီ ချာတိတ်မလေးလို မိုက်ရူးရဲ စွန့်စားဖို့ မဆုံးဖြတ်သေးတာကလွဲရင် ကိုယ်တို့ ဖြစ်ပျက်နေကြတာတွေ အတူတူပဲ"

"မိုက်ရူးရဲ မဟုတ်ပါဘူး၊ ဘာဖြစ်နေတာလဲဆိုတဲ့အဖြေကို သိချင်တာ၊ ဖြစ်ပျက်သွားတာတွေကို သည်းထိတ်ရင်ဖို့ တွေးနေမယ့်အစား တကယ် မြင်ချင်၊ တကယ် သိချင်တယ်"

"သိရတဲ့အချိန်မှာ မင်း ဘာမှမတတ်နိုင်တော့ဘူးဆိုရင် ဘာထူးလာမှာလဲ.."

"ထူးတာပေါ့၊ မိုးမြေ မှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် ရှိပြီးသား"

မိုးမြေ က ခုချိန်ထိ မာဆတ်ဆတ်လေး ပြောနေတုန်း..၊ ပြီးတော့ ဆိုဖာနောက်မှီမှာ မျက်နှာလေးမော့လှန်ပြီး မျက်တောင်ဖျားလေးတွေ စင်းကျသွားကာ...

"ကျွန်မ အခု ဒီမှာ ထိုင်နေမိတဲ့အထိ အားလုံးက ထူးဆန်းနေတုန်းပဲ"

"ကိုယ့်ကို မယုံတာလား.."

"မဟုတ်ဘူး၊ ဘာကိုမှန်းလည်း မသိဘူး"

သူ မိုးမြေ နားကို ကပ်ထိုင်လိုက်ကာ စိမ်းညို့ကော့ထင်နေသော မျက်ခုံးတန်းလေးနဲ့ ဝင်းစိုနေသည့် ပါးပြင်မို့မို့ကို ရှုံ့းစိုက်ငေးသည်။

ထိုစဉ် အိမ်အကူမိန်းကလေး မလှမ်းမကမ်းမှာပေါ်လာပြီး ဖျတ်ခနဲ ပြန်ပျောက်သွားတာကိုတောင် မသိလိုက်..၊





"ကိုယ်ကတော့ သိလိုက်ရတာနဲ့ တန်းယုံကြည်သွားတာ..၊ မင်းကို ရင်းနှီးချင်တဲ့စိတ်တွေ ကိုယ့်ဘက်က စ,ဖြစ်လာကတည်းက ကိုယ့်အတွက် အရင်းနှီးဆုံးမိန်းကလေးက မင်းပဲ၊ ဘယ်မိန်းကလေးတွေပဲ အနားမှာရှိနေနေ မင်းလောက် ကိုယ့်ရင်ထဲမှာ မရင်းနှီးဘူး.."

မိုးမြေ မျက်ဝန်းလေးတွေ ပွင့်လာသည်။ ပြီးတော့ သူ့ဘက်ကို မျက်နှာငဲ့ကြည့်၏။ လက်ကိုရုန်းတော့ သူက လွှတ်မပေးဘဲထားကာ..၊

"မင်း အရမ်း ပင်ပန်းနေပြီလား၊ ကိုယ် ဆက်ပြောရမလား"

"ပြောပြ.."

"ဟုတ်ပြီ.."

သူ မိုးမြေ နဲ့ ပခုံးချင်းထိကပ်တိုးလိုက်ပြီး ပါးပြင်နုနုလေးနားမှာ သူ့နှာခေါင်းချွန်ချွန်က ထိတော့မလို နီးစပ်လျက်...

"ဂန္ဓာရီလှည့်လည်နေတဲ့ ဆရာကြီးတစ်ယောက်နဲ့ ကိုယ်တို့တွေ့တယ်၊ ကိုယ်တို့ဆိုတာ မင်းရဲ့သူငယ်ချင်းလည်း အတူတူ ရှိနေတာကို ပြောတာ"

"ဟင်!... ငွေလရောင် လား"

"မသိပါဘူးကွာ၊ နာမည်မေးဖို့တောင် သတိမရလိုက်ဘူး၊ သူက ခင်းဆီက ပုံတူတစ်ခြမ်းနဲ့ မင်းကို ခေါ်ယူမပြနိုင်ပေမယ့် မင်းနဲ့ ဒီကျောက်ပြားလေး လုံးထွေးရှုပ်ထွေးနေတာတွေ ပြောလာတော့ ကိုယ်တို့လည်း အဲဒီပြဿနာကို မေးနေတုန်းလေ.."

ပြောပြနေတာကို မိုးမြေ က မျက်နှာလေး ဘေးနည်းနည်းတိမ်းကာ စိတ်ဝင်တစား နားထောင်နေ၏။

သူ အနားကပ်နေတာ၊ လက်ကိုဆွဲကိုင် ရင်းနှီးနေတာတွေအပေါ်မှာ အခွင့်အရေးယူတယ်လို့မမြင်ဘဲ ငြိုငြင်စိတ်လည်း မဖြစ်ခဲ့တာ ဘာကြောင့်မှန်းတော့ မသိ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး လမ်းပြသလို သူတို့ကို ပြန်ပေါင်းပေးလိုက်မယ်၊ ပြီးရင် ကိုယ်တို့လည်း ပေါင်းရမှာပဲ"

"သီချင်တာတွေထဲမှာ အဲဒါ မပါဘူး"

မိုးမြေ မျက်နှာလေး ပြန်လွှဲသွားကာ...

"နားချင်ပြီ၊ ရှင် သွားတော့"

"ဘယ်မှမသွားဘူး၊ ဒီတစ်ညလုံး မင်းဘေးမှာပဲနေမှာ၊ နားချင်ရင် နား။ မင်းဘေးမှာ လူကြီးတစ်ယောက်ထိုင်ပြီး ပုံပြင်ပြောပြနေတဲ့ အမှတ်နဲ့ နားထောင်..."

မျက်နှာလွှဲနေပေမယ့် မိုးမြေ ပါးမို့လေးတစ်ဖက် လှုပ်ရှားသွားတာ မြင်တော့ ပြုံးလိုက်တာကို သိလိုက်သည်။ မင်းမာန နှုတ်ခမ်းတွေ ပြုံးသွားလျက်...

"မိုးမြေ.."

"အို!..."

လည်တိုင်ဖြူနုနုလေးမှာ မထိတထိတို့လိုက်တော့ မိုးမြေ ကိုယ်လေး တွန့်သွား၏။

"ဘယ်လိုလုပ်တာလဲ..၊ ဒီက လူနာနော်"

"ဟုတ်ပါတယ်၊ ဒေါတော့ အခွင့်အရေးယူလိုက်မယ်ကွာ..နော် ခဏပဲ"

သူ့မျက်နှာ နောက်နည်းနည်း ပြန်ဆုတ်သွားလျက်...

"ကိုယ်တို့ မှတ်မိကြတဲ့အချိန်မှာ သူတို့လည်း ပေါင်းစည်းသွားကြပြီဆိုတော့ ဘာအန္တရာယ်မှ မရှိတော့ဘူးလေ၊ ပြီးတော့ သူတို့ကြောင့်ပဲ ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် ဝေးကွာနေတာတောင် မမေ့ခဲ့ကြတာမို့လား၊ တခြားလူတွေအပေါ်မှာ ရက်စက်ခဲ့ပေမယ့် ကိုယ်တို့အတွက်





တော့ သူတို့က မြားနတ်မောင်တွေပါကွာ၊ ပဋ္ဌာန်းဆက်ရှိခဲ့ကြတဲ့သူ တွေဆိုလည်း မှန်တာပဲ"

"ဟိုဆရာကြီးပြောသလို တကယ်မဟုတ်ဘဲ ဒီလို သေမှု၊ သတ်မှု တွေ ထပ်ရှိနေဦးမယ်ဆိုရင် မိုးမြေ နဲ့လက်ထပ်ဖို့ ကြိုးစားတာနဲ့ ရှင် သေနိုင်တယ်၊ မကြောက်ဘူးလား"

"မကြောက်ဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး၊ ဒီပြဿနာတွေ ဆက် တိုက်ဖြစ်ပြီး ခုလို တွေ့ဆုံဖို့ အကြောင်းဖန်လာတာ ကိုယ်တို့ သေဆုံးဖို့ မဟုတ်ဘူး၊ ပေါင်းရဖို့ အဲဒါ အတိအကျပဲ.."

"ကျွန်မ မယုံဘူး"

"မိုးမြေ.."

သူ မိုးမြေ ရဲ့ ဟိုဘက်က ပခုံးစွန်းလေးကို လှမ်းဆုတ်ကိုင်လိုက် သည်။ ပြီးတော့ သူမ မျက်နှာလေးထက်ကနေ စီးမိုးကြည့်၍...

"ကိုယ့်ကို ငြင်းချင်လို့ အကြောင်းရှာတာဆိုရင် မလုပ်ပါနဲ့ကွာ၊ ဒီအချိန်ရောက်ဖို့ ကိုယ်တို့ အများကြီး ပင်ပန်းခဲ့ပြီးပြီ၊ လွှမ်းစရာတွေ မဖန်တီးပါနဲ့၊ လူကြီးတွေကလည်း ကိုယ်တို့ပြောရင် ကျေနပ်ကြမယ် လို့ ထင်တယ်"

"ကျွန်မကိုယ်တိုင်က လက်ထပ်ခြင်းကို စိတ်ကုန်နေခဲ့တာ၊ ဖယ် ပါ.. အဲလိုကြီး ကိုင်မထားပါနဲ့.."

မိုးမြေ က နှမ်းယဲ့ယဲ့မျက်နှာလေးနှင့် ရုန်းဖယ်နေသဖြင့် သူ အလျှော့ပေးလိုက်မိသည်။ ရင်ထဲမှာလည်း ခြေကုန်လက်ပန်းကျလုလု ကနေ အမြင့်ကြီး ကျွန်နေသေးသည့် တောင်ထိပ်များကို မော့ကြည့်နေ မိသူလို..၊

ထိုစဉ်-ဖုန်းမြည်သံကြောင့် သူ ထုတ်ကိုင်လိုက်သည်၊

"သား.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပြောပါ.. အန်တီတို့ ထင်တယ်.."

"ဟုတ်ပါတယ် သားရယ်..၊ သား သမီးလေးဆီ ရောက်နေပြီလားဟင်၊ အခြေအနေ ဘယ်လိုလဲ..၊ သမီးလေး ကျန်းကျန်းမာမာ ရှိရဲ့လားကွယ်၊ အန်တီတို့ မိုးလင်းမှလိုက်လာရမှာဆိုတော့ မိုးလင်းအောင် ဘယ်လို သည်းခံပြီး စောင့်ရမှန်း မသိတော့ဘူး။ ဒီပြဿနာတွေကို ဟိုမိန်းကလေး လာပြောပြမှ သိရတာ"

ဒေါ်စုရတီ ပဲ ထင်သည်။ ဖုန်းထဲမှာ ငိုသံတွေပါ ရောစွက်နေ၏။ သူ အချိန်မီ ထွက်ခဲ့ရတာမို့ ဒေါ်သီရိ ဆီကို ဖုန်းဆက်ပြီးတော့ပဲ ခွင့်တောင်းခဲ့ရသည်။ ဒေါ်စုရတီ နဲ့တွေ့ပြီး သေချာပြောပြဖို့ကိုတော့ ငွေလရောင် နဲ့ ထွက်ဖျား တို့ကိုပဲ တာဝန်ပေးခဲ့တာပါ..။

"သားရေ.. သမီးလေးနဲ့ တွေ့ပြီလား၊ အန်တီ့ကို ပြောပြပါဦး"

ဒေါ်စုရတီ အသံ ထပ်ကြားမှ သူ ကမန်းကတန်း ပြန်ဖြေရ၏။

"ဟုတ်ကဲ့..၊ သူနဲ့ ကျွန်တော် တွေ့နေပါပြီ၊ ဟို..."

"ဘာဖြစ်လဲဟင်..၊ သမီးလေး .. ဟိုပုံကို ဆွဲနေပြီလား"

"အခု ဘာမှမဖြစ်တော့ဘူး၊ ကျွန်တော် အချိန်မီပါတယ်"

"ဘုရား .. ဘုရား .."

ဒေါ်စုရတီ ၏ ဘုရား'တ'သံနှင့်အတူ 'မမစု'လို့ ခေါ်လိုက်သံ တွေ၊ အဘွားအသံကိုရော၊ အသံတွေ ဖုန်းထဲဝင်လာ၏။

ထို့နောက် ဖုန်းက ဒေါ်သီရိ လက်ထဲ ပြောင်းသွားသဖြင့် ဒေါ်စုရတီ မူးမူးမိုက်မိုက်ဖြစ်အောင် ထိတ်လန့်သွားမှန်း သူ သိလိုက်၏။

အနားမှာ နီးနီးလေးမို့ မိုးမြေလည်း ကြားနေရသည်။ ဒါတောင် ဒီမှာ ဘာမှမဖြစ်ဘူးလို့ ပြောလိုက်တာဖြစ်သည်။

အနည်းအကျဉ်းတော့ ဖြစ်သွားသေးသည်လို့များ ဖြေလိုက်လျှင် မလွယ်..၊





"တကယ်ပါ အန်တီ၊ မိုးမြေ နဲ့ ပြောလိုက်ပါလား"

ထပ်မေးတာကို ရှင်းပြပြီး ဖုန်းကို မိုးမြေ လက်ထဲ ထည့်လိုက်၏။

သူမ အသံကြားမှ ဟိုဘက်မှာ တက်ကြွလှုပ်ရှားသံတွေ ဖြစ်ကုန်တာကို ကြားရပြီး...

"သမီးလေး မနက်ဖြန် နေ့လယ်ပိုင်းလောက်ကျမှ အန်တီတို့ ရောက်မှာ၊ တစ်ယောက်တည်း မနေနဲ့၊ လူမသိ သူမသိ ဘာမှ လျှောက်မလုပ်နဲ့တော့နော်၊ သားရဲ့စကားကို နားထောင်၊ သမီးအတွက် အန်တီတို့ ယုံယုံကြည်ကြည် အပ်နှံထားတဲ့သူ..၊ ကလန်ကဆန်တွေ မလုပ်နဲ့၊ ပြောတာ ကြားရဲ့လား၊ ဟုတ်ကဲ့လို့ ပြန်ဖြေစမ်းပါ သမီးရယ်၊ စိတ်ချလိုက်တာကွယ်.."

မိုးမြေ 'ဟုတ်ကဲ့ပါ'လို့ ဖြေလိုက်မှ ဖုန်းချခွင့်ရခဲ့သည်။

ဖုန်းပြန်ပေးတော့ ဖုန်းနဲ့အတူ မိုးမြေ လက်ကလေးကို ထပ်ဆုပ်ဆိုင်ထားလိုက်ကာ မင်းမာန က အသံတိုးတိုးနှင့်...

"သိပြီလား၊ ကလေးကချေ မဟုတ်ဘူး၊ ရာထူးနဲ့ အဆင့်နဲ့.."

မိုးမြေ မျက်နှာလေး ပြုံးသွားတာကိုကြည့်၍ ကိုင်ထားသည့် လက်ဖဝါးလေးကို မချင့်မရဲ ဖျစ်လိုက်မိသည်။

မိုးမြေစား ဆိုတဲ့ ကောင်မလေးရဲ့ ရှေ့မှာ သူ့ရဲ့မာနတွေလည်း ငပ်စင်း ခစားနေခဲ့ပြီ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၅ ]

ထိုနေရာနှင့် သိပ်အလှမ်းမဝေးသော နေရာလေးမှာပဲ အုတ်ခုံမြင့်နှင့် ကျယ်ဝန်းခမ်းနားသော ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဒီနေ့ ရေစက်ချတရားနာမို့ အစားအသောက်၊ အကျွေးအမွေးတွေက အလျှံပယ်ဖြစ်၏။ အနီးအနားပတ်ဝန်းကျင်က မြို့ခံလူတွေရော ဘုရားဖူးတချို့ပါ ရောက်လာကြပြီး စားသောက်ကြ ဓာတ်ပုံရိုက်ကြ နှင့် ထင်တာထက်ပို၍ ကြီးကျယ်စည်ကားသွားခဲ့၏။

"ဟဲ့... သမီးလေးရော့.."

"မြေးရေ့.. သမီးလေးနားမှာ နေလိုက်နော်၊ သူတို့ခမျာ ကလေးကို စိတ်မချဖြစ်နေကြတာ"

အလှူရေစက်ချတာတောင် ရေစက်ခွက်ကိုင်ရင်း နောက်ကို လည်ပင်းလိမ်နေကြရှာ၏။ ဘယ်သူမှ မသိလိုက်အောင် မိုးမြေ တစ်ယောက်တည်း လှုပ်ရှား စွန့်စားခဲ့သောအဖြစ်ကို ဒေါ်စုရတီ တို့ ခုချိန်ထိ ရင်တုန်မပြေရှာ..၊





အဘွားကလည်း ပေါ်ကြီးတကားကားနှင့် မိုးမြေ ရဲ့ လူကြီးတွေအစား မျှဝေ ပူပင်နေပြန်သည်။

"ဘယ်မှာလဲ မြေးမလေး.."

"ရှိပါတယ် အဘွားရယ်..၊ အားလုံး အေးချမ်းနေပါပြီ၊ သူလည်းယုံကြည်သွားပြီ၊ ဘာမှ မဖြစ်တော့ဘူး။ စည်သည်တွေထဲမှာ စိတ်ချလက်ချ နေလိုက်ပါ"

"ဩော်.. စိတ်ချနိုင်ပါ့မလားကွယ်၊ သူတို့မှာ ဒီကလေးလေးတစ်ယောက်ပဲ မျိုးဆက်ရှိတော့တာ၊ အဘွားကလည်း မြေးလေးတစ်ယောက်တည်းကို အရိပ်လိုကြည့်နေရတဲ့သူလေ၊ ကိုယ်ချင်းစာလို့ပါ"

လူကြီးချင်းကတော့ သူ့ကလေး ကိုယ့်မြေး မခွဲခြားတော့တဲ့အထိ ရောနှောပူးပေါင်းနေကြပါပြီ၊ သူနဲ့ မိုးမြေ ကတော့...

"မိုးမြေ.."

"ဟင်.."

"အရမ်းလှတယ်နော်"

"ဟုတ်တယ်၊ ငယ်ငယ်တုန်းက ရောက်ခဲ့ပေမယ့် ပတ်ဝန်းကျင်ကို မခံစားတတ်သေးလို့ ဘင်တယ်၊ ခုမှ အရမ်းလှတဲ့မြင်ကွင်းတွေကို သတိထားမိတော့တယ်"

"ကိုယ်က ပုဂံမြို့ဟောင်းက ရှုခင်းမြင်ကွင်းတွေကို ပြောတာမဟုတ်ဘူး.."

မိုးမြေ က သူ့ကို လှည့်ကြည့်၏။ သူမ လက်ဖဝါးလေးကို သူဆုပ်ကိုင်လိုက်ပြီး...

"မိုးရမြခစား ခေါ် ဖြူရွှး ဆိုတဲ့ ကိုယ့်အနားက ကောင်မလေးကိုပြောတာ"

ထိုအခါ ကြည့်နေသည့် မျက်ဝန်းလေးတွေမှာ မျက်ရောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ဖြစ်လျက်...

"လူကို ကောင်မလေး.. ကောင်မလေးနဲ့ သူက ဘယ်လောက်ကြီးတာကျနေတာပဲ"

"တွေ့လား၊ ဟိုတုန်းက အတိုင်းပဲ.."

ပြောပြီး သူက ရယ်သည်။ ကွင်းပြင်တို့ကို ဖြတ်သန်းတိုးဝှေ့လာသည့် လေနုအေးက မိုးမြေ မျက်နှာလေးပေါ်မှာ ချစ်စဖွယ် ဖရိုဖရဲ ဝဲကျနေသည့် ဆံယဉ်စလေးတွေကို သိမ်းလှန်ပင့်တိုက်သွားလျှင်...

"မနာလိုဘူးကွာ..၊ အဲဒီကောင်ကို ဂုတ်ဖမ်းဆွဲပြီး အလဲထိုးပစ် ချင်တယ်"

"ဟင်!... ဘယ်သူလဲ.."

"'လေ'ဆိုတဲ့ ကောင်.."

သူ့မျက်နှာ မချိုမချဉ်ကြောင့် မိုးမြေ နားလည်သွားပြီး မျက်စောင်းထိုး၏။

"လာလေ..၊ ဟိုနားလေး ပြန်သွားရအောင်"

"အင်း"

သူ လိုက်ပို့မယ်ဆိုတော့ မိုးမြေ ပျော်သွားသည်။ ဒီပစ္စည်းကို မူလနေရာမှာပဲ ပြန်ထားပြီး ထိုအရပ်မှာပဲ အလှူဒါနပြုချင်ပါသည် ဆိုတာကောင် ကြီးမေနဲ့ ဖေဖေတို့က တားမြစ်ခဲ့သေးသည်။

ဆရာကြီးက 'သူတို့အတွက် ဒါနပြုပေးနိုင်ရင် ပြည့်စုံပါပြီ'လို့ ပြောသည့် စကားတစ်ခွန်းကြောင့် ရန်ကုန်နားနီးနီး တစ်နေရာမှာပဲ အလှူအတန်းလုပ်လိုက်ဖို့ ပြောခဲ့ကြတာဖြစ်သည်။

လှုယ်တွေပီပီ သူမတို့က အားလုံး အေးချမ်းသွားပြီလို့ သတ်မှတ်ကာ ပေါ့ပေါ့ပါးပါး နေနိုင်ခဲ့ကြပေမယ့် လူကြီးတွေက အယူသည်း၊ အကြီးနှင့် ခုချိန်ထိ ရင်ဘတ်ဖိနေဆဲဖြစ်သည်။





ထို့ကြောင့် နောက်ဆုံး သူမနဲ့ မင်းမာန ရဲ့ဆန္ဒအရ ပုဂံကိုပဲ လာဖြစ်ခဲ့သည့်တိုင် မင်းမာန ထက် သူမကိုပဲ အရိပ်တကြည့်ကြည့်နှင့် မျက်စိအောက်က အပျောက်မခံ..။

"သမီးပဲ ထင်ရာလုပ်တတ်တာ၊ သမီးကို စိတ်မချဘူး"

လို့ ကြီးမေက တတွတ်တွတ်ပြော၍ တစ်ယောက်တည်း ဝေးဝေးလံလံ မသွားဖို့ တားသည်။

"မရဘူး .. မရဘူး၊ ယယ်ယယ်ကတည်းက အဲဒီလို ထွက်သွားတတ်လို့ ဒီပစ္စည်း ဒီလက်ထဲ ပါလာတာ၊ နောက်တစ်ခါ ထပ်မဖြစ်အောင် ဖု(တ်)ချိန်းလေးမှာ ခြူလုံးကြီးကြီးလေး တပ်ပေးထားမယ်၊ နွားခလောက်လောက်ပဲ ကြီးကြီး"

အန်တီက အဲဒီလောက်ထိ ပြော၏။

ကိုယ့်ခြေလှမ်းတွေ ပြန်ငုံ့ကြည့်ရင်း မိုးမြေ ပြုံးလိုက်မိသည်။ ဒီလိုခြေလှမ်းတွေကြောင့် မင်းမာန ဆိုတဲ့ မှုန်ကုတ်ကုတ် မာနကြီးကြီး ကောင်လေးတစ်ယောက်နဲ့ ဆုံဖြစ်ခဲ့တာကျတော့ ထည့်မပြောကြဘူးလား..၊

အဲဒီတုန်းက စုတ်ပြတ်ပြတ် ခပ်ညစ်ညစ် အပေအတေကောင်လေး 'မင်းမင်း'က ခုကျတော့ 'မင်းမာန'..၊

ထိုစဉ်ကတည်းက ပြောတော့ ပြောခဲ့ပါသည်။

"ငါ့အဘွားက သူဌေး"

မိုးမြေ သတိရသွားသဖြင့် ဟွန့်ခနဲ ရယ်မိသည်။ ထိုစဉ်...

"အား.."

"မိုးမြေ.."

ကုန်းမို့မို့ ဟိုအရင်နေရာလေးကို တက်ခဲ့ကြစဉ် ပစ်စလက်ခတ်ပြုကျသွားသဖြင့် မင်းမာန စိုးရိမ်ကာ အမှတ်တမဲ့ ဆွဲဖက်ပစ်လိုက်တာ အင့်ခနဲ..၊



www.burmeseclassic.com

www.burmeseclassic.com



"အား .. နားလိုက်တာ"

"မိုးမြေ ရယ်..၊ ဘာတွေ စိတ်ကူးပြီး လျှောက်နေတာလဲ၊ ငုံ့လည်း ကြည့်နေသားနဲ့.."

နာတယ်ဆိုပြီး သူ့ကို အတင်း တွန်းဖယ်နေသဖြင့် ပြန်လွှတ်ပေး လိုက်ကာ တရားခံရှာတော့ နင်းမိသည့် မြေစိုင်ခဲကြီးက နည်းတာ မဟုတ်..။

"ကြည့်စမ်း..၊ ကိုယ်တို့ ဟိုတုန်းက ဖြစ်ခဲ့တာတွေ အားလုံး ပြန်ကြ နေရတယ်နော်၊ မင်း ခုလိုဖြစ်ပြီး ဖိနပ်လှလှလေး ကျွတ်ထွက်သွားတာ လေ.."

"အင်း"

မိုးမြေ က ခုလည်း ကျွတ်လွတ်နေပြီဖြစ်သည့် ဖိနပ်ဖြူဖြူလေး ကို သေချာပြန်စီးနေရင်း ခေါင်းညိတ်သည်။

"ခြေထောက် နာသွားလား၊ ဝါးတစ်ရိုက်လောက်ပဲ လိုတော့ တယ် ဆက်လျှောက်မလား"

"လျှောက်မှာပေါ့."

ကျကျနနလေး ပြန်ဆက်ပြီး ပုံစံမပျက်အောင်လည်း အထူး ကြိုးစားထားခဲ့ရသည့် စုံတွဲပုံကျောက်ပြားချပ်လေးကို သူတို့ ထိုနေရာ မှာပဲ ပြန်မြှုပ်ပေးထားခဲ့သည်။

ဇရပ်ဆောက်တာကတော့ မြေနေရာ အဆင်ပြေတာကို ရွေးရတာ မို့ ဒီကနေ အနည်းငယ် အလှမ်းဝေးသွားခဲ့၏။

ထိုဆီ ဆက်လျှောက်ဖို့ ခြေထောက်နာသွားသဖြင့် မင်းမာန လက် မောင်းကို တွဲကိုင်ထားလိုက်ရသည်။

"ကိုမင်း..၊ ဒီသရက်ပင်လေး ရှင်ပဲ့မလားဟင်"

"ရှင်ပါတယ်ကွာ၊ အပင်ပေါက်လေးမှ မဟုတ်တာကို.."





ချစ်သူစုံတွဲရှိသည့် နေရာလေးမှာ အမှတ်တရဆိုပြီး လူတစ်ရပ် ကျော်လောက်ရှိသည့် သရက်ပင်လေးတစ်ပင်ကိုပါ ကြိုးကြိုးစားစား တူးယူရွှေ့ပြောင်း၍ ဒီနေရာမှာ စိုက်ပေးထားခဲ့သည်။

ဒါလည်း မိုးမြေ ရဲ့ အစီအစဉ်ဖြစ်၏။ စပြီး ရွှေ့ပြောင်းလိုက် ကတည်းက သူတို့ မပြန်ခင်အထိ ရေလောင်း၊ ပေါင်းသင်ခြင်းကို မှန်မှန် လုပ်ပေးထားခဲ့သည်။

နောက်ပိုင်းမှာတော့ သူ့ဘာသာ အမြစ်တွယ်နိုင်ပြီး ခြေကုတ်မြဲ သွားပါလိမ့်မည်..၊

"ကိုမင်း.."

"ဟင်."

"သူတို့တွေရဲ့ ဝိညာဉ်တွေ ကျွတ်လွတ်သွားပြီဆိုရင် ဒီနေရာမှာ သူတို့ မရှိတော့ဘူးပေါ့နော်"

"အင်းပေါ့"

"ရေစက်ချ အမျှဝေပေးမယ့် သူတို့ မရခဲ့ရင်ရော.."

"ရသွားပြီလို့ပဲ မှတ်လိုက်ကွာ."

မင်းမာန က မြက်စိုလေးတွေစိမ်းနေသည့် နေရာကွက်ကွက်လေး ကို လိုက်ကြည့်ကာ ထိုနေရာလေးကို သူ့ဖိနပ်ချွတ်၍ ခြေဖဝါးနဲ့ သေချာ နင်းလိုက်သည်။

ဟိုစမ်းဒီစမ်း လုပ်နေတာကို မိုးမြေ က မကျေမနပ်ကြည့်ကာ..

"ကိုမင်း သူတို့အကြောင်းကို ဒီလောက်ပဲ စိတ်ဝင်စားတာလား"

"ဘာဖြစ်လို့လဲ."

"သူတို့ကောင်းဖို့အတွက် မိုးမြေ တို့ အများကြီး လုပ်ခဲ့တယ် နော၊ နောက်ပိုင်း ဘာဖြစ်သွားသလဲ မသိချင်ဘူးလား"

"ဟြော်.. သိချင်တော့လည်း သွားမေးလို့ရတာမှ မဟုတ်တာ၊ လာ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ထိုင်."

သူမ လက်ကလေးကိုဆွဲ၍ မြက်ခင်းပေါ်မှာ ထိုင်ခိုင်းမှ သူ ဘာလုပ်နေတာလဲဆိုတာကို သဘောပေါက်သည်။

ပြီးတော့ သူက ဘေးမှာ ဝင်ထိုင်လိုက်ပြီး...

"မရတာကို သိတယ်လေ၊ ဒါပေမယ့် ဒီက ပြောတာတွေကို စိတ်ဝင်တစား စဉ်းစားသုံးသပ်ပေးပေါ့။ မေးလိုက်ရင် ဘာမှမဆိုင်တဲ့ လူတစ်ယောက်နဲ့ ပြောနေသလိုပဲ"

ပခုံးချင်းထိသွားတာကို ပွတ်သပ်ခါပစ်ပြီး မိုးမြေ နှုတ်ခမ်းစူ၏။ မင်းမာန က သူမရဲ့နောက်မှာ လက်တစ်ဖက်ထောက်လိုက်ပြီး မျက်နှာ လေးကို ငုံ့ကြည့်ရယ်လျက်...

"နှာခေါင်း ဆွဲကိုက်မိတော့မယ် ချာတိတ်မ၊ စိတ်ကောက်နေတာ နှုတ်ခမ်းကို စုလုံးနေတာပဲ"

"ဘာလို့ စိတ်ကောက်ရမှာလဲ၊ ဒေါသထွက်နေတာ"

"ဟုတ်လား၊ နေဦး .. ကိုယ် မေးပေးမယ်နော်၊ ဒေါသတွေ မထွက်ရဘူး"

သူ့ရင်ဘတ်နဲ့ မိုးမြေ ပခုံးစွန်းလေးကို တိုက်လိုက်ပြီးမှ သရက် ပင်လေးကို မော့ကြည့်လိုက်ကာ...

"ကျောက်ထက်နှလုံးသားပိုင်ရှင် အချစ်သူရဲကောင်းများ ခင်ဗျာ"

"ဘာလုပ်တာလဲ အဲဒါ၊ သွား..."

အသံကျယ်ကျယ်မြှင့်၍ အော်လိုက်တာကို မိုးမြေ က တားဆီး တွန်းပစ်လိုက်၏။ သူ ဟိုဘက်ကို ယိုင်ကာ လက်တစ်ဖက် ထော ထားလိုက်ပြီး...

"မင်း သိချင်တယ်ဆိုလို့ မေးကြည့်တာလေ၊ ဘာပဲဖြစ်ဖြစ် ထူး ခြားမှုတစ်ခုခုတော့ သူတို့ ပြနိုင်မှာပါ"



"ဘာ ထူးခြားမှုလဲ"

"ကျွတ်လွတ်ပြီး တခြား ဘဝကို ပြောင်းသွားကြပြီဆိုရင် ကိုယ်တို့ အခု ပြောနေတာတွေကို မကြားနိုင်တော့ဘူးပေါ့၊ ရှိနေကြသေးတယ် ဆိုရင်.. အဲ..."

သူ စကားရပ်သွားပြီးမှ...

"စမ်းသပ်ကြည့်ရမှာပဲ.."

"ဘယ်လို စမ်းသပ်မှာလဲ"

"အဲဒါကို မင်း စိတ်ဝင်စားလား၊ မဝင်စားဘူးလား၊ အရင်ဖြေ.."

ရယ်မြူးရိပ်များနှင့် မချိုမချဉ်မျက်နှာက ချက်ချင်း တည်တည် တံ့တံ့ ဖြစ်သွားသည်။ ပြီးတော့ မိုးမြေ မျက်နှာကို စိုက်ကြည့်၍...

"မင်းထက်ပိုပြီး ကိုယ်က စိတ်ဝင်စားပါတယ် မိုးမြေ ရယ်..၊ ပြီးတော့ မင်းကြောင့် ကိုယ် သေရမှာထက် ကိုယ့်ကြောင့် မင်းကို ခြင်ကိုက်ရာလေးတောင် အထင်မခံနိုင်ဘူး၊ အဲဒါကြောင့်..."

"ဆက်ပြောလေ.."

"ဆရာကြီး ပြောသလို သူတို့နှစ်ယောက်ကို ပြန်လည် ပူးတွဲ ပေးလိုက်ခြင်းအားဖြင့် ဘာအန္တရာယ်မှ မရှိနိုင်တော့ဘူးဆိုတာ တကယ် ဟုတ်,မဟုတ် အရမ်း သိချင်နေတာ."

ဒီစကားကြားမှ မိုးမြေ မျက်နှာလေး ကြည်သွားပြီး ခေါင်းညိတ် သည်။ မင်းမာန သာ သရက်ပင်လေးဆီ ပြန်မော့ကြည့်ပြီး အပင်ခြေက မြေမို့မို့လေးဆီ မျက်လုံးပြန်ရောက်ကာ..

"ကိုယ်တို့ အခု စမ်းသပ်ကြည့်မယ်၊ သူတို့ ရှိနေနေ မနေနေ ကိုယ်တို့ကို မနှောင့်ယှက်တော့ဘူး၊ တစ်ခုခု မကောင်းမပြဘူးဆိုရင် အေးပြီပေါ့"

"ဟုတ်ပါပြီ၊ ဘယ်လို စမ်းသပ်မှာလဲဆိုတာ ပြောမယ်ပါ"

www.burmeseclassic.com



"လက်ထပ်မယ်လေ.."

"ဘယ်လို!..."

"ဒီမှာ..."

မင်းမာန က လက်ထပ်စာချုပ်လေးနှစ်စောင်ကို တိုက်ပုံရဲ့အတွင်းအိတ်ထဲကနေ ထုတ်ယူလိုက်ပြီး နှစ်ယောက်ရှေ့မှာ ဖြန့်လိုက်၏။

မိုးမြေ မျက်လုံးလေး ဝိုင်းသွားသည်။

"ဒီနေ့ သူတို့အတွက် ဖရပ်ကြီးတစ်ဆောင် ရေစက်ချပြီး လှူပေးခဲ့တယ်၊ အလှူကနေ ထ,လာတဲ့ ကိုယ်တို့ပုံစံတွေက လက်ထပ်မယ့် သတို့သား၊ သတို့သမီးလောင်းတွေလည်း ဖြစ်လို့ရတာပဲ၊ ကြည့်လေ.."

ကြည့်လေဆိုတော့ ထပ်ကြည့်မိသည်။

သူက သနပ်ခါးရောင် ရှပ်အင်္ကျီလက်ရှည်၊ တိုက်ပုံအဖြူနှင့် ရွှေအိုရောင် ပိုးပုဆိုးကို ဝတ်ထား၏။ မိုးမြေ ကလည်း ရွှေအိုရောင် ပိုးချိတ်ဝတ်စုံကို ကမာအပျော့သားအပ်လေး အပေါ်ပိုင်းမှာခံ၍ မရိုင်းမယဉ်လေး ဝတ်ထားတာ ဖြစ်သည်။

ဟိုကြည့်လိုက်၊ ဒီကြည့်လိုက် ဖြစ်သွားသည့် မိုးမြေ ကို မင်းမာန က ပြုံး၍...

"ကိုယ်တို့ အခု ဒီမှာ လက်မှတ်ထိုးမယ်၊ အောင်မြင်သွားရင် ရန်ကုန်ပြန်ရောက်တာနဲ့ မင်္ဂလာပွဲကြီး တခမ်းတနားလုပ်ပြီး လက်ထပ်မယ်၊ အမိကကကွာ ဟိုအရင်လူတွေလို လက်ထပ်ဖို့ရည်ရွယ်ပြီး အနားနီးတာနဲ့ ဟိုဖြစ်ဒီဖြစ်တွေ ဖြစ်ကုန်အောင် အချိန်ပေးမထားချင်တာ၊ အခု လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးတာနဲ့ မင်းနဲ့ကိုယ် တစ်ယောက်ကို တစ်ယောက် ပိုင်သွားပြီ၊ အကြင်လင်မယား ဖြစ်ပြီကွာ.."

"ရှင် ဉာဏ်များတာလို့ မိုးမြေ ထင်တယ်"

"ဟုတ်တယ်..၊ မင်းကို လက်ထပ်ခွင့် မြန်မြန်ရချင်တာလည်း





ပါတယ်၊ လူကြီးတွေက ကျေနပ်နေကြပြီဆိုတော့ အရင်လမ်းဟောင်းကြီးထဲ ပြန်ရောက်သွားမှာ စိုးတယ်ကွာ၊ ကိုယ့် လက်ထပ်မယ့် မိန်းမ အဖြစ် တစ်ခုခုဖြစ်မလားလို့လည်း ပူမနေချင်ဘူး၊ လက်ထပ်ရအောင်ကွာ..နော်"

မိုးမြေ ပခုံးလေးကို သူ ဖက်ထားလိုက်ပြီး ကလေးလို ပူဆာ သည်။ ပြီးတော့ ဘောလ်ပင်နဲကို လက်ထဲထည့်ပေးလိုက်ကာ..

"ကိုယ့်ကို မင်း ချစ်ပါတယ်..၊ အဲဒါ ကိုယ်တို့ချင်းပဲ ခံစားမိတဲ့ ဆက်သွယ်ချက်.."

"သွားပါ"

"တကယ်ပြောတာ၊ အိမ်ထောင်ပြုရမယ့် တာဝန်အသီးသီးနဲ့ လူကြီးတွေစီမံတာကို နောက်ထပ်လည်း ခေါင်းညိတ်ကြရဦးမှာပဲ၊ ကိုယ်တို့ ချစ်ကြသူချင်းပဲ လက်ထပ်ရအောင်၊ တွေဝေမနေပါနဲ့ကွာ.."

"လူကြီးတွေလည်း ဘာမှမသိကြဘဲနဲ့."

"သိသွားရင် အရမ်း ဝမ်းသာသွားကြမှာပါ"

မင်းမာန က မိုးမြေ စကားကို မစောင့်တော့ဘဲ သရက်ပင်လေးဆီ ပြန်ကြည့်ကာ...

"ကျွန်တော်နဲ့ မိုးမြေ အခုပဲ လက်ထပ်တော့မယ်၊ မင်းသမီးတို့ ချစ်သူနှစ်ယောက် အခု ဒီနားမှာရှိနေတယ်ဆိုရင်.. ကျွန်တော်တို့ လက်ထပ်မှာကို သဘောမကျလို့ တစ်ခုခု ဒုက္ခပေးချင်သေးတယ်ဆိုရင် အခုချက်ချင်းပဲ စလိုက်ပါ၊ ကျွန်တော်တို့နှစ်ယောက်ကလည်း ခင်ဗျားတို့လောက် အချစ်မကြီးရင်တောင် အဲဒီလောက်ထိ ချစ်ပါတယ်၊ သေရမယ်ဆိုရင် နှစ်ယောက်စလုံး သေပါရစေ၊ အခု ဒီမှာပဲပေါ့."

သူ ပြောပြီးသည်နှင့် သုတ်ခနဲ ပြေးဆော့သွားသည့် လေပြည်တစ်ရိုက်မှာ နှစ်ယောက်ကိုင်ထားပြီးဖြစ်သည့် လက်ထပ်စာချုပ်လေး၏

www.burmeseclassic.com



အစွန်အဖျားလေးတွေ တဖျတ်ဖျတ် ရှန်းခါသွားသည်။

ခဏအတွင်းမှာ ပြန်လည် ငြိမ်သက်သွားခဲ့၏။ မခံချင်စိတ်တွေ ဖြစ်ခဲ့တုန်းက အခန်းတံခါးပိတ်ပြီး စိန်ခေါ်ခဲ့ဖူးပေမယ့် ခုချိန်မှာတော့ စိတ်ဝင်စားသလိုလို စိုးရိမ်သွားသလိုနှင့် ရင်ခုန်သံတွေ မြန်လာ၏။

ထို့ပြင် လေပြည်တစ်ရိုက်မှာ တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသည်။

မိုးမြေ မျက်ဝန်းတွေ ပတ်ဝန်းကျင်ကို ဝေ့ပတ်သွားကာ မင်းမာန က လည်း ဘာမှမပြောဘဲ တိတ်ဆိတ်စွာ ကြည့်နေ၏။ ပြီးမှ…

"လက်ထပ်မယ်"

ဟု မျက်နှာလေးနားမှာ ကပ်ပြော၏။

"လက်ထပ်တာ စမ်းသပ်ကြည့်ရတဲ့အလုပ်တစ်ခု မဟုတ်ဘူး ကိုမင်း..၊ အခု လက်ထပ်ပြီးရင်လည်း ဟိုနားထသွားတာနဲ့ ဒီအဖြစ်က ဒီနေရာမှာ ကျန်ရစ်ခဲ့မှာ မဟုတ်ဘူး"

"ကိုယ်က စမ်းသပ်ကြည့်ချင်နေတာလို့ မင်း ထင်တယ်ပေါ့.."

"ရှင်ပြောတာပဲ"

"မင်းကို သည်းသည်းလှုပ် မြတ်နိုးနေတာကျတော့ အကဲမခတ်မိဘူးလား မိုးမြေ.."

မိုးမြေ မျက်နှာလွှဲဖို့လုပ်တော့ သူက မေးဖျားလေးကို သူ့မျက်နှာနဲ့ နီးအောင် ပြန်ဆွဲယူ၍…

"သူများတွေလို မင်းကို အေးဆေးပစ်မထားနိုင်ဘူး၊ ဘာကြောင့်မှလည်း ဆုံးရှုံးမခံနိုင်ဘူး၊ အဲဒါကြောင့် ဘာတွေဖြစ်မလဲ သိချင်တယ် ကောင်းတာပဲ ဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် မင်းရှေ့မှာ ကိုယ် ရှိနေချင်တာ၊ ကိုယ့်ကို လက်ထပ်ခွင့်ပြုပါ မိုးမြေ ရယ်..၊ ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိလာမှာပါ"





မိုးမြေ ရှက်နေတာလေးကို အားမလိုအားမရဖြစ်ရရင်း ဘောလ်ပင်နဲ့ကိုင်ထားသည့် လက်ကလေးကို သူပဲ ဆွဲယူပြီး စာချုပ်ပေါ်မှာ တင်ပေးလိုက်သည်။

မိုးမြေ က သူ့မျက်နှာကို မော့ကြည့်တော့ နားသယ်စပ် စိမ်းညို့နေတာလေးကို နမ်းလိုက်မိ၏။

"ဟာ!… ဘာမှန်လည်း မသိဘူး"

"အရမ်းချစ်တာပဲ..၊ မိုးမြေ ကိုယ့်ကို ချစ်တယ်မို့လားဟင်"

"ရှင် လိုချင်တာတွေ များလှချေလား"

"ဟုတ်တယ်..၊ အများကြီးပဲ၊ ကိုယ် နမ်းရင် မျက်နှာလေး မော့ပေးထားတာ.."

"အို!.."

"ကိုယ့်ခါးကိုဖြစ်ဖြစ်၊ လည်ပင်းကိုဖြစ်ဖြစ် ပြန်ဖက်ပြီး မျက်ဝန်းလေးတွေ မှိတ်ထား.."

"ရှင် .. ရှင်နော်"

မိုးမြေ မျက်နှာလေး နီမြန်းသွားတာကို သူ ငုံ့မိုးကြည့်ရင်း ပြုံးသည်။

"လှတဲ့မိန်းကလေးတွေ ရှက်နေရင် မင်းလောက် လှရဲ့လား မသိဘူး၊ ကိုယ်ကတော့ အဲဒါ ပါးပြင်နီနီလေးတွေကို ကြည့်နေရင်း ရင်ထဲမှာ ဘာတွေဖြစ်နေတာသလဲ မသိဘူး၊ ယားကျိကျိနဲ့"

သူ မိုးမြေ ခါးလေးကို သိမ်းဖက်ထားလိုက်သည်။ ရှက်နေသည့် မိန်းမလှလေးကို လက်မှတ်ထိုးဖြစ်အောင် ဖွတ်တာရွတ် ဖြားယောင်းသွေးဆောင်ခဲ့ရကာ…

"ကဲ… ကိုယ်တို့ လင်မယား ဖြစ်သွားပြီ"

"အို!… အဲဒါ ဘာလုပ်တာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"နမ်းမလို့လေ..၊ ကိုယ်တို့နမ်းနေတာကို သူတို့ ဘာမှ မနှောင့်ယှက်ရင် ပြီးပြီ.."

"ဟင့်အင်း မလုပ်နဲ့ .. ရှင်နော်..၊ တစ်မျိုးပြီးတစ်မျိုး"

မိုးမြေ က အတင်းရုန်း၍ ထပြေးဖို့ ကြိုးစားသည်။ သူ အတင်းဆွဲချုပ်ထားလိုက်ကာ..

"သူတို့ ကြည့်နေတယ်ကွာ၊ ချစ်တဲ့သူချင်း ပေါင်းသွားကြပြီဆိုပြီး ကျေနပ်သွားအောင်လို့ပါ"

"ဟင့်အင်း"

"မရဘူး"

"ကိုမင်း နော်.."

မိုးမြေ သူ့ရင်ခွင်ထဲမှာ အဝတ်ထုပ်လေးကို ဖြစ်သွားခဲ့သည်။ ပြီးတော့ တပ်မက်မြတ်နိုးသည့် အနမ်းတို့သည် အဆုံးမဲ့ ခရီးဆက်ခဲ့ရင်း...

လေပြည်နုနုလေးက ငြိမ့်ငြိမ့်လေး တိုးတိုက်နေခဲ့၏။

သူလှုံမနိုးသော ကုန်းလျှောလေးတစ်ဝက်လောက်မှာ နှစ်ယောက်တည်း ကမ္ဘာတည်နေစဉ်...

"ဟယ်!..."

"ဟောတော်..၊ သူတို့က ဟိုမှာပဲ"

စကားသံတွေ ကွိစိကွစထွက်လာသည်နှင့် ရှက်သည့်စိတ်ကြောင့် မိုးမြေ သူ့ရင်ခွင်ထဲ မျက်နှာအပ်ကာ စုတ်တုဝ်မှ မလှုပ်ဝံ့တော့ပေ..၊

"နေပစေ..၊ လာ..ပါ..၊ ထားလိုက်"

"ဟုတ်တယ်၊ အဲဒီလိုဖြစ်သွားစေချင်တာ ကြာပြီ"

"သွားမယ် .. သွားမယ်"

လူနှလူဝေး၏အသံတွေက နည်းတာမဟုတ်..၊





မိုးမြေ ပခုံးလေးကို ဖက်ထားရင်း မင်းမာန ကိုယ်တိုင် လှည့်မကြည့်ရဲဘဲ မသိသလိုလုပ်နေခဲ့မိ၏။ အားလုံး ပြန်လည် ဝေးကွာသွားတော့မှ..

"မိုးမြေ.."

"ဟင်.."

"ကိုယ့်ကို ချစ်လား"

"မသိဘူး"

"သိပါတယ်ကွာ..၊ မင်း ရင်ခုန်သံတွေ ကိုယ် ကြားနေရတယ်၊ 'ရှင်အရမ်းကဲပေမယ့် သိပ်ချစ်တာပဲ' တဲ့.."

"ဒီလိုပဲ ကိုယ်လိုရာ ဆွဲတွေးပေါ့"

"အဟွန်း.. လူကြီးတွေ မီးသိမ်းပြသွားတာ ကြားလား။ ကိုယ်ကလည်း ဆုံးဖြတ်ထားတယ်၊ ပြန်သွားရင် လက်ထပ်စာချုပ်ပြပြီး ဒီညကစပြီး ကိုယ့်မိန်းမနဲ့ ကိုယ် အိပ်.."

"ကြည့်ပါလား .. လူညစ်..၊ ကဲ.."

မိုးမြေ အတင်းထုရိုက်နေတာကို သူ တဟားဟား ရယ်ရင်း လက်နဲ့ဘာနေခဲ့၏။

"ပြန်ဘိုင်ပြောမယ်..၊ သူ အတင်းဖြားယောင်းသွေးဆောင်ပြီး ထိုးခိုင်းတာလို့.."

"တကယ်လား..၊ တကယ် ဒီတိုင်းပြောမှာလား"

"အင်း"

"ချစ်တယ်လို့ ဝန်မခံဘူးပေါ့"

"ချစ်မှ မချစ်တာ.."

"ပြီးရော..၊ လူကြီးတွေမေးရင် ကိုယ် ဝန်ခံလိုက်မယ်၊ ကျွန်တော်တို့ ပေါင်းခွင့်ရမရ စမ်းသပ်ကြည့်ရင်း မှားကုန်ကြတာပါလို့.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

"ဖြားယောင်းသွေးဆောင်တာ မဟုတ်ပါဘူး၊ လွန်ကျွံကုန်လို့ အန်တီ့သမီးကိုယ်တိုင် ကြည်ကြည်ဖြူဖြူ လက်မှတ်ထိုးတာပါလို့"

"ဟယ်..."

"မချစ်သေးတာ တစ်ခုကလွဲရင် အကုန်လုံး ရ..."

"သေလိုက် .. အဲဒီမှာ လဲသေလိုက်၊ လူဆိုး .. လူညစ်ပတ်၊ ကဲ .. ကဲ .. ပြေဦး"

ရယ်သံတွေထဲမှာ မိုးမြေ အသံလေး ပါလာခဲ့လျက် ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်းချမ်းသွားခဲ့၏။

သရက်ပင်လေးသည် ခပ်နုနုလေပြည်နှင့် ဆော့ကစားရင်း ကိုင်းဖျားလေးတွေ တလှုပ်လှုပ်နှင့် သူတို့နှစ်ယောက်ကို ကျေနပ်ကြည်ဖြူစွာ ငုံ့မိုးကြည့်နေခဲ့၏။

ထို့ပြင် တခြားသော အနှောင့်အယှက် တစ်စုံတစ်ရာဆိုတာလည်း မရှိခဲ့ဘဲ...

"တွေ့လား မိုးမြေ..၊ ကိုယ်တို့ကို သူတို့ သဘောတူနေတာ"

မိုးမြေ သူ့ရဲ့ရင်ခွင်တစ်ခြမ်းမှာ မှီနွဲ့ရင်း အေးမြလှပသည့် ပတ်ဝန်းကျင်ကို ငေးနေခဲ့မိသည်။ ပြီးတော့ ပြုံးနေသည့် မျက်နှာလေးက ကြာရှည်စွာ ဖြစ်နေခဲ့လျက်..၊

ချစ်သူနှစ်ယောက်အတွက် ကောင်းရာသုဂတိမှာ မြဲပါစေလို့ ဆုတောင်းပေးမိသည်။ အချစ်နဲ့ပတ်သက်သမျှ သုခချမ်းသာ ဖြစ်ပါ စေ..။

*လရောင်ကျူးရင့်*

ရွှေအမင်းစာပေ

www.burmeseclassic.com